www.burmeseclassic.com

# ဉာဏ် ၃၀၁၃

# NYAY 3013

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသူ | – ဦးခင်သူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – ဦးဇော်မြင့်ဝင်း (ဘာလာရုန်ပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | – YèWintKyaw@Yèlay |
| ပုံနှိပ်ခြင်း | – ပထမအကြိမ် (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ) |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၁၅၀၀ ကျပ် |


BURMESE CLASSIC .com

## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ✸ ကျောင်းဆောင်း | သည်ခေတ်နေ |
| ✸ ကမ္ဘာမကြေနိုင်ငံမှာလာဝင်စားတဲ့မိန်းမ | သည်ခေတ်နေ |
| ✸ ဒဏ္ဍာရီလွင်ပြင်မှာစီးချင်းထိုးတဲ့လူ | ညေး |
| ✸ လမင်းလန့်တုန်း ကြယ်တွေခင်းခဲ့တယ် | ညေး |
| ✸ ဘာလဲဆိုတာမေးမြန်းခြင်းသည်းခံပါ | စစ် |

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38, 3rd Fl., 153rd Lane,
Tamwe Tsp., Ygn.
Ph : 551403,09 730 53 703

# ညး ၃၀၁၃

# NYAY 3013

(လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

- ချစ် - ချစ် - ချစ် - ချစ်
(မကြန့်ရွှေလှုံသဲ)

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အဝန်းမှာ တစ်စက္ကန့်ပြည့်တိုင်း ဘောလုံးကွင်း တစ်ကွင်းစာ ပမာဏရှိတဲ့ သစ်တော တစ်တောကျုန်း ခုတ်လှဲခံနေရတယ် ဆိုတာ

သင်သတိထားမိပါရဲ့လား....

တစ်ဖက်တော်ပြပါစာကို သင်ဖတ်နေတဲ့ ကိုး စက္ကန့် အချိန်အတွင်းမှာပဲ ဝမ်းနည်းစရာ ကောင်းလောက်အောင် ဘောလုံးကွင်း ကိုးကွင်းစာ နေရာပမာဏရှိတဲ့ သစ်တောတွေ အမှန်တကယ် ခုတ်လှဲခံလိုက်ရပါပြီ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

“မြစ်.. မြစ်ထဲမှာ ငါးတွေ့လို့..”

ကောင်လေးတစ်ယောက်ကမြစ်ထဲ ဆင်းရေချိုးနေရင်းကနေ အမောတကောတက်လာပြီး သူတွေ့တဲ့သူတိုင်းကို အရူးတစ်ယောက်လို ပြောနေသည်။

“ဟင်...”

“ဟယ်...”

“ဘယ်လို ... ဘယ်လို...”

လူတော်တော်များများ အံ့အားတသင့် ဖြစ်သွားကြသည်။

ငါးတွေ့ခဲ့ကြောင်းကို မြစ်ဆိပ်ကနေ အပြေးလာပြောသူချာတိတ်ကိုလည်း မယုံတဝက်ယုံတဝက်နှင့် ကြည့်နေပြီး မှင်တက်အံ့သြနေကြသည်။

တကယ်တော့ သူတို့ အရမ်းဝမ်းသာ သွားကြတာပါ...။

ဝမ်းသာလွန်းလို့ ကျောက်ရုပ်တွေလို ဆွံ့အငြိမ်သက်သွားကြတာပါ...။



“လာဗျာ...ကျုပ်တို့ ငါးမမြင်ဖူးတာ ကြာပြီ။ ကျုပ်တို့ဘိုးဘေးဘီဘင်တွေ ပြောခဲ့ကြတာတော့ ငါးဆိုတာ အမြီးတွေ၊ ပါးဟပ်တွေ၊ အကြေးခွံတွေနဲ့ ရေထဲမှာ လှုပ်တုပ်လှုပ်တုပ်သွားတဲ့ သတ္တဝါဆိုပဲဗျ...။ မြန်မြန် သွားဖမ်းရအောင်... တော်ကြာလွတ်သွားမှ မတွေ့ဖူးပဲ ဖြစ်ကုန်လိမ့်မယ်...”

“ဟေ့လူ.. နေဦး..ခင်ဗျား သွေးပူပြီး အသေဖမ်းမလို့လား...။ နောက်လူတွေပါကြည့်လို့ရအောင် ကျုပ်တို့ အရှင်ဖမ်းဖမ်းရလိမ့်မယ်ဗျ...”

အဲလိုနဲ့ လူတွေမြစ်ဆိပ်ဆီရောက်သွား ကြသည်။

ငါးကို အသည်းအသန်ရှာကြသည်။

သူတို့ ဧည့်ခန်းတွေထဲမှာ ဖွင့်ထားတဲ့ ရုပ်မြင်သံကြားစက်တွေကတော့ Today Latest Newsအဖြစ် လူသားလိုက်ပါသွားသော အာကာသယာဉ်တစ်စီး ပလူတိုဂြိုလ်ပေါ် အောင်မြင်စွာ ဆင်းသက်နိုင်ကြောင်း...။

အသံထက်မြန်သည့်ကားများ ဈေးကွက်ထဲ မကြာမီရောက်ရှိတော့မှာဖြစ် ကြောင်း၊ ထိုကားမှာ မိမိသွားလိုသည့်နေရာကို Enter တစ်ချက်ခေါက်ပေးလိုက်ရုံနှင့် ဘေးကင်းစိတ် ချရသောယာဉ်မောင်းစနစ်ဖြင့် သူ့ဘာသာအလိုအလျောက် မောင်းနှင်မည်ဖြစ်သောကြောင့် ယာဉ်မတော်တဆထိ ခိုက်မှုများမရှိနိုင်ကြောင်း၊ သို့သော် လမ်းများ၏ ကွန်ပြူတာပိုင်းဆိုင်ရာ Version များကိုတော့ မြှင့်တင်ရမည်ဖြစ်ကြောင်း...၊

ပန်းများ၏ မျိုးရိုးဗီဇကို မြှင့်တင်ပြောင်းလဲပေးနိုင်သည့်

www.burmeseclassic.com



နည်းပညာတစ်ခု စမ်းသပ် အောင်မြင်သွားပြီဖြစ်တဲ့အတွက် မိမိနှစ်သက်ရာ ပန်းပွင့်ကလေးများကို အနည်းဆုံး ဆယ်နှစ်တိတိ ခြောက်သွေ့ညှိုးနွမ်းခြင်းမရှိအောင် အလှထားနိုင်တော့မည်ဖြစ်ကြောင်း.. စသဖြင့် သတင်းထူးသတင်းဆန်းများ ထုတ်လွှင့်ပြသလျက်ရှိသော်လည်း လူများအဖို့တော့ ထိုသတင်းများဟာ ဘာမှ အဆန်းတကြယ် မဟုတ်လှတော့...။

သူတို့တွေချင်သည်မှာ ရေထဲမှာ လူးလူးလွှင့်လွှင့် ကူးခတ်နေမည့် ချစ်စရာငါးကလေးတစ်ကောင်တစ်လေကိုပါ...။

တကယ်တော့ သူတို့လူသားတွေ ကံဆိုးကြသည်။

ရှေးခေတ်လူကြီးတွေရဲ့ ဉာဏ်ပညာ နည်းပါးမှု၊ တဇွတ်ထိုးခေါင်းမာ လက်စွမ်းပြမှု၊ ကိုယ်ကျိုးရှာ ဝိသမလောဘတွေကြောင့် ဒီမြေ၊ ဒီရေ၊ ဒီနိုင်ငံဟာ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှစက်ရုံတွေ၊ ရွှေလုပ်ငန်းတူးဖော်ရေး၊ သတ္တုရှာဖွေရေး စီမံကိန်းတွေ၊ ရေအားလျှပ်စစ်စီမံကိန်း ဒဏ်တွေပိပြီး တောတောင်စိမ့်စမ်းသဘာဝအရင်းအမြစ်တွေ လုံးဝ လုံးဝ ပျက်စီးဆုံးရှုံးသွားခဲ့ရတာကြာခဲ့ပါပြီ...။

ပြဒါးဆိပ်ပျော်ဝင်မှု မြင့်မားလာတဲ့ မြစ်ချောင်းတွေထဲ ငါးတွေမရှိတော့တာလည်း ကြာခဲ့ပြီပေါ့...။

ဟော... အခု ကြည့်စမ်း...။

မြစ်ထဲကို ငါးတစ်ကောင်ရောက်လာပြီ...တဲ့။ ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်တဲ့ သတင်းတစ်ခုပါလဲ...။

ဒါဟာ သဘာဝအရင်းအမြစ်တွေ ပြန်လည်ဖွံ့ဖြိုး



လာတော့မယ့် ရှေးပြေးနိမိတ်ပုံ တစ်ခုလေလား။

လူတွေ အားလုံးကတော့ မြစ်ဆီကို လိုက်သွားကြပြီး ငါးကို နတ်သမီးဖမ်းသလို နုနုဝါဝါ ဖမ်းနေကြသည်။ အော်ဟစ်ဆူညံ ပျော်ရွှင်နေကြသည်။

သိပ်မကြာ...။

သူတစ်ယောက်ရဲ့ ဖန်ဇလုံထဲ ငါးကလေး တစ်ကောင်ပါလာသည်။

"ဟေး...ဒီမှာ ကြည့်စမ်း..."

"ဟာ..လှလိုက်တာ..."

"အို...ဟုတ်ပါရဲ့..."

ရေထဲမှာ ငါးလေးယက်ကန် ယက်ကန် ကူးခတ်နေသည်ကို လူတွေအားလုံး အံ့အားတသင့်ကြည့်ရှုနေကြသည်။

ဟုတ်ပါတယ်။

ဒါဟာ...မြစ်ထဲကို ပထမဦးဆုံး ရောက်လာတဲ့ ၃၀၁၃ ခုနှစ်ရဲ့ ငါးကလေး တစ်ကောင်ပါ...။

* * *

www.burmeseclassic.com

## အခန်း (၂)

ဟက်ခရိမိုက်(စ်)ရင်ပြင်တွင် နိုင်ငံတော် သမ္မတ၊ စစ်ဗိုလ်ချုပ်များ၊ သိပ္ပံပညာ ရှင်များ၊ ပြဇာတ်ဆရာ၊ ကဗျာဆရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နယ်ပယ်အသီးသီးမှ ထိပ်တန်းပုဂ္ဂိုလ်များ ရောက်ရှိနေကြပြီး . . .

သူတို့နိုင်ငံ၊ သူတို့လူမျိုးတွေရဲ့ တစ်ဦးတည်းသော မျိုးဆက်၊ အသက်ဆယ့်ရှစ်နှစ် အရွယ် လူငယ်လေးတစ်ယောက် အလာကို စောင့်မျှော်နေကြသည်။

ဟုတ်ပါတယ် . . .။

အဲဒီကောင်လေးဟာ လူဦးရေသန်း ခေါင်စာရင်းမှတ်တမ်း မှတ်ရာများအရ သူတို့လူမျိုးတွေရဲ့ နောက်ဆုံး ကြွင်းကျန်ခဲ့မယ် လက်ကျန်လူရွယ်လေး တစ်ယောက်ပေါ့ . . .။

ဒီကိစ္စဟာ အင်မတန်မှ ခေါင်းခဲစရာ ကိစ္စတစ်ခုပါပဲ . . .။ ဒါပေမယ့် ဒီပြဿနာဟာ အခုမှဖြုန်းစားကြီး ရောက်ရှိလာတဲ့ ပြဿနာတော့ မဟုတ်ပါဘူး . . .။

ဟက်ခရိမိုက်(စ်)ရင်ပြင်မှာတော့ ဒိတ်ဒိတ်ကြဲ ထိပ်တန်း ပုဂ္ဂိုလ်များ မိမိတို့လူမျိုးတွေ ကမ္ဘာပေါ်ကနေ မျိုးသုန်းပျောက်



ကွယ်တော့မယ့်အခြေအနေကို (သိပ်အထူးအဆန်းကြီး မဟုတ်သော်ငြား)အေးတိအေးစက် ဆွေးနွေးနေကြသည်။

သမ္မတက အရင်စပြော၏။

"ကဲ . . .အခုတော့ ဒီပြဿနာဟာ ကျွန်တော်တို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပါပြီ။ ဒါဟာ အခုမှ ဖြုန်းစားကြီးရောက်လာတဲ့ စိန်ခေါ်မှုတော့မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက် မှုမြင့်မားတဲ့နိုင်ငံ၊ ပညာတတ်တွေ ပေါများတဲ့နိုင်ငံ . . .။ ဒါ့ကြောင့် အထူးသဖြင့် မိန်းမတွေဟာ ပညာကိုကြိုးစားသင်ယူကြပြီး အလုပ်အကိုင် အခွင့်အလမ်းနောက်ကိုချည်း လိုက်ကြတဲ့အတွက် အိမ်ထောင်ပြုဖို့ ကလေးမွေးဖို့တွေ စိတ်မဝင်စားကြတော့ပါဘူး . . .။

ကျွန်တော်တို့နိုင်ငံမှာ ကလေးမွေးဖွား နှုန်းကျဆင်းခဲ့တာ ဟိုးလွန်ခဲ့တဲ့ နှစ်တစ်ထောင် ၂၀၁၃ လောက်ကတည်းကပါ . . ."

သမ္မတရဲ့စကားကို လူသားအရင်းအမြစ် ကျွမ်းကျင်ပါရဂူက ဆက်လက်ပြောကြားသည်။

"မှန်ပါတယ် . . .။ လွန်ခဲ့တဲ့ နှစ်တစ်ထောင်၊ ၂၀၁၃ မှာ တကည်းက သုတေသန ပညာရှင်တွေဟာ သိအိုရီတစ်ခုချပြပြီး သတိ ပေးကြေငြာခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ဆီမှာ ကလေးသူငယ်ဦးရေ ၁၆.၆ သန်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တစ်အိမ်ထောင်ကလေးတစ်ယောက်နှုန်းပဲ ယူရမယ်ဆိုတဲ့ One child ဥပဒေမရှိပါဘူး။ အဲဒီလို ဥပဒေပြဋ္ဌာန်းထားတဲ့ အိမ်နီးချင်းနိုင်ငံမှာတော့ အခုမိန်းမပြတ်လပ်မှုပြဿနာနဲ့ ရင်ဆိုင်နေ

www.burmeseclassic.com



ရပါပြီ…။ ထားပါတော့ အဲဒါက သူတို့နိုင်ငံရဲ့ ကိစ္စပါ…။

အခု ကျွန်တော်တို့နိုင်ငံအကြောင်း ပြောရမယ်ဆိုရင် ပညာတတ်တွေပေါများ လွန်းတဲ့အတွက် လူတွေဟာ ဦးနှောက်နဲ့ အရာရာစဉ်းစားချင့်ချိန်လာကြပါတယ်။ အိမ်ထောင်ပြုမှု နောက်ကျတာတွေ၊ ပဋိသန္ဓေ တားဆေးသုံးစွဲမှုတွေကြောင့် ၂၀၁၃ က စပြီး ၁၆.၆သန်းရှိတဲ့ ကလေးသူငယ်ဦးရေဟာ စက္ကန့်တစ်ရာ ပြည့်တိုင်း…"

ပညာရှင်မှာ စကားကိုခဏရပ်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်ပြီးကာမှ …။

"ဟုတ်ပါတယ်…။ စက္ကန့်တစ်ရာ ပြည့်တိုင်း တစ်စစီ လျော့နည်းလာလိုက်တာ ကျွန်တော်တို့ခေတ် ၃၀၁၃ အရောက် မှာတော့ ကျွန်တော်တို့မှာ…ကျွန်တော်တို့ လူမျိုးတွေရဲ့ တစ်ဦးတည်းသော အသက်အငယ်ဆုံး မျိုးဆက်အဖြစ် အသက် ဆယ့်ရှစ်နှစ်အရွယ် လူငယ်လေးတစ်ယောက်ပဲ ကျန်ပါတော့ တယ်…။

လာရောက်စုရုံးနားထောင်နေကြသော လူအုပ်ကြီးထဲမှ အာမေဋိတ်သံများ၊ ထွက်လာသည်။ ဘုရား…ဘုရား…။ ဒါဟာ တကယ့်အပြစ်အပျက် တစ်ခုပါလား။ အခုလို တရားဝင်ထုတ် ဖော်မကြေငြာခင်ကတည်းက ကောလဟာလမျိုးစုံတော့ ထွက်နေ ပါသည်။

သန်းရှစ်ဆယ်ကျော်ရှိတဲ့ ယောဒီနိုင်ငံမှာ ကလေးသူ ငယ်လုံး၀-မရှိတော့ဘူး…တဲ့။ အသက်အငယ်ဆုံး လူသား ကိုပြပါဆိုရင်' ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ လူငယ်တစ်ယောက်ပဲ ကျန်တော့ တာ…တဲ့။ ကောင်လေး…တဲ့။ နာမည်က ဃာငူး …တဲ့။

အခုတော့ သမ္မတကိုယ်တိုင်က ဟက်ခရိုမိုက်(စ်) ရင်ပြင် မှာ လူထုကို တရားဝင် အသိပေးလိုက်ပါပြီ…။

လူသားအရင်းမြစ်ပြတ်လတ်မှုက အတော်လေးကြီးကျယ် လာခဲ့ပြီ…။ ဆေးပညာတိုးတက်ပြောင်းလဲလာမှု၊ ဩဂဲနစ်အ စားအစာများ စားသုံးလာမှု၊ မှန်ကန်နည်း စနစ်ကျစွာ နေထိုင် ရှင်သန်လာမှုတို့ကြောင့် လူသားတွေသက်တမ်းရှေ့နေနိုင်လာကြ တာမို့ ဒီနိုင်ငံဟာ ကမ္ဘာပေါ်မှာ အဘိုးကြီးအဘွားကြီး အပေါဆုံး နိုင်ငံဖြစ်လာသည်။

ဘယ်သွားသွား အဘိုးကြီးအဘွားကြီးများကိုသာ ထင်မြင် တွေ့ရပေလိမ့်မည်။ တစ်ဖက်က ပြန်ကြည့်မည်ဆိုလျှင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်မက်ရေးရာ၊ အနုပညာအဆင့် အတန်းအခြေခံကောင်း များ ပိုင်ဆိုင်ထားသည့်နိုင်ငံမို့ ထို အသက်အငယ်ဆုံးလူသား လေးအား နယ်ပယ်အသီးသီးမှ ထိပ်သီးပုဂ္ဂိုလ်များက ၄င်းတို့ အမွေကိုဆက်ခံရန် ဆန္ဒရှိနေကြသည်။

ယော…။

ရင်ပြင်ရှေ့ကို လည်သာဝတ်စုံ ခပ်ကျပ်ကျပ်ဝတ်ဆင် ထားတဲ့ လူငယ်လေးတစ်ယောက် ဆိုင်ကယ်ကို ခပ်ကြမ်းကြမ်း စီးပြီး ရောက်ရှိလာပါပြီ…။

သူကတော့ အများသူငါ တက်ကြွစွာ မျှော်လင့်နေတဲ့ လူရွယ်လေး ဃာငူး…။

* * *

www.burmeseclassic.com

## အခန်း (၃)

တကယ်တော့ ဒီနေရာကိုဃာငူး လာချင်လွန်း၍မဟုတ်။ သမ္မတရုံးမှ သူ့နာမည် လိပ်မူပြီး ဖိတ်စာတစ်စောင်ပေးပို့လာ၍သာ အမျိုးသားရေးအသိနှင့် သူလာခဲ့ရခြင်း ဖြစ်လေသည်။

"ဃာငူး"

သမ္မတက ခပ်တိုးတိုးလေး ရေရွတ်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာပြုံးလေသည်။ တက်ကြွဖြတ်လတ်တဲ့ လူရွယ်လေးတစ်ယောက်ကိုကြည့်ရတာ ခွန်အားတစ်မျိုး ရင်ထဲစီးဆင်းသွားသလိုပါပဲလားလို့ တွေးလိုက်မိသောကြောင့် ဖြစ်သည်။

"တွေ့ရတာ ဝမ်းသာတယ်သား..."

"ဟုတ်ကဲ့"

သမ္မတက ဝမ်းသာတယ်ဆို၍သာ သူ့အလိုက်သင့် ဖြေလိုက်ရသည်။ တကယ်တော့ ဃာငူး ဝမ်းမသာပါ...။

သက်တူရွယ်တူ အပေါင်းအသင်း တစ်ယောက်တစ်လေမှမရှိတဲ့၊ ရည်းစားစကား လိုက်ပြောချင်ရင်တောင် အသက်



နှစ်ဆယ်အောက် မိန်းကလေးကို ဘယ်လိုက်ရှာလို့ ရှာရမှန်း မသိတဲ့ဟောဒီနိုင်ငံကို သူစိတ်ကုန်နေခဲ့တာ ကြာပါပြီ...။

အခုတော့ ကြည့်ဦး...။

တရားဝင်ကို စာထွက်လာပါပြီ။ သူက ဟောဒီနိုင်ငံရဲ့ အသက်အငယ်ဆုံး တစ်ဦးတည်းသော မျိုးဆက်တဲ့...။ အဲဒါက ကိစ္စမရှိ...။ စီကနဲဆို အီစကိုဖြစ်မှာတော့ စိုးရိမ်မိသည်။ အခုလို သမ္မတက ခေါ်တဲ့ကိစ္စ လိုဟာမျိုးပေါ့...။ ခေါ်ပြီး ဘာခေါင်းစားဦးမှာမှန်း မသိ...။

ဟော...။ သမ္မတ စကားစပြီ ...။

"ကျွန်ုပ်တို့သည် ဖိနပ်ပြင်ရန်အတွက် ဖိနပ်ချုပ်သမားထံ သွားကြရသည်။ သစ်သားပစ္စည်းကို ပြုပြင်ရန်အတွက် လက်သမားကို ခေါ်ကြရသည်။ ထို့ကြောင့် နိုင်ငံတည်းဟူသော သင်္ဘောကို မောင်းရန်အတွက် ယင်း အတတ်ပညာ၌ လိမ္မာကျွမ်းကျင်သူကို ချဉ်းကပ်ရမည်...တဲ့။ ဆိုကရေးတီးပြောခဲ့တဲ့ အယူအဆတစ်ရပ်ပေါ့ သားရယ်... ဘဘတို့ နိုင်ငံမှာ နိုင်ငံ့သားကောင်းရတနာတွေ တစတစဆုတ်ယုတ်လာတာ သားလည်း အသိပဲ...။ သားကို ဒီကိုခေါ်ရတာက ဘဘတို့ရဲ့ နိုင်ငံတည်းဟူသော သင်္ဘောကို မောင်းဖို့ တစ်ဦးတည်းကျန်တော့တဲ့ မျိုးဆက်သစ် သားမှာ ဘာစိတ်ကူးစိတ်သန်း ဘယ်လို ဝါသနာတွေရှိမယ်ဆိုတာ ဘဘတို့သိဖို့ လိုမယ်ထင်လို့ ခေါ်မေးရတာပါ သား...။

ထင်သည့်အတိုင်းပင်...။

လူသားအရင်းအမြစ်ရှားပါးမှု ပြဿနာကြောင့် သမ္မတက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တာဝန်ကြီးကြီး ယူရန် အခုကတည်းက မျိုးစေ့ချထားချင်ပုံ ရသည်။

သမ္မတကြီးက သူ့ကို နောင်တချိန်အတွက် သမ္မတဖြစ်ဖို့ အခုကတည်းက ပုံသွင်း ထားချင်တာလား…။

ဟင့်အင်း…။

သမ္မတတော့ သူမလုပ်လို…။ ထစ်ကနဲဆို အမျိုးသား ဝတ်စုံကြီးဝတ် ရွှေစလွယ်တွေ ဘာတွေလွယ်ပြီး ဟိုနိုင်ငံသွား… ကြွေးမြီတွေ လျှော့ပေါ့ပေးဖို့ တောင်းဆို။ ဒီနိုင်ငံလာ။ နည်းပညာတွေ မျှဝေပေးပါပြော။ ကုလသမ္မဂ ရောက်တော့လည်း ရာသီ ဥတုပြောင်းလဲမှု တိုက်ဖျက်ရေးထဲ ပါဝင်ပါမယ်။ ကတိတွေ ပေး၊ ကိုယ့်နိုင်ငံကလူတွေကိုလည်း အလုပ်လက်မဲ့ဦးရေ ပပျောက် စေရမယ်။ ဘာညာတွေ တွန်းနေရတဲ့အလုပ်တွေ သူမလုပ်ချင်…။ ဦးနှောက်ခြောက်သည်။ ခေါင်းစားပြီး နားငြီးသည်။

သူ့အတွေးမဆုံးခင်ပင် ဒိုးဒိုးဒေါက်ဒေါက်ဆန်သည့် စစ်ဗိုလ်ချုပ်တစ်ယောက်က သူ့ကို လိုတိုရှင်းမေးပြန်သည်။

"စစ်ထဲဝင်မလား ကောင်လေး…။ ဗိုလ်သင်တန်းက ဆယ့်ခြောက်နှစ်မှာ လျှောက်ရတာမှန်ပေမယ့် အရာရှိဦးရေ နည်း နေလို့ မင်းကို အထူးအခွင့်အရေးအနေနဲ့ နှစ်နှစ် နောက်ဆုတ် ပေးမယ်။ မင်းဘက်က စိတ်အားထက်သန်မှုရှိဘာယ်။ အပြစ်တစ်စုံ တစ်ရာမရှိဘူးဆိုရင် နောင်တချိန်မှာ စစ်ဦးစီးအရာရှိချုပ် တစ် ယောက်ဖြစ်ဖို့အထိ အဘ train ပေးမယ်။

ကဲ…လမ်းကြောင်းကတော့ ဖြူးနေပြီ…စစ်ဗိုလ်ချုပ်



လုပ်မလား…။

သူ့ကိုယ်သူ ပြန်မေးကြည့်မိသည်…။ အခက်အခဲတွေက တော့ အများသား…။ ဆံပင်ကို ပုံဆန်းဆန်း ညှပ်ခွင့်မှမရှိ။ gel တွေ wax တွေနဲ့ ဟိုထောင် ဒီထောင် ထောင်ခွင့်မရှိ။ ဘဝရဲ့ အချိန်တော်တော်များများ ယူနီဖောင်းကြီးဝတ်၊ ခါးကြားမှာ ပစ္စတိုတွေ၊ ခြောက်လုံးပြူးတွေထိုး။ ဗိုလ်ရှူးစင်ပေါ်ကနေ ဂုဏ်ပြု တပ်ဖွဲ့ရဲ့ အလေးပြုခြင်းတွေ ဘာတွေခံ၊ အခါအခွင့်သင့် တဲ့အချိန်တိုင်း အမြောက် ဆယ့်တစ်ချက်ပစ်ဖောက် ဂုဏ်ပြုကြိုဆို သည်တွေ ဘာတွေ အလုပ်ခံရမယ့်ဘဝက သူနဲ့အပ်စပ်ပါရဲ့ လား…။

အဲ့ဒါတွေက အသာထားဦး…။ စစ်တပ်ဆိုတာ အခု ဝင်ပြီး အခုထွက်လို့ ရတာမဟုတ်။ ဟို ရုပ်ရှင်မင်းသားကြီး ပြောခဲ့ဖူးသလို။ ဆယ်နှစ်…ဆယ်နှစ်…ဆိုတာကြီး ကလည်း ရှိနေပြန်သေးသည်။

ဟင်း…။

သူ သက်ပြင်းတစ်ချက်ရှိုက်လိုက်စဉ် ရဲဝင့်သည့် ကဗျာ ဆရာတစ်ဦးက ဗိုလ်ချုပ်အမေးရဲ့အဖြေကို မစောင့်တော့ဘဲ သူ့အား အော်ပြောပြန်သည်။

"အရင်းစစ်လိုက်ရင် လောကမှာ လူ တန်းစားသုံး မျိုးပဲရှိတယ်။ ဃာငူးရေ…။ လက်ချည်းသက်သက် အလုပ် လုပ်တတ်သူဟာ အလုပ်ကြမ်းသမား Labour တဲ့ကွ…။

လက်ရော ဦးနှောက်ပါ သုံးတတ်သူဆို ရင်တော့ ပညာ

www.burmeseclassic.com

www.burmeseclassic.com



သည် ဖြစ်လာပြီ။ Craftsman ပေါ့ကွ…။

အေး…လက်၊ ဦးနှောက်၊နှလုံးသား ပါ ဟန်ချက်ညီညီ သုံးတတ်မယ်ဆိုရင်တော့။ အဲဒါ အနုပညာရှင်ပဲ…။ အဲဒါ Artist ပဲ ဃာငူးရဲ့…။ မင်း ကဗျာဆရာလုပ်ပါလား…။ အက်ဂါ အန်းလန်းဖိုးတို့၊ ဘိုင်ရွန်တို့၊ ရှယ်လီတို့ကို အားမကျဘူးလား။ မင်း ဘက်ကသာ စိတ်ဝင်စားမယ်ဆို စကားလုံးတွေရဲ့ tone တွေ color တွေ၊ ရစ်သစ်ပိတ် နည်းဖွင့်နည်း၊ ကင်းပုန်းချနည်း၊ လောကကို ဒဲ့ဒိုးကြည့်နည်း၊ စွေစောင်းကြည့်နည်း၊ အရှဲ့တိုက်ကြည့်နည်း၊ ပန်းတွေ၊ မိုးရေစက်တွေ၊ တိမ်လိပ်အုပ်တွေ၊ ဆည်းဆာတွေရဲ့ အလှတရားရှာပုံတော်…အိုကွာ၊ လက်ဖက်ရည်ဆိုင်မှာ ဝါဒမတူတဲ့ ကဗျာဆရာတွေ စုံထိုင်ပြီ ဟော့ဆိုတာနဲ့ ရင်ခွင်ကို ဒဲ့ဖွင့်ပြီး တိုက်ကြတဲ့ ပါးစပ်တိုက်ပွဲမှာ မင်းဟာ အောင်လံမလဲတဲ့ စကားလုံးကြေရာဇ်တစ်ပါးဖြစ်ဖို့အထိပါ ငါ တာဝန်ယူနိုင်တယ်။ ဘယ်လိုလဲ…။

အဲဒါမ…ဒွ…တော်တော်ကြီးကြီးကျယ် ကျယ် ပြောတတ်တဲ့ ကဗျာဆရာ။ ဟိုမှာ… ဗိုလ်ချုပ်က သူ့ကိုဖဲ့တယ်ထင်ပြီး တင်းသွားပြီ… အင်း…ကဗျာဆရာနဲ့ စစ်ဗိုလ်ချုပ် အခြေအတင်ဖြစ်ကြမယ့် ရန်ပွဲဆိုတော်တော်လေး နားထောင်လို့ကောင်းမှာပဲ… ကဲ…အဲဒါက အသားထား…။

ကဗျာဆရာလုပ်မလား…။

ဃာငူး သူ့ကိုယ်သူ ပြန်မေးကြည့်မိသည်။

ဆံပင်ရှည် ဖွာရာကျဲထားပြီး ခပ်နွမ်းနွမ်းအဝတ်



အစားတွေဝတ်လို့၊ ဟို ism က ဘယ်လို ဒီ ism က ဘာညာတွေပြော…၊ ဟောဟိုမှာ ဂျင်းဘောင်ဘီဝတ်ထားတဲ့ မိုးတိမ်တွေတို့၊ မြို့ပြဟာ ဥခွံထဲက ရုန်းထွက်လာခဲ့ပြီး မှန်ကူကွက်ရဲ့ ညာဘက်စွန်းမှာ နားခိုနေပြီ…တို့၊ ပီကာဆိုရဲ့ ခြေသုတ်ဖုံနဲ့ နုတ်မိမယ်ဆိုတာ တကယ်တော့ဗျာ… တို့ အဲလို အဲလိုပြောဖို့ သူ့မှာ ဉာဏ်နီဉာဏ်နက်တွေ ရှိရဲ့လား…။ လွယ်တော့ မလွယ်ဘူး ထင်တယ်။

သူ အဲဒီလို တွေးနေတုန်းမှာပဲ လက်မောင်းက ဗလနဲ့ ရင်သားက ခပ်ကြွကြွ၊ မျက်နှာကတော့ ဆေးရောင်စုံ…၊ အဲလည်ဇ လုတ်ကတော့ စကားပြောလိုက်တိုင်း၊ လည်ချောင်းမှာ လှုပ်တုတ် လှုပ်တုပ်နဲ့ ဣတ္ထိယအသွင် ပုရိသအင်ကြီးက ရုံးပတောဘီးသံနဲ့ သူ့ကို ပြောပြန်သေးသည်။

"ဟယ်…ဃာငူးရယ်…တို့ လောကမှာတော့ဟယ်… လက်တွေ ဦးနှောက်တွေ နှလုံးသားတွေထက် နားလည် မှုက အဓိကပေါ့ဟယ်…သိလား…တို့လောက က နေတတ်ရင် ကျေနပ်စရာချည်းပဲ…။ ဟိုကဗျာဆရာပြောသလို လေတိုက်ပွဲတွေလည်း၊ ဆင်နွှဲနေစရာမလိုဘူး။ အဲ… ဒါပေမယ့် ကိုယ့်ချစ်သူကို ကိုယ်လို လိုင်းထဲကလူက လုလို့ကတော့ အသေပဲ။ တို့ တွေက အချစ်လည်းကြမ်း၊ အခေါ်လည်း ကြမ်း၊ တို့နာမည် ဃာငူးလည်း သိချင်သိမှာပေါ့။ celibrity ထဲကပဲလေ။ မာမီအာဘွားတဲ့။ မိကပ်နဲ့ အလှအပရေးရာမှာ တို့တွေကို ဘယ်သူကျော်တက်နိုင်လို့လဲ။ တို့တွေပဲ စိုးမိုး ထားတာသိရဲ့လား။ ဒီတော့လေ တို့အကြံပေးချင်တာက တို့လောကထဲ လာရောက်လေ့

www.burmeseclassic.com

www.burmeseclassic.com



လာကြလှည့်ပါဦးလို့…နော်…နော်…

မာမီအာဘွားစကားဆုံးတော့ သမ္မတက ယူကျုံးမရနှင့် သူ့နဖူးပြောင်ပြောင်ကြီးသူ ပွတ်လိုက်ပြီး…"ကဲ…စကားတွေက သိပ်ရှည်ကုန်ရင် မကောင်းဘူး။ သားဟာ ဘဘတို့နိုင်ငံရဲ့ တစ်ဦးတည်းသော အသက်ငယ်ဆုံးမျိုးဆက်ဆိုတော့ ခြေချော် လက်ချော် ဖြစ်ကုန်မှာမျိုးတော့ ဘဘ မလိုလားဘူး။ သား သေသေချာချာ စဉ်းစားပါ။ သား ပခုံးပြောင်းယူရမယ့် တာဝန်က သိပ်ကို ကြီးမား ပါတယ်။ သား ဘာဖြစ်ချင်သလဲ…ဘဘ တို့ ဘာတွေ ပံ့ပိုးပေးရမလဲ… ပြော။ နိုင်ငံတော်သမ္မတလား၊ စစ်ဗိုလ်ချုပ်လား၊ တရား သူကြီးလား။ ပါမောက္ခလား စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ယောက်လား။ အိုကွာ ဒဿနဆရာလုပ် ချင်သလား၊ ကဗျာဆရာလုပ်မလား။ ဘဘတို့ကို ပွင့်ပွင့်လင်း လင်း ဆွေးနွေးတိုင်ပင်ပါ။ သားဖြစ်ချင်တဲ့ဆန္ဒမှန်သမျှကို ယောဒိက နယ်ပယ်အသီးသီးက ထိပ်တန်းပုဂ္ဂိုလ်များက လက်တွဲခေါ်ယူဖို့ အဆင်သင့်ပဲ…။

"ဃာဂူ…ယေး…မာမီပြောတာမမေ့နဲ့ နော်…လို့"

အရေးထဲ အခြောက်က တမှောင့်…

သူ့စိတ်တွေ တကယ်ပဲ လေးလံမွန်းကျပ်လာမိသည်။

နှစ်ပေါင်း ထောင်နဲ့ချီပြီး တမျိုးသားလုံး အသိခေါက်ခက် အဝင်နက်ခဲ့ပြီးကာမှသူကဒီကြီးမားလှတဲ့ သမိုင်းအချိုးအကွေ့ ကြီးတစ်ခုကို ပခုံးပေါ်လှမ်းတင်ရတော့မှာတဲ့လား…။

ဒါဟာ တရားမျှတမှုကော ရှိပါရဲ့ လား…"



"ပြောပါ … သား …"

"ကျွန်တော်…"

ပါးစပ်က တော်တော်နဲ့ ထွက်မလာ။

မနည်း အားယူပြီး ထပ်ပြောရသည်။

"ကျွန်တော် ဘာမှကြီးကြီးကျယ်ကျယ်မဖြစ်ချင်ပါ ဘူး…"

ရင်ပြင်တစ်ခုလုံး ဃာဂူ စကားကြောင့် တိတ်ဆိတ် သွားသည်။

"ကျွန်တော်"

"……………"

"ကျွန်တော် အဖြစ်ချင်ဆုံးက…။"

"……………"

"ကျွန်တော်နဲ့ သက်တူရွယ်တူ ကောင်မလေးတစ် ယောက်လောက်နဲ့ ချစ်သူရည်းစား ဖြစ်ဖို့လောက်ပါ…။"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကမ္ဘာပေါ်တွင် အရှားပါးဆုံး တစ်ကောင်တည်းသာ ကျန်ရစ်သည့် ပင်တာ ကျွန်းလိပ်ကြီးသေဆုံး

ကွီကို ဇွန် ၂၇

ကမ္ဘာပေါ်တွင် တစ်ကောင်တည်းသာ ကျန်ရှိတော့သည့် ပင်တာကျွန်းလိပ်မျိုးစိတ်ဝင် "အထီးကျန်ဂျော့ဂျ်"အမည်ရှိ လိပ်ကြီး သေဆုံးခဲ့ပြီဖြစ်ကြောင်း အီကွေဒေါနိုင်ငံ ဂါလာပါဂို့(စ်) အမျိုးသား ဥယျာဉ်တာဝန်ရှိသူများက ဇွန် ၂၅ရက်တွင် ပြောကြားခဲ့သည်။

"အထီးကျန်ဂျော့ဂျ်"သည် ပင်တာကျွန်းလိပ်မျိုးစိတ်နေ နောက်ဆုံးကျန်လိပ်ကြီးအဖြစ် ယုံကြည်ရပြီး ၄င်းအသက်မှာ ၁၀၀ နီးပါးရှိပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

"အထီးကျန်ဂျော့ဂျ်"မှအပ ပင်တာကျွန်းလိပ်မျိုးစိတ်ဝင် မျိုးဆက်အမွေခံ တစ်ကောင်တစ်လေမျှပင် ကျန်ရစ်ခြင်းမရှိတော့ကြောင်း၊ ယုံကြည်ရခြင်းကြောင့် "အထီးကျန် ဂျော့ဂျ်"သည်



ကမ္ဘာပေါ်၌ အရှားပါးဆုံး တိရစ္ဆာန်ဖြစ်ခဲ့ရသည်။

ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားရပြီဖြစ်သော သက်ရှိမျိုးစိတ်တစ်ခု၏ သင်္ကေတဖြစ်လာသည့် "အထီးကျန်ဂျော့ဂျ်"၏ ရုပ်ကြွင်း အားဆေးရည်စိမ်ကာ ဆန်တာခရုဇ်ကျွန်းပေါ်၌ ပြသထားမည်ဖြစ်ကြောင်း အီကွေဒေါနိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးက ဇွန် ၂၆ရက်တွင် ပြောကြားခဲ့သည်။

ပင်တာကျွန်းလိပ်မျိုးစိတ်နှင့် နီးစပ်သော အခြားမျိုးစိတ်များမှ လိပ်မများအား ပလာပါဂို့(စ်)အမျိုးသားဥယျာဉ်သို့ ပို့ဆောင်ကာ ပင်တာကျွန်းလိပ်မျိုးဆက်ပြန့်ပွားရေးအတွက် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ပေ...။

ပင်တာကျွန်းလိပ်ကြီးမျိုး၏ သက်တမ်းမှာ နှစ် ၂၀၀ ကျော်ရှိရာ အသက် ၁၀၀ နီးပါးရှိ အထီးကျန်ဂျော့ဂျ် သေဆုံးရခြင်းကို အရွယ်မတိုင်မီ သေဆုံးမှုအဖြစ် မှတ်ယူနိုင် သည်။

ဘီဘီစီ။

စာကြည့်တိုက်ထဲသို့ ယာင်္ဂုးရောက်ရှိ နေပြီး လှန်ခဲ့တဲ့ နှစ်တစ်ထောင်က ထုတ်ဝေခဲ့တဲ့ သတင်းစာတစ်စောင်မှ သတင်းတစ်ပုဒ်ကို ဖတ်မိပြီး မသိမသာ ခေါင်းယမ်းနေမိသည်။

စဉ်းစားစရာတွေတော့ အများကြီးဖြစ်လာခဲ့ပြီ...။ လိပ်နာမည်က အထီးကျန် ဂျော့ဂျ်..တဲ့။ အဲဒီ လိပ်ဟာ ငါ့အဖြစ်နဲ့ သိပ်ကိုတူလှန်းနေပါလား...။ ဒါဆို... ပင်တာကျွန်းလိပ်တွေ ကမ္ဘာပေါ်ကနေ မျိုးသုန်းပျောက်ကွယ်သွားခဲ့တာ နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်ကျော်ကြာခဲ့ပြီပေါ့…။

ငါတို့လူမျိုးတွေရော အဲဒီလိုပဲ တစ်နေ့မှာ ကြေကွဲဖွယ်ရာ ဇာတ်လမ်းနဲ့ မျိုးသုန်း ပျောက်ကွယ်သွားတော့မှာလား…။ ဒါဆို ငါဟာ အထီးကျန်ဂျော့ဂျ်နေရာကို ဆက်ခံမယ့် အထီးကျန် ဃာင္ရူး များ ဖြစ်နေပြီလား။

တို့နိုင်ငံကလူတွေ အသက်ရာကျော်ရှည်ကြတာကို ဘေးခဏချိတ်ထားဦး။ လူ့ဘဝသက်တမ်းကို ခြောက်ဆယ်နဲ့ပဲ ပျမ်းမျှယူပြီး စဉ်းစားကြည့်။ အထီးကျန်ဂျော့ဂျ်ဟာ နှစ် ၁၀၀နဲ့ ထီးကျန်ပြီး သေဆုံးသွားခဲ့တယ်။ ဒါဆို ငါရော…အထီးကျန်ပြီး အသက် ၃၀ လောက်နဲ့ သေဆုံးမသွားနိုင်ဘူးလား။

ဒါ…ဒါဆို ငါ့မှာရှင်သန်နေထိုင်ခွင့် ဆိုလို့ နောက်ထပ် ဆယ့်နှစ်နှစ်ပဲ ကျန်တော့တာပေါ့…။ နှစ်သစ်ကူးပေါင်း ဆယ့်နှစ်ကြိမ်၊ ကျေးဇူးတော်အောက်မေ့ပွဲပေါင်း ဆယ့်နှစ်ကြိမ်၊ မင်္ဂလာစည်တော်ယွန်းပွဲတော်ပေါင်း ဆယ့်နှစ်ကြိမ်၊ နက္ခတ်စုံပွဲတော်ပေါင်း ဆယ်နှစ်ကြိမ်၊ လပြည့်ညပေါင်း ၁၄၄ ကြိမ် ငါ ဖြတ်သန်းပြီးသွားရင်…။

သူ့ ရင်တစ်ခုလုံး ဟာ ဆင်းသွားရပြီ··။

အသက် ဆယ့်ရှစ်နှစ်ဆိုတာ အညွန့်တလူလူနဲ့ တက်ကြွ ဖျတ်လတ်နေရမယ့်အရွယ်ပါ။ အခုတော့ ငါ့မှာ လွယ်လွယ်ကူကူ ရောက်ရှိလာတဲ့ သမ္မတရာထူးကစလို့ အလှ ဖန်တီးရှင်ဘဝအထိပါ စိတ်ပါဝင်စားမှုမရှိဘူး ဆိုတော့… ငါ…ငါဟာ စိတ်ဒဏ်ရာ တွေနဲ့ ကြေမွနေတဲ့ လူတစ်ယောက် ဖြစ်နေပြီလား…။ ငါ



အထီးကျန်နေပြီလား…။

ထပ်မေးမယ်…။

ငါ အထီးကျန်နေပြီလား…။

"တောက် ….."

သူ့နောက်ကျောသို့ တစ်စုံတစ်ယောက်က စက္ကူကို လုံးထွေးပြီးပစ်ပေါက် လိုက်သည်။ ဒီလို အပြုအမူမျိုး လုပ်တဲ့သူဆို လို့ ဟူယံကလွဲလို့ ဘယ်သူရှိဦးမှာလဲ။

ဟုတ်ပါတယ်။ သူမက အသက် ၆၁ နှစ်ရှိပြီဖြစ်တဲ့ အဘွားအို ဟူယံပါ။

အိမ်ထောင်တစ်ဆက်ကျပြီး၊ လင်ယောက်ျားနဲ့ ကွာရှင်း ပြတ်စဲခဲ့ပြီး ဖြစ်တဲ့တစ်ခုလပ် ဟူယံဟာ လောကအတွေ့အကြုံ ပေါင်း၊ ရင့်ကျက်မှုပေါင်း၊ ဖြတ်သန်းမှုပေါင်းအစုံ အလင်နဲ့အမြဲ လိုလိုတက်ကြွဖျတ်လတ်နေတတ်ပြီး ခေတ်ကို မျက်ခြေမပြတ်လိုက် နေသည့် ခပ်ယောဟောအဘွားအိုတစ်ယောက်ပေါ့··။

သူမကို အဘွားဟူယံလို့ခေါ်လျှင် မကြိုက်သည်မို့ ဃာင္ရူးက သူမနှစ်သက်သလို ရိုးရိုးရှင်းရှင်းနှင့် ဟူယံလို့သာ ခေါ်တတ် သည်။

"ငါ သတိထားမိသလောက်ကတော့ လူတွေဟာ အသက်ကြီးလာလေလေ အမြောက်အပင့် ပိုကြိုက်လာလေလေပဲ လား မသိဘူး ဃာင္ရူးရေ…။ တကယ်တော့ အဲဒါ သူငယ်ပြန် တာပဲ။ ကလေးများ ငယ်စဉ်တုန်းက လူကြီးတွေနဲ့ အမြှောက်အပင့် ကို ကြိုက်သလိုမျိုးပေါ့…။

www.burmeseclassic.com

www.burmeseclassic.com



စကားပြောတဲ့အခါ ယဉ်ကျေးတဲ့ အသုံးအနှုန်းတွေ များများထည့်ပြောပေးပါမှ ကလေးလိမ္မာရေးခြားရှိတယ်။ ကြီးလာရင် ချမ်းသာဦးမှာ ဘာညာချီးမွမ်းတတ်ကြပြန် သေးတယ်။ တကယ်တော့မလိုပါဘူး။ ငါ့ကိုအဘွားဟူယံ လို့ခေါ်ရတာ မရှည်လျားလွန်း ဘူးလား။ ဟူယံလို့ လွယ်လွယ်ခေါ်စမ်းပါ။ မင်းနဲ့ငါ ဒီဘဝမှာ လူကြီးနဲ့လူငယ်ပုံစံ ဆုံကြသလို နောက်နောင် ဘဝတွေရှိခဲ့ရင် ဒါမှမဟုတ် ကောင်းကင်ဘုံလို ငြိမ်းချမ်းတဲ့နေရာ မျိုးမှာ ထပ်ဆုံဖြစ်ကြရင် မင်းကအကြီး ငါကအငယ်လည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲ။ ငါ့အတွက် ယဉ်ကျေးတဲ့ အသုံးအနှုန်း တွေထက် ရိုးရှင်းတဲ့ အသုံးအနှုန်းတွေပဲလိုအပ်ပါတယ်။

ကဲ··· အဲဒါသာကြည့်···။

ဒါကတော့ ဟူယံရဲ့ ဒဿနပါ···။

အဲဒီလို ဖလော်မျိုးတွေ လက်ကိုင်ထားလို့လားမသိ။ ဟူယံဟာ အဘိုးကြီးအဘွားကြီးတွေပေါ်တဲ့ ယောဒီနိုင်ငံမှာ သက်တူရွယ်တူအပေါင်းအသင်းမရှိလောက်အောင် တစ်ယောက်တည်း ချွန်ထွက်နေပြီး၊ ယာငူးမှာလည်း သက်တူရွယ်တူ အပေါင်းအသင်းက မရှိသဖြင့် အဘွားကြီးနဲ့သူ ရင်ဘတ်ချင်းလာငြိကြသည်။

လွယ်လွယ်ကူကူပင် ဘော်ဘော်တွေ ဖြစ်သွားကြသည်။

အခုလည်း ကြည့်ဦး···။ စပ်စပ်ဆော့ဆော့နဲ့ ဘယ်တုန်းကတည်းက စာကြည့်တိုက်ထဲ ရောက်နေတာမှန်းမသိ။ သူမက အင်မတန် ဗဟုသုတစုံသည်။ အတွေးအခေါ်တွေက လန်းသည်။



တကယ့်ကို ask.com ဝက်(ဘ်)ဆိုက် ဖွင့်ထားရသလို ယာငူး သိနှင့်သမျှ မေးခွန်းတွေကို အနီးစပ်ဆုံး ဖြေဆိုပေးနိုင်ပြန်သေး သည်။

အခုလည်း ဟူယံက စာကြည့်တိုက်ထဲမှာမို့ စကားသံ မထွက်စေလိုသဖြင့် သူမရှိနေကြောင်း ယာငူးသိစေဖို့ စက္ကူလုံးနှင့် ပစ်ပေါက် အချက်ပေးသည့် (ဟူယံဟာ တစ်ခါတစ်ရံမှာ အဲဒီလို ကလေးကလားအလုပ်တွေ လုပ်တတ်ပါတယ်)

ယာငူး လှည့်ကြည့်လိုက်တော့ ဟူယံက လက်သုံး ချောင်းထောင်ပြပြီး အပြင်ကို လက်ညှိုးထိုးပြနေသည်။

ဒီလောက်ဆို ယာငူး သဘောပေါက်ပါသည်။

ဆုံနေကြ ပန္နမတေးသွားကော်ဖီဆိုင်မှာ ညနေသုံးနာရီ တွေ့ဖို့ ဟူယံပြောနေခြင်းဖြစ်သည်။

ယာငူး ခေါင်းညိတ်ပြလိုက်သည်။ လက်ပတ်နာရီကို ကြည့်တော့ နှစ်နာရီခွဲ···။ စာဖတ်ချိန်က နာရီဝက်တော့ ရသေး ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လိုချင်တာက ၁၆ နှစ်အရွယ် ချစ်သူ ကောင်မလေး။ ရလာတာက ၆၁နှစ် ဘော်ဘော်အဘွားကြီး…။

မတတ်နိုင်…။ လောကကြီးနဲ့ သူဟာ ဒီလိုပဲ ကမောက်ကမအံချော်မှုတွေက များလွန်းလှသည်။ စာကြည့်တိုက်ထဲ ဟိုဟို ဒီဒီကြည့်လိုက်တော့ ဟူယံကို မတွေ့တော့…။

ပဒ္ဒမတေးသွား ကော်ဖီဆိုင်ကို ရောက်နှင့်ပြီနဲ့ တူပါသည်။

သူ…စာကြည့်တိုက်က ထွက်လာတော့ လမ်းမှာ အဘိုးကြီးတစ်ယောက် သူ့နောက်ကပ်ပါလာသည်။

သူက အဘိုးကြီးကိုမသိ။ အဘိုးကြီးက သူ့ကို သိနေသည်။

"ဟေး…ဃာဍူး…ဟေး…။



"ဆို…"

"ဘယ်သွားမလို့လဲ…"

"ကိုယ့်ကိစ္စနဲ့ကိုယ်ပေါ့ဗျ…"

"ဖြည်းဖြည်း လျှောက်ပါဟ…အဘိုး မင်းနောက်မှီအောင် မလိုက်နိုင်ဘူး…"

"ဟမ်…ဘယ်သူက ခေါ်နေလို့လဲ…"

အဘိုးကြီးက သူ့နောက် မနည်းမှီအောင် လိုက်နေရသဖြင့် အနည်းငယ် ဟောဟဲ ဟောဟဲ လိုက်နေပြီး…"

"အဲလို သူစိမ်းမဆန်နဲ့လေ။ အဘိုးပျင်းနေလို့ မင်းနောက် လိုက်ခဲ့မယ် ဘယ်လိုလဲ"

"ကျွန်တော့်နောက်လိုက်တော့ရော ပျော်ရမှာမို့လား။ ကျွန်တော်က အဘိုးပျော်အောင် ဘာလုပ်ပေးနိုင်တာကြလို့"

"ဩော်…ဃာဍူးရယ်…မင်းတို့လို တတ်ကြွဖျတ်လတ်တဲ့၊ ထူးချွန်ထက်မြက်ရည်မွန်တဲ့ လူငယ်လေးနဲ့ စကားပြောခွင့်ရနေတာကိုက အဘိုးဘယ်လောက် ပျော်ရွှင်စိတ်ချမ်းရတယ်ထင်လဲ…"

ဃာဍူးက ကိုယ်ကိုရှေ့နည်းနည်းကိုင်းလိုက်ပြီး ခပ်လှမ်းလှမ်းကို စူးစူးစိုက်စိုက် ကြည့်လိုက်သည့် ဟန်ပန်နှင့်…

"ဟော…ဟိုမှာ…ဟိုမှာ…"

"ဟမ်…ဘယ်မှာလဲ…"

အဘိုးကြီးကြည့်ရတာ မျက်လုံးမှုန်ပုံတော့ ရှိသည်။ ဃာဍူးကြောင့် သူပါ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး မျက်မှောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျုတ်ကာ အဝေးကို ကြည့်လိုက်သည်။

"မတွေ့ဘူးလား...အဘိုး လေဒီကြီး အဘိုးကို လိုက်ရှာနေပြီနဲ့တူတယ်..."

"ဟော...ငါ့အိမ်အလုပ်တွေ သူ့ကို ကူပြီးမှထွက်လာခဲ့တာကို..."

"မိန်းမတွေဆိုတာ ဒီလိုပဲဗျ အိမ်ဦးခန်းကို တချိန်လုံး မျက်စောင်းထိုး ကြည့်နေတတ်ပြီး အိမ်ထောင်ဦးစီးရှိနေမှ ကျေနပ်ကြတာ ချစ်လွန်း ခင်လွန်းလို့တော့ မထင်ပါဘူးဗျာ။ ရန်ဖြစ်စရာ အဖော်မရှိလို့ ပျင်းကြတယ်ထင်ပါရဲ့...။"

"ဃာငူး...ကြည့်စမ်း...အခု အဲ့အဘွားကြီး ဘယ်နား ရောက်သွားပြီလဲ...။"

"ဟို...ရှေ့က လက်ဖက်ရည်ဆိုင်ရှေ့ ရစ်သီရစ်သီလုပ်နေတယ်ဗျ...အဘိုး ဒီအပင်နောက်မှာ ခဏဝပ်နေ...ကျွန်တော် အခြေအနေကောင်းတာနဲ့ ဂျိုးကူသံသုံးချက်ပေးလိုက်မယ်။ အဲတော့မှထွက်လာခဲ့..."

"အေး...အေး...ဟိတ်ကောင်... မင်းငါ့ကို ခေါ်ဖြစ်အောင်တော့ ခေါ်နော်...ငါ ဂျိုးကူသံ စောင့်နေမယ်..."

"စိတ်ချ...စိတ်ချ..."

အဘိုးကြီးက တကယ်ပင် ဃာငူးပြောတဲ့အတိုင်း သစ်ပင်နောက်မှာ ကုပ်ကုပ်ကလေး ဝပ်ကာစောင့်နေသည်။

ဃာငူးခေါင်းတစ်ချက်ယမ်းလိုက်ရင်း ပန္နမတေးသွား ကော်ဖီဆိုင်သို့ သုတ်ခြေတင်ခဲ့ရတော့သည်။



ဃာငူး ရိုင်းစိုင်းတတ်တဲ့ လူငယ်လေးတစ်ယောက်တော့ မဟုတ်ပါ...ဒီကိစ္စက ပြောရမှာတော့ဖြင့် အရှည်ကြီးပါ...။

ဟူယံတစ်ခါက ပြောဖူးတယ်။

"ဃာငူးရေ...တို့အဘိုးကြီး အဘွားကြီးတွေကို အဘိုးအို အဖွားအို ပုံပန်းသဏ္ဌာန်ပေါက်နေတိုင်း သီလ၊ သမာဓိ၊ ကိုယ်ကျင့်သိက္ခာနဲ့ ပြည့်စုံတယ်လို့တော့ မထင်လိုက်နဲ့။ အသက်ကြီးတာက ရှောင်လွှဲလို့မရတဲ့ ဓမ္မတာမို့ ကြီးလာကြတာ...။ အသက်ကြီးတိုင်း လူတွေ သူတော်စင်ဖြစ်လာကြတာတော့ မဟုတ်ဘူး။ ဒီနှစ်ခုကို ဘယ်တော့မှ တွဲမမြင်မိစေနဲ့..."

အင်မတန် တန်ဖိုးရှိလှတဲ့ ဟူယံရဲ့ ဆုံးမစကားပါ...။

ဒီလိုပါ...။

ဃာငူးဟာ အထီးကျန်ဂျော့ဂျ်လို ဒီတိုင်းပြည်ရဲ့ အသက်အငယ်ဆုံး နောက်ဆုံးမျိုးဆက်၊ သူ့မှာ သက်တူရွယ်တူအပေါင်းအသင်း၊ ချစ်သူရှားပါးပြတ်လပ်မှုပြဿနာနဲ့ ရင်ဆိုင်နေရသည်ဆိုတာ အားလုံးသိပါသည်။ ဃာငူးဒီတိုင်းပြည်မှာ မပျော်ဘူးဆိုတာလည်း အားလုံးနားလည်ကြသည်။ ထို့ကြောင့် ဃာငူးကို တိုင်းပြည်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ရင်သွေးရတနာလို့ အားလုံးက အသိအမှတ်ပြုထားပြီး ကြီးမားလှသည့် အခွင့်အရေးတစ်ရပ်ကို အားလုံးက တညီတညွတ်တည်း ပေးထားကြသည်။

အဲဒါကတော့ ဃာငူး ဒီနိုင်ငံမှာ မည်သည့်ကိစ္စ မည်သည့်အကြောင်းအရာနှင့်မှ ပိုက်ဆံကုန်ကျစရာလုံးဝ လုံးဝမလိုပါ။

လေယာဉ်၊ သင်္ဘော၊ မီးရထားလက်မှတ်ခ၊ နေ့စဉ်ကြေး၊

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဖိုး၊ မုန့်ပဲသရေစာဖိုး၊ ရှေ့ပင်ကုန်ကျစရိတ်၊ စတိတ်ရှိုးလက်မှတ်၊ ရုပ်ရှင်ရုံဝင်ကြေး၊ စိတ်ညစ်လို့ အိမ်မပြန်ဘဲ ဟိုတယ်သွားအိပ်ရင်တောင် ဟိုတယ်အခန်းခ၊ ကျန်းမာရေးစရိတ် မည်သည့် မည်သည့် ကိစ္စနှင့်မျှအဖိုးအခ ပေးရန်မလိုပါ…။

ယာငူးက၊ တစ်တိုင်းပြည်လုံးကို မသိသော်လည်း တစ်တိုင်းပြည်လုံးကတော့ ယာငူးကို သိကြပါသည်။

ယာငူးကော်ဖီဆိုင်ထိုင်လျှင် ထိုကော်ဖီဆိုင်က အစားအသောက်ကုန်ကျစရိတ်ကို ကျေနပ်စွာ စပွန်ဆာပေးလိုက်သည်။ အင်္ကျီအဝတ်အစား အသုံးအဆောင်ပစ္စည်းများ၊ ဝယ်ယူပါကလည်း ကိုဝယ်ယူသည့် စူပါမားကတ်ကြီးများက ဂုဏ်ယူဝမ်းမြောက်စွာပင် မေတ္တာလက်ဆောင်ပေးလိုက်ကြသည်။

အကယ်၍ ယာငူးငွေပမာဏကြီးကြီး သုံးဖြုန်းမိသောကြောင့် သက်ဆိုင်ရာအရောင်းဆိုင်များက ကုန်ကျစရိတ်မတတ်နိုင်လျှင် ယာငူးသုံးစွဲခဲ့သည့် ဘောက်ချာပြပြီး အစိုးရဘတ်ဂျက်ဌာနတွင် ငွေထုတ်ယူနိုင်ကြောင်း အစိုးရကလည်း တရားဝင်အမိန့်စာထုတ်ထားပေးပြန်ပါသေးသည်။

ယာငူးသည် ထိုတိုင်းပြည်မှာတော့ ထိုသို့အခွင့်ထူးခံ လူတန်းစားတစ်ယောက်ဖြစ်နေရသည်။ ထိုအခွင့်အရေးကို ယာငူးက ရွေးချယ်ခဲ့ခြင်းမဟုတ်။ ကံကြမ္မာကသာ ယာငူးကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ယာငူး အသက်ဆယ့်ခြောက်နှစ်ပြည့်သည့်နေ့မှစ၍ ထိုအခွင့်အရေးကို တိုင်းပြည်က လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။



ထိုအချိန်မှစ၍ ယာငူးအပြင်ထွက်တိုင်း စောစောကလို ဘုမသိ ဘမသိ အဘိုးကြီးအဘွားကြီးများ ယာငူးနား လာကပ်ကြပြီး စကားရောဖောရော ဝင်လုံးကြကာ ယာငူးနှင့်အတူ ဟိုပစ္စည်းဖြုတ်ယူ၊ ဒီပစ္စည်းဆွဲလုပ်ကြသည်။

အရောင်းဆိုင်များကလည်း ယာငူးဆွေမျိုးသားချင်း၊ အသိမိတ်ဆွေထင်၍ သူတို့ ယူကြသမျှသော ပစ္စည်းများကို အလကား ပေးလွှတ်တတ်ကြသည်။

ကိုယ့်ကို ခုတုံးလုပ်ပြီး ဝင်အမြတ်ထုတ်ကြသည်မို့ ယာငူး အားနာရသည်။ ယာငူးကိုယ်တိုင်ကလည်း အလကားရတယ်ဆိုပြီး တိုက်တစ်လုံး ကားတစ်စီး အလကားပေး…လို့တော့ မလုပ်ပါ‥လူ့ဘဝကို သိက္ခာရှိရှိ ရပ်တည်သည်။ ကြာတော့ ယာငူး အထာနပ်သွားသည်။

စကားရော ဖောရော ဝင်အရောမခံနိုင်တော့။ ဟူယံကလွဲလို့ ဘယ်သူ့ကိုမှ အနားအကပ်မခံတော့…။

စောစောက အဘိုးကြီးဆို ခဏအနားလာပြီး ချဉ်းကပ်ရုံမျှနှင့် သူ့ငယ်ဘဝကို ယာငူးမှန်းနိုင်ပါသည်။

လူပျင်း လူဖျင်း လူညံ့တစ်ယောက်ထက်မပိုတာ ဝန်ထမ်းဖြစ်ခဲ့မယ်ဆိုရင်တောင် မလုပ်မရှုပ်မပြုတ်စာရင်းဝင်၊ ကိုယ်ကပေးဆပ်ဖို့ထက် ဘယ်သူ့ဆီက ဘာရရမလဲ အမြဲချောင်းနေတတ်သည့် လူ့အာဖျံကြီးများ ဖြစ်ခဲ့ပုံပေါ်သည်။

ကြီးလာတဲ့အထိ ကိုယ့်စရိုက်ကိုယ် မချိုးနှိမ်နိုင်ဘဲ မျက်နှာပြောင်တိုက်တဲ့အကျင့်က အရိုးစွဲ အရေထူနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်···။

ဒါနဲ့ ကြားဖြတ်ပြီး ရယ်စရာတစ်ခုပြောရဦးမယ်···။

လွန်ခဲ့တဲ့ သုံးညလောက်တုန်းက ဃာဇူးတို့ရဲ့ နှစ်အိမ်ကျော်မှာ သူခိုးမိသွားသည်။ သူခိုးက တစ်ကိုယ်လုံးအနက်ရောင်ဝတ်စုံဝတ်ထားပြီး ခေါင်းစွပ်အမည်းစွပ်ထားသည်မို့ သူခိုးမိမိချင်း ဆိုင်ရာကခေါင်းစွပ်အမည်းကို ချွတ်ကြည့်လိုက်တော့ ဘယ်အရွယ်လို့များ ထင်ကြသလဲ။

ခြောက်ဆယ့်ရှစ်နှစ်···တဲ့ခင်ဗျ။

မျက်စိလည်း မှုန်၊ နားလည်းထိုင်းဖြစ်နေပြီမို့ သူဖောက်ထွင်းဝင်ရောက်ခဲ့သည့်အိမ်အတွင်းထဲက CCTV ရှေ့မှာ ယောင်တိယောင်ကန်းနဲ့ အကြာကြီးရပ်နေရင်းကနေ အိမ်ရှင်တွေက သိသွားပြီ ရဲဖုန်းဆက်လိုက်ကြတာ···တဲ့။

ပြုံးတော ပြုံးချင်စရာပါပဲ···။

အင်းလေ···အရွယ်ကောင်းတဲ့သူခိုးတွေလည်း အချိန်ကြာလာတာနဲ့အမျှ သူခိုးဘိုးဘိုးကြီးတွေ ဖြစ်လာကြတာ လောကသဘာဝပဲပေါ့···သိပ်တော့ မထူးဆန်းလှပါဘူး···။

* * *

## အခန်း (၆)

ပဒ္ဓမတေးသွားကော်ဖီဆိုင်ကိုရောက်တော့ ဟူယံက ဃာဇူးကြိုက်တဲ့ ပင်လယ်သေလို့ အမည်ရတဲ့ Dead Sea ကော်ဖီတစ်ခွက်ကို ကြိုမှာပေးထားပြီး အငွေ့မပျံ့စေရန် အောက်ခံပြားနှင့် လုံအောင် အုပ်ပေးထားလိုက်သေးသည်။

သူမကတော့ ကဗျာစာအုပ်တစ်အုပ်နဲ့ ငြိမ့်နေလေရဲ့···။

"ရောက်နေတာ ကြာပြီလား ဟူယံ···"

"စောစောကပဲ···။ မင်းအတွက် ကော်ဖီမှာပေးထားတယ်···။"

သူက ဟူယံမှာပေးထားတဲ့ Dead Sea ကော်ဖီအပြင်းစားတစ်ခွက်ကို တစ်ကျိုက်မော့သောက်လိုက်တယ်ဆိုရင်ပဲ စွယ်စုံကျမ်းကြီးဟူယံက···

"ဟက်ခရိမိုက်(စ်)ရင်ပြင်မှာ တို့တတွေပါဝင်ခဲ့ကြတဲ့ နောက်ဆုံးအမျိုးသားရေးလှုပ်ရှားမှုကြီးက ကမ္ဘာမှာ အတော့်ကို ကို့ယို့ကားရားဆန်ခဲ့တာပဲနော်···"

ပြောပြီး သူမဘာသာ နှစ်ခြိုက်စွာ ရယ်မောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…သမ္မတရာထူးကစလို့ မိတ်ကပ်ဖန်တီးရှင်အဆုံး ကျွန်တော့်ကို ပေးအပ်ခဲ့ကြတဲ့ အဲလေ…ပေးအပ်ချင်ကြတဲ့ ကိစ္စလား…"

"ဒါပေါ့…မင်းကို ငါ ရယ်လည်းရယ်ချင်တယ်။ သိပ်လည်း သနားတယ် ဃာဍူး…။ ဟက်ခရိုမိုက်(စ်)မှာ မင်းနောက်ဆုံးပြောတဲ့စကားလေးကလည်း တို့နိုင်ငံအတွက်တော့ တကယ့်ကိုဂန္ထဝင်ပါပဲ…"

ဩော်…ဒီရင်ပြင်ပွဲကို ဟူယံပါ တက်ရောက်ခဲ့တာကိုး။

"ဟူယံ…ကမ္ဘာမှာ ဒီနေ့ လူဦးရေ ဘယ်လောက်ရှိနေပြီလဲဟင်"

"ကြောက်ခမန်းလိလိကို များနေပြီပေါ့"

သူမက လက်ငါးချောင်းထောင်ပြသည် သန်းပေါင်း ငါးသောင်း…။ အားပါးပါး ကမ္ဘာပေါ်မှာလူသားတွေ ခြေချဖို့ရော နေရာကျန်သေးရဲ့လား။ ဘာ့ကြောင့် ငါတို့နိုင်ငံကျမှ လူသားပြတ်လပ်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါလိမ့်"

"၁၈၀၀မှာ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀နဲ့ စခဲ့တာ။ နှစ်ပေါင်း ၁၃၀အကြာ ၁၉၃၀ကျတော့ သန်း ၂၀၀၀။ နောက်ထပ်နှစ်ပေါင်း သုံးဆယ်အကြာ ၁၉၆၀မှာ သန်း ၃၀၀၀။ အိုးမယုံကြည်နိုင်လောက်အောင်ပဲ နောက်ထပ် နှစ်ပေါင်း နှစ်ဆယ့်ခုနစ်နှစ်အကြာ ၁၉၈၇မှာ သန်း ၅၀၀၀၊ နောက်ထပ် ဆယ့်နှစ်နှစ်အကြာ သန်း ၆၀၀၀၊ နှစ်ဆယ့်တစ်ရာစုမှာ သန်း ၇၀၀၀၊ မင်းစဉ်းစားကြည့်လေ… ၃၀၁၃မှာ လူဦးရေ သန်းပေါင်း ငါးသောင်း



ကျော်လာတာ ဆန်းသလား။"

တွေ့လား…ဟူယံတို့က စကားပြောရင် အဲဒီလိုစာအုပ်ကြီး အင်မတန်ဆန်သည့် အကိုးအကားတွေကလည်း အရမ်းကိုတိကျ၏။

"လူဦးရေက မဆန်းပါဘူး။ သန်းပေါင်း ငါးသောင်းကျော်ထဲမှာမှ ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး ကိုယ်နဲ့သက်တူရွယ်တူ မိန်းကလေးတစ်ယောက်တစ်လေမှ မရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အဖြစ်က ထူးဆန်းနေသလားလို့ပါ။"

"ဒီကိစ္စကိုလည်း ယိုးမယ်ဖွဲ့မနေနဲ့လေ။ မင်းကို တို့တမျိုးသားလုံးက မျှော်လင့်နေကြတယ်နော် ဃာဍူး…။ လူဦးရေစစ်တမ်းတစ်ခုအရဆိုရင် တို့နိုင်ငံမှာ အသက် ၂၀မိန်းကလေး ၆ယောက် ၂၀–၂၅ဆယ့်တစ်ယောက်၊ သုံးဆယ်နဲ့အထက် ဆယ့်ကိုးယောက် ကျန်သေးတာပဲ…။ မင်းတစ်ယောက်ယောက်ကိုတော့ ရွေးချယ်ဖို့ကောင်းပြီ…။"

"အမျိုးသားရေးအသိနဲ့ အစိုးရကိုယ်တိုင်က စပ်ဟပ်ပေးစားလာတာမျိုးတော့ ဘယ်သူက ရင်ခုန်မှာလဲ ဟူယံ…။"

"ဒါပေါ့…တို့ ကိုယ်ချင်းစာပါတယ်။ စောစောကပြောတဲ့ ကမ္ဘာ့လူဦးရေသန်းပေါင်းငါးသောင်းဆိုတာကလည်း ဖွံ့ဖြိုးဆဲနိုင်ငံနဲ့ ဆင်းရဲနွမ်းပါးတဲ့နိုင်ငံတွေမှာ လူဦးရေတိုးနှုန်းပိုများနေလို့ပါ။ အာဖရိကတိုက်လို နေရာမျိုးပေါ့…။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာကတော့ တို့လောက်အခြေအနေ မဆိုးရင်တောင် သူတို့မှာလည်း လူဦးရေပြတ်လပ်မှုစိန်ခေါ်သံက ပြင်းထန်နေပြီ။ မင်းသည်းကြား

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့…။ အိမ်နီးချင်းနိုင်ငံတစ်ခုမှာဆို ယူစရာမိန်းမတစ်ယောက်မှ မကျန်တော့ဘူး။ မိန်းမကို မှောင်ခိုသွင်းနေရပြီ။"

ဃာငူးက ဟူယံစကားကြောင့် စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါလိုက်ပြီး…

"ဒါနဲ့ ဟူယံ…ကျွန်တော်တို့ရဲ့ အိုယာထီမြစ်ထဲမှာ ငါး ါစ်ကောင်တွေ့တယ်ဆိုတဲ့ သတင်းကောကြားပြီးပြီလား…။"

"ဘယ်မကြားဘဲနေလိမ့်မလဲ…။ မင်္ဂလာရှိတဲ့ သတင်း ိ အထီးကျန်နေသလို အိုယာထီမြစ်ကြီးလည်း ပြဒါးဆိပ် ဗပွယ ငါးတစ်ကောင်တစ်လေမှ မရှိတော့ဘဲ အထီးကျန် နေတာပဲဂ ိတာလည်း ရေရှိရုံနဲ့မကဘူး တံတားတွေတစ် စင်းပြီးတစ်စင်း တူးဆေမ မဟုတ်ဘူး။ ငါးရှိမှ တင့်တယ်တာကွ"

"ဒါပေါ့ ဟူယံ မြစ်ဆီကို ငါးတစ်ကောင်ရောက်လာ သလိုပဲ ကျွန်တော့်ဆီကို ကောင်မလေးတစ်ယောက်လောက် ရောက် လာရင် သိပ်ကောင်းမှာပဲ…အဟား…အဟား။"

ပြောပြီး သူ့စကားသူ သဘောကျစွာ ရယ်မောလိုက်စဉ် သူတို့ကော်ဖီဝိုင်းဆီသို့ ရောက်ရှိလာတဲ့ ခပ်ငယ်ငယ်ကောင်မလေး တစ်ယောက်…။

"သမီးက ဆယ့်ခြောက်နှစ်တစ်ရက်လျော့ ရှင့်…"

"ဟင်…"

သူရော ဟူယံပါ တစ်ယောက်ကိုတစ်ယောက် မှင်သက် အံ့ဩစွာ ပြိုင်တူကြည့်လိုက်မိကြသည်။

* * *

## အခန်း (၇)

"ကိုကိုလို့ ခေါ်မယ်နော်…"

"ဩော်…အင်း…ခေါ်…ခေါ်ပါ…"

"ဒီက ကိုကိုက ဃာငူးမဟုတ်လား…လို့…"

"ဟုတ်ပါတယ်"

"ကိုကို့ကို သမီး မြင်တာနဲ့ သိပါတယ်နော်…"

"ဩော်…"

"သမီးနာမည်လည်း မှတ်ထား။ ခေးဒီမာန် လို့ ခေါ်တယ်…"

"အင်း…"

"ဝင်ထိုင်လေ သမီးရဲ့…"

ဟူယံက ကောင်မလေး မတ်တပ်ရပ်နေသည်ကို အားနာ သွားသည် ထင်ပါရဲ့…။ ထိုင်ဖို့စကားခင်းပေးလိုက်စဉ် သူ့က စကားလောက္ကတ်ပြုလိုက်တော့ အခြေအနေက ပိုဆိုးသွား၏။

"တွေ့ရတာ ဝမ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်…ဝမ်းသာရုံပဲလား…။ ရင်ကော မခုန်ဘူးလား…"

"အဲ…"

"သမီးက ရင်ပါခုန်တာ…။ တွေ့ရတာ ရင်ခုန်ပါတယ်ကိုကို…။"

ပြောပြီး သူမဘာသာ သဘောတွေကျနေပြီး တခွိခွိအော်ရယ်နေသည်။ စွယ်စုံကျမ်းကြီး ဟူယံဆီ စစ်ကူတောင်းတဲ့အကြည့်နဲ့ ကြည့်လိုက်တော့ လူလည်မကြီးက သူမနဲ့မဆိုင်သလိုစောစောက ကဗျာစာအုပ်ကို သဲကြီးမဲကြီး ဖတ်ချင်ယောင်ဆောင်နေလေတော့၏။

"ဟူယံ‥နည်းနည်းဝင်ပြောဦးလေ…"

"ငါဘာပြောရမှာလဲ…မပြောတတ်ဘူး…"

ကိစ္စကပြတ်ပြီ…။ ဟူယံက ကြားအညပ်မခံဘဲ ကဗျာစာအုပ်ပေါ်မှာပဲ မျက်လုံးလမ်းလျှောက်နေတော့သည်။

"ပြော…ကိုကို ခေးကို ဘယ်လိုသဘောရလဲ…။

"ဩော် ခေးကို ခေးလို့ပဲ သဘောရတာပေါ့…"

"သဘောရောကျရဲ့လား…"

"အင်း…ကျပါတယ်…"

"မဟုတ်ဘူးလေ…တစ်ဆင့်တော့ တိုးဦးမှပေါ့…"

"အဲ…အဲဒါကလေ…"

"ဘာလဲကိုကို…ခေးကို အထင်သေးတာလား…"

"မသေးပါဘူး ခေးရယ်…"



"လင်ယူရင် ကလေးတော့ မွေးတတ်ပါတယ်နော်‥"

"အာ…"

"ချစ်တယ်…ချစ်တယ်…ချစ်တယ်ဟာ…"

"အောင်မလေး လုပ်ကြပါဦးဗျ…"

သွားပြီ…ပွဲက ဘယ်လိုမှ ထိန်းမရတော့…။

ကောင်မလေးက ကျောက်ရုပ်ကြီးလို ငြိမ်သက်နေတဲ့သူ့ကို အားမလို အားမရဖြစ်သွားသည်ထင်ပါ၏။

ဒိုင်းကနဲ ရင်ခွင်ထဲ ခုန်ဝင်လာပြီး သူ့ကို အတင်းဖက်လေသည်။ မိန်းကလေးတစ်ယောက်က ချစ်သူကောင်လေးတစ်ယောက်ဆီ ဝင်လာပုံမျိုးတော့မဟုတ်။

မိတ်လိုက်ချင်လို ဒေါသထွက်နေတဲ့ မျောက်ရိုင်းတစ်ကောင်က နွယ်တစ်ပင်ကို အားနဲ့လွှဲပြီး သစ်ပင်ခုန်တက်လိုက်သလိုခုန်ဝင်လာသည်မို့ သူ့ရင်ဘတ်အောင့်ကနဲ ဖြစ်သွားရသည်။

ဒုက္ခပါပဲ…ကော်ဖီဆိုင်ထဲမှာ အရှက်ကတော့ ကွဲလေပြီ။

"ခေး…ခေး…ခေးရယ်…လွှတ်ပါဦး…ကိုယ်စဉ်းစားပါရစေဦး…။

"စဉ်းစားမနေပါနဲ့တော့ ကိုကိုရယ်…တစ်ခါတည်းခေါင်းညိတ်လိုက်ပါတော့…"

"အချိန်လေးနည်းနည်းတော့ ယူပါရစေဦး‥"

ဒုက္ခပါပဲ။ ကောင်မလေးက အတင်းဖက်သူက အတင်းရုန်း၊ ကောင်းမလေးက အတင်းလိုက်နမ်း…သူက ဟိုဘက်လှည့်ရှောင် ဒီဘက်လှည့်ရှောင်နဲ့ တိုင်တွေပတ်နေစဉ် ကော်ဖီဆိုင်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ကတိုက်ကရိုက်ဝင်လာကြတဲ့ အသက်ခပ်ကြီးကြီး လူရည်သန့် လင်မယားနှစ်ယောက်…။

"ခေး…လွှတ်လိုက်စမ်း…"

တိုးတိတ်သော်ငြား အနည်းငယ် အမိန့်ပေးဟန်ဆန်တဲ့ အသံနဲ့ အမျိုးသမီးကြီးကပြောတော့ ခေးဒီမာန်တွံ့ကနဲ ဖြစ်သွားသည်။

ထိုစဉ် သူမ မခင်လို့ ယူဆရတဲ့ ယောကျာ်းကြီးက ခေးဒီမာန်ကို ယုယုယယ ဖက်ပွေ့လိုက်ပြီး…

"ဟော ဖေဖေတို့ အိမ်ပြန်ကြရအောင်နော်…"

ခေးဒီမာန်က ထိုလူကြီးရင်ခွင်ထဲ ရောက်သွားပြီး ဃာဂူးကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသဖြင့် ဃာဂူး တစ်ဖက်သို့ မျက်နှာလွှဲထားစဉ်…

"ဟီးဟီး…ဟီးဟီး…"

အရှိုက်အသည်းလှိုက် ရယ်မောလာသည့် ခေးဒီမာန်ရဲ့ ရယ်သံ…။

"ဟား…ဟား…ဟီးဟီး…ဟီးဟီး…"

ရယ်သံကြောင့် ဃာဂူး ချွေးပင်ပျံချင်လာသည်။ အမျိုးသမီးကြီးက သူ့ခင်ပွန်းကို "ကလေးကို ကားပေါ်ထိုင်ခိုင်းထားလိုက်"လို့ ပြောလိုက်သဖြင့် ခေးဒီမာန်လည်း အရှိုက်အသည်းလှိုက် ရယ်မောနေရင်းဖြင့် အမျိုးသားကြီးနောက် ယက်ကန်ယက်ကန်ပါသွားလေတော့သည်။

ဒီတော့မှ အမျိုးသမီးကြီးက သူ့နားကပ်လာပြီး…။



"စောစောက ကိစ္စအတွက် အန်တီအနူးအညွတ်တောင်းပန်ပါတယ်သား…"

"ကျွန်တော် နားလည်ပါတယ် အန်တီ…"

အမျိုးသမီးကြီးရဲ့ မျက်လုံးထဲမှာတော့ မျက်ရည်တွေ ရစ်ဝဲမှုန်သီနေသည်မို့ သူရော ဟူယံပါ စိတ်မကောင်း ဖြစ်သွားကြရသည်။

"ဟက်ခရိုမိုက်(စ်)ရင်ပြင်မှာ သားနောက်ဆုံးပြောသွားတဲ့ စကားကို သမီးက ရုပ်မြင်သံကြားကနေကြည့်ပြီး တော်တော်စိတ်လှုပ်ရှားနေတာ။ အန်တီတို့ Nymph ကုန်တိုက်မှာ ဈေးဝယ်နေတုန်း သားကိုသူ ဘယ်လိုတွေ့သွားတယ်မသိပါဘူး။ အန်တီတို့ နည်းနည်းပေါ့ဆသွားမိတယ်။ စောစောက ကိစ္စအတွက် တကယ်ကို တောင်းပန်ပါတယ်သား"

"ကျွန်တော် နားလည်ပါတယ်အန်တီ။ ကိုယ်ချင်းလည်း စာပါတယ်…"

"ကျေးဇူးတင်ပါတယ်…အန်တီကို ခွင့်ပြုပါဦး…။"

"ဟုတ်ကဲ့…"

အမျိုးသမီးကြီးက ဟူယံကိုပါ နှုတ်ဆက်အကြည့်နဲ့ ကြည့်သွားသည်မို့ ဟူယံလည်း သက်ပြင်းတစ်ချက် အသာအယာ ချလိုက်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်ရတော့သည်။

နောက်တော့ သူမဘာသာ ခေါင်းကို အသာအယာယမ်းလိုက်ပြီး…

"ဦးနှောက်ဉာဏ်ရည်မဖွံ့ဖြိုးတဲ့ ငါးကလေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းဆီရောက်လာတဲ့အတွက် ငါ စိတ်မကောင်းပါဘူး ဃာဌူး··”

“ကျွန်တော်က တိုင်းပြည်အတွက် စိတ်မကောင်းတာပါ။ ကျွန်တော်တို့လူတော်ကြီးတွေရဲ့ အလှမ်းကျယ် အလယ်လပ်တဲ့ ဒဏ်မှန်သမျှကို တိုင်းပြည်က ဝန်ထုပ်ဝန်ပိုးတစ်ခုလို ထမ်းပိုးပေးထားရရှာတယ်”

ပြောပြီး ခပ်ပြင်းပြင်းတက် တစ်ချက် ခေါက်မိပြန်သည်။

“ဟုတ်တယ် ဃာဌူး···။ မင်းလို လူတိုင်းစဉ်းစားမိကြရင် ကောင်းမယ်။ တို့···အခုတော့ကွာ အချိန်တွေတော်တော်တောင်နောက်ကျလာခဲ့ပါပြီ။ တို့နိုင်ငံမှာ down-baby(ဉာဏ်ရည်မဖွံ့ဖြိုးသည့်ကလေး)တွေ များနေတဲ့ကိစ္စကလည်း နောက်ထပ်စိန်ခေါ်သံတစ်မျိုးပါပဲ···”

မှန်ပါသည်။

ဒီနိုင်ငံမှာ အတူနေချစ်သူတွေသာ များပြားနေပြီး အိမ်ထောင်ပြု၊ ကလေးယူချိန်တွေ အလွန်အမင်းနောက်ကျလာခဲ့တာကြာခဲ့ပြီမို့ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ဉာဏ်ရည်မဖွံ့ဖြိုးသည့် ကျပ်မပြည့်သည့် ကလေးငယ်များ မွေးဖွားလာကြသည်။

အဘိုးကြီး အဘွားကြီးတွေ ပေါများရတဲ့ကြား ဉာဏ်ရည်မမီ၊ ကျပ်မပြည့်တဲ့ကလေးများ များပြားနေခြင်းကလည်း တကယ့်ကို တိုင်းပြည်အတွက် ခေါင်းခဲစရာ ကိစ္စကြီးတစ်ခုပါပဲ···။

အမျိုးသမီးငယ်တွေမှာ ကျန်းမာသန်စွမ်းတဲ့ မျိုးဥတွေရှိတာမို့ ကလေးမွေးဖွားတဲ့အခါမှာ ဉာဏ်ရည်မြင့်ပြီး ကျန်းမာသန်စွမ်းတဲ့



သားသမီးများ မွေးဖွားနိုင်ပါတယ်။ အသက်ကြီးလာလေလေ မျိုးဥတွေ အိုမင်းရင့်ရော်ပြီး မသန် မစွမ်းဖြစ်လာကြတာကို မမေ့ကြပါနဲ့။ အသက်ကြီးတဲ့ အမျိုးသမီးများကလေးယူချိန်နောက်ကျကြတဲ့အခါ ရောဂါဘယထူပြောပြီး ကျန်းမာသန်စွမ်းမှုမရှိတဲ့ ဉာဏ်ရည်နိမ့်ကလေးတွေ မွေးဖို့အခွင့်အလမ်းများနိုင်တယ်ဆိုတာ ဒီနေရာကနေ သတိပေးပြောကြားလိုက်ရပါတယ်···”

ဒီစကားတွေကတော့ ရုပ်မြင်သံကြားမှာရော၊ ရေဒီယိုတွေကပါ မကြားချင်အဆုံး ထုတ်လွှင့်ပေးနေတဲ့ ကျန်းမာရေးအသိပေးကြေညာချက်တွေပါပဲ။

နောက်ပြီးတော့ လူစည်ကားရာ လမ်းဆုံလမ်းခွတွေမှာ ဘီးလ်ဘုတ်တွေထောင်ပြီး ကြော်ငြာထားကြတဲ့ ကျန်းမာရေးအခြေပြဇယားကြီးတွေကလည်း ရှိပြန်ပါသေးသည်။

**ဦးနှောက်ဉာဏ်ရည်မဖွံ့ဖြိုးသည့် Down Baby မွေးနိုင်ခြေ အခြေပြဇယား**

| အမျိုးသမီး အသက်အရွယ် | အိမ်ထောင်ပြု | ကလေးဦးရေ | Downbaby မွေးနိုင်ခြေ |
|---|---|---|---|
| ၂၀ | ✓ | ၂၀၀၀ | တစ်ဦး |
| ၃၀ | ✓ | ၁၀၀၀ | တစ်ဦး |
| ၄၀ | ✓ | ၁၀၀ | တစ်ဦး |
| ၄၆ | ✓ | ၂၅ | တစ်ဦး |

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဓေးဒီမာန်ဆိုတဲ့ စာစောက ကောင်မလေးရဲ့ မိဘများဟာ သူမကို အသက်လေးဆယ်ဝန်းကျင်ကျမှ ယူခဲ့ကြပုံပေါ်ပါသည်။

သူမခဗျာ ကျပ်မပြည့်ကလေးငယ်ဖြစ်နိုင်ခြေ နှစ်ဆယ့်ငါးယောက်မှာတစ်ယောက် ဖြစ်ခွင့်ဆိုတဲ့ အရက်စက်ဆုံး ကံကြမ္မာကံစမ်းမဲကြီး ပေါက်ပြီးကာမှ လူ့လောကထဲ ဝင်ရောက်လာခဲ့ရရှာသည်။

"ဒါနဲ့ ဟူယံ…သူ့မိဘတွေက သူ့ကို လာခေါ်တဲ့အခါကျ မှ ကျွန်တော့်ကို စိမ်းစိမ်းကြီး စိုက်ကြည့်ပြီး တဟီးဟီး တဟားဟား ထ,ရယ်သွားတာကကျတော့ရော ကျွန်တော်နားမလည်ဘူး။ ကျွန်တော့ကို အရမ်းဒေါသထွက်သွားတာကို ဟန်ဆောင် ဖုံးဖိဖို့ သူရယ်လိုက်တာများလား…"

"မဟုတ်ဘူး ဃာဋူး…down baby တွေဟာ တို့သာမာန်လူတွေလို ဟန်ဆောင်ဖုံးဖိတဲ့နေရာမှာ မကျွမ်းကျင်ကြရှာပါဘူး။ သူမင်းကို စိုက်ကြည့်နေပေမယ့် အဲဒီအချိန်မှာ သူ့အာရုံဟာ မင်းအပေါ်မှာ မရှိတော့ပါဘူး။ ရယ်စရာတစ်ခုခုကို သူတွေးမိ၊ သတိရသွားမိပြီး အလိုက်အသည်းလိုက် ရယ်မောသွားတာပါ။ သူရယ်တာ မင်းနဲ့ လုံးဝကို မဆိုင်တော့ဘူး"

"သြော်…"

"down baby တွေရဲ့စိတ်က တစ်ခုကနေ တစ်ခုကို ကူးသန်းတာအရမ်းမြန်တယ်လေ…"

ဟူယံစကားကြောင့် သူ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိပြီး…

"အဲဒီစကားက သူတို့အပေါ် သိပ်ရက်စက်လွန်းရာကျသွားပြီ ဟူယံ…"

ဟူယံကတော့ ပခုံးတစ်ချက်တွန့်ရင်းသာ သူ့ကို ကြည့်နေသည်။

"တကယ်တော့ down baby တွေမှ မဟုတ်ပါဘူး။ ကျွန်တော်တို့ သာမန်လူတွေရဲ့ စိတ်တွေကလည်း တစ်ခုကနေ တစ်ခုကို ကူးသန်းတဲ့နေရာမှာ သိပ်ကို မြန်ဆန်ကြပါတယ်…"

"ဟား…ဟား…ဟား…"

"ဆိုပါစို့…ကိုယ့်အထက်လူကြီးနဲ့ စကားပြောနေတုန်း အိမ်ကမိန်းမ ဒီညနေစာ ဘာချက်ထားသလဲဆိုပြီး စိတ်က မီးဖိုချောင်ရောက်သွားလိုက်၊ ဖုန်းနံပါတ်ပေးပြီး အိခဲ့ဖူးတဲ့ကောင်မလေး အခုအချိန် ငါ့အကြောင်းတွေးနေမလားဆိုပြီး စိတ်က စည်ဘီယာဆိုင်ရောက်သွားလိုက်၊ ဗိုက်ဆာနေတာကို သတိရသွားပြီး ပါးစပ်ကသာ ယဉ်ယဉ်ကျေးကျေးနဲ့ အထက်လူကြီးကို စကားပြောနေရတယ်။ စိတ်ထဲကတော့ ဒီအဘိုးကြီး ရစ်ကိုရစ်လွန်းတယ်။ ဘာညာ ကျိန်ဆဲလိုက်နဲ့ ကျွန်တော်တို့စိတ်တွေက down baby တွေလောက်တောင် ဖြူစင်ကြလို့လားဗျာ…။"

"ဟား…ဟား… မှန်တယ်။ မှန်တယ်။ ဃာဋူး… မင်းပြောတာ သိပ်မှန်တယ်။"

ဒါကြောင့် ပြောတာ။ ဒီအဘွားကြီးနဲ့ သူနဲ့က အသက်အရွယ်ကွာခြားတာ။ ရင်ဘတ်ချင်းတော့ လာငြိကြသားလို့…။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ခေးဒီမာန့်တို့လို မိန်းကလေးတွေဟာ ဉာဏ်ရည်မမှီ ကျပ်မပြည့်တဲ့သူတွေမဟုတ်ကြပါဘူး။ ဟူယံ..."

ဟူယံကတော့ ဃာဒူးဘာဆက်ပြောမလဲဆိုတာသာ စိတ်ဝင်တစား နားထောင်နေလေတော့သည်။

"ဟန်ဆောင်ဖုံးဖိနိုင်တဲ့ အလှ္လာပါးလေးတစ်ချပ်ကို ဘုရားသခင်ဆီက တောင်းယူလာခဲ့ဖို့ မေ့လျော့သွားကြတဲ့သူတွေပါ..."

* * *

*ကမ္ဘာပေါ်တွင် တစ်ဦးတည်းကျန်ရစ်သည့် နောက်ဆုံးမျိုးဆက်လူသား၏*

*"သေတမ်းစာ"*

မည်သည့်အကြောင်းကြောင့်နှင့်ဖြစ်စေ ကျွန်တော်သေဆုံးခဲ့သည့်အခါ...

ကျွန်တော့်ကို တောင်ကလိ မြောက်ကလိ မကလိကြပါနှင့်...

ဆေးရည်စိမ်ပြီး သုတေသနလုပ်ငန်းတွေမှာ အသုံးမပြုကြပါနှင့်...

(ကျွန်တော်သည် အလွန်ရှက်တတ်သော လူရွယ်တစ်ယောက်ဖြစ်ကြောင်း စာနာပေးစေလိုပါသည်)

အခြားနိုင်ငံများမှ နှောင်းလူတို့ လေ့လာစေရန်ဆိုသည့် ရည်ရွယ်ချက်ကောင်းများနှင့်လည်း ပြတိုက်မှာ မထားကြပါနှင့်...

(ကျွန်တော့်ကြောင့် သမိုင်းကြောင်းတွေ မရှုပ်လျားစေလိုပါ။ အထူးသဖြင့် စာကျက်ပျင်းသော အလယ်တန်းကျောင်းသူကျောင်းသားများ ကျွန်တော့်ကြောင့် ကမ္ဘာ့သမိုင်းဖတ်စာ

www.burmeseclassic.com



အုပ်တွင် စာမျက်နှာတစ်ရွက်တိုးပြီး မကျက်မှတ်စေချင်ပါ)

ဝမ်းနည်းခြင်းအထိမ်းအမှတ်၊ အမျိုးသားရေးအသိစိတ်ဓာတ်များနှင့်လည်း ကျွန်တော်သေသည့်နေ့ကို ဘာနေ့၊ ညာနေ့ဟူ၍ ကြီးကြီးကျယ်ကျယ်အမည်ပေးပြီး အစိုးရရုံးပိတ်ရက်အဖြစ် မသတ်မှတ်ကြပါနှင့်… (အပျင်းကြီးကြသော ရုံးဝန်ထမ်းအချို့ကျွန်တော်သေသည့်ရက်ကိုရောက်တိုင်း ပျော်ရွှင်နေကြမှာမျိုးကျွန်တော် သည်းမခံနိုင်ပါ)

ဝမ်းနည်းပူဆွေးပြီးလည်း မငိုကြွေးကြပါနှင့်…

(ကျွန်တော်သည် သင်တို့၏မျက်ရည်တို့ကို လွယ်လွယ်ကူကူချွေယူတတ်သည့် အပေါစားမေတ္တာဘွဲ့ခံဗီဒီယိုကား တစ်ကားမဟုတ်ပါ)

ကျွန်တော့်အုတ်ဂူကို ထူးခြားစွာပြင်ဆင်မွမ်းမံပြီး မြင့်မြတ်သောနေရာတွင် တည်ဆောက်ကာ ဘာဗိမာန် ညာဗိမာန်ဟူ၍လည်း ကြီးကြီးကျယ်ကျယ် မဆောင်ရွက်ကြပါနှင့်…

(လူ့ဘဝချုပ်ငြိမ်းသွားသည့်တိုင် ကျွန်တော်သည် အခြားဘဝ၊ အခြားသံသရာများ၌ ကျင်လည်ရဦးမည်မို့ စိနိုယာကျပြီးသောအခြားလောကသားများ၏ မနာလိုရန်ပြုခြင်း၊ ပညာအစမ်းခံရခြင်းများ မကြုံတွေ့ချင်ပါ…။

ကျွန်တော်သည် သရဲဖြစ်ခဲ့မည်ဆိုလျှင်တောင် သရဲကြောက်သော သရဲတစ်ကောင်သာ ဖြစ်ပါလိမ့်မည်)

ကျွန်တော်ထပ်၍ လေးနက်ခိုင်ကျည်စွာ တောင်းဆိုခဲ့ပါသည်။



သာမာန်လူတစ်ယောက်လို လူ့လောကထဲဝင်လာပြီး သာမန်လူတစ်ယောက်လိုသာ လူ့လောကထဲက ထွက်ခွာသွားလိုပါသည်။ သင်တို့မှာလည်း ကျွန်တော့်ဆန္ဒကို ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးကြပါကုန်…။

အထီးကျန် ဃာငှး

* * *

www.burmeseclassic.com

## အခန်း (၈)

"ကိုယ်တော်…ကိုယ်တော် …"

ကိုရင်လေးတစ်ပါးက ကျမ်းစာဖတ်ရှုနေသည့် ဘုန်းတော်ကြီးခို့ကျောင်းထံဆီသို့ အပြေးရောက်လာသည်။

"ကိုယ်တော့်ကို ဃာင္ဂူးက တွေ့ချင်လို့…တဲ့"

"ဃာင္ဂူး…"

ဘုန်းတော်ကြီးခို့ကျောင်းက ဃာင္ဂူးဟု ရေရွတ်လိုက်ရင်း အနည်းငယ် စဉ်းစားနေသည်။ ဃာင္ဂူးကို နာမည်သာ ကြားဖူးနေပြီး ကိုယ်တော်မရင်းနှီးပါ။ ပုံမှန်အရဆို ဃာင္ဂူးကလည်း သူ့ဆီရောက်လာစရာ မရှိပါ။

ဃာင္ဂူး ဘာ့ကြောင့်များ သူ့ဆီရောက်လာရပါလိမ့်… ကြီးကြီးမားမားကိစ္စတစ်ခုတော့ ပါလာလိမ့်မည်ဟု တွေးရင်း ကျက်သရေဆောင်ထဲ ကိုယ်တော်ထွက်လာခဲ့သည်။

ရုပ်ရည်သန့်ပြန့်ပြီး ယဉ်ကျေးသိမ်မွေ့စွာ စကားပြောတတ်



သည့် ကောင်းလေးတစ်ယောက်ဟာ ကိုယ်တော့်ကို တွေ့သည်နှင့် အရိုအသေ တစ်ချက်ပြုလိုက်တယ်ဆိုရင်ပဲ ကိုယ်တော်ပြုံးလိုက်ပြီး

"ထိုင်ပါ…ထိုင်ပါ…"

"ဟုတ်ကဲ့…"

ဘုန်းတော်ကြီးနှင့်သူ ဝတ်ပြုခုံတန်းရှည်တစ်ခုမှာ ထိုင်လိုက်ကြပြီး…

"ပြော…သား…"

"သား…ကိုယ့်တော့်ကို အကူအညီတစ်ခုလောက်တောင်းချင်လို့ပါ…"

"ပြောပါ…သား…""

ဃာင္ဂူးက ဂျက်ကင်အင်္ကျီအတွင်းမှ စာအိတ်ရှည်တစ်အိတ်ကို ထုတ်ယူလိုက်ပြီး…

"ဒါ…ကျွန်တော့်ရဲ့ သေတမ်းစာပါ ကိုယ်တော်…"

"ဟင်…"

ဘုန်းတော်ကြီး အနည်းငယ်တော့ မျက်လုံးပြူးသွားသည်။

"သား…သားက…"

မဟုတ်ဘူး…ကိုယ်တော်…သားက ဘာမှ မလုပ်ပါဘူး··လူ့ဘဝကို သက်တမ်းစေ့နေနိုင်အောင် ကြိုးစာနေ ထိုင်သွားမှာပါ…မမျှော်လင့်တဲ့ ကံကြမ္မာတစ်ခုခုကြောင့်များ သား သေသွားခဲ့ရင် ကိုယ်တော်က သားကိုယ်စားတစ်ခုတော့ ဆောင်ရွက်ပေးပါ…။ ဟောဒီစာအိတ်ကို အစိုးရအဖွဲ့အစည်းကို ကိုယ်တော်ကိုယ်တိုင် ပေးအပ်ပေးပါ။ သေတမ်းစာပါ အချက်အလက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို အများသူငါ ကြားအောင် ဆောင်ရွက်ပေးပါ။ နောက်ပြီး သေတမ်းစာပါ အချက်အလက်အတိုင်း ဆောင်ရွက်ဖို့ကိုလည်း ကိုယ်တော်ကိုယ်တိုင် အစိုးရကို ကြပ်ကြပ်မတ်မတ် တိုက်တွန်းပေးပါ။

"ဩော်…တယ်လည်းရှေ့ကို ကြိုမြင်တဲ့ လူငယ်လေး တစ်ယောက်ပဲ…"

ဘုန်းတော်ကြီးချုပ်က ထိုသို့ဆိုရင်း ဃာဇူးထံမှ စာအိတ်ရှည်ကို ယူလိုက်ကာ "နေပါအုံးသားရဲ့…ဒီသေတမ်းစာပါ အချက်အလက်တွေက အစိုးရခွင့်ပြုလိုက်လျောနိုင်လောက်တဲ့ အချက်အလက်တွေပါလို့ သားအာမခံနိုင်ရဲ့လား…"

ဘုန်းတော်ကြီးဆိုတာ လောကီရေးရာတွေမှာ ဝင်မရှုပ်ရန် မသင့်။ အခုလို မလွှဲသာလို့ လောကီရေးရာထဲ ဝင်ပါရမည်ဆိုရင်တောင် အချိန်မလွန်ခင် အနှောင့်အသွားလွတ်အောင်လုပ်ထားဖို့ လိုမည်ဖြစ်ကြောင်း ကိုယ်တော်သိထားသည်။

ကိုယ်တော်ကတော့ ဒီသေတမ်းစာကို ဘယ်တော့မှ ဖွင့်ဖောက် ဖတ်ရှုကြည့်မည်မဟုတ်သော်လည်း အကယ်၍ တစ်စုံတစ်ခုကြောင့် ဃာဇူးသေဆုံးခဲ့လို့ ဃာဇူးပြောတဲ့အတိုင်း သေတမ်းစာပါအချက်အလက်တွေကို ဆောင်ရွက်ဖို့ အစိုးရကို တိုက်တွန်းတဲ့အခါ မဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေပါနေမှဖြင့် ဒုက္ခမဟုတ်လား။

ဃာဇူးက ကိုယ်တော့်စကားကြောင့် ခက်ခက်ခဲခဲပြုံးလိုက်ပြီး…

"ကိုယ်နဲ့မဆိုင်တဲ့အချက်တွေ…စစ်ပွဲတွေ ချူးကလီး



ယားခေတ်ပေါင်းဖို့တွေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့တွေ စတဲ့ စတဲ့ ကိစ္စတွေဘာတစ်ခုမှ တောင်းဆိုမထားပါဘူး။ ကိုယ်တော်… ကိုယ်နဲ့အဓိက သက်ဆိုင်တဲ့ အချက်ပဲတောင်းဆိုထားတာပါ။ ကျွန်တော့်အလောင်းကို လူပီပီသသကောင်းကောင်းမွန်မွန် မြှုပ်နှံသင်္ဂြိုဟ်တဲ့ နေရာမှာ အစိုးရက ခွင့်ပြုဖို့အကာအကွယ်ပေးဖို့ လောက်ပါ…"

"ဩော်…"

ဘုန်းတော်ကြီးက ဃာဇူးစကားကြောင့် အနည်းငယ် ငိုင်သွားရသည်။ စိတ်မကောင်းဖြစ်သွားပုံလည်းရပါသည်။

သားရယ်…လို့ ခပ်ဖွဖွရေရွတ်ရင်း ဃာဇူးပခုံးကိုပုတ်ကာ နှစ်သိမ့်ပေးနေသည်။

သူ့တစ်ကိုယ်လုံးကတော့ ဒေါသနှင့် တစ်ဆတ်ဆတ်တုန်နေရသည်။

တကယ်တော့ သေတမ်းစာရေးဖို့ အစီအစဉ်လည်းမရှိသလို ဘုန်းတော်ကြီးဆီလာရောက်တွေ့ဆုံအကူအညီတောင်းခံဖို့ ကိစ္စလည်းမရှိပါ။

ဒါကတော့ ဗြုန်းစားကြီးတွေးမိပြီး သွေးရူးသွေးတမ်းလုပ်ခဲ့မိတာဆိုရင်လည်း မမှားဘူးပေါ့…

ဒီလိုလုပ်မိဖို့ အခါးသီးဆုံး တွန်းအားတစ်ခုက ဒီနေ့မနက်မှာပဲ ဃာဇူးဆီ တံခါးခေါက်ပြီး ရောက်လာကြတယ်လေ…။

အဖြစ်က ဒီလိုပါ…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒီမနက်က ဘာသာရေးဆိုင်ရာ ကျွမ်းကျင်ပါရဂူများ၊ ပါမောက္ခတချို့နှင့် သိပ္ပံပညာရှင်တချို့ ဃာငူးဆီ လာရောက်တွေ့ဆုံကြသည်။

ဒါဟာ နောက်ဆုံးကျန်ရစ်သည့် တစ်ဦးတည်းသော မျိုးဆက်လူသားအဖို့ သိပ်အဆန်းတကြယ်မဟုတ်တော့သော်လည်း ဒီတစ်ခေါက် သူ့ဆီလာရောက် အကူအညီတောင်းခံသည့်ကိစ္စကတော့ အနည်းငယ်ခံပြင်းစရာကောင်းလှသည်။

ပရော်ဖက်ဆာများက သူတို့လိုချင်သည့်အရာကို အေးဆေးယဉ်ကျေးစွာ ပြောပြတောင်းဆိုပါသည်။

သို့သော် ဃာငူးစိတ်ထဲမှာတော့ သဘာဝမကျဟု ခံစားနေရသည်။ တင်းလည်းတင်းနေသည်။ ဒေါသလည်း ထွက်မိပါသည်။ ဘယ်သူ့အပေါ် ဒီဒေါသကို ဖောက်ခွဲပစ်ရမည်မှန်းလည်း မသိ။

အခုရောက်လာကြတဲ့ ပရော်ဖက်ဆာတွေကိုလား…။ သူ့ဆီလာရောက်ဖို့ ခွင့်ပြုပေးခဲ့တဲ့ အစိုးရအဖွဲ့အစည်းကိုလား။ နှစ်



ပေါင်းတစ်ထောင်လုံးလုံး (မျိုးဆက်ပျက်သုန်းတော့မည်ဟု အသိပေးကြေငြာထားပါရက်နဲ့) သောက်သုံးမကျခဲ့ကြတဲ့ မိမိတို့လူမျိုးတွေကိုလား။ နောက်ဆုံးလူသားအဖြစ် မွေးဖွားပေးခဲ့တဲ့ မိဘနှစ်ပါးကိုလား။ လူ့ဘဝထဲဘိတ်ချီးကျမှ စကိတ်စီးပြီး ဝင်ရောက်လာမိတဲ့ သူ့ကိုယ်သူလား…။

ပရော်ဖက်ဆာ အဘိုးကြီးတစ်ယောက်ကတော့ အနည်းငယ် ရှုးရှုးရှဲရှဲဖြစ်နေသည့် ဃာငူးကို လေပြေကလေးနှင့် ထပ်ကာ ဖျောင်းဖျတောင်းဆိုနေပြန်ပါသေးသည်။

"ဃာငူး…ဒီနိုင်ငံမှာလာပြီး ဒီနိုင်ငံသားဖြစ်ပြီဟော့ဆိုတာနဲ့လိုအပ်ရင် လိုအပ်သလို တိုင်းပြည်အတွက် အသက်သွေးချွေးတွေ ပေးဆပ်စတေးရတာ နိုင်ငံသားတစ်ယောက်ရဲ့ ကျင့်ဝတ်သိက္ခာပါ။ ဒါတွေပြောရတာ ရှည်ပါတယ်ကွာ…။ မင်းလည်း နားငြီးပါတယ်။

တို့ မင်းဆီလာပြီး တောင်းခံရတာကလည်း အသက်ဓိဓိနဲ့ မဟုတ်ပါဘူး။ မင်းခွင့်မပြုနိုင်လောက်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ဖြတ်တောက်ပြီး အလှူခံနေတာမဟုတ်ပါဘူး…။ တစ်ခုခုကြောင့် တိုင်းပြည်ချောက်ထဲကျခဲ့ရင်ဆိုတဲ့အနေနဲ့ ပညာရှင်တွေ အထပ်ထပ် တိုင်ပင်ဆွေးနွေးပြီးကာမှ မင်းဆီရောက်လာကြတာပါ။ အန်ကယ်တို့ထပ်ပြီး ပြောပါရစေ…။

မင်းရဲ့လူသားဖြစ်တည်မှုနဲ့ သိက္ခာတရားကို အန်ကယ်တို့ အသက်နဲ့ထပ်တူ တန်ဖိုးထားလေးစားပါတယ်"

ဟုတ်ပါတယ်။

သူတို့လာပြီး တောင်းဆိုနေတာက တိုင်းပြည်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အသက်ပေးလှူ စတေးခိုင်းနေတာကြောင့် မဟုတ်ပါဘူး…။

ကြားလို့မှ ကောင်းကြရဲ့လား…။ တစ်သျှူးအသားစနဲ့ သုတ်ပိုး(မျိုးရည်)လာရောက် အလှူခံကြတာပါ…တဲ့။

“ကျွန်တော် ဒီနိုင်ငံမှာ လူလာဖြစ်ရတာ အတော့်ကို ကို့ရို့ကားယားဆန်နေပြီ…။ ကျွန်တော့်ကို လူတွေက သူတို့ရဲ့ ပုံစံခွက်တွေထဲ ထည့်ပြီး ဖျော်ချင်ကြပြန်တယ်။ ခင်ဗျားတို့လည်း ကြားမိမှာပေါ့…။ သမ္မတက စလို့…အခြောက်အထိဖြစ်စေချင်ကြတဲ့ လူတွေရဲ့ ဆန္ဒတွေ…။”

ပညာရှင်များက စနောသောအပြုံးနှင့်သာ ပြုံးရင်း ခေါင်းညိတ်နေကြပါတော့သည်။

“အခုလည်းလာပြန်ပြီ…။ တစ်သျှူးအသားစနဲ့ ဟိုဥစ္စာလာတောင်းကြပြန်ပြီ။ ကျွန်တော်က လူ…ဗျ။ စက်ရုပ်ကြီးမဟုတ်ဘူး…။ ကျွန်တော်ရဲ့ DNA နဲ့ clone တွေ ပုံတူမျိုးပွားမှုတွေ လုပ်…။ ဒါမှမဟုတ်လည်း ကျွန်တော့်ရဲ့ ဟိုဥစ္စာအားကိုးနဲ့ မေထုန်မဲ့ မျိုးပွားယူပြီး သဘာဝမကျတဲ့၊ ချစ်ခြင်းမေတ္တာဓာတ်အပြည့်အဝ မပါတဲ့ လူသားတွေ ပုံဖော်ဖန်တီးပစ်မှာမျိုး မလိုလားဘူး…။

“မဟုတ်ဘူး ဃာဥ္…မဟုတ်သေးဘူး…”

ပါမောက္ခတစ်ယောက်က သူ့စကားကြောင့် ကပျာကယာ မတ်တပ်ရပ်ကာ ငြင်းဆိုသည်။ လုပ်မနေနဲ့…ဒါ ဟန်ဆောင်မှုတွေပဲ…။ ကိုယ့်ရဲ့ တစ်သျှူးအသားစနဲ့ သုတ်ပိုး(မျိုးရည်)လာ အလှူခံနေပါပြီဆိုမှတော့ ဘာမဆိုအားလုံးဖြစ်နိုင်သည်။ ဘာမဆို အားလုံးကို သူတို့ဖန်တီးပစ်နိုင်သည်။



လူသားအယောက်တစ်ရာလား…။ လူသား အယောက်နှစ်ရာလား…။ ဒါမှမဟုတ် ဟိုး…လွန်ခဲ့တဲ့ နှစ်တစ်ထောင် ၂၀၁၃မှာ ရှိခဲ့ဖူးတဲ့ ကလေးဦးရေ ၁၆.၆သန်းတိတိ အရေအတွက်လား…။

“ကျွန်တော်တစ်ခုပဲပြောမယ်…။ နှစ်ပေါင်းထောင်နဲ့ချီပြီး လူတွေ အလှမ်းကျယ် အလယ်လပ်ခဲ့သမျှကို ကျွန်တော်တစ်ယောက်တည်းက ခါးစည်းခံရတော့မှာလား…။”

သူ့စကားကြောင့် ပုဂ္ဂိုလ်ကြီးများ အနည်းငယ်ငြိမ်ကျသွားသည်။

“စောစောက အန်ကယ်ပြောတဲ့စကားလိုပေါ့…လိုအပ်ရင် အသက်သွေးချွေးတွေ တိုင်းပြည်အတွက် စတေးရမယ်ဆို ကျွန်တော်ကလည်း ရင်ဖွင့်ပြီးကာကွယ်ဖို့ အသင့်ပါပဲ…။ အခု ခင်ဗျားတို့ လာတောင်းနေတဲ့ ကိစ္စတွေကျတော့ လူသားဖြစ်တည်မှုမဆန်တော့ဘူးဗျ…။ ဘုရားပေးတဲ့ တရားတွေနဲ့လည်း ဆန့်ကျင်နေပြီ…။”

ဃာဥ္စကားကြောင့် သူတို့ထဲက သဘောထားတင်းမာပုံရသော အရပ်ခပ်ပြတ်ပြတ် ရုပ်ရည်မာကျောကျော လူတစ်ယောက်က စိတ်မရှည်စွာနှင့်…။

“ဒါဆို ငါမင်းကို သေချာအောင်ထပ်မေးမယ်…။ ငါတို့ လူမျိုးတွေရဲ့ လူသားပြတ်လပ်မှုပြဿနာအတွက် မင်းဆီက အကူအညီ တစ်စုံတရာမရနိုင်တော့ဘူးပေါ့။ ဒီလိုလား…။”

“ကျွန်တော်ကလည်း ရှင်းအောင် ခပ်ပြတ်ပြတ်ပဲ ပြော

www.burmeseclassic.com

www.burmeseclassic.com



မယ်…။ ကျွန်တော့်တစ်သျှူးအသားစနဲ့ သုတ်ပိုး(မျိုးရည်)ကိစ္စဆိုရင်တော့ ဆောရီးပဲ…"။

အခြေအနေက အများနဲ့တစ်ယောက် ထိုသို့ တစ်စတစ်စတင်းမာလာသည်။

(နောက်မှ သိခဲ့ရတာတစ်ခုက အဲဒီသဘောထားတင်းမာတဲ့လူက တိုင်းပြည်ရဲ့ ခပ်ကြမ်းကြမ်းကိစ္စတွေမှာ လက်သံပြောင်ပြောင် ကိုင်တွယ်တတ်တဲ့ ဗဟိုအမျိုးသားစစ်ဦးစီးရုံးက တပ်မှူးတဲ့)

"ကောင်းပြီလေ…။ မင်းပြောသလို Clone တွေ လွယ်လွယ်ကူကူ ဖန်တီးဖို့ မင်းဆီက ဒီကိစ္စတွေ လာအလျှုခံနေတာတော့ မဟုတ်ဘူး။ လိုအပ်တဲ့အခါ အရန်သင့်ရှိအောင် မလွှဲမရှောင်သာလွန်းလို့ အကူအညီလာတောင်းရတာပါ။ တို့တက်က လူသားဆန်ဆန်နဲ့ ချဉ်းကပ်မှုအပိုင်းကတော့ ပြီးသွားပြီ…။ ဆို့မှာ ဆောင်ပုဒ်တစ်ခုရှိတယ်။ ဘာနဲ့ခပ်ခပ် ရေပါလာဖို့ အဓိက…တဲ့။ အိုကေ…မင်းကို အချိန်သုံးရက်ပေးမယ်။ သုံးရက်ပြည့်လို့မှ မင်းဘက်က မလိုက်လျောနိုင်ခဲ့ဘူးဆိုရင်တော့…ကိုယ် မင်းကို အာဏာနဲ့ခြိမ်းခြောက်တာတော့ မဟုတ်ဘူး ဃာငူး။ အထက်ကပေးအပ်လာတဲ့ စစ်ဆင် ရေးတိုင်း ကိုယ်ဘယ်တုန်းကမှ မအောင်မြင်ခဲ့ဘူးဆိုတာ မရှိဘူး။ ကိုယ့်နာမည်လည်းမှတ်ထားပါ။ ဗဟိုအမျိုးသား စစ်ဦးစီးရုံးက တပ်မှူးဗိုလ်မှူးဖွယ်နူးထာ…အိုကေ‥ဒီကိစ္စကို သေနတ်တစ်ချက်မှ မဖောက်ဘဲ ကိုယ်လည်း ပြီးဆုံးချင်ပါတယ်။"

သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရသည်။



သူတို့တွေအားလုံး ပြန်သွားကြတော့ ဃာငူးအရုပ်ကြိုးပျက်တစ်ရုပ်လို ဆက်တီမှာ ပုံရက်ကလေးဖြစ်သွားသည်။

သူတို့မှာ ဖြစ်ကိုဖြစ်ရမယ်။ ရကိုရရမယ်ဆိုတဲ့ mission က ရှိပြီးသားကိုး…။ ဒါအနုနည်းနဲ့လာတောင်းတာ… မရရင် အကြမ်းနည်းနဲ့ ရအောင်ယူကြတော့မှာ…။

အို…ဘုရားရေ…။

ငါ ကျေနပ်မှ ရလာမယ့်ကိစ္စတွေကို ငါ့ကို အကြမ်းနည်းသုံးပြီး ဘယ်လိုများ ရအောင်ယူကြမှာပါလိမ့်…သူတို့မှာ နည်းလမ်းတော့ရှိကြပါလိမ့်မယ်။ အရင်းစစ်လိုက်ရင်တော့ကိုယ်ပဲ အရှုံးကြွပြီး ကျန်ရစ်ခဲ့ရမှာ…။

အများနဲ့ တစ်ယောက်…တစ်နိုင်ငံလုံးနဲ့တစ်ယောက်

ငါ ဘာလုပ်ရမလဲ…ငါဘာဆက်လုပ်ရမလဲ…။

စိန်တော့ အခေါ်ခံလိုက်ရချေပြီ…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အဲဒီနောက်မှာတော့ ငါများသေသွားခဲ့ရင်ဆိုတဲ့ အတွေးမျိုးတွေ ယာဉ္စူးစဥ်းစားလာခဲ့ပြီ။ စိတ်မလုံမခြုံဖြစ်လာရတော့သည်။

အထီးကျန်ကျောက်ဂူလို ဆေးရည်စိမ်ပြီး ဆန်တာခရုဇ်ကျွန်းမှာ ပြသထားသလို။ ငါ့ကိုလည်း အဲဒီခပ်ကြောင်ကြောင် ပညာရှင်တွေက ဆေးရည်စိမ်ကြပြီး ပြတိုက်တစ်ခုခုမှာ ပြသမထားပါဘူးလို့ ဘယ်သူပြောနိုင်မှာလဲ…။

အခု အရှင်လတ်လတ်ကြီးနဲ့တောင် ကျော်မကောင်းကြားမကောင်းတွေ ငါ ခါးပြတိုက်ခံနေရပြီ။

ငါ သေခဲ့ရင် သိက္ခာရှိရှိနဲ့ လူပီပီသသ သေဆုံးနိုင်ဖို့ အခုကတည်းက ငါပြင်ဆင်ရတော့မယ်။ သေတမ်းစာတစ် စောင်ကို ကပေါက်တိကပေါက်ချာ ထရေးလိုက်ပြီး ဘယ်သူ့ကို ပေးထားခဲ့ရမလဲစဥ်းစားတော့ အရင်ဆုံး မြင်ယောင်မိသူက ဟူဟာ ပါ။ ဒါပေမဲ့ ဟူယံက ယာဉ္စူး သေတမ်းစာပါအတိုင်း ဆောင်ရွက်ပေးဖို့



တိုင်းပြည်အပေါ် သြဇာညောင်းသူ တစ်ယောက်တော့ မဟုတ်။

ဆယ့်ခြောက်နှစ်ပြည့်သည့်နေ့မှ စတင်ရရှိခဲ့သည့် မဟာအခွင့်ထူးခံ အခွင့်အရေးကြီးကြောင့်လည်း ဘယ်အဘိုးကြီး အဘွားကြီးမှ ယာဉ္စူး မယုံကြည်…။

ဒါ့ကြောင့် နောက်ဆုံးမှာတော့ ကြံရာမရတဲ့အဆုံး နိုင်ငံဂုဏ်ဆောင် ဘွဲ့တံဆိပ်တော်ရ ဘုန်းတော်ကြီးခိုကြက်ထံ ယာဉ္စူး သေတမ်းစာလာရောက် အပ်နှံခဲ့ရခြင်းဖြစ်လေသည်။

အဲဒီနောက်မှာတော့ ဖြစ်ပျက်ခဲ့သမျှကိစ္စတချို့ကို ယာဉ္စူး ဘဝထဲက ခွဲထုတ်ခဲ့ပျောက်ပစ်ဖို့ အတော့်ကို ကြိုးစားရပေလိမ့်မည်။

မိမိကျေနပ်မှ ရရှိမည့်ကိစ္စတို့ကို အကြမ်းနည်းနဲ့ ဓားပြအတိုက်ခံနေရမယ့်အစား မိမိဘာသာပဲ ပေးအပ်ဖို့ စိတ်ပိုင်းဖြတ်လိုက်ကာ သူတို့ စီမံပေးထားသည့်အတိုင်း ပိုးမွှားသန့်စင်ထားတဲ့ (သိပ္ပံရုပ်ရှင်ဇာတ်ကားဆန်ဆန်)အခန်းလွှတ်ထဲက ကုတင်ပေါ် လဲလျောင်းကာ မျက်လုံးမှိတ်ပေးထားလိုက်သည်။

အရက်ပြန်အနံ့နှင့်အတူ မိမိအရေပြားတစ်နေရာ အေးကနဲ ဖြစ်သွားပြီး ခပ်စူးစူးကလေး နာကျင်သွားရသည်။

ဩော်…ငါ့ရဲ့ တစ်သျှူးအသားစကို သူတို့ လှီးဖြတ်ယူလိုက်ကြပြီကိုး…။ ခံပြင်းစရာကောင်းလိုက်တာ…။

ဒေါသနဲ့ အံကိုတင်းတင်းကြိတ်ထားစဥ် ပရော်ဖက်ဆာအဘိုးကြီးတစ်ယောက်က "ရပြီ…သား"လို့ ယဥ်ကျေးစွာပြောရင်း လက်ထဲကို ပုလင်းအသေးတစ်လုံး ထိုးပေးကာ သိပ္ပံဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ကားဆန့်ဆန့် အခန်းလွတ်ထဲက ညဏ်ကြီးရှင်လူတစ်စု ထွက်ခွာပေးသွားကြသည်။

ပါရာစီတမော အလုံးတစ်ရာလောက်ဆန့်မယ့် ပုလင်းလွတ်ကလေး တစ်လုံးပါ။

ဃာဠုးသဘောပေါက်သွားပြီ စိတ်ထဲကနေ ပျစ်ပျစ်နစ်နစ်ကျိုးဆဲရေးပစ်လိုက်မိသည်။ ဟူယံတစ်ခါက ပြောခဲ့ဖူးတဲ့စကားကိုလည်း ပြန်လည်ကြားယောင်နေမိပြန်သည်။

“မင်းကိုငါ သနားလည်းသနားတယ်။ ရယ်လည်း ရယ်ချင်တယ် ဃာဠုး”

အစစ်ပေါ့…။

ကျွန်တော့်အဖြစ်က သနားဖို့လည်း ကောင်းသလို ရယ်ချင်စရာ ကောင်းနေပြီ…။

ကိုယ့်ရဲ့ ဇီဝကာမဖြစ်စဉ်တွေအားလုံးက သဘာဝကျတဲ့ အသက်ဆိုင်ရာနေရာဆီ ရောက်ခွင့်မရဘဲ ခပ်ကြောင်ကြောင် သိပ္ပံပညာရှင်တွေစူးစမ်းလေ့လာဖို့အတွက် ဖန်ပုလင်းလွှတ်ထဲ ရောက်ခဲ့ရတဲ့ အဖြစ်လေ။

ဒီထက်ပိုပြီး ရယ်စရာကောင်းတဲ့အဖြစ်များ ရှိဦးမှာတဲ့လား။

* * *

## အခန်း (၁၁)

ဃာဠုး၏ မိခင်မှာ ကြက်တူရွေးရောင်အိမ်ထဲ အသစ်ရောက်ရှိလာတဲ့ ရွှေအိုရောင်အစာကျွေးခွက်ကြီးကိုကြည့်ပြီး ဧဝေဇဝါနှင့် အံ့အားသင့်လျက် ရှိနေသည်။

စိတ်ထဲမှလည်း ဘုရားတမိသွားပြီ။ ကွန်မြူတာနှင့် စစ်တုရင်ထိုးနေတဲ့ ဃာဠုးဆီရောက်လာကာ…

“ဟဲ့…ဃာဠုး…”

ဃာဠုးက မြင်းတစ်ကောင်ကို L ပုံသဏ္ဌာန်ခုန်လိုက်ရင်း သူ့အမေကို မေးဆတ်ပြတော့… “ကြက်တူရွေးရောင်အိမ်ထဲက အစာကျွေးခွက်ကြီးက ဘယ်ကဟာကြီးလဲ…။

“ဪ …ဒါလား…သားကို ဟိုတလောက ဟိုကိစ္စ လျှုလိုက်လို့ နိုင်ငံတော်က ချီးမြှင့်ပေးလိုက်တဲ့ လူမှုထူးချွန် ဘွဲ့တံဆိပ်ကြီးလေ…။”

မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဃာငူးရဲ့ လျှုဒါန်းမှုကို ဂုဏ်ပြုတဲ့အနေနဲ့ အစိုးရက ဃာငူးကို လူမှုထူးချွန်(ပထမအဆင့်)ပေးအပ်ခဲ့ပြီး ငွေသားနှင့်အတူ၊ ဂုဏ်ပြုလက်မှတ်၊ စလွယ်ဖြူတစ်ခုနဲ့ ပန်းကန်ပြားပုံပေါက်နေတဲ့ ရွှေရောင်အဝိုင်းပြားကြီးတစ်ချပ်(ဘွဲ့တံဆိပ်)ချီးမြှင့်ခဲ့ပါသည်။ (အဲဒီပန်းကန်ပြားချပ်ကြီးထဲမှာလည်း ကြီးကြီးကျယ်ကျယ်တွေ လျှောက်ရေးထားလိုက်သေးသည်)

အဲဒါနဲ့ ဃာငူးလည်း မျက်စိစပါးမွေးစူးပြီး ဧည့်ခန်းထဲမှာ အလှပြသထားမျိုး မလုပ်ဖြစ်တော့ဘဲ ကြက်တူရွေးလှောင်အိမ်ထဲထည့်ကာ အစာကျွေးခွက်လုပ်ပစ်လိုက်ပါတော့သည်။

''မင်းနဲ့တော့ ပြဿနာပဲ... နိုင်ငံတော်က ချီးမြှင့်တဲ့ဘွဲ့တံဆိပ်ကြီးကို ကြက်တူရွေးအစာခွက် လုပ်ပစ်ရလားကွယ်...။

ဃာငူးကတော့ လေတစ်ချက်ချွန်ရင်း ကွန်ပြူတာနှင့်စစ်တုရင်ကစားလျက်ရှိလေသည်။ ဃာငူးမိခင်ကတော့ မကျေမချမ်းနှင့် ပြောလို့ကို မဆုံးတော့...။

* * *

## အခန်း (၁၂)

စက်ရုပ်တော်လှန်ရေး လူ့ထုချီတပ်ဖွဲ့...တဲ့။

ရယ်တော့ရယ်ရတယ်။ ဆယ့်ခြောက်ရာစုလောက်တုန်းက ဥရောပမှာ ခေတ်စားခဲ့တဲ့ စက်မှုတော်လှန်ရေးမျိုးတော့ မဟုတ်။ အခုဟာက အဲဒါနဲ့ ပြောင်းပြန် သုံးဆယ့်တစ်ရာစုရဲ့ စက်ရုပ်တော်လှန်ရေးလူ့ထု ချီတပ်ဖွဲ့...။

ဒီနိုင်ငံမှာ စက်ရုပ်တွေ တီထွင်လာနိုင်ခဲ့တာ ဟိုးလွန်ခဲ့တဲ့နှစ်တစ်ထောင်ကျော်ကတည်းကမို့ ဒါဟာ အထူးအခန်းတော့ မဟုတ်။

အဲဒီတုန်းကတော့ လူတွေက စက်ရုပ်တွေကို ကော်မန်းတွေပေးရ၊ upgrade တွေလုပ်ရ version အသစ် ပြန်တင်ပေးရနှင့် စက်ရုပ်သည် စက်ရုပ်အဆင့်ဖြင့်သာ သူ့တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်နိုင်ခဲ့သည်။

သို့သော် နောက်ပိုင်းမှာတော့ စက်ရုပ်တွေရဲ့ ကွန်ပြူတာ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဉာဏ်ကို လူတစ်ယောက်ရဲ့ ဦးနှောက်နီးပါး။ တီထွင်ဖန်တီးနိုင်ခဲ့ပြီး အလွန်တရာ ဈေးပေါသော နှုန်းထားနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခဲ့ချိန်မှာတော့ ပြဿနာက စလေပြီ…။

ခေတ်သစ္စကျွန်ုရှာဖွေရေး၊ ကားထုတ်လုပ်မှု၊ အထည်ချုပ်စက်ရုံတွေလို လုပ်သားအမိကထားရသည့် နေရာများမှာ စက်ရုပ်များ အစားထိုးဝင်ရောက်လာခဲ့ပြီမို့ နိုင်ငံတစ်နိုင်ငံလုံးရဲ့ အလုပ်သမား ငွားရမ်းခဟာ ယူရို ၁၇.၆သန်း(ကန်ဒေါ်လာ ၂၃သန်း) သက်သာသွားသဖြင့် ကနဦးမှာ စက်ရုပ်တွေ မျက်နှာပန်းလှနေသော်လည်း…

တဖြည်းဖြည်းနှင့် အလုပ်လက်မဲ့ဦးရေ တရိုန့်ထိုးမြင့်တက်သွားချိန်မှာတော့ ဒေါသထွက်နေသည့် လူထုကြီးရဲ့ ပစ်မှတ်က မိုးကျရွှေကိုယ်စက်ရုပ်များထံ ကျရောက်ပေါက်ကွဲသွားလေတော့သည်။

စက်ရုပ်တွေက လူနေရာ ဝင်လုတော့ ကျုပ်တို့လူသားတွေက ဘယ်နေရာသွား လုပ်စားရတော့မှာလဲ…။

တစ်နိုင်ငံလုံး စက်ရုပ်အလိုမရှိ…

တို့ကမ္ဘာမြေငြိမ်းချမ်းဖို့

စက်ရုပ်တွေကို ချေမှုန်းစို့

SAY NO ROBOT

အစရှိတဲ့ ဆောင်ပုဒ်တွေ၊ ပိုစတာတွေ ကိုင်ဆောင်ပြီး နှလုံးသားပါတဲ့ လူသားတွေ လမ်းပေါ်ထွက်လာကြလေသတည်းပေါ့ဗျာ…။



ပွဲကတော်တော်တော့ ကြည့်ကောင်းတယ်။ ဘာလို့လဲဆိုတော့ လူသားဦးနှောက်နီးနီး အသိဉာဏ်ရှိတဲ့ စက်ရုပ်တွေကလည်း များမကြာမီ တန်ပြန်သပိတ်မှောက်ဖို့ လမ်းပေါ်ထွက်ကြတော့မှာ…တဲ့။

စက်ရုပ်နဲ့လူသား…။ ဦးနှောက်စွမ်းရည်အတူတူချင်း၊ နှလုံးသားပါမလာသူနဲ့ နှလုံးသားရှိသူတို့ရဲ့ သူတင်ကိုယ်တင် တိုက်ပွဲသမ္မတက ဘယ်သူ့ဘက်က ရပ်တည်ပေးမှာ…တဲ့လဲ…။ ခေါင်းတော့စားစရာပါပဲ…။

ချီတက်လာကြတဲ့ လူအုပ်ကြီးကို ကြည့်ရင်း ဃာငူးရယ်လည်းရယ်ချင်သလို စိတ်လည်းပျက်မိပါရဲ့…။ ရန်ဖြစ်စရာရှားလို့ လူနဲ့စက်ရုပ်ဖြစ်ကြရတယ်လို့…။

"ဟိတ်ကောင်…ဃာငူး…ရင်ခုန်သံချင်းတူရင် မင်းလည်း ဒီတပ်ဦးကနေ ဝင်ပါလို့ ရတယ်နော်။ နှလုံးသားခင်ပြီးတို့က ကြိုဆိုတယ်…"

"ဟင်…"

ဘယ်သူများလည်း မှတ်တယ်။

သပိတ်တပ်ဦးကနေ လက်သီးလက်မောင်းတန်းပြီး ကြွပ်ကဲနေတဲ့ သပိတ်ခေါင်းဆောင်က၊ ဟက်ခရိုမိုက်(စ်)ရင်ပြင်မှာ သူ့ကို ကဗျာဆရာလုပ်ဖို့ တိုက်တွန်းခဲ့ဖူးတဲ့ ကဗျာဆရာ။ အပြောနဲ့ အလုပ်တော့ညီသား…။ အခုလည်းရင်ခွင်ကို ဖွဲ့ဖွင့်ပြီး တိုက်တဲ့လမ်းပေါ်ထွက်ပါးစပ်တိုက်ပွဲမှာ အောင်လံမလဲတဲ့ စကားလုံးဧကရာဇ်တစ်ပါးလို ခန့်ခန့်ကြီး ကြွမြန်းလာလေရဲ့…။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာတွေနဲ့ သိပ်ကြာကြာကြီးတော့ စကားမပြောရဲဘူး။ တော်ကြာ လောကကို ဖောက်ထိုးတွေ၊ တစောင်းတွေ ကြည့်တတ်ကုန်မှာစိုးလို့…။

သူကတော့ အပြုံးနှင့် လက်ပြရင်းသာ နှုတ်ဆက်လိုက်ပါတယ်။ ကြည့်ရတာ ကဗျာလောကထဲ စက်ရုပ်တွေ ဝင်လာပြီး လူစွာကျယ်လုပ်နေကြပြီ ထင်ပါရဲ့…။

စက်ရုပ်တွေရော ကဗျာရေးတတ်၊ ရွတ်တတ်ကြပါသလား…။

သူမသိ…။ လူလောက်နီးနီး ဦးနှောက်ဉာဏ်ရှိတယ်ဆိုရင်တော့ သူတို့လည်း အဆင့်မြင့်မြင့်နဲ့ ဖန်တီးနိုင်ကြမယ်ထင်ပါရဲ့…။

သူ ပလက်ဖောင်းပေါ် ရပ်ပြီးတွေးနေစဉ် လူထုစစ်ကြောင်းကလည်း သူ့ဘေးမှ တအိအိဖြတ်ကျော်လာရာ တစ်နေရာအရောက်မှာတော့…။

"တစ်နိုင်ငံလုံး စက်ရုပ်အလိုမရှိရှင့်…သွား…လူဆိုး… တစ်နိုင်ငံလုံး စက်ရုပ်အလိုမရှိရှင့်…သွား…သူခိုးကျပိုး…"

အသံကြားကတည်းက ထင်တော့ထင်သား…။ မာမီအာဘွားမှ မာမီအာဘွား…။ လက်သီးလက်မောင်းတန်းပြီး ဒို့အရေးလုပ်နေတာကြီးကလည်း အော်ကြောလန်ချင်စရာကြီး…နေပူရတဲ့ကြား မိတ်ကပ်လိမ်းထားတော့ မျက်နှာကလည်းပြာ၊ အသံတွေလည်း ပြာနေပြီ။ လူပဲ ကြွက်တက်ဖို့ ကျန်တော့သည်။

"အရမ်းဆိုး… တအားချစ်ကြီး…ယာဒူး…"



ဟာ…ပြဿနာပဲ…ဘယ်နှယ်…သူတို့လောကထဲ မဝင်မိတာနဲ့ပဲ လူကိုများ အရမ်းဆိုး တအားချစ်ကြီးတဲ့…ခေါ်ပုံက ခေါင်းကိုက်စရာ…

သူ ဟိုဘက်လှည့်ပြီးပဲ မသိချင်ယောင်၊ မကြားချင်ယောင် ဆောင်နေလိုက်သည်။ ဒါပေမယ့် မာမီအာဘွားပဲလေ…။ ဒီကို လာစမ်းလို့ ဘယ်ရလိမ့်မလဲ…။

"ယာဒူး…တို့တိုင်းပြည်ကို နှလုံးသားဗလာနဲ့စက်ရုပ်တွေ အစားထိုးဝင်ရောက်နေတာ မင်းက ဒီလိုပဲလက်ပိုက်ကြည့်နေတော့မှာလား…လို့ ဟင်။ နေတတ်တယ်။ နေတတ်တယ်။ သူ့ အရမ်းနေနိုင်တယ်။ လာ…လို့၊ ဆန္ဒလာ…ပြ…လို့…။ ပြ…လို့…ဆို…အရမ်းဆိုး…တအားချစ်ကြီးရဲ့…ဟွန်း…"

ထုံးစံအတိုင်း သူလည်း ရယ်ကျဲကျဲနဲ့ပဲ အပြုံးနှင့်လက်ပြရင်းသာ နှုတ်ဆက်လိုက်ရသည်။ ကြည့်ရတာ အလှဖန်တီးရှင်လောကထဲ မာမီစက်ရုပ်တွေ ဝင်လာပြီး လူစွာကျယ်လုပ်နေကြပြီ ထင်ပါရဲ့။

စက်ရုပ်တွေရော မာမီတွေလို ပီချွဲပတ်ချွဲနဲ့ ကနွဲ့ကလျတွေ လုပ်တတ်ပြီး ပေါက်ကရလေးဆယ်တွေ ပြောတတ်ကြပါသလား…။

ဟက်ခရိုမိုက်(စ်)ရင်ပြင်မှာ မာမီအာဘွားပြောခဲ့ဖူးသလို မာမီစက်ရုပ်တွေ သူတို့ချစ်သူကို သူတို့လို လိုင်းထဲကလူလို့ အချစ်ကြမ်း၊ အဆော်ကြမ်းကြရင်တော့ အတော်ကြည့်ကောင်းမှာပဲ။

တွေးမိပြီး ယာဒူး ပြုံးလိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ…စက်ရုပ်တော်လှန်ရေးလူထုချီတပ်ပွဲကြီးမှာတော့ ကိုယ့်အသိ ကဗျာဆရာနဲ့အခြောက်တို့ ပါသွားချေပြီ…။

နောက်ထပ် ဘယ်သူတွေနဲ့တွေးပြီး ကိုယ့်ကို ဝိုင်းကျပ်ကြဦးမယ်…မသိ။

ထိုသို့…ဆန္ဒပြလူထုကြီးကို သူရပ်ကြည့်နေစဉ်…

"ဟင်…"

သူ့နှလုံးသားကို အချက်ပြမီးများ လင်းသွားစေတဲ့ မိန်းကလေးတစ်ယောက်…။ ဟုတ်တယ်…။ မိန်းကလေးတစ်ယောက်…။

လူအိုလူဆွေးတွေများတဲ့ ယောဒီလောကကြီးထဲမှာ သူမအလှက ထင်းကနဲ ရှင်းကနဲပွင့်လင်းမြင်သာလွန်းလှသည်။

အို…လှလိုက်တာ…။

ပန်းပုဆရာ ထုဆစ်ပေးထားတဲ့ ကျော့ရှင်းတဲ့ ယမင်းရုပ်ကလေးလို သူမတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်မိရင်း သူ့ရင်တွေ တဆတ်ဆတ်ခုန်လာသည်။

ဟင်…ဒါဟာ အချစ်လား…။

အချစ်ဆိုရင်တောင် နှလုံးသွေးတွေ ပူနွေးပြီး ရင်ခွင်တစ်ခုလုံး ရှူးရှူးသွပ်သွပ်ဖြစ်စေလောက်အောင် ပြုစားနိုင်လွန်းတဲ့ အပြင်းစားအချစ်တစ်ခုပါ။

" SAY NO ROBOT " SAY NO ROBOT "

သူမကလည်း တခြားလူတွေလိုပဲ SAY NO ROBOT ကို ပြင်းပြင်းထန်ထန် အော်ဟစ်ရင်း ဆားမှာမတ်တပ်ရပ်ကြည့်နေ



တဲ့ သူနှင့် အလွန်နီးကပ်စွာ ရောက်လာသည်။

"ဟင်…"

အညှို့ခံလိုက်ရပြီဆိုတာတော့ သိသည်။ အချစ်စက်ကွင်းရဲ့ ဗဟိုချက်ထဲ ရောက်သွားပြီဆိုတာလည်း နားလည်လိုက်သည်။

မျက်လုံးက သူမကိုလွဲပြီး တခြား ဘာကိုမှ မမြင်တော့။ နားကလည်း သူမရဲ့ SAY NO ROBOT ကလွဲပြီး ဘာမှ မကြားတော့…။ သူ ခြေအစုံရပ်ထားရာနေရာက ကမ္ဘာမြေကြီးရဲ့ မြေသားတစ်နေရာပေါ်မှာလားဆိုတာလည်း မသေချာတော့။

The swarty girtl is tawnhy, the scrawny is a gazelle, the dumb is modest, she that it half dead with consumption is slender, and she that is bloted, with enormous dugs, is Ceres herself.

ဘီစီ ၉၆လောက်က ရောမစာဆိုကြီး လူခရီးရှပ်(စ်) Lucreius ၏ အချစ်ရဲ့ ပြုစားခံရခြင်းကနေ ဖြစ်ပေါ်လာတဲ့ သွေးရူးသွေးတန်းအဒဿနတချို့ကိုတောင် သူပြေးမြင်ယောင်လိုက်မိပါသည်။

(အသားမည်းသူကို နီရွှေရောင်လေးလို့ မြင်တယ်။ ပိန်တာရိုးကို သမင်မပျိုလို့ ထင်ပြီး ထုံအတဲ့သူကို ဣန္ဒြေအပြည့်နဲ့ မိန်းကလေးလို့ သတ်မှတ်မိတယ်။

အဆုတ်တီဘီရောဂါရှင်ကို သွယ်လျသူလုံမပျိုလို့ မြင်ပြီး ရင်သားထွားထွားနဲ့ မယ်ဘုတ်ဆုံကိုတောင် ဆီးရီးစ်နတ်သမီး ကိုယ်ထင်ပြသလား အောက်မေ့မိတယ်)

ဟုတ်လိမ့်မယ်…ဟုတ်လိမ့်မယ်…

www.burmeseclassic.com

www.burmeseclassic.com



ဘာသိဘာသာရပ်ကြည့်နေတဲ့ သူ့ခြေထောက်တွေ လှုပ်ရှားစပြုလာပါပြီ။ ရှူးသွပ်မိုက်မဲစွာနှင့်ပင် ပလက်ဖောင်းပေါ် ရပ်ကြည့်နေရပုံကနေ စက်ရုပ်တော်လှန်ရေး ချီတပ်ပွဲထဲ ဝင်မိချိန်မှာတော့

“ဟေး....ယာဉ်းလည်း စစ်ကြောင်းထဲပါလာပါပြီခင်ဗျား...ယာဉ်းလည်း ကျွန်တော့်တို့နဲ့ ပူပေါင်းလိုက်ပါပြီ။

ကိုယ့်အထင်နဲ့ကိုယ် ရမ်းသမ်းအော်သူများနှင့်အတူ လက်ခုပ်သံများ ဆူညံသွားတော့သည်။

တကယ်တော့ စက်ရုပ်ကို တော်လှန်ဖို့ လူအုပ်ထဲ လိုက်လာခဲ့ခြင်းမဟုတ်။

သူမနောက်လိုက်ဖို့ လူအုပ်ထဲဝင်လာခဲ့တာ ကိုယ့်ဘာသာ အသိဆုံးပါ...

* * *

## အခန်း (၁၃)

ဪ...တကယ်တော့ ငါဟာ ထုံထိုင်းပြီး အမြဲတစေ ပျင်းနေတတ်တဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ...ခြေသွက်လက်သက်တော့ ရှိသားဆိုတာကို သူမနဲ့ တွေ့အပြီးမှာတော့ သူတော်တော်သဘောပေါက် လက်ခံသွားသည်။

သူမနဲ့တွေ့ပြီး ငါးမိနစ်လောက်အကြာမှာတင် သူပါ တို့အရေး...တို့အရေးထဲ ရောင်တော်ပြန်လွှတ်ရင်း သူမနားရောက်သွားလေတော့၏။

မွှေးရနံ့တစ်ခု...။ မိန်းမတစ်ယောက်ရဲ့ ကိုယ်သင်းရနံ့...။ ဟုတ်ပါတယ်။

Christian Dior ရေမွှေးရနံ့ဟာ မိန်းကလေးတစ်ယောက်ရဲ့ ချွေးစို့စို့ရနံ့နဲ့ ရောပြီး...ယောက်ျားတစ်ယောက်ရဲ့ ရင်ဘတ်ကို၊ ပင်လယ်ထဲမှာခေါ်နေတဲ့ လမင်းတစ်စင်းလို၊ ရိုင်းပျခက်ထန်စွာ ဆွဲခေါ်နေလေပြီ...။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အချစ်ကို နူးညံ့တဲ့လေပြေလေညင်းကလေးလို ရော၊ ကြမ်းတမ်းရိုင်းစိုင်းတဲ့ မုန်တိုင်းတစ်စင်းလိုပါ သောင်းသောင်း ဖျဖျ ကြိုဆိုနေတတ်ပြီ။

သူမနံဘေးကပ်ကာ သူမလို SAY NO ROBOT ...SAY NO ROBOT လို့ ကုန်းအော်နေရတာလည်း အင်မတန်ပျော်စရာ ကောင်းလှသည့် အခုနေများ ငါတစ်ယောက်တည်း ချွန်ပြီး SAY YES LOVE ...SAY YES LOVEလို့ ဖောက်ပြီး အော်ထည့်လိုက်ရင် လူတွေ ငါ့ကို ပျစ်ပျစ်နစ်နစ် ဆဲကြမှာပဲလို့ ကတ်သီးကတ်သတ် တွေးမိသွားရင်း ရယ်လည်း ရယ်ချင်မိပါသည်။

လူအုပ်က ခပ်ကျပ်ကျပ်မို့ တစ်ခါတစ်ရံ သူမနှင့်သူ ပခုံးချင်းဝင်တိုက်မိကြပြန်သည်။ သူမကတော့ စောင်းငဲ့ကြည့်ကာ အပြုံးနုနုနှင့် တစ်ဖက်သို့ မျက်နှာလွှဲလွှဲသွားတတ်၏။

တစ်ခါတစ်ရံ သူမနဲ့သူ လက်ချင်း ထိခတ်မိကြပြန် သေးသည်။ နောက်တော့ သူက တစ်ခါတစ်ရံလာတတ်တဲ့ လူကျပ် ကျပ်ရဲ့ တွန်းတိုက်မှုကို အခွင့်ကောင်းယူပြီး သူမလက်သန်း ကလေးလို သူ့လက်သန်းနှင့် မထိတထိ ချိတ်ဆက်လိုက် ပြန်လွှတ် ပေးလိုက်နှင့်...

အမေဇုန်တောထဲက ကျားသစ်ပေါက်ကလေးတွေ တွင်းအောင်းသတ္တဝါတစ်ချို့ကို ဖမ်းယူပြီး ဆော့ကစားကြသလို အချစ်နတ်ဖမ်းစားမှုကြောင့် သူမကိုလည်း ကစားနေမိသည်။

အဲဒီမှာကတည်းက အံ့ဩစရာကောင်းလောက်အောင် သူမနဲ့သူ နားလည်မှုက ရှိနှင့်ပြီး ဖြစ်နေသည်။ ငြင်းဆန်တယ်ဆိုရင်



တောင် ပြတ်ပြတ်သားသား ခပ်စိမ်းစိမ်း တုန့်ပြန်ငြင်းဆန်တာမျိုး မဟုတ်ဘဲ ခပ်နွဲ့နွဲ့ ခပ်ဖော့ဖော့ကလေး သူမလက်ဖဝါးလေးကို သတိနဲ့ ရှောင်တိမ်းနေရ၊ သူမလက်သန်းကလေးဖမ်းအဆုပ်ခံလိုက်ရ ပါကလည်း ပျော့ပျော့ပျောင်းပျောင်း ရုန်းထွက်နေကတည်းက သူမနဲ့သူ နားလည်မှုတစ်စုံတစ်ရာ တည်ဆောက်နိုင်နေပါပြီ...။

SAY NO ROBOT ...SAY NO ROBOT

အော်သံဟစ်သံတွေကြားမှာ အချစ်နဲ့ မျက်နှာချင်းဆိုင်ရ တာလည်း မလွယ်တဲ့ကိစ္စပါလား။ အဲဒီလိုနဲ့ သူတို့တွေ မြို့ရဲ့အထင် ကရ လမ်းမကြီးတွေပေါ် လျှောက်လာလိုက်ကြတာ တစ်နေရာ ရောက်မှာတော့...

"အို..."

သူမ ခွေခေါက်ပြီး လဲကျမသွားခင် သူမပခုံးလေးကို သူ ထိန်းလိုက်နိုင်လေသည်။ အနောက်မှ ဆက်လက်ချီတက်လာ ကြသော လူအုပ်ကြီးနှင့် မတွန်းမိ မတိုက်မိစေရန်လည်း သူ့ပခုံး တစ်စုံနဲ့ ကာကွယ်ပေးထားလိုက်ရသည်။

"ရလား...သက်သာလား..."

"အား..."

မိန်းကလေးမျက်နှာမှာ အလွန်အမင်းနာကျင်မှုနှင့်အတူ ရှုံ့မဲ့နေလေတော့သည်။

ဒီအတိုင်းကြည့်နေလို့မရတော့...။ အနောက်က ဆက်ချီ တက်နေကြသည့် လူအုပ်ကြီးကလည်း ရှိနေပြန်သေးသည်။

"ကျွန်...ကျွန်မ... ကြွက်တက်နေပြီ...ကူပါဦး..."

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို တွေ့ကာနဲ့ သူပွေ့ချီပစ်လိုက်ရင်း လှူအုပ်နှင့်ဝေးရာ ပလက်ဖောင်းဘေးလမ်းကြားတစ်ခုဆီ ခပ်မြန်မြန် သူခေါ်လာခဲ့သည်။

ခုတ်လမ်းက အဲဒီမှာ စတင်လေတော့သည်။

* * *

## အခန်း (၁၄)

"ဟော့… ငါ့ကော်ဖီခွက် တွေ့ကြသလားဟေ့…"

ပရော်ဖက်ဆာအဘိုးကြီးတစ်ယောက် ကော်ဖီသောက်ခါနီးကျမှ ကော်ဖီခွက်ပျောက်နေသဖြင့် ဒေါသတွေထွက်နေပြီး တပျစ်တောက်တောက်ပြောဆိုရင်း၊ စမ်းသပ်ခန်းထဲမှာ ကော်ဖီခွက်လိုက်ရှာနေသည်။ သူက အင်မတန်တော်တဲ့ သိပ္ပံပညာရှင်အဘိုးကြီးဒေးဂါ…ပါ။

သူ့ရဲ့ အလွန်တရာအောင်မြင်ပြီး လူကြိုက်အရမ်းများခဲ့တဲ့ သိပ္ပံတွေ့ရှိချက်တစ်ခုကို ပြပါဆိုရင်…သစ်စေ့ မျိုးစေ့များကို အာကာသထဲ ထားရှိစေပြီးမှ ကမ္ဘာမြေပေါ် ပြန်လည်ယူဆောင်ကာ စိုက်ပျိုးပါက ဓာတ်မြေဩဇာကျွေးစရာမလိုဘဲ အလွန်တရာကြီးထွားသန်မာသော အသီးအနှံများကို ရရှိမည်ဟူသည့် သိပ္ပံဟောကိန်းတစ်ရပ်ပင်ဖြစ်သည်။

တကယ်လည်း အာကာသယာဉ်မှူးများက အာကာသသို့ ခမ်းလေ့လာရေးလွှန်းပျံယာဉ်ပေါ် သစ်စေ့မျိုးစေ့များ ယူဆောင်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြပြီး မိမိတို့လုပ်ငန်းတာဝန်များ ပြီးဆုံး၍ ကမ္ဘာမြေပြင်ပေါ် Landing လုပ်တော့မှ လွန်းပျံယာဉ်ပေါ်မှ ပြန်လည်ယူဆောင်လာကြတဲ့ သစ်စေ့မျိုးစေ့များကို စမ်းသပ်စိုက်ပျိုးကြည့်ကြရာ··· ပဋိဇီဝပိုးမွှားများ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်ကာ ဓာတ်မြေမြေဩဇာနှင့် ဓာတုပိုးသတ်ဆေးလုံးဝကျွေးစရာမလိုသည့် သစ်သီးဝလံများ၊ အဆမတန်ကြီးထွား ပွင့်ဖူးလာသည်ကို လူတွေလက်တွေ့မြင်ကြတွေ့ကြရတော့သည်။

လက်တစ်တောင်လောက်ရှိတဲ့ ငရုတ်သီးကြီးတွေ၊ ဘောလုံးတစ်လုံးစာလောက်ရှိတဲ့ ဂေါ်ရခါးသီးတွေ၊ ကောက်ပေါက်လျှင် သေနိုင်လောက်သည့် ရေမပန်းမုံလာပွင့်တွေကို ပွင့်ဖူးစေသူ သိပ္ပံပညာရှင်ကြီး ဇေဂါသည် လူထုကို ထိုသို့ လက်တွေ့အကျိုးပြုသလို၊ အစိုးရဇာဟိုထိန်းချုပ်ကွပ်ကဲရေးအေဂျင်စီ အတွက်လည်း လျှို့ဝှက်သိပ္ပံစမ်းသပ်မှုများနှင့် တီထွင်ဖန်တီးမှုများ ပြုလုပ်ပေးမှုကြောင့် ပရော်ဖက်ဆာဝှက်လောကမှာတော့ ဇေဂါသည် ဘုရင်တစ်ဆူပင်···။

သို့သော် ဦးနှောက်တွေ ဘယ်လောက် ထက်မြက်ပါသည် ဆိုကာမူ အဘိုးကြီးက အသက်ကြီးနေပြီ···။

ဒီရက်ပိုင်း အဆီအငေါ်မတည့်တာတွေ ဆက်တိုက်ဆိုသလို ဖြစ်လာပြီး ဂျူနီယာကျသည့်လုပ်ဖော်ကိုင်ဖက်များက တစတစ သတိပြုမိလာလေသည်။

မျက်မှန်ကြီး ခေါင်းထိုးပြီး မျက်မှန်လိုက်ရှာနေတာမျိုး၊ ကော်ဖီခွက်ကို အခုပဲ အလုပ်စားပွဲပေါ်တင်ပြီး ကော်ဖီခွက်လိုက်ရှာ



နေတာမျိုး၊ တစ်ခါတစ်ရံ သူတီထွင်ထားသည့် စက်ရုပ်များကို နံပါတ်စဉ် မှားယွင်းတပ်ကာ ကမောက်ကမ ကွန်ထရိုးလုပ်နေခြင်းမျိုးတွေကို လုပ်ဖော်ကိုင်ဖက်များ မြင်တွေ့နေရသည်မှာ တော်တော်ကြာပါပြီ···။

"တွေ့မိသလား···ငါ့ ကော်ဖီခွက်···"

ဒီနေ့တော့ ဇေဂါ ဘဝတစ်ဆစ်ချိုးပြောင်းလဲရတော့မည်။

အထက်က ခွင့်ပြုမိန့်ကျထားပြီဖြစ်သည့်အတွက် လုပ်ဖော်ကိုင်ဖက်များက ဇေဂါကို ထိန်းချုပ်ရန်အတွက် စောင့်နေပြီး မျက်လုံးနှင့် အချက်ပေးနေကြသည်။

ဆရာတစ်ဆူလို ဘုန်းမီးနေလ တောက်လောင်ပြီး၊ ရိုသေလေးစားရလွန်းသဖြင့် ဘယ်သိပ္ပံပညာရှင်ကမှ ဒါမျိုး မလုပ်ချင်ပါ။

သို့သော် အဘိုးကြီးက တာဝန်ကြီးကြီးတွေ ယူထားရတဲ့သူ။ သူတစ်ချက်လွဲချော်သွားတာနဲ့ တိုင်းပြည်ကမောက်ကမ ဖြစ်သွား နိုင်သည်မို့ မလုပ်လို့မရတော့···။

ပညာရှင်တစ်ယောက်က ခေါင်းညိတ်လိုက်တယ်ဆိုရင်ပဲ တပည့်လည်းဟုတ်၊ လုပ်ဖော်ကိုင်ဖက်များလည်း ဟုတ်ကြတဲ့ သိပ္ပံပညာရှင်များက ဇေဂါကို ဝိုင်းဝန်းချုပ်နှောင်ပစ်လိုက်ကြသည်။

"ဟေး··ဟေး··မင်းတို့ ငါ့ကို ဘာလုပ်ကြတာလဲ··။"

အဘိုးကြီးက ထင်မထားသဖြင့် အငိုက်မိသွားပြီး သူ့ကို ဖမ်းချုပ်ထားကြတဲ့ လူတစ်စုလက်ထဲ ယက်ကန်ယက်ကန်နှင့် ဝူး ဝါးဝါးတွေ အော်ဟစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်တွေ လွှတ်ကြနော်… မင်းတို့ ဘာဖြစ်ချင်ကြတာလဲပြော…"

ထိုစဉ် လူတစ်ယောက်က အဘိုးကြီးနှာခေါင်းကို လက်ကိုင်ပုဝါတစ်ထည်နှင့် အုပ်ပေးလိုက်ရာ အဘိုးကြီး ငြိမ်ကျသွားလေတော့သည်။

ဖေးဂါမှာ သိပ္ပံပညာရှင်တစ်ယောက်အဖြစ်ကနေ အစမ်းသပ်ခံလူသားဘဝသို့ ရောက်ရှိသွားပြီး ကုတင်ပေါ်တွင် ပက်လက်အနေအထားနှင့် အိပ်ပျော်နေလေတော့သည်။

"မကြောက်နဲ့…ရဲရဲလုပ်…"

ပညာရှင်တစ်ယောက်က အတုန့်တုန့်အရီရီဖြစ်နေသဖြင့် ကျန်လူတစ်ယောက်က ထိုသို့ ပြောသည်။ မှန်ပါသည်။ သူတို့တွေဟာ ဖေးဂါရဲ့ ဦးနှောက်တစ်သျှူးကို ထုတ်ယူပြီး MRI စက်နှင့် Scan ဖတ်ကာ ဖေးဂါရဲ့ ဦးနှောက်အနေအထားကို လေ့လာစမ်းသပ်ပေတော့မည်။

Scan ကျွမ်းကျင်ပါရဂူက ဖေးဂါရဲ့ ဦးနှောက်တစ်သျှူးပမာဏနဲ့ အဖြူရောင်ပစ္စည်းများပမာဏကို သံလိုက်လှိုင်းတုန့်ပြန်မှုပုံရိပ်ဖမ်းယူခြင်းအတတ်နှင့် စနစ်တကျ တိုင်းတာနေလေသည်။

ပညာရှင်တွေအားလုံးလည်း ရင်ခုန်စိတ်လှုပ်ရှားနေကြပြီး ဘုရားထံသို့သာ ဆုတောင်းနေကြတော့သည်။ မည်သူမှ အသက်ပင် ရဲရဲမရှူဝံ့ကြ။

သိပ်မကြာ Scan ကျွမ်းကျင်ပါရဂူက စကားကိုပြောရန် အနိုင်နိုင် အားယူလိုက်ရပြီး…"



"ဒီအဘိုးကြီးကို ကျုပ်တို့ ဒီနှစ်ထဲ စိတ်ချလက်ချလွှတ်ပေးထားတာ အရမ်းကို မှားသွားပြီ…"

အားလုံးက အဖြေကို ကြိုသိနေကြပြီ…။

"ဒါပေမဲ့ လက်တွေ့စမ်းသပ်မှုမှန်သမျှကို ကျုပ်တို့နဲ့ ပူးပေါင်းလုပ်နေတာပဲ…စိုးရိမ်စရာမရှိပါဘူး။"

"မဟုတ်ဘူး…ဖေးဂါဟာ သိပ္ပံမှော်ဆရာကြီးပါ…။ စမ်းသပ်ခန်းထဲမှာ ကျုပ်တို့နဲ့ပူးပေါင်းဆောင်ရွက်နေသလို ၊ သူ့အိမ်က LAB အခန်းထဲမှာလည်း သူ့ဉာဏ်ကွန့်မြူးမှု မှန်သမျှကို အကုန်တီထွင်နေတာတဲ့တယ်…"

Scan ကျွမ်းကျင်ပါရဂူက ခေါင်းတစ်ချက်ယမ်းလိုက်ရင်း

"ဘုရားရှင် စောင်မတော်မူပါ…ဟောဒီမှာ ခင်ဗျားတို့ကြည့်စမ်း…"

Scan စက်မှာပေါ်နေတဲ့ သင်္ကေတမျဉ်းများကို လက်ညှိုးထိုးပြလိုက်ကာ…

"တွေ့လား…ဖေးဂါမှာ ဦးနှောက်ကျုံ့ဝင်ခြင်းရောဂါရှိနေပြီ…"

"အို…"

"ဟင်…"

"ဟာ…"

ပညာရှင်တွေအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

ဒီကိစ္စက နယ်နယ်ရရတော့မဟုတ်။ ဖေးဂါ တီထွင်ထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စမ်းသပ်တီထွင်ထားတဲ့ စမ်းသပ်ချက်တွေ ယန္တရားတွေ၊ အိကွေးရှင်းတွေဆိုတာ တပုံကြီး…။ အချို့…အချို့ရဲ့ KEY တွေ MAIN တွေကို သူတစ်ယောက်ပဲ သိသည်။

အသက်ခုနစ်ဆယ်ကျော် အဘိုးကြီးအဘွားကြီးတွေမှာ ဦးနှောက်ကျုံ့ဝင်ခြင်းရောဂါ ဖြစ်ပွားပြီး မှတ်ဉာဏ်များလျော့ကျ ထုံထိုင်းလာတတ်သည်မှာ ထူးတော့ မထူးဆန်းလှ…။

သို့သော် ဖေးဂါးနှင့် ဒီဦးနှောက်ကျုံ့ဝင်ခြင်းရောဂါကို တခြားစီမြင်ခဲ့ကြသည့် ဆိုင်ရာပုဂ္ဂိုလ်များအတွက်တော့ မဟာအမှားတစ်ခုကို ကျူးလွန်လိုက်ခြင်းပင်…။

* * *

## အခန်း (၁၅)

လူစွမ်းကောင်းလုပ်ပြီး ကောင်မလေးကို ပွေ့ပိုက်ကာ ထောင့်ချိုးတစ်ခုသို့ ခေါ်ဆောင်လာခဲ့ရသည်။ တကယ်တော့ သူကိုယ်တိုင် ကြွက်မတက်ဖူးသဖြင့် ဘာလုပ်လို့လုပ်ရမှန်း မသိ။

သူမ ခြေသလုံးသားထဲက ကြွက်သားစိုင်တချို့က လှုပ်ရှားရုန်းကြွနေကာ အပေါ်သို့ ရုန်းတက်နေကြသဖြင့် သူမကို ဒူးခေါင်းကွေးပြီး သူထိုင်နိုင်းထားရသည်။

မိန်းကလေးကတော့ နာကျင်မှုနဲ့အတူ ရှုံ့မဲ့ညည်းတွားနေလေတော့သည်။

“မထနဲ့ဦးနော်…လုံးဝမထနဲ့ဦး…ဒူးကိုဖိပြီး ဆက်ထိုင်ထားဦး…”

“အား…ကျွတ်…ကျွတ်…”

အခြေအနေတွေ တည်ငြိမ်လာအောင် ဆယ့်ငါးမိနစ်လောက် သူတို့ စောင့်လိုက်ရတယ်ထင်ပါသည်။

နောက်တော့ မိန်းကလေးက သူမ ခြေသလုံးသားများကို

www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်သလို စိုက်ကြည့်ရင်း…

"ကျွန်မ ထလို့ ရပြီထင်တယ်… ကြွက်သားတွေ ရှန်းမနေတော့ဘူး…"

"အိုကေ…ဖြေးဖြေးချင်း ထကြမယ်လေ…"

မိန်းကလေးက သူ့လက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်အားယူပြီး ဖြည်းဖြည်းချင်း မတ်တပ်ရပ်ကြည့်သည်။ တုံ့ဆိုင်း တုံ့ဆိုင်းနှင့် ကြောက်နေပုံလည်း ရသည်။

"အို…ရ…ရပြီ ဘာမှ မဖြစ်တော့ဘူး…"

သူမက ထိုသို့ ဝမ်းသာအားရနှင့်ပြောရင်း ဆုပ်ကိုင်ထားတဲ့ သူ့လက်ဖဝါးနှစ်ဖက်ထဲက သူမလက်ချောင်းကလေးများကို ညင်သာစွာ ရုန်းစဉ် သူက ခပ်တင်းတင်းကလေး ပြန်လည်ဆုပ်ကိုင်ထားတာမို့ ပန်းနုရောင်သမ်းနေတဲ့ အပြုံးနုနုနဲ့ တစ်ဖက်သို့ မျက်နှာလွှဲသွားပြီး…

"လွှတ်တော့လေ…ကျွန်မလက်တွေကို…"

"အင်း…ဖြေးဖြေးပေါ့…နာမည်ပြောဦးလေ…"

"မိုင်းဝေ…"

"ကိုယ့်နာမည် ဃာဂူးပါ…"

"ကျွန်မ သိပါတယ်…"

"အင်…ဟင်…"

"ကဲ..ကျွန်မလက်ကို လွှတ်တော့နော်…"

"စစ်ကြောင်းနောက်ကို လိုက်ဦးမလို့လား…။ ပင်ပန်းပါတယ်ကွာ…ကိုယ့်နောက်ကိုပဲလိုက်ခဲ့…နော်…မိုင်းဝေ…"



သူမက သဘောကျစွာ ပြုံးလိုက်ရင်း…

"ရှင့်နောက်ကို လိုက်ခဲ့ဖို့ဆိုတာ ရှင်ဘယ်သွားမလဲ သိဖို့လိုတာပေါ့…"

"အော်ရ ဟစ်ရ လမ်းလျှောက်ရတာ ဗိုက်မဆာသေးဘူးလား…။ ဒီနားမှာ ကိုယ်ထိုင်နေကြ ပဉ္စမတေးသွားကော်ဖီဆိုင်ဆိုတာ ရှိတယ်။ အဲဒီမှာ အဆာပြေတစ်ခုခုသွားစားရင်း စကားပြောကြမယ်လေ မကောင်းဘူးလား…"

သူမက ခေါင်းညိတ်ပြသည်။

သူက သူမညာဘက်လက်ဖဝါးလေးကို ဆုပ်ကိုင်ထားခဲဖြစ်ပြီး သူမကလည်း ထပ်မံမငြင်းဆန်တော့…။

ပဉ္စမတေးသွားကော်ဖီဆိုင်ထဲရောက်တော့ တစ်စုံတစ်ယောက်သောသူက ဂျာနယ်ကြီးထောင်ဖတ်နေပြီး သိသိသာသာပင် ၎င်း၏မျက်နှာကို ကွယ်ထားလေသည်။

ညာဘက်လက်ခလယ်မှာ စွပ်ထားတဲ့ ပလက်တီနမ်လက်စွပ်တစ်ကွင်းကြောင့် သူမဟာ ဟူယံသာဖြစ်နိုင်ကြောင်း၊ ဃာဂူးရိပ်မိသွားပြီး၊ သွားမန္တတ်ဆက်တော့တဲ ပြုံးမိရင်းသာ အနည်းငယ် လူသူရှင်းသည့် စားပွဲင်းတစ်ခုဆီသို့ လျှောက်လာခဲ့သည်။

ဟူယံဟာ ကော်ဖီဆိုင်ထဲက လူတစ်ရပ်နီးပါးအမြင့်ရှိတဲ့ ရှုံချုပ်တွေထဲကနေ သူ ကောင်မလေးတစ်ယောက်နဲ့ တွဲခုတ်လာခဲ့ပြီးမှန်း မြင်တွေ့သွားပြီး ထိုသို့ ရှောင်ပေးလိုက်သည်ထင်ပါသည်။ ဘယ်လောက်အထာနပ်ပြီး ချစ်စရာကောင်းလိုက်တဲ့ အဘွားကြီးတစ်ယောက်ပါလဲ…။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်စရာတွေမှာပြီးသွားတော့ မိုင်းဝေက…

“ကျွန်မ ဒီဝိုင်းကို ရှင်းမယ်နော်…”

“ဟင့်အင်း… မရှင်းရပါဘူး…”

“ရှင် ရှင်းမလို့လား…အခုမှသိတဲ့ ယောကျ်ားတစ်ယောက် ကျွေးမွေးတာမျိုး ကျွန်မ မစားတတ်ဘူးရှင့်”

မိန်းမနှင့်အတူ တွဲပါလာတတ်သည့် မာနအချို့ကြောင့် သူပြုံးမိသွားရင်း…

“ကိုယ်လည်း မရှင်းပါဘူး…နိုင်ငံတော်က ရှင်းပါလိမ့်မယ်”

တကယ်တော့ ဒီကိစ္စကို မိုင်းဝေလည်း ကြိုသိထားပုံရပါသည်။ သိပ်မအံ့သြတော့သော ပုံစံဖြင့် ခေါင်းတစ်ချက်ဆက်ပြရင်း…

“ရှင့်အကြောင်းတွေ ကြားဖူးနေတာတော့ ကြာပါပြီ။ လူတော့ အခုမှပဲ မြင်ဖူးတော့တယ်။”

“ကိုယ်ကတော့ မင်း အကြောင်းတွေ မကြားဖူးသေးဘူး နည်းနည်းလောက် သတင်းစာရှင်းလင်းပွဲလုပ်ပါဦး”

သူမ သူ့စကားကြောင့် မျက်စောင်းတစ်ချက်ဝင့်လိုက်ကာ…။

“မိုင်းဝေက ဒီမြို့ကမဟုတ်ပါဘူး…။ ဖိုပိုလန်ကပါ…”

“ဪ…ဖိုပိုလန်…ကိုယ်သိတယ်။ ယဉ်ကျေးမှုမြို့တော်ပဲ…”

“ဟုတ်တယ်…အဲဒီမှာ ဘွဲ့ရပြီး၊ ခေတ်မှီမှီ အလုပ်လုပ်



ချင်တာနဲ့ မြို့ပေါ်တက်လာရင်း အခု အဆောင်တစ်ခုမှာနေတယ်လေ…”

“ဒီရောက်ပြီး သိပ်မကြာခင် အလုပ်ကရတယ်လေ။ မျှော်လင့်ထားတဲ့အတိုင်း အမြင့်ဆုံး ရည်မှန်းချက်စက္ကူထရီပေါ့…”

“ဪ…”

ထင်တော့ ထင်သား…။

ဒီလို ရုပ်ရည်၊ ဒီလို ဘော်ဒီ၊ ဒီလိုဆွဲဆောင်မှုမျိုးနဲ့ အတန်းပညာသာ ပေါင်းစပ်လိုက်မယ်ဆိုရင် စက္ကူထရီလောက်တော့ အသာလေး…ကိုး

“အလုပ်စဝင်ဝင်ချင်းတော့ မိုင်းဝေအရမ်းကို အဆင်ပြေပါတယ်။ မိုင်းဝေက ရည်မှန်းချက်ကြီးတယ်။ sharp ဖြစ်အောင်လည်း နေတယ်။ ဒီတော့ မိုင်းဝေမှာ ဘယ်တော့မှ ပြိုင်ဘက်ဆိုတာ ရှိမလာနိုင်ဘူးလို့ ထင်ခဲ့မိတယ်လေ။ တကယ်တမ်းပြိုင်ဘက်ကပေါ်လာတော့ လူမဟုတ်ဘူး။ စက်ရုပ်ဖြစ်နေတယ်ရှင့်”

သူမက ပြောပြီး ဟက်ဟက်ပက်ပက်ကို ရယ်ပစ်လိုက်သည်။

ဟူယံကို ဆတ်ကနဲလှည့်ကြည့်လိုက်တော့၊ လူလည်ကြီး ဟူယံက သူမမျက်နှာကို ဂျာနယ်တစ်စောင်နှင့် ဘတ်ကနဲအာကွယ်ပစ်လိုက်သည်။

ကြည့်စမ်း…ဟူယံ ဘယ်တုန်းကတည်းက သူတို့နှစ်ယောက်ကို ချောင်းကြည့်နေလေတယ် မသိ၊ အင်း…ပြီးရင်တော့ သူမကိုလည်း သတင်းစာရှင်းလင်းပွဲတစ်ခုတော့ ပြန်လုပ်ပေးအုံး

www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်ပါသည်။

"စက်ရုပ်ကို မင်း မယှဉ်နိုင်ခဲ့ဘူးလား..."

ထိုစဉ် မှာထားသော အစားအသောက်များကို စားပွဲထိုးက လာချသည်မို့ သူမက လက်ဝါးတစ်ချက်ကာပြီး တူနာငါးကင်နှင့် အာလူးမီးဖုတ်များကို ကော်ဖီနှင့် မျှောချနေလေတော့သည်။

သူကတော့ ထုံးစံအတိုင်း Dead sea ကော်ဖီပြင်းတစ်ခွက်ကိုသာ အရသာခံသောက်နေပြီး

"ကျွန်မတို့က အလုပ်များတဲ့ ဘော့(စ်)တွေနဲ့ အလုပ်အတူတွဲလုပ်ရတာရှင့်။ ဘော့(စ်)တစ်ယောက်ရဲ့ တစ်နေ့တာ အချိန်ဇယားကို time management နဲ့ work management ဆိုပြီး အတိအကျ ဆွဲပေးရတာ။ အချိန်လစ်ဟင်းမှုရှိလို့ မရသလို လုပ်ငန်းမှားယွင်း ဆောင်ရွက်မိတာမျိုးလည်းဖြစ်လို့ မရဘူးလေ"

"မင်းကြည့်ရတာ ထက်ထက်မြက်မြက်ရှိမယ့်ပုံပါပဲ။ မင်းဘက်က ပေါ့ဆခဲ့မိတာမျိုးရှိခဲ့လို့လား..."

"ဟင့်အင်း...ကျွန်မရဲ့ စက္ကူထရီသက်တမ်းတလျှောက်မှာ ပေါ့ဆမှု၊ လစ်ဟင်းမှုတစ်ခုမှ မရှိခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မတို့က လူလေ။ စက်ရုပ်မှမဟုတ်တာ။ စက်ရုပ်တစ်ရုပ်ရဲ့ memory cardထဲက ၉၄ ဂစ်ကိုတော့ ယှဉ်လို့ရမလား။

ဆိုပါစို့...။ ကျွန်မတို့ ကုမ္ပဏီမှာ ပို့ကုန်သွင်းကုန်နဲ့ ရှင်းတမ်းတွေ၊ ငွေကြေးကိန်းဂဏန်းတွေက နေ့စဉ်ရှင်းတမ်း၊ လစဉ်ရှင်းတမ်း၊ နှစ်ချုပ်ရှင်းတမ်း၊ ရသုံးမှန်းခြေ၊ ဘတ်ဂျက်ဇယား စသဖြင့် တွေ့ရှိတယ်လေ ဒါတွေကို ကျွန်တော်တို့လိုလူသား



ဦးနှောက်က စက္ကန့်နဲ့အမျှ အပေါင်းအနုတ် လက္ခဏာဆောင် နေတဲ့ ဒီကိန်းဂဏန်းတွေကို ခေါင်းထဲ ဘယ်ထည့်ထားနိုင်မလဲ...။"

"ဒါပေါ့...။ ဘယ်စာရင်း၊ ဘယ်စာအုပ်ထဲမှာ ရှိတယ်ဆိုတာသိရင် တော်ပြီပေါ့။ ဒါတွေကို အကုန်လိုက်မှတ်နေဖို့ဆိုတာ ဘယ်လွယ်မယ့်အလုပ်လဲ"

"ဒါပေမဲ့ ကျွန်မတို့နေရာ ဝင်လုသွားကြတဲ့ စက်ရုပ်တွေအတွက်ကတော့ လွယ်တယ်"

"ဪ..."

ဒီလောက်ဆို စက်ရုပ်တော်လှန်ရေးလူထုချီတပ်ဖွဲ့ထဲ သူမပါဝင်ဆင်နွှဲရခြင်းအပေါ် သူ့အတော်ကလေး နားလည်သဘောပေါက်သွားလေပြီ။

"ဘဏ္ဍာရီသက်တမ်းရှိနေသမျှ ဘယ်လောက်ပဲအချိန်ပိုဆင်းရဆင်းရ သူတို့မှာ စိတ်ဖိစီးမှုဆိုတာလည်း မရှိဘူးလေ။ ဒီတော့ ကျွန်မတို့တွေ အလုပ်ပြုတ်ခဲ့ကြတယ်ပေါ့..."

သူ သက်ပြင်းတစ်ချက်သာ ချလိုက်မိပါသည်။

ကမ္ဘာကြီးမှာ သူလိုက်မမှီနိုင်တဲ့ ကိစ္စတွေဆိုတာ အမြောက်အမြားပါလား။

အဲဒီနောက်တော့အလုပ်ပြုတ်လို့ စိတ်အချဉ်ပေါက်နေတဲ့ သူမနဲ့ ချစ်ရမယ့်သူမရှိလို့ စိတ်လေနေတဲ့ သူတို့နှစ်ယောက် မကြာခဏဆိုသလို ချိန်းတွေ့မိကြပြီး လူယောက်ျားနဲ့ လူမိန်းမတို့ သဘာဝအတိုင်း သိပ်မကြာခင် ကာလတခုမှာ ချစ်သူရည်းစားများ ဖြစ်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

multi - facted ...။

အချစ်ဆိုတာ တာထွက်မှုပေါင်းစုံရဲ့ အပြင်းစားစိတ်ခံစားမှုတရပ်ဆိုတာ သင်ကိုယ်တိုင်သတိထားမိပါရဲ့လား…။

သိမ်မွေ့တဲ့ ကဗျာတွေ၊ ဒဿနစကားတွေနဲ့ အချစ်ကို လုံခြုံစွာ ထုပ်သိမ်းထားခဲ့တဲ့ သင့်အတွက်တော့ ဒါကို လက်ခံသဘောတူဖို့ ပန်းတစ်ပွင့်စာအချိန်ကာလ (နည်းနည်းခေါင်းမာတတ်တဲ့သူအဖို့ဆိုလည်း) မီးတောင်သေ တစ်လုံးပြန်လည်အသက်ဝင်လာမယ့် အချိန်ကာလအထိတော့ စောင့်ချင်စောင့်ရမှာပေါ့။

ဒါနဲ့ သင် နှင်းဆီးပန်းကလေးတစ်ပွင့်တစ်လေလောက်ကို မွေးမြူခဲ့ဖူးသလား‥။

Aphrodite(ဂရိအချစ်နတ်သမီး)အတွက် ရည်စူးမြတ်နိုးခဲ့ကြတဲ့ ပြင်းပြတဲ့ ဆန္ဒရမ္မက် နှင်းဆီနီတွေလေ…။

ဟောဟိုမှာ ကြည့်စမ်း…။



ဆောင်းခိုငှက်တစ်ကောင် ကိုက်ချီလာတဲ့ နွေတစ်ရာသီစာလို၊ တောက်ပနွေးထွေးလှတဲ့အချစ်ဟာ ကိုယ့်ရင်ဘတ်ပေါ်မှာ တစ်ဖိတ်ဖိတ်စီးကျတောက်ပနေတာကို မင်းမြင်ရဲ့လား…။ လာ… ကိုယ်တို့ စတော်ဘယ်ရီစိုက်ခင်းတွေဘက် သွားရအောင်…။

သူတို့ဟာ သိပ်ချစ်စရာကောင်းတဲ့ အစိမ်းရောင်အရွက်ဝိုင်းဝိုင်းပုပုနဲ့ အပင်လေးတွေပေါ့…။ ဟင့်အင်း။ သူတို့မှာ ဆူးမရှိဘူး။ ရဲရဲတင်းတင်း ခူးဆွတ်ပြီး စားလှည့်ပါချစ်သူ။ စတော်ဘယ်ရီသီးကနေ ယိုကျစိမ့်ထွက်လာမယ့် သစ်သီးရည်တချို့ မင်းနှုတ်ခမ်းမှာ ပေကျံနေတာကို ကိုယ်လည်း မြင်ဖူးရတာပေါ့။

ကိုယ်အခု Byron(ဘိုင်ရွန်)ရဲ့ ကဗျာတွေ ဖတ်ဖြစ်နေတယ်။

"ညသည် ချစ်ဖို့ဖန်တီးဖြစ်ပေါ်လာရသည်‥"တဲ့။ မင်းကတော့ ရှက်ရွံ့တုန်ရီစွာနဲ့ မျက်လွှာချသွားမှာ အသေအချာပဲ။

ဟုတ်လား…။ ကိုယ်အခု ရင်ခုန်နေတယ်။

ထားပါတော့…။

အကယ်၍ ကလီယိုပါထရာ၏ နှာခေါင်းသာ ယခုထက်ပို၍ တိုနေလျှင် ကမ္ဘာ့မျက်နှာစာကြီးတစ်ခုလုံး ပြောင်းလဲသွားပေလိမ့်မည်…တဲ့။

Blaise Pascal ရေးခဲ့ဖူးတယ်။

ဟင့်အင်း…ကိုယ် မသိပါဘူး…။

ကိုယ် သတိထားမိနေတာက မင်းရဲ့ ရင်ညွှန့်အလယ်နေရာ မှဲ့နီလေးတစ်လုံးရယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဟိုက်ဟိုက် ဇာအင်္ကျီပျော့ပျော့ကလေးတွေ ဝတ်ဆင်ပါမှ တခါတရံ မတော်တဆဆိုသလို လှစ်ခနဲ မြင်ရတတ်တဲ့ မှဲ့နီကလေးတစ်လုံးရှိရာ ရင်အုံကြွကြွကလေးတွေကို ကိုယ် ချစ်တယ်။

ကိုယ်က စိတ်ခံစားမှုပြင်းပြတဲ့ ယောကျ်ားသားတစ်ယောက်ပေပဲ…။

လူသားတို့၏ လိင်အချစ်နဲ့ ပြောင်းလဲနေသော စိတ်အခြေအနေ ကွင်းဆက်များသည် ဉာဏ်မမှီနိုင်လောက်အောင် ပဟေဠိဆန်နေဦးမည်သာလို့ အလယ်ခေတ်က ဒဿနဆရာတွေ ဟောကိန်းထုတ်ခဲ့ကြသလိုပေါ့…။

ကိုယ့်စိတ်နောက်ကို ထပ်ကြပ်မကွာလိုက်ဖို့ ဘယ်လောက်အထိများတောင် ဉာဏ်မမှီပြီး ပဟေဠိဆန်နေဦးမယ်ရယ် မသိဘူး။

ကောင်းကင်ကို မော့ကြည့်တိုင်း ကြယ်တံခွန်ကို ရှာတတ်တဲ့ သူတော့မဟုတ်ဘူး။ ဒါပေမယ့် ရဲရဲကြွကြွ နှင်းဆီပန်းလေးတွေ တွေ့တိုင်း ကိုယ့်စိတ်တွေခက်ထန်မာကျောတတ်တယ်။

မင်းနှုတ်ခမ်းသားပေါ်က ဆိုးဆေးရနံ့ကို ရှူရှိုက်ရသလိုပဲ။

Christian Dior ရေမွှေးရနံ့ဟာ ချွေးစို့စို့ရနံ့နဲ့ရောပြီး ကိုယ့်ဆီရောက်လာခဲ့သလိုပဲ။

s..o.....s..e..x..y....လို့ ခပ်တိုးတိုးလေး ပြောရင်း ကိုယ့်လိပ်ပြာ ကိုယ်ဖွက်ပစ်လိုက်တယ်။

အချစ်··မင်းလည်း သိလိမ့်မယ်။

တို့နှစ်ယောက်ရဲ့ အမှတ်တရများစွာထဲက အမှတ်တရတစ်ခုရယ်ပေါ့။



"မိုင်းဝေ…ကိုယ့်ကို ခွင့်လွှတ်ပါ…နောက်ပြီး…please..။"

တိုးတိတ်ညင်သာပြီး ပဋ္ဌလက်ဆန်ဆန်…မက်မောစရာ…အံ့သြဖွယ်ရာ…။

တသီးတသန့်ဆန်မှု….ထိထိတွေ့တွေ့…။

ကမ္ဘာကြီးကိုတောင် ကိုယ်တို့ မေ့လျော့ခဲ့ကြတယ်လေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

သတိထားမိနေသည်။ သတိထားမိနေတာတော့ ကြာပြီ။

နောက်ပြီး ဘဝင်လည်း မကျလှ။

မိုင်းဝေဟာ ချစ်စရာကောင်းတဲ့၊ ဖွဲ့လန်းတိမ်းညွတ်စရာကောင်းတဲ့ မိန်းမသားတစ်ဦးပါ။ နောက်ပြီး ပညာတတ်မိန်းမတစ်ယောက်လို ထက်ထက်မြက်မြက်ရှိပြီး ယဉ်ကျေးသိမ်မွေ့မှုအပြည့်လည်းရှိပါရဲ့။

ဒါပေမယ့် တခါတရံ…ဟုတ်တယ်…တခါတရံ မိုင်းဝေမှ ဟုတ်ပါလေစလို့ သူ သံသယဝင်မိတဲ့အချိန်မျိုးတွေလည်း ရှိတာတော်ပြန်သည်။ အင်း‥အခုလို မှန်ပြတင်းပေါက်နားမှာထိုင်ရင်း ကော်ဖီသောက်တဲ့အချိန်မျိုးမှာပေါ့…။

ငှားကလေးတစ်ကောင်…။ မှန်ပြတင်းကနေ အပြင်ကို ထွက်ချင်ရှာလို့ ထွက်ပေါက်လိုက်ရှာနေတဲ့ ငှားကလေးတစ်ကောင်။ သူသွားချင်နေတာက ပန်းပွင့်ကလေးဆီကိုလား… သူ့အသိုက်



အမြဲ့ဖြစ်တဲ့ပျားအုံဆီကိုလား တစ်နေရာရာပေါ့…။

သူ မှန်ပြတင်းပေါက်တံခါးကို တိုးနေတာတော့ ကြာပြီ။ ဃာငူးလည်း မိုင်းဝေကို အကဲခတ်နေတာတော့ ကြာပါပြီ။

တကယ်ဆို ဂျက်ကလေးဖြုတ်ပြီး ပြတင်းတံခါးကို နည်းနည်းဟပေးလိုက်ရုံနဲ့ တစ်ဖက်သားဘဝက လွတ်မြောက်ခွင့်မယ့်ကိစ္စကို မိုင်းဝေ နည်းနည်းလေးမှ ကိုယ်ချင်းမစာမိဘူးလား။

"မိုင်းဝေ နယ်မပြန်ချင်တော့ဘူး…။ အလုပ်ပြုတ်ပြီးတော့မှ မောင်နဲ့ချစ်သူဖြစ်ရတာဆိုတော့ မိုင်းဝေ စိတ်လည်းမလေပါဘူး။ သတင်းစာတွေထဲက အလုပ်ခေါ်စာတွေတော့ အမြဲမပြတ် စောင့်ဖတ်နေတာပဲ။ အခွင့်သာတဲ့ တစ်ချိန်တော့ မိုင်းဝေ အလုပ်ပြန်ရမယ် မျှော်လင့်ရတာပဲ…။

ပြောပြီး သူမဘာသာ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းတွားနေလိုက်သေးသည်။

ဘယ်လောက် ကိုင်ပေါက်ပစ်ချင်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပါလဲ…။

တကယ်ဆို သူမလည်း သူမနည်းသူမဟန်နဲ့ မွန်းကျပ်နေသလို၊ မှန်သားပြင်အတွင်းက ပျားကလေးတစ်ကောင်ခမျာလည်း သူ့နည်းသူ့ဟန်နဲ့ မွန်းကျပ်နေတာပဲမဟုတ်ဘူးလား။

သူစိတ်မသာမယာနှင့် သက်ပြင်းတချက်ချလိုက်ရင်း ပြတင်းတံခါးဂျက်ကို ဖြုတ်လိုက်သည်။ တံခါးကို အသာလေးဟပေးလိုက်သည်။

မမောတမ်း တရစပ်တိုးဝှေ့နေတဲ့ ပျားကလေး မှန်သား

www.burmeseclassic.com

www.burmeseclassic.com



ပြင်နေရာအဆုံး လေထုနဲ့ထိတွေ့ပြီး အဝေးကို ပျံ့သန်းလွင့်မြောက်သွားပုံက ကြည်နူးစရာကောင်းလှသည်။

သူ ကူညီလိုက်တာကို ဖွားကလေးသိပ့်မလား။ ကျေးဇူးရော တင်သွားရဲ့လားဆိုတာ သူမသိပါ။ အနှောင်အဖွဲ့ကင်းကင်းနှင့် မသိချင်ပါ။ ကမ္ဘာပေါ်မှာ…၊ နှလုံးသားတွေ တစတစ မာကျောလာကြတဲ့ လူသားတွေကြားမှာ သေးသေးမွှားမွှားလေး နေရာကပဲ ဖြစ်ဖြစ် လူပီသလိုက်ရရင်ကို ကျေနပ်ပါပြီ။

"မိုင်းဝေ…မင်းမှာရော…ဒီလို ခံစားချက်တွေ မရှိနိုင်သူလား…။"

သူ မိုင်းဝေကို မသိမသာပြန်လည် အကဲခတ်လိုက်ပါသည်။

ဟင့်အင်း…။ မိုင်းဝေဟာ စောစောက သူ့လုပ်ရပ်အတွက် ဘာခံစားချက်မှလည်းမရှိသလို၊ သူမကိုယ်သူမလည်း လုံခြုံမှုမရှိသည့်ပုံစံမျိုးလည်း ဖြစ်မနေဘဲ သူ့ပခုံးထက် ခေါင်းကလေးမှီနိုလာသည်။

"မောင့်ကို မိုင်းဝေ အရမ်းချစ်တယ်"

ကြည်တော့ ကြည်နူးရပါသည်။

မိုင်းဝေဟာ သူ့ထက် အနည်းငယ် အသက်ကြီးပုံတော့ရသည်။ ဟူယံပြောတဲ့ အသက် ၂၀ မိန်းကလေး ၆ ယောက်ထဲက တစ်ယောက်လည်း ဖြစ်နိုင်သည်။ ဘယ်ဘက်က မေးမေး ကိုယ်က အသက်ငယ်နေသဖြင့် ဒီနေ့ထက်ထိ သူမအသက်ကို သူမမေးမိ။



သူမနှင့်သူ ချစ်သူတွေ ဖြစ်လာခဲ့တာကြာတော့ ကြာပါပြီ။

အဲဒီလို မိုင်းဝေရဲ့ တခါတရံ နှလုံးသားမဆန်တတ်တဲ့ အသေးအဖွဲ့ကိစ္စလေးတွေကို သူစိတ်ပျက်မိတာကလွဲရင် မိုင်းဝေကို သူတကယ် ချစ်မိပါသည်။

"မောင်…"

"ဟင်…"

"ဟိုမှာ ထီပေါက်စဉ်လိုက်ရောင်းနေတာမဟုတ်လား…။

"အင်း…ထီထိုးထားလို့လား…"

"အင်း…သွားဝယ်ပေးနော်…။ တိုက်ကြည့်ရအောင်…"

"အင်း…အင်း…"

ကော်ဖီဆိုင်ထဲက ခဏထွက်လာခဲ့ပြီး ထီပေါက်စဉ်တစ်စောင်ဝယ်လိုက်ကာ မိုင်းဝေကို ပေးလိုက်သည်။

မိန်းမနှင့်အတူ တွဲပါလာတတ်သည့် လောဘတချို့ကို မိုင်းဝေဆီမှာ တွေ့လိုက်ရသည့်အတွက် သူပြုံးလိုက်မိသေးသည်။

မိုင်းဝေကတော့ သူမ ထီလက်မှတ်နှင့် ဆုကြီးစာရင်းကို အရင် စ,တိုက်နေလေ၏။

"ဟာကွာ…ပေါက်လည်း မပေါက်ဘူး…"

"မပေါက်ဘူးလား…"

"အင်းလေ… တော်တော်အကျင့်ပုတ်တဲ့ထီ…"

"ဟောဗျာ…"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေဆီက တခါတရံ ထိုသို့ တောက်တီးတောက်တဲ့ စကားတွေကြားရတာလည်း ရယ်တော့ရယ်စရာ…။

မိန်းမတစ်ယောက်နဲ့ ချစ်သူဖြစ်ပြီဟော့ဆိုတာနဲ့ သူတို့နဲ့အတူ တွဲပါလာတတ်တဲ့ လောဘတွေ၊ မောဟတွေ၊ မာနတွေ၊ ပေါက်တတ်ကရတွေဟာ တခါတရံရယ်ဖို့လည်း ကောင်းသလို တခါတရံ စိတ်ပျက်စရာလည်း ကောင်းပါသည်။

အင်း…ဒါကြောင့်လည်း ယောကျ်ားတွေဟာ ရယ်စရာတွေ၊ စိတ်ပျက်စရာတွေ ကြုံချင်ကြလို့ မိန်းမတွေနဲ့ ချစ်သူဖြစ်ကြည့်ချင်ကြတယ် ထင်ပါရဲ့…။

"သွားပါပြီ… ဒီတစ်လလည်း ထီမပေါက်ပြန်ဘူး"

"ဒါကြောင့် မောင် မိုင်းဝေကို ဒီလိုနေရာမျိုးကြပြန်တော့လည်း မိန်းမတွေဟာ ချစ်စရာ အကောင်းသားလား။ ရှေ့နားတိုးပေးလာတဲ့ ပါးကလေးကို နမ်းလိုက်တော့ သူမက ထီပေါက်စဉ်ရဲ့ ဆုကြီး နေရာကို အံ့အံ့သြသြ ကြည့်လိုက်ပြီး…

"အဲ…ကြည့်စမ်း…ထီပေါက်ဖို့ နိမိတ်ရပါရက်နဲ့ မိုင်းဝေနိမိတ် မဖတ်တတ်ခဲ့လို့ ဆုကြီးနဲ့ လွဲပြီ…"

"ဟုတ်လား…မိုင်းဝေ ဘယ်လို နိမိတ်ရခဲ့လို့လဲ…"

သူက ထီဆုကြီးရဲ့ ဂဏန်းဖြစ်တဲ့ ၄၂၉၄၉၆၇၂၉၇ တစ်ချက်ကြည့်မိရင်း ချစ်သူကို မေးလေတော့…"

"ဒီဂဏန်းကို မောင်ပဲ ပေးခဲ့တာလေ…"

"ဟင်…"

"မောင်မမှတ်မိတော့ဘူးလား…။ ဆယ့်ခုနစ်ရာစုတုန်းက သင်္ချာပညာရှင်ကြီး ဖားမက်အကြောင်း မောင် မိုင်းဝေကို ပြောခဲ့တုန်းက သုဒ္ဓကိန်းတစ်လုံးဖြစ်တဲ့ ဖားပက်ရဲ့ F5 လေ မောင်ရဲ့…"

၄၂၉၄၉၆၇၂၉၇…။

ထီဆုကြီးကို တစ်ချက်ပြန်ဖတ်ရင်း သူ့ ခေါင်းတွေ ပြာဝေလာသည်။

မိုင်းဝေ……မင်းဘယ်သူလဲ…။

ဘယ်…က…လဲ…။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဟူယံက သူတို့နှစ်ယောက်ကို နေ့လယ်စာ ကျွေးမည်ဟု ချိန်းဆိုထားရာ အနည်းငယ်စောနေသဖြင့် မြို့လယ်ခေါင် ရုပ်ရှင်ရုံ နားက အခမဲ့ပန်းခြံတစ်ခုဆီ သူတို့ ရောက်နေကြသည်။

ပန်းခြံထဲရောက်တော့ ထုံးစံအတိုင်း အမြင်မတော်စရာနှင့် တည့်တည့်ကို သွားတိုးတော့သည်။

"ပြော…ကိုကို့ကို ဘယ်လောက်ချစ်လဲ…"

"အများကြီး အားကြီးချစ်…"

"ရဘူးကွာ…အတိအကျပြော…မပြောရင် ဟွန်းနော်… ဒဏ်ခတ်လိုက်မယ်။

"ကြောက်ပါတယ်နော်…ကိုကို ခြိမ်းခြောက်ကြီးရဲ့… ချစ်တာက တိုင်းလို့မှ မရတာကိုး…လို့…"

"တိုင်းလို့ မရလည်း သက်သေတော့ပြ…"

"ကြည့်…ဖွတ်…အင်းပါ…ပြပါ့မယ်… ပင်လယ်ရေ



တွေ ချိုတဲ့တစ်နေ့၊ ဥသြငှက်တွေ တေးမဆိုတဲ့တစ်နေ့၊ နာရီတွေ ပြောင်းပြန်လည်တဲ့ တစ်နေ့…အို…ကိုကိုရယ်…ကျီးကန်းတွေ အဖြူရောင်ဖြစ်တဲ့ တစ်နေ့ကျမှ ကိုကို့ကို မုန်းတော့မယ်…"

"ဂယ်နော်…"

"ဆယ်ကယ်…ဆယ်ကယ်…"

"ဒါဖြင့် kiss…။"

ပန်းခြံထဲရောက်ရင် ဒါမျိုးတွေကြုံရ၊ တွေ့ရတာ ဆန်းတော့မဆန်း…။

မုဒိတာမပွားနိုင်လို့တော့ မဟုတ်…။ အဘိဇ္ဈာများနေတာလည်း မဟုတ်။ စိတ်မသက်မသာတော့ တကယ်ကို ဖြစ်မိပါသည်။

ကြည့်လေ…။

ကိုယ့်ရှေ့ ခပ်လှမ်းလှမ်းနားက ခုံတန်းလျားရှည်မှာ အပီကဲကဲ တီတီတာတာစကားတွေပြောနေကြတဲ့ စုံတွဲကို…။

အသက်ရှစ်ဆယ်စွန်းစွန်း အဘိုးကြီး အဘွားကြီး နှစ်ယောက် သူငယ်ပြန်ရင်း ဘဝကို ဆယ့်ခြောက်နှစ်က ပြန်စနေကြပုံရသည်။

မိုင်းဝေကတော့ သဘောကျစွာနှင့် မျက်နှာကို တစ်ဖက်လွှဲရင်း ရယ်နေသည်။ သူလည်း မသိမသာ ခေါင်းတစ်ချက်ယမ်းရင်း သူငယ်ပြန်အဘိုးကြီးစုံတွဲကို မျက်နှာတစ်ဖက်လွှဲနေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အာ့…အာ့…"

"အဲ…ဟိုမှာ ကျီးကန်းတစ်ကောင်…"

မှန်ပါသည်။ သူတို့ ထိုင်နေရာ ခုံတန်းလျားၡ၏ အပေါ် ဟိုးမြင့်မြင့် သစ်ပင်ကိုင်းအကိုင်းမှာ ကျီးကန်းတစ်ကောင် လာရောက်နားကာ ကျီးမျက်လုံးနှင့် ဟိုဟိုဒီဒီ ကြည့်ရှုနေပါသည်။

"ကျီးကန်းတွေ ဖြူလာမလာတော့ မသိဘူးမောင်။ ကျီးကန်းကတော့ မိုင်းဝေတို့ နား တကယ်ကို ရောက်လာခဲ့ပြီ…"

မိုင်းဝေက အဘိုးကြီးစုံတွဲမကြားအောင် ခပ်ဖွဖွပြောရင်း ကျီးကန်းကိုမော့ကြည့်ရာ…

"အဲ…အဲတော့…ကျီးကန်းကြီးက အကျင့်ပုတ်လိုက်တာ ကြည့်စမ်း…မိုင်းဝေပေါ် အီးပါချလိုက်ပြီ…"

တော်သေးတယ်။ ပါးစပ်ထဲ တည့်တည့်ဝင်မသွားဘဲ အင်္ကျီပုခုံးစွန်းပေါ် ကျသွားလို့…။

ချစ်သူနဲ့ ချိန်းထားသည်မို့ အင်္ကျီလှလှဝတ်ခဲ့သည့် မိုင်းဝေမှာတော့ ရှုံ့ရှုံ့ရှဲရှဲနှင့် ဒေါသတွေဖြစ်နေပြီး သူကတော့ အနည်းငယ်လည်း ရယ်ချင်သွားရကာ တစ်ရှူးတစ်ရွက်နှင့် မိုင်းဝေပုခုံးစွန်းက အညစ်အကြေးများကို သုတ်ပေးနေမိသည်။

ဒါတောင် ပြဿနာကို မီးထိုးရှာသွားတဲ့ ကျီးကန်းက နေရာက ထ,မသွား…။ တအား…အားနှင့် လုပ်နေသေးသည်။

"ဟဲ့…ကျီး…သွားနော်…ငါ ခီးနေပြီ…"

"အား…အား…"



"ငါ…တီး…ပစ်လိုက်ရမလား…"

"အား…အား…"

"ကဲဟယ်…"

ဟင်…။

သူ အံ့သြရလွန်းသဖြင့် မျက်လုံးအဝိုင်းသားနှင့်သာ ငေးကြည့်ရင်း မှင်တက်နေမိသည်။

မိုင်းဝေဟာ သူ သံသယဖြစ်နေတဲ့ ကာလအတွင်မှာပင် မယုံကြည်နိုင်လောက်စရာ ကိစ္စတွေကို တစ်မျိုးပြီးတစ်မျိုး လုပ်ပြနေသလိုတော့ ဖြစ်နေပြီ…။

ဟိုး အဝေးကြီးက ကျီးကန်းကို ခဲနဲ့ မှန်အောင် ပစ်လိုက်နိုင်သတဲ့…။ သူ အံ့သြစွာနှင့် ပြန်လည်တွေးတော သုံးသပ်ကြည့်မိပြန်သည်။

ခဲနဲ့ အပစ်ခံရသူက လိပ်လို နှေးကွေးသည့် သတ္တဝါ မဟုတ် တိရိစ္ဆာန်တွေထဲမှာ အင်မတန်ဖျတ်လတ်လှပါသည်ဆိုတဲ့ ကျီးကန်း…။ ပစ်တဲ့သူကလည်း လက်တည့်လှပါသည်ဆိုတဲ့ နားကျောင်းသားမဟုတ်…။ မိန်းကလေးတစ်ယောက်… အကွာအဝေးက မိန်းကလေးတစ်ယောက်ဘယ်လိုမှ ထိအောင် မပစ်နိုင်လောက်သည့် ဟိုး…သစ်ပင်မြင့် ထက်…။

ခဲမှန်သွားသည့် ကျီးကန်းကတော့ အော်ဟစ်ဆူညံကာ နေရာမှ ထပျံသွားလေပြီ…။ နေရာမှ ထိုင်ရင်း ခေါင်းခဲသွားရှ သူကတော့ ဃာင္ဂူးပင်…။

www.burmeseclassic.com

www.burmeseclassic.com



မိုင်း…ဝေ…ငါ…မင်း…ကို ကြောက်…နေ…ပြီ…။

"ဘယ်လိုလဲ…မိုင်းဝေလက်တည့်တယ်မဟုတ်လား မောင်…"

သူမ၏ အပြုံးထဲမှ ဝါယာရှော့(စ်)အနံ့လို ခပ်စူးစူးရနံ့ တစ်ခု သူ အာရုံခံမိလိုက်သည် ထင်ပါသည်။

* * *

## အခန်း (၁၉)

သုံးဆယ့်တစ်ရာစုရဲ့ ညတစ်ညကတော့ ကြယ်စုံညီညာ ပြီးပျစ်စွာ အိပ်မောကျနေပေလိမ့်မည်။

ဒီအတိုင်းသာဆို ယာဥ္ဇူးတစ်ယောက် အိပ်မက်ဆိုးနှင့် တရေးနိုးပြီး မိုးလင်းတော့မည်ထင်ပါ၏။ အခုလို သန်းခေါင်သလွဲ ရောက်မှ တရေးနိုးပြီး ပြန်အိပ်မရသည်လောက် ယာဥ္ဇူး ဒေါသ ထွက်တာမရှိ။

စိတ်က ချစ်သူဆီ တစ်ချက် ရောက်သွားလိုက်သေးသည်။

အခုအချိန်ဆို မိုင်းဝေတစ်ယောက် ခုတင်ထက်မှာ လူပီသ စွာပဲ အိပ်မောကျနေမှာလား။ ဒါမှမဟုတ် USB ကြိုး တန်းလန်း နဲ့ charging သွင်းရင်း ပလပ်ပေါက်နားမှာ power off အနေအထား နှင့် ရှိနေလေမလား…။

အို…ဘုရား…ဘုရား…။

ငါ ဖျတ်ကနဲ တွေးလိုက်တာ သိပ်များလွန်သွားပြီလား။

www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ သဲလွန်စတွေ ရှိနေပြီလေ…။

သင်္ချာ ပညာရှင်ကြီး ဖားမက်အကြောင်းကို ပြောခဲ့တုန်းက ကော်ဖီဆိုင်တစ်ဆိုင်မှာ ဒီလိုပဲ ချစ်သူနှင့် အလ္လာပသလ္လာပပြောရင်း လွှတ်ကနဲ ပြောမိသွားတာ။ အဲဒီအချိန်တုန်းက ကိုယ်ကိုင်ထားတဲ့ သင်္ချာဆိုင်ရာဂျာနယ်ထဲမှာလည်း ဖားမက်ရဲ့ သတင်းအတိုအထွာ ကလေးကပါနေတော့ ဖားမက်ရယ်။ သူရဲ့ နာမည်ကြီး သီအိုရီ တစ်ခုဖြစ်တဲ့ $F_n = 2^{2n} + 1$ ဆိုတဲ့ သုဒ္ဓကိန်းရှာပုံတော်ရယ်။ F5 ရဲ့ တန်ဖိုးဟာ ၄၂၉၄၉၆၇၂၉၇ ဖြစ်တာရယ်ဆိုတာကို ဂျာနယ်ထဲ ကြည့်ပြီး ပြောလိုက်တာပါ။

သူ ပေါ့ပေါ့ပါးပါးပြောလိုက်တဲ့ ဒီကိန်းဂဏန်းဆယ်လုံးရှိတဲ့ ၄၂၉၄၉၆၇၂၉၇ ကိန်းတန်းကြီးကိုသူမခေါင်းထဲ ဘယ်လိုများ ရိုက်သွင်းလိုက်ပါလိမ့်။ သူတော့ ထိုပေါက်စဉ်ရဲ့ ဆုကြီးဂဏန်းကို မိုင်းဝေသာ ထောက်မပြရင် ဖားမက်ရဲ့ F5မှန်း လုံးဝ သိရှိမည်မထင်ပါ။

ဒါဆို မိုင်းဝေရဲ့ မှတ်ဉာဏ်ဟာ လူတစ်ယောက်ထက် သာလွန်နေပြီလား…။

ဃာဂူး အနည်းငယ် စဉ်းစားရကျပ်သွားစဉ်၊ ကော်ဖီဆိုင်မှာ အတူရှိစဉ်က မှန်ပြင်နောက်ကပျားကလေးတစ်ကောင်ဆီ စိတ်ရောက်သွားပြန်သည်။

ဟုတ်တယ်။ မိုင်းဝေဟာ ဒီလိုအသေးအမွှားကိစ္စလေးတွေမှာ ဘယ်တုန်းကမှ နှလုံးသားထည့်ပြီး မကူညီခဲ့ဖူးဘူး။

ဒါဆို မိုင်းဝေရဲ့ နှလုံးသားဟာ လူတစ်ယောက်ထက်



ခုဆင့်နိမ့်နေပြီလား…။

ပန်းခြံထဲက ကျိုးကန်းကိစ္စမှာလည်း မိုင်းဝေရဲ့ လုပ်ရပ်ဟာ သာမန်လူသားတစ်ယောက်ရဲ့ ပစ်မှတ်ထက် ပိုပြီးတိကျပြတ်သား၊ ထိရောက်လွန်းတာမို့ လူသားတစ်ဦးရဲ့ စွမ်းဆောင်ရည်ထက် ကျော်လွန်သွားပြန်သေးသည်။

ဒါဆို မိုင်းဝေရဲ့ ပစ်မှတ်စွမ်းရည်ဟာ သာမန်လူတစ်ယောက်ထက် ကျော်လွန်သွားပြန်ပြီလား…။

မိုင်းဝေ…။ မှတ်ဉာဏ်…။ နှလုံးသားမဲ့မှု…။ ပြီးပြည့်စုံသော စွမ်းရည်သုတိုးတိုးလေး ရေရွတ်ကြည့်လိုက်မိသည်။

*

မိုင်းဝေ… မင်းလည်း စက်ရုပ်တစ်ရုပ်ပဲ မဟုတ်လား…

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

"မောင်…အို… မိုင်းဝေကို ဘာလုပ်တာလဲ…"

သူ့မှာ မိုင်းဝေကို ပြောရန် ဖြေရှင်းရန် ဘာစကားမှ မရှိတော့…။ ရိုင်းစိုင်းတဲ့ သတ္တဝါတစ်ကောင်လိုပဲ သူမရဲ့ အင်္ကျီကို ဆွဲဖြဲပစ်လိုက်ပြီး (ရှင်းနီးခဲ့ရဖူးတဲ့) ကျောပြင်တစ်နေရာကို ဖိပြီး စမ်းကြည့်လိုက်သည်။

ထင်သည့်အတိုင်းပင်…။ နူးညံ့တဲ့ အရေပြားအောက် တစ်နေရာမှာ စတုရန်းပုံသဏ္ဌာန်စုတုတုအရာလေး စမ်းလိုက်မိသည်မို့ (နှလုံးသားတွေ ဘာတွေ ထည့်တွက်မနေတော့ဘဲ) ယောက်ျားအားနှင့် ဆွဲကော်ပြီး အပေါ်ရောက်အောင် တင်လိုက်သည်။

"တောက်…"

အစိမ်းရောင် ဆော့ကတ်ပြားတစ်ပြား…။

"စက်ရုပ်မ…"

သွားပြီ…။ ငါ့အချစ်တွေ အစော်ကားခံလိုက်ရပြီ။ သူ့တကိုယ်လုံးလည်း ဒေါသနှင့် ဟုန်းဟုန်းတောက်လျှက်



ရှိသည်။

ဒါ ဘယ်သူ့လက်ချက်လဲ။ ကိုယ့်ဆီက မဟုတ်ကဟုတ်တာတွေ ခေါ်ပြလိုက် အလျှော့ခံခဲ့ကြတဲ့ ဟိုခပ်ကြောင်ကြောင် သိပ္ပံပညာရှင် အုပ်စုထဲကပဲလား…။

ဆော့ကတ်ပြား ဆွဲအဖြုတ်ခံလိုက်ရသည့် (လူသားတစ်ဦးနီးနီး တုန့်ပြန်နိုင်စွမ်းရှိသော) မိုင်းဝေမှာတော့ လူသားဆန်ဆန် ဟန်ချက်ညီမှုများ လုံးဝပျောက်ကွယ်သွားပြီး စက်ရုပ်လှုပ်ရှားမှုများ ဖြစ်ပေါ်လာစဉ် သူလည်း ဒေါသထွက်ထွက်နှင့် ဆော့ကတ်ပြား ဖြုတ်ထွက်ရာနေရာမှာ ဝါယာကြိုးစများကို ဆွဲထုတ်ဖြတ်တောက်ပစ်လိုက်သည်။

"မောင်…မိုင်းဝေကို ဘာလုပ်တာလဲ…။ မောင်

မိုင်းဝေကို ဘာလုပ်တာလဲ…မောင်…မိုင်းဝေကို ဘာလုပ်တာလဲ…"

ထောင်းကနဲ ထွက်လာတဲ့ ဝါယာရှော့ခ်အနံ့တွေ။ ညှော်ခိုးတွေ…မီးခိုးတချို့နှင့်အတူ သူမခန္ဓာကိုယ်အချို့နေရာများ အပူချိန်မြင့်တက်လာသည်။

"ကဲ…ရော့…ရော့…စော်ကားချင်ကြဦး… အင်း…ရော့…ကဲ…"

စိတ်ရှိလက်ရှိနှင့်ပင် အနီးအနားမှာရှိသည့် ဆော့(စ်)ဘောတုတ်နှင့် မိုင်းဝေကို လွှဲကာ လွှဲကာ ရိုက်ပစ်လိုက်သည်။

ဝါယာကြိုးတွေ၊ စပရိန်လို အစအနတွေ၊ သတ္တုပြားတွေ၊ မီးစိမ်းမီးနီမီးဝါတချို့လင်းလက်နေသည့် ကတ်တွေ ဟိုတစ်စ

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်စထိုးထွက်လာကာ ခန္ဓာကိုယ်အချိုးအဆစ်များ ပြုတ်ထွက်သည့် နေရာက ပြုတ်ထွက်ပြုတ်တောက်သည့်နေရာ ပြတ်တောက်နှင့် မိန်းကလေး အသံထုတ်လွှင့်ပေးသည့် ဆော့ဝဲစနစ်ပါ ပျက်စီးသွားရသည်။

စက်ရုပ်မိုင်းဝေမှာ...ထိန်းချုပ်မှုစနစ်များ ကမောက်ကမဖြစ်လာသည့် အန္တရာယ်ရှိ ယန္တရားစက်တစ်စက်လို စတင်ပြုမူလာလေတော့သည်။

"ဧေးဂါး... timeline action...ဧေးဂါ...မိုင်းဝေ attacked...ဧေးဂါး...breakout ...မိုင်းဝေ break out ...ဧေးဂါး...timeline action break out..ဧေးဂါး...မိုင်းဝေ...break out..."

ဟင်...။

ဧေးဂါး...။

စက်ရုပ်မဟာ သူ့ရဲ့ဖန်တီး တီထွင်သူ သိပ္ပံပညာရှင်ကို ယန္တရားဆန်ဆန် သတင်းပို့နေပြီ။ ဒါဆိုသူမရဲ့ ဖန်တီးထိန်းချုပ်သူက ဧေးဂါပေါ့...။ သူ့ဆီက မဟုတ်မဟတ်တွေ လာအလျှံခံတုန်းက သိမ်မွေ့ယဉ်ကျေးစွာ ဆက်ဆံပြောဆိုခဲ့တဲ့ ပညာရှင် အဘိုးကြီး...။

ဧေးဂါး...ခင်ဗျား မိုက်ရိုင်းလှချည့်လားဗျာ..။

လူသားတစ်ယောက် တိမ်းညွှတ်ယစ်မူးသွားအောင် စက်ရုပ်နဲ့မျှားစရာလား။ လူနဲ့ စက်ရုပ်မှောက်မှားမိအောင် သိပ္ပံပညာနဲ့ ဖိုထိုးခဲ့ရသလား။



တွေ့မယ်...။ ခင်ဗျားနဲ့ ဒီကိစ္စ ထိပ်တိုက်ဖြေရှင်းမယ်။ ဒီအမှားအတွက် ခင်ဗျားအမှားသိအောင် ဝန်ချတောင်းပန်ရမယ်။ ခင်ဗျားလုပ်ထားတဲ့ အရှုပ်ထုပ်တွေအားလုံးအတွက် အချိန်မှီ ဖြေဆေးတစ်လုံးကို တာဝန်ယူမှုရှိရှိနဲ့ ခင်ဗျား ထိုးပေးရမယ်...။

သူ့ ခြေလှမ်းများက ဗဟိုအမျိုးသား သိပ္ပံအင်စတီကျူဆီသို့ ဦးတည်ထွက်ခွာလာခဲ့သဖြင့်...ခေါင်းတခြား ကိုယ်တခြား ကိုယ်လက် အင်္ဂါများ ပြုတ်ထွက်နေသည့် စက်ရုပ်မ မိုင်းဝေပြောသော ခပ်တိုးတိုးစကားတစ်ခွန်းကို မကြားခဲ့ရလိုက်ပါ...။

*

"မောင်...မောင့်ကို မိုင်းဝေ အရမ်း အချစ်တယ်.."

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဗဟိုအမျိုးသားသိပ္ပံ အင်စတီကျုတွင်လည်း ထိပ်တန်းသိပ္ပံပညာရှင်များ ခေါင်းမီးတောက်လျက်ရှိချေသည်။

ဒေးဂါကို သက်ကြီးပြုစုစောင့်ရှောက်ရေးဂေဟာမှာကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် အဘိုးကြီးနှင့်ပတ်သက်သည့် နောက်ထပ်တီထွင်ဖန်တီးစမ်းသပ်မှုများ မရှိတော့သော်လည်း၊ အဘိုးကြီး စမ်းသပ်ခဲ့သမျှ ကိစ္စရပ်များကို ရပ်တန်းကရပ်စေရန် သို့မဟုတ် မိမိတို့ ဆက်လက်ထိန်းချုပ်နိုင်ရန် အသည်းအသန် ကြိုးပန်းနေရတော့သည်။

အဘိုးကြီးကို တာဝန်မှ အနားပေးလိုက်ပြီး၊ သူ့ရဲ့ LAB အခန်းတွေ၊ နေအိမ်မှာရှိတဲ့ တီထွင်မှုတွေ၊ သုတေသနစာတမ်းတွေ၊ သိပ္ပံမှတ်စုတွေ တော်တော်များများကို အချိန်မှီ ထိန်းသိမ်းချုပ်ကိုင်ပစ်လိုက်နိုင်တာမို့ အခြေအနေတွေ ရုတ်ရုတ်သဲသဲ ဖြစ်မသွားလင့်ကစား ကြီးမားသော တစ်စုံတစ်ရာကတော့ ယနေ့တိုင် ပဟေဠိဖြစ်နေဆဲပင်။

ထိုကိစ္စမှာတော့ အဘိုးကြီး တီထွင်ထားတဲ့ စက်ရုပ်တွေအနက် နည်းပညာအမြင့်မားဆုံး စက်ရုပ်ဖြစ်တဲ့ MO32 ၊ စက်ရုပ်



ပျောက်ဆုံးနေခြင်းပင်…။

"Flash Memory က 64GB, Processor မြန်နှုန်းက 200MHz, အဆင့်မြင့်နည်းပညာတွေ ရက်ရက်စက်စက်သုံးထားတယ်။ မျက်လုံးမှာ နာနိုနည်းပညာသုံးထားလို့ တစ်မိုင်ပတ်လည်မှာရှိတဲ့ ဘယ်လောက်သေးငယ်တဲ့ အမှုန်အမွှားကလေးကိုပဲ ဖြစ်ဖြစ်ကြည်လင်ပြတ်သားအောင် ချဲ့ကြည့်နိုင်တယ်။ လူတစ်ယောက်နီးပါး တုန့်ပြန်နိုင်စွမ်းရှိတယ်။ လူတွေ သွေးလည်ပတ်စီးဆင်းသလိုစက်ရုပ်ရဲ့ ကိုယ်အပူချိန်ကို လူသားနီးနီး ဖန်တီးပေးထားတယ်။ ချိုသာ နူးညံ့တဲ့အသံပိုင်းဆိုင်ရာ ဆော့ဝဲတွေတပ်ပေးထားတယ်။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုစနစ်ကို အမြင့်မားဆုံးခွင့်ပြုဖန်တီးပေးထားတယ်။ အဲဒီစနစ်ကိုအသုံးချပြီး စက်ရုပ်ဟာ ငိုကြွေးခြင်း၊ ရယ်မောခြင်း၊ သီချင်းဆိုခြင်း၊ ပန်းချီဆွဲခြင်း၊ ကဗျာရွတ်ခြင်းတွေကို တုန့်ပြန်လုပ်ဆောင်နိုင်တယ်။"

ပညာရှင်တစ်ယောက်က ဒေးဂါးရဲ့ သိပ္ပံမှတ်စုပါ အချက်အလက်များကို ဖတ်ပြီး MO-32 စက်ရုပ်ရဲ့ အချက်အလက်တွေကို ရှင်းပြနေသည်။ ကဲ…ဒီစက်ရုပ်ကို ဘယ်မှာသွားရှာကြမလဲ။ အားလုံး ခေါင်းတောက်နေကြပြီ…။

"ဒီစက်ရုပ်ဟာ ဒေးဂါးပေးထားတဲ့ တာဝန်တစ်ခုခုကိုများ ထမ်းဆောင်နေပြီလား…"

"ကျုပ်တို့ ဒေးဂါကို ပြန်ပြီး အချိုသပ်မေးမြန်းသင့်တယ်။ အခုဆို စက်ရုပ်တွေဟာ လူနေရာဝင်လုနေကြတာ ခင်ဗျားတို့ အသိပဲ။ အဲဒါတွေထက် MO 32 စက်ရုပ်ရဲ့ စွမ်းရည်က သာလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်။ အဲဒီစက်ရုပ်ဟာ လူတွေကြားမှာ လူဟန်ဆောင်ပြီး ရောနှောနေရင်းနဲ့ မထင်မှတ်တဲ့ ပြဿနာတွေဖြစ်လာနိုင်တယ်…"

ဒီလိုနဲ့ သိပ္ပံပညာရှင်တွေဟာ MO 32 စက်ရုပ်နဲ့ ပတ်သက်ပြီး ဇေးဂါကို အမျိုးမျိုး အချိုသပ်မေးမြန်းခဲ့ကြသည်။

ဦးနှောက်ကျုံ့ဝင်ခြင်း ရောဂါကြောင့် နဂိုကမှ မှတ်ဉာဏ်တွေ ယိုယွင်းလျော့နည်းလာတဲ့ဇေးဂါးဟာ သူ့ကို အခုလို သက်ကြီးဂေဟာမှာ ထိန်းသိမ်းထားပြီးကာမှ MO-32 စက်ရုပ်နဲ့ပတ်သက်ပြီး ပြန်လည် အချိုသပ်မေးမြန်းလာကြတဲ့အတွက် ဒေါသတွေအလိပ်လိုက်ထွက်နေပြီး ဟုတ်တာတွေရော၊ မဟုတ်တာတွေပါ လျှောက်ပြောကာ အရှုပ်ကွက်နင်းနေလေတော့၏။

"ဒုက္ခပါပဲဗျာ… ဒီကိစ္စဘယ်လိုလုပ်ကြမလဲ…"

"ဇေးဂါက တိုင်းပြည်က အားထားရတဲ့ သိပ္ပံပညာရှင်ကနေ သက်ကြီးဂေဟာမှာ အထိန်းသိမ်းခံ လူတစ်ယောက်အဖြစ် ရောက်ပြီး စိတ်တွေဖရိုဖရဲဖြစ်နေပြီ။ ခင်ဗျားတို့ သတိထားမိကြသလား။ သူနည်းနည်း "ချောင်"နေပြီဗျ။ သူ့ကို အားကိုးလို့မရတော့ဘူး။ ကျုပ်တို့နည်း ကျုပ်တို့ဟန်နဲ့ MO 32 ကို ရှာမှဖြစ်တော့မယ်"

"နေဦးဗျ…ဇေးဂါပြောတုန်းက သူ့မှာ MO 32 ကို ထိန်းချုပ်နိုင်တဲ့ အဝေးထိန်းစက်ခလုတ်ရှိတယ်တဲ့။ အဲဒီကောင်ကနေတဆင့် MO 32 ကို ပါဝါပိတ်ပစ်လိုက်ရင် ကျွန်တော်တို့ နည်းနည်း အသက်ရှူချောင်သွားနိုင်တယ်…"

"ကောင်းပြီလေ…အဲဒီအဝေးထိန်းခလုတ်ကို ဘယ်သွားရှာကြမလဲ…"

"အဲ…"

ပျောက်ဆုံးနေသည့် ဇေးဂါရဲ့ အဝေးထိန်းခလုတ်ကိုတော့ဖြင့် သူတို့ ရှာမတွေ့ခဲ့ကြပါ။ မထင်မှတ်သည့် ဧည့်သည်တစ်ယောက်သာလျှင် သူတို့ဆီ တန်းတန်းမတ်မတ်ရောက်လာခဲ့သည်။

ထိုသူကတော့ မိုင်းဝေကို အစိတ်အစိတ်အမွှာမွှာ ပိုင်းဖျက်ပြီး ဒေါသနှင့် ရောက်ရှိလာသူ ဃာငူးပင်…။

"ဇေးဂါနဲ့ တွေ့ချင်တယ်…"

ဃာငူးစကားကြောင့် သိပ္ပံပညာရှင်များ ပါးစပ်အဟောင်းသားနှင့်တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပြီး စကားပင်မပြောနိုင်ကြ။

"ဘာလဲ…ကျုပ်လာရင် မတွေ့နိုင်ဘူးလို့ အစောကတည်းက ညွှန်ကြားထားလို့လား"

"မဟုတ်ဘူး ဃာငူး··မဟုတ်ပါဘူး။ ဇေးဂါဟာ အင်မတန် အလုပ်ရှုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ သူ့ကို တွေ့ချင်တယ် ဆိုရင်တော့ ဘာ့ကြောင့် တွေ့ချင်ရတာလဲဆိုတာ ဒီနေရာမှာ report တင်ရပါတယ်"

ဃာငူးမှာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရ။

"ကောင်းပြီလေ…ခင်ဗျားတို့ သိပ္ပံပညာရှင်တွေဟာ ဘယ် ကိစ္စမှာဖြစ်ဖြစ် တော်တော်အသာစီးယူကြတာပဲ။ ဟားဟား ကျွန်တော် ဒီကို လာတဲ့ကိစ္စကတော့ သူတီထွင်လိုက်တဲ့ စက်ရုပ်တစ်ရုပ်ကြောင့်ပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"ဟုတ်တယ်။ စက်ရုပ်က သူ့ကိုယ်သူ မိုင်းဝေလို့တော့ ပြောပြီး မိတ်ဆက်လာတာပဲ။ ဘယ်မှာတွေ့တာလဲသိလား။ စက်ရုပ်တော်လှန်ရေးလူထု ချီတက်ပွဲမှာဗျ"

"စက်ရုပ်တော်လှန်ရေးတပ်ထဲမှာ စက်ရုပ်တစ်ရုပ် ဝင်ပြီးပါလာတာက အခုအချိန်ပြန် စဉ်းစားကြည့်ရင် ကျွန်တော် ဘယ်လိုမှ မတွေးတတ်လောက်အောင်ပဲ..."

ဒီလောက်ဆို ဃာင္ဂူးပြောတဲ့ မိုင်းဝေဆိုသည့် စက်ရုပ်မှာ သူတို့အသည်းအသန် လိုက်ရှာနေသည့် MO 32 စက်ရုပ်မှန်း ဆိုင်ရာ ပုဂ္ဂိုလ်များ ကောင်းကောင်းသဘောပေါက်သွားလေတော့၏။

"သေးသေးမွှားမွှား နှလုံးသားကင်းမဲ့တာလေးတွေက လွဲရင် ကျွန်တာလူအတိုင်းပါပဲ။ စက်ရုပ်က ကျွန်တော့ဘဝထဲ ရောက်လာရုံနဲ့ အားမရဘူး။ နှလုံးသားကိုပါ စော်ကားသွားတာ။ ခင်ဗျားတို့ ကြားဖူးကြသလား။ လူနဲ့စက်ရုပ် ချစ်သူဖြစ်သွားတယ် ဆိုတဲ့ ပက်ပက်စက်စက်ဇာတ်လမ်းမျိုးကို..."

"ဟင်..."

အားလုံးမှင်တက်အံ့သြသွားကြသည်။ ဇေးဂါကိုလည်း မယုံကြည်နိုင်လောက်အောင် လက်ဖျားခါမိသွားကြသည်။

"ကဲ...ပြော...ဒီလောက်ဆို ဇေးဂါးကိုတွေ့ဖို့ ကျွန်တော့် အကြောင်းပြချက်တွေ လုံလောက်ခိုင်မာသွားပြီလား။ ဒီကိစ္စကို သူ အများသိအောင် ဝန်ချတောင်းပန်ပေးရမယ်။ နောက်နောင်ကို ဒီလိုကိစ္စမျိုးတွေ ထပ်ပြီးမတီထွင်တော့ပါဘူးဆိုတဲ့ကတိနဲ့ စက်ရုပ်မ



ကို လုံးဝဇီဝိန်ချုပ်ငြိမ်းသွားအောင် လုပ်ပေးဖို့တွေ သူတာဝန်ယူ ရလိမ့်မယ်။"

ဃာင္ဂူးစကားကြောင့် ပုဂ္ဂိုလ်တစ်ယောက်က မျက်မှန်ကို အသာအယာ ချွတ်ယင်း သဘက်တစ်ထည်နှင့် သူ့မျက်နှာကို ပွတ်တိုက်လိုက်ကာ...

"သားကိစ္စကို အန်ကယ်တို့ အစွမ်းကုန် အဆင်ပြေအောင် ကြိုးစားပေးပါ့မယ်။ သားဖြစ်စေချင်တဲ့အတိုင်းလည်း ဖြစ်စေရမယ်။ အဲ...အချိန်ကလေးနည်းနည်း ယူရလိမ့်မယ်ကွာ..."

"ရှင်းနေတာတော့ မရှုပ်ကြပါနဲ့တော့ ဆရာတို့ရယ်။ နော်၊ ကျွန်တော် ဇေးဂါးနဲ့ပဲ တွေ့ချင်တယ်။ ဇေးဂါးနဲ့ပဲ ဒီကိစ္စကို ဖြေရှင်းချင်တယ်။ ဒါကြောင့် သူ့ကိုခေါ်လိုက်ပါ..."

သိပ္ပံပညာရှင်များက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး...

"အန်ကယ်တို့ စိတ်မကောင်းပါဘူး...။ ဇေးဂါ ဒီကိစ္စ ကို ဖြေရှင်းပေးနိုင်မှာ မဟုတ်တော့ဘူး"

"သူ့မှာ ဦးနှောက်ကျုံ့ဝင်ခြင်းဆိုတဲ့ မှတ်ဉာဏ်ချို့ယွင်းတဲ့ လူကြီးရောဂါရနေလို့ပါပဲ..."

"ဘာ..."

ဃာင္ဂူးမျက်လုံးများ ပြာဝေသွားရသည်။

နေရာမှာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတဲ့ မသေမရှင် မိုင်းဝေ ကိုလည်း ပြေးသတိရသွားမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟော ဒီနေရာပဲ။ ကျွန်တော်သူ့ကို စိတ်ရှိလက်ရှိ ရိုက်ချိုးပစ်ခဲ့တာ...။

ဃာဌူးက မိုင်းဝေနှင့်ပတ်သက်သည့် အဖြစ်စုံကို ရှင်းလင်းပြောပြအပြီး မိုင်းဝေကို အစိတ်စိတ်အမွှာမွှာ ကြေမွသွားအောင် ရိုက်ချိုးပစ်ခဲ့သည့်နေရာကို သိပ္ပံပညာရှင်များကို ခေါ်လာခဲ့လေသည်။

သို့သော် ထိုနေရာသို့ ယခုရောက်တော့ ဝါယာကြိုးအစအနများနှင့် သတ္တုအကျိုးအပဲ့ တချို့တလေကိုသာတွေ့ရပြီး မိုင်းဝေကို လုံးဝမတွေ့ရတော့...။

သိပ္ပံပညာရှင်များလည်း မျက်နှာတွေ ပျက်ယွင်းနေကြပြီ။

"မိုင်းဝေဆိုတဲ့ MO 32 စက်ရုပ်ကို အချိန်မှီသာ ကိုယ်တို့တွေ့လိုက်ရင် ဒီကိစ္စကို ထိန်းချုပ်ပစ်နိုင်ပါတယ်"

".... အခုရော ...."

"ဒီစက်ရုပ်ကို ဖေးဂါက သူ့ဘာသာ လျှို့ဝှက်ဖန်တီးခဲ့တာ။ သူရေးထားခဲ့တဲ့ သိပ္ပံမှတ်စုထဲက အချက်အလက်တွေကို ဖတ်ပြီးပဲ MO 32 စက်ရုပ်ကို ကိုယ်တို့ ရုပ်ဖမ်းသံဖမ်းလောက်ပဲ



သိခဲ့ရတယ်။ ပိုပြီးကြောက်စရာကောင်းတာက အဲဒီစက်ရုပ်မှာ LED မီးသီးပေါင်း မြောက်မြားစွာ အသုံးပြုပြီး ကိုယ်ပျောက် ဝိဇ္ဇာ လုပ်လို့ရတာရယ်။ ယင်ကောင်တွေရဲ့ စုပေါင်းမျက်လုံးကို နာနိုနည်းပညာသုံး အမြင်အာရုံတည် ဆောက်မှုစနစ်ကြောင့် လူသားတစ်ဦးထက် ဧရိယာပိုမို ထိုးထွင်း ကြည့်မြင်နိုင်တာရယ်၊ အိုကွာ... မင်းကို ပြောရင် သိပ်ကို ကြက်သီးထသွားလိမ့်မယ်။ အဲဒီ MO 32 စက်ရုပ်ဟာ နတ်ဒေဝါ တစ်ပါးလိုကို မြေလျှိုးမိုးပျံနိုင်တယ် ဃာဌူး..."

သူတကိုယ်လုံး အေးစက်တောင့်တင်းသွားရချေပြီ။

နတ်ဒေဝါတစ်ပါးလို အစွမ်းထက်သတဲ့။ မြေလျှိုးမိုးပျံနိုင်သတဲ့။ ဒီစက်ရုပ်နဲ့မှ ငါက ပတ်သက်မိတယ်။ ဒီစက်ရုပ်ကိုမှ ငါကနာကျင်အောင် လုပ်ခဲ့မိတယ်။ ဒီစက်ရုပ် ဘယ်ရောက်နေပြီလဲ။ တစ်ယောက်ယောက် မ,သွားတာလား။ သူ့ ဘာသာတစ်နေရာ ထ,ပြေးသွားတာလား...။

သူ ပြန်ရောက်လာဦးမှာလား...။ မိုင်းဝေဟာ အရက်စက်ဆုံး လူသတ်သမားတစ်ယောက် ထောင်ဖောက်ပြီး လွတ်မြောက်ထွက်ပြေးသွားတာထက်တောင် လူသားတွေအတွက် ပိုပြီး ကြောက်စရာ ကောင်းနေသေးတော့သည်။

သူ.....

မိုင်းဝေ...ငါ့ဘဝထဲ နောက်တစ်ကြိမ် ပြန်ရောက်လာမှာလား...။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

တောင်လေသည် တောင်ဘက်အရပ်ကနေ ညှင်းသွဲ့သွဲ့ ညင်ညင်သာသာ တိုက်ခတ်နေပြီး လောကဓာတ်ခုံပေါ်သို့ နွေဦးကို လှပလွန်းလှစွာ သယ်ဆောင်လာသည်။

ပူနွေးတဲ့ နေရောင်အထိအတွေ့မှာ ဘာကြောင့်များ ပန်းတွေ အစွမ်းကုန်လှပအောင် ပွင့်ဖူးနေကြပါလိမ့်။ ချစ်မူရေးရာမှာ ကျွမ်းကျင်တဲ့ ယောကျ်ားတချို့ မိန်းမတွေဆီ လာရောက်ချဉ်းကပ်ကြသလိုမျိုး လိပ်ပြာတွေပျံသန်းရောက်ရှိလာပုံမှာ ပဉ္စလက်ဆန်လွန်းလှသည်။

နာရီလက်တံတွေကတော့ အချိန်ကာလတွေကို ဆွဲချပြီး ဖရိုဖရဲဖြစ်စဉ်တွေ အားလုံးကို အစီအရီပြန်စီပေးဖို့ စိတ်ရှည်ကြလိမ့်မည်။

ဃာငှူး သက်ပြင်းတစ်ချက်ရှိုက်ရင်း ထိုင်ခဲ့ဖူးတဲ့ ခုံတန်းလျားရှည်မှာ ခေါင်းမှီထိုင်ရင်း၊ သစ်ပင်မြင့်ထက်ကို အမိပ္ပါယ်မဲ့ ကြည့်မိတော့ တစ်ချိန်တစ်ခါက ဒီသစ်ကိုင်းမှာ ရောက်လာခဲ့တဲ့



ကျီးကန်းတစ်ကောင်ကို ဖျတ်ကနဲ သတိရစိတ်နဲ့ စိတ်ထဲမှာ နာကျင်ရပါသည်။

မိုင်းဝေကို အချိန်ကာလက သူ့ဘဝထဲကနေ ဆွဲခေါ်သွားပါပြီ။ အရာရာကို အရှိတရားအတိုင်း လက်ခံဖို့ သူအတော်လေးကြိုးစားခဲ့ရသည်။

ဟော… သူမော့ကြည့်နေတုန်း သစ်ကိုင်းထက်မှာ လေနဲ့ပြီး လာရောက်ငြိစွန်းလာတဲ့ ကြိုးပြတ် စွန်ကလေးတစ်ကောင်…။

စွန်ကလေးက သူ့ရဲ့ ကြိုးစနဲ့ သစ်ကိုင်းငြိနေသဖြင့် ပျံချင်ရက်နဲ့ မပျံနိုင်ဖြစ်ပြီး လေထဲမှာ အထပ်ထပ်ရစ်ဝဲ လွန့်လူးနေစဉ် ဒူးဆစ်ဖုံးဂါဝန်ကလေးပေါ်က အပေါ်ရုံဆွယ်တာ အင်္ကျီအဖြူလေး သပ်ဝတ်ထားတဲ့ ကောင်မလေးတစ်ယောက် သူ့အနား ဖျတ်ကနဲ ရောက်ရှိလာသည်။

သူမက သူ့ကိုတလှည့် သစ်ကိုင်းထက်က စွန်ကလေးကို တလှည့်မော့ကြည့်နေတာမို့ မိန်းကလေးတစ်ယောက်ရဲ့ အနူးညံ့ဆုံး အကူအညီတောင်းခံမှု သင်္ကေတကို သူကောင်းကောင်းသဘောပေါက်လိုက်ပြီ…။

"စွန်ကလေးက မင်းဟာလား…"

"ဟုတ်တယ်…ဒါ ဗိုက်တာစွန်တွေမဟုတ်ဘူးလေ။ ပင်လယ်ကမ်းခြေတွေမှာ အလှလွှတ်ကြတဲ့ စွန်အကြီးစားကြီးတွေ၊ [illegible]ပါပဲ။ ကျွန်မ သစ်ပင်ပေါ်မတက်တတ်ဘူး။ နှမြောလိုက်တာ…။

တကယ်တော့ သူလည်း သစ်ပင်ပေါ်တက်တတ်လှတယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်။ အခုဟာက သူ့အရပ်ကျော်ကျော် သစ်ပင်ခွကြား ကနေ ညှိနေတဲ့ ကြိုးစကို ဆွဲဖြုတ်ပေးလိုက်ရုံနဲ့ အဆင်ပြေသွားနိုင် တာမို့ မိန်းမချောလေးကို သူ ကူညီပေးရန် ဆုံးဖြတ်လိုက်သည်။

အဲဒီ စွန်ကလေးရဲ့ ကျေးဇူးကြောင့်ပေါ့…။ ရှားရှားပါး ပါး သစ်လွင်လတ်ဆတ်နေတဲ့ ကောင်မလေးတစ်ယောက်နဲ့ သူ နောက်ထပ် ထပ်မံတွေ့ဆုံဖြစ်ခဲ့ကြပြန်သည်။

ဒီနိုင်ငံမှာ ဆုံတွေ့ဖို့ ခက်ခဲလှတဲ့ ငယ်ငယ်ရွယ်ရွယ် ယောက်ျားနဲ့မိန်းမနှစ်ယောက်ရဲ့ တွေ့ဆုံမှုမို့ သုံးဆယ့်တစ်ရာစုရဲ့ အာဒံနဲ့ဧဝလို့ပဲ ပြောရမလား။ သူမလက်ထဲ စွန်ကလေး ပေးပြီး သည်အထိ ထူးဆန်းအံ့သြစရာကောင်းလှတဲ့ သံလိုက်စက်ကွင်းထဲ မှာ သူတို့နှစ်ယောက် မူးမူးမေ့မေ့နဲ့ ပိတ်မိနေကြဆဲပင်။

ပို့ပြီး အံ့သြစရာကောင်းတာက သူမရဲ့ ပရော်ဖက်ရှင်နယ် အလုပ်ကိစ္စပါ။

Junk Artist …တဲ့။

ဟင့်အင်း…။ ဒီ ဝေါဟာရဟာ သူနဲ့ လုံးဝကို စိမ်းနေ လို့ သူမသိပါဘူး။

Junk Aritst ဆိုလို့ သိပ်တော့ အထင်မကြီးပါနဲ့။ အမှိုက် သရိုက်ပန်းချီဆွဲသူဆိုပါတော့…။

"ဘယ်လို…အမှိုက်သရိုက်ပန်းချီဟုတ်လား…"

"ဟုတ်တယ်…။ တနည်း ပြောရရင်တော့ Recycle art ပေါ့။ အမှိုက်စတွေ သံတိုသံစတွေ ဗူးခွံခွက်ခွံတွေကို ပုံစံအမျိုး မျိုး ရှုထောင့်အမျိုးမျိုးပြောင်းလဲပြီး ဖန်တီးတဲ့ အနုပညာပေါ့"



အနုပညာ…။ အို… အနုပညာဆိုတာ နှလုံးသားရှိတဲ့ သူတွေမှ ဖန်တီးထုဆစ်နိုင်ကြတာပါ။

ကောင်မလေးပြောတဲ့ အနုပညာဆိုတဲ့ စကားနဲ့တင် သူ့ နှလုံးသွေးတွေ ထပ်မံပူနွေးလာဖို့ ခိုင်မာသွားခဲ့ပြန်သည်။

ကောင်မလေးက သူ့ရဲ့ ခပ်နက်နက်အကြည့်တွေ ကြောင့် ခုံးတစ်ချက်တွန့်လိုက်ပြီး…

"ဘာလဲ… Junk Art တွေကို ရှင်ကြည့်ချင်လို့လား။ စိတ်ဝင်စားသလား…"

"ဟုတ်တယ်။ Junk Art ကိုရော မင်းကိုပါ စိတ်ဝင်စားတယ်။ တကယ်တော့ Junk Art ကို ကြည့်ချင်တာထက် မင်းကို ထပ်မံပြီး ကြည့်ရှုခွင့်လေး ရချင်တာကများပါတယ်။"

သူ ခေါင်းညိတ်ပြလိုက်တယ်ဆိုရင်ပဲ ကောင်မလေးက သူမအိမ်မှာရှိတဲ့ စတူဒီယိုကို အခါအခွင့်သင့်တဲ့အခါ လာခဲ့ဖို့ ဖိတ်ပါသည်။

"ကိုယ့်နာမည် ဃာငူးပါ…"

"ကျွန်မ မီဆူးပွင့်ပါ…"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သိပ်မကြာခင် ရက်ပိုင်းအတွင်းမှာပဲ တောင်ကုန်းမို့မို့လေးပေါ်မှာ ခြံစည်းရိုးဖြူဖြူတွေ ကာရံထားတဲ့၊ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာရှိတဲ့ သူမနေအိမ်ဆီ သူ အလည်အပတ်ရောက်ရှိခဲ့သည်။

သူမ မျက်နှာမှာတော့ ယောက်ျားတစ်ယောက် ခံရခက်စေတဲ့ အပြုံးတွေ ပြိုးပြိုးပြက်ပြက်နဲ့ပေါ့။

"ရှင် တစ်ရက် ရောက်လာတော့မယ်ဆိုတာ ကျွန်မ သိနေတယ်"

ကဲ… ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်ပါသလဲ။ သူမကတော့ သူမ ဖန်တီးထားတဲ့ အမှိုက်သရိုက်ပန်းချီတွေကို ကြွားဝါဖို့ တစ်ဖက်သတ်-စိတ်ကြီးဝင်နေတဲ့ ငတိမလေးတစ်ယောက်ရယ်ပေါ့။

နောက်တော့ သူမမိဘတွေနဲ့ ခပ်ပါးပါးကလေး မိတ်ဆက်ပေးပါတယ်။

ခပ်ပါးပါးဆိုတာက သူမမှာ ယောက်ျားလေးသူငယ်ချင်း



တစ်ယောက်ရှိနေပြီဆိုတဲ့ သဘောကို ငုံမိရုံလောက်ပါ။ သဘောကောင်းပုံရတဲ့ သူမမိဘနှစ်ပါးကလည်း အပြုံးနဲ့ ခေါင်းညိတ်ပြရုံ၊ နှုတ်ဆက်စကားပြောရုံကလွဲပြီး အင်တာဗျူးဆန်ဆန် မေးခွန်းမျိုးတွေ မမေးကြဘူး။

ကြည့်ရတာ သမီးလုပ်သူကို အတော်ချစ်ကြမယ့်ပုံပါပဲ။

"လာ… ဟိုဘက် ကားဂိုဒေါင်မှာ ကျွန်မ စတူဒီယို ရှိတယ်…"

"နေဦး… ဟောဟိုကလည်း Junk art ပဲလား…"

သူက ခြေသုံးချောင်း ထူးဆန်းပုံရုံးထောင်နေတဲ့ ဘိုင်စကယ်ဘီးတွေ၊ စက္ကူထုပ်တွေ၊ ငှက်ပျောသီးခွံ၊ ကော်ဖီပုလင်းလွတ်တွေထည့်ထားတဲ့ အမှိုက်ပုံးကို လက်ညှိုးထိုးပြတော့ သူမက ခပ်ဖွဖွကလေး ရယ်သည်။

"ရှင် အဲဒီလိုတော့ မနောက်နဲ့လေ…"

မနောက်ပါဘူး။ အတည်ပြောရရင်တော့ ကိုယ် မင်းကို ကြွေနေပြီ။

စတူဒီယိုထဲရောက်တော့ ခပ်ဆန်းဆန်း ခေတ်သစ်ပန်းချီကားတွေက သူမရဲ့ လှို့ဝှက်နက်နဲမှု ပဥ္စလက်ဆန်မှုတို့ကို တစ်စိတ်တစ်ပိုင်း ပြောပြနေကြသည်။

"အိုး…ပြပွဲတစ်ခုလောက်တောင် လုပ်လို့ရနေပြီ…"

သူ တကယ်ကို စိတ်ရင်းအတိုင်း ချီးကျူးလိုက်မိခြင်းပါ။ ဟူယံတွေ့ရင်လည်း သူမကို ချီးကျူးမှာ မလွဲပဲ။

"ဘယ်လိုလဲ…ရှင်ခံစားလို့ ရလား…"

သူက ကင်းဗတ်စမှာ အရောင်ရင့်ရင့်တွေကို [illegible]ချက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းရေးဆွဲထားပြီး သစ်ရွက်ခြောက်တွေကပ်ကာ၊ ပန်းချီကားရဲ့ ထောင့်စွန်း၊ တစ်နေရာမှာ ရေနံ့ဆီမီးအိမ်ကလေးကို ချိတ်ဆွဲထားသည့် ဘာမှန်းမသိသော ပန်းချီကားချပ်တစ်ချပ်ရှေ့ရပ်လိုက်ပြီး…

"နားတော့မလည်ဘူး…ဒါပေမယ့် ခံစားလို့ရနေတယ်။"

ဝိုင်ပုလင်းအလွတ်များကို သုံးမြှောင့်ပုံဆင့်ကာ အသွားထက် ဓါးတစ်လက်ကို အချိုးကျကျ တင်ရင်း နှင်းဆီပန်းခြောက်တစ်ပွင့်အနားကွပ်ထားသည့် အနုပညာလက်ရာတစ်ခု ရှေ့သို့ သူ အတန်ကြာရပ်ကြည့်နေမိသည်။

"invisible touch ခေါ်မှာပေါ့။ ရေမွှေးရနံ့ဆန်ဆန် မမြင်ရတဲ့ အတွေ့အထိမျိုးတွေ ကိုယ်ခံစားရတယ်။ တချို့တွေက များသောအားဖြင့် အနုပညာကို သိမ်မွေ့မှု ပျော့ပျောင်းမှုတွေနဲ့ တည်ဆောက်ကြတယ်…။ မင်းက မာကျောမှုနဲ့ တည်ဆောက်နိုင်တယ်…။"

"ကျေးဇူးတင်ပါတယ်"

စတူဒီယိုတစ်ခုလုံးကို သူလှည့်ပတ်လေ့လာအပြီးမှာတော့ သူနည်းနည်းမောဟိုက်သွားသည်။ မမှိမကမ်း လိုက်လံတွေးခေါ်လိုက်ရတဲ့ အတွေးတွေနှင့် သူမွန်းကျပ်သွားရသည်။

"ရှင် လေဝဝ ရှူချင်နေပြီ မဟုတ်လား…"

အပြုံးနှင့် သူမကမေးတော့ သူနည်းနည်း အံ့ဩသွားရပြီ။

"ဟုတ်တယ်…ကိုယ်နည်းနည်း မွန်းကျပ်သွားတာ မင်းဘယ်လိုလုပ်သိလဲ…"

"ကျွန်မရဲ့ အနုပညာက ဟင်းလင်းပြင်မဆန်ဘူး။ ပေါ့ပေါ့ပါးပါးမရှိဘူး။ တစ်ဖက်ပိတ်ဆန်ဆန်နဲ့ လေးလေးပင်ပင်ရှိမှန်း အစောကတည်းက သဘောပေါက်ထားလို့ပါ…".

"သြော်…"

မခေသူလေးပါလား…။

သူတို့နှစ်ယောက်ကို အချိန်တိုတိုအတွင်း လှိုက်လှိုက်လှဲလှဲ ရင်းနှီးစေခဲ့တဲ့ ကြားခံပစ္စည်းတွေကတော့ အမှိုက်သရိုက်ပန်းချီကားတွေလို့ပဲ ပြောရတော့မယ်ထင်ပါသည်။

"လာ… ကျွန်မတို့ခြံရဲ့ ဟိုဘက်အစပ်ကလေးမှာ ရေကန်သေးသေးလေးရှိတယ်။ အဲဒီမှာသွားထိုင်ပြီး လေဝဝရှူရင်း စကားပြောရအောင်…"

"အိုကေ…"

တကယ့်ကို ကြည်နူးစရာ အဖြစ်အပျက်ကလေးပါပဲ။

ရေကန်လေးနားရောက်တော့ အခေါ်အဝေါ်တချို့ စတင်ပြောင်းလဲလာခဲ့တယ်။ သူမက သူမကို သူမ "ဆူး…"တဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မှတ်သုံလေဆုတ်ခွာသွားပြီဖြစ်တဲ့အတွက် ကောင်းကင်ဟာ ပကတိကြယ်စင်ပြာလွဲနေသည်။ ဆူးဆိုသည့် မိန်းကလေးက သူ့ရင်ဘတ်ကို ဆူးတစ်ချောင်းလို လာငြိနေခြင်းမျိုးမဟုတ်ဘဲ၊ လှို့ဝှက်တဲ့ ပုစ္ဆာလေးတစ်ပုဒ်လို ပဟေဠိလာဆန်နေတတ်သည်။

လောကရှုမြင်ပုံ၊ တွေးခေါ်ပုံတွေကို ရှုထောင့်အသစ်တွေကနေ ချဉ်းကပ်တတ်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ စကားတွေကလည်း သူ့အတွက်တော့ အဆန်းတကြယ်တွေပင်။

"အရက်ဖောဖောတဲ့ လူတွေကို ရှင်မြင်ဖူးမှာပေါ့…"

"ဒါပေါ့…ကိုယ်မြင်ဖူးတယ်"

"ရေဖောဖောနေတဲ့ တီကောင်တွေကိုရော ရှင်မြင်ဖူးသလား…"

"ဟင်…"

ဆူးစကားကြောင့် သူအတော်ကလေး ရယ်ချင်သွားရ



သည်။

ကြဲကြဲဖန်ဖန်…။ ရေဖောဖောနေတဲ့ တီကောင်…တဲ့။

"တီကောင်တွေက ရေဖောဖောကြလို့လား…"

"ဖောတယ်ရှင့် … ဖောတယ်"

"သူတို့လည်း ဘီယာဆိုင်လို ရေဆိုင်တွေမှာ ရေတဂျာပြီးတဂျားမော့ကြတယ်နဲ့ တူတယ်…"

သူ့ရဲ့ ခပ်ကြောင်ကြောင်စကားကြောင့် သူမ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး…

"အဲဒီလိုတော့ ဟုတ်မယ်မထင်ဘူး…။ သူတို့ ရေကန်ထဲကို လိမ့်ကျကြလို့ပါ"

အခါအခွင့်သင့်တိုင်း သူတို့နှစ်ယောက်၊ ခြံစပ်မှာရှိတဲ့ ရေကန်ကလေးဆီရောက်ခဲ့ကြပြီး စကားတွေပြောဖြစ်ကြသည်။

စကားတော်တော်များများကတော့ အကြောင်းအရာ မယ်မယ်ရရမရှိဘဲ အဲဒီလို ပေါက်တတ်ကရ တောင်ရောက် မြောက်ရောက် ကိစ္စတွေပါပဲ။

ဆူးက ဆက်ပြောသည်။

"လူတော်တော်များများက စားဝတ်နေရေး၊ အသက်ရှင်ရပ် တည်ရေးတွေကြောင့် တချို့ကိစ္စတွေကို ခေါင်းထဲ သိပ်ထည့်မထား နိုင်ကြဘူးလေ။ လူတွေ မေ့လျော့နေကြတဲ့အထဲမှာ တီကောင်တွေလည်း အပါအဝင်ပေါ့"

"ဒါဆို ဆူးကတော့ တီကောင်တွေကို အရေးတယူရှိလှတယ် ဆိုပါတော့…"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တွင်းခုံလျှောလေးမှာ သူမက ထိုင်လိုက်ရင်း…

"နှစ်စဉ် နိုဝင်ဘာလရဲ့ နောက်ဆုံးနေ့ရက်တွေဟာ တီကောင်တွေအတွက်တော့ မိစ္ဆာနေ့ရက်တွေပဲ။ မိုးရေမရတော့လို့ မြေသားတွေခြောက်သွေ့အက်ကွဲလာပြီး သူတို့ တွင်းတွေထဲမှာ မနေနိုင်ကြတော့ဘူးလေ…။ ဒါကြောင့် ရေရှိတဲ့နေရာတွေဆီ သူတို့ အရဲစွန့်လာခဲ့ကြရတယ်…"

"ဩော်…"

"ဘဝရှင်သန်ရပ်တည်မှုအတွက် တီကောင်တွေ အစွမ်းကုန်ကြိုးစားကြရတော့တာပဲ။ ရေအိုင်တွေ ရေရှိတဲ့နေရာတွေဆီ သူတို့ ခုန်ချကြတယ်။ အဲဒီမှာတင် သူတို့ ရေနစ်ကြတော့တာပဲ…။"

"နေပါဦး။ တီကောင်တွေက ငါးတွေလို ရေထဲမှာ မရှင်သန်နိုင်ကြဘူးလား…"

"ရေတွင်းထဲကနေ ပြန်မတက်နိုင်ဘူးဆိုရင် ဆူးအထင်တော့ နှစ်ရက်လောက်နေရင် တီကောင်တွေ ရေဖောဖောပြီး သေကြတော့တာပဲ…"

"ဩော်…"

ဆူးက သစ်ကိုင်းခြောက်ကလေးတစ်ချောင်းကို ယူလိုက်ပြီး ရေကန်ငယ်ကလေးကို လက်ညှိုးထိုးပြကာ…

"တွေ့လား…ဟိုမှာ ရေနစ်နေတဲ့ တီကောင်တစ်ကောင်…"

စပ်စပ်ဆော့ဆော့တွေ လျှော့လာတတ်တဲ့ ကောင်မလေးတစ်ယောက်ပါပဲ။



ဟုတ်လည်း ဟုတ်ပါသည်။

ရေထဲမှာ ထွက်ပေါက်လိုက်ရှာသလို လူးလူးလွန့်လွန့် အားခတ်နေတဲ့ တီကောင်တစ်ကောင်ဟာ သူ့ရှိရင်းခန္ဓာကိုယ်ထက် အနည်းငယ်ဖောင်းကားနေပြီး ဦးခေါင်းရဲ့ တစ်လက်မနေရာလောက်မှာ အညိုရောင်ကွင်းနဲ့ အမည်းကွင်းတွေ ပေါ်နေသည်။

"သူကတော့ ကယ်တင်ဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းချင် ဆုတောင်းနေမှာပဲလေ။ ဒါပေမယ့် ကိုယ်က သဘောထားကြီးကြီးနဲ့ ကြားကနေ ကယ်တင်ပေးရမှာပေါ့…"

ပြောပြီး သူမစကားကို သူမသဘောကျကာ ရယ်မောလိုက်ရင်း တီကောင်ကလေးကို သစ်ကိုင်းခြောက်ကလေးနဲ့ ရေပေါ်ဆွဲတင်နေသည်။

မိန်းကလေးတော်တော်များများ ဇီဇာကြောင်တတ်ကြ မှန်း သူသိထားသည်။ ဆူးလည်း မသတီစရာကောင်းလှတဲ့ တီကောင်တွေကို ရွံရှာကောင်း ရွံရှာနေပါလိမ့်မည်။ သို့သော် လှပသသည့်နှလုံးသားရှိမှု၊ စာနာမှုတို့ကြောင့် သူမ တီကောင်ကလေးကို ကယ်တင်နေခြင်း ဖြစ်ပါလိမ့်မည်။

"သူသေတော့မှာ…။ နောက်ထပ် ရှင်လှ ငါးမိနစ်ပေါ့…။ ဒါပေမယ့် ငါးမိနစ်လောက် သူစိတ်ချမ်းသာ သွားရရင်လည်း အရှုံးမရှိပါဘူး။ နော်…"

သူမက သစ်ကိုင်းခြောက်ကလေးနဲ့ တီကောင်ကို အထပ်ထပ်ရစ်ကာ ရေပေါ်ဆွဲတင်လိုက်ပြီး ခပ်တိုးတိုးဆုတောင်းကာ မြက်ခင်းတနေရာပေါ် ညင်သာစွာ ချပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ဆုတောင်းစကားသံက ယာဥ္ရုးစိတ်ထဲ တမျိုးတော့ ခံစားလိုက်ရပါ၏။

"တီကောင်လေးရေ။ မင်း အသက်ကို ငါ ကယ်တင်လိုက်သလို ငါ့ အသက်ကိုလည်း ကယ်တင်ခြင်းခံရဖို့ ဆုတောင်းပေးပါနော်..."

ယာဥ္ရုး နားမလည်။ ဘာအဓိပ္ပါယ်ပါလိမ့်...

ဆူးက သစ်ကိုင်းခြောက်ကလေးကို မြက်ခင်းပေါ်ပစ်ချပြီး ယာဥ္ရုးကို ရယ်ပြပါသည်။ သူကတော့ မရယ်နိုင်။

စောစောက ဆုတောင်းစကားကိုသာ နားမလည်ရှိနေသည်မို့...

"နေပါဦး...စောစောက ဆုတောင်းစကားက ဘာအဓိပ္ပါယ်လဲဟင်"ဆူး အသက်ကို ဘယ်သူက ကယ်တင်မှာလဲ..."

"ဘုရားရှင်ပေါ့..."

"ဒါဆို ...ဆူး ...ဆူးက...."

သူမ ညင်သာစွာ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်..ကင်ဆာ ဝေဒနာရှင်တစ်ယောက်ပါ...

"ဟင်........"

* * *

## အခန်း (၂၆)

ဆူးဆိုတဲ့ ကောင်မလေးဟာ သဘာဝရှုမျှော်ခင်းတွေ ပြည့်နှက်နေတဲ့ နယ်မြို့လေးတစ်မြို့မှာ နေထိုင်ကြီးပြင်းသူလေးပါ...။ အဲဒီမြို့ကလေးဟာ ရေခံမြေခံ၊ တောတောင် စိမ့်စမ်းတွေ ကောင်းမွန်ကြွယ်ဝတာကြောင့် ကနဦးမှာ အေးချမ်းတဲ့ မြို့တစ်မြို့၊ လူသိနည်းတဲ့မြို့တစ်မြို့ ဖြစ်ခဲ့ပေမယ့်...။

စူးစမ်းလေ့လာရေးအဖွဲ့တစ်ဖွဲ့က အဲဒီမြို့ကလေးအနီးဝန်းကျင်ရဲ့ မြေအောက်မှာ သတ္တုရိုင်းသိုက်တွေ တွင်းထွက်သဘာဝဓာတ်ငွေ့သိုက်တွေ အမြောက်အများရှိမှန်း လေ့လာတွေ့ရှိပြီးတဲ့နောက်မှာတော့ မြို့ကလေးဆီကို ကြမ္မာငင်သည့်နေ့ရွှဲများ တဖြည်းဖြည်း ရောက်ရှိလို့လာခဲ့ပါတော့သည်။

မြေတူးစက်ကြီးတွေ၊ ယန္တရားစက်ကြီးတွေက မြို့ကလေးကို မားမားမတ်မတ်ကာရံပေးထားတဲ့ (နှစ်သန်းပေါင်းမြောက်မြားစွာက) တောင်စဥ်တောင်တန်းတွေကို ပေါင်မုန့်လှီးသလို အချပ်လိုက်အချပ်လိုက် လှီးထုတ်ပစ်လိုက်ကြသည်။ တိရိစ္ဆာန်မျိုးစိတ်တွေ

ကြီးမားတဲ့ ရာသီဥတုဂေဟာစနစ်တွေရဲ့ အရေးပါမှုက မြေအောက် ရတနာသိုက်တွေကြောင့် မှေးမှိန်သွားပြီး၊ မြို့ရဲ့ အနီးဝန်းကျင်မှာလည်း လေထုကို အကြီးအကျယ် ညစ်ညမ်းစေတဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဓာတ်အားပေးစက်ရုံ ရေနံဓာတုစက်ရုံ၊ ပလပ်စတစ်စက်ရုံ၊ ကျောက်မီးသွေးစက်ရုံတွေ တစ်စတစ်စ နေရာယူလာကြသည်။

အဲဒီစက်ရုံတွေက ဒေသခံမြို့သူမြို့သားတွေကို အလုပ်အကိုင် အခွင့်အလမ်းတွေ များစွာပေးအပ်ခဲ့သလို ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးကိုပါ ပေးအပ်ခဲ့ကြပါသည်။

လေထုထဲကို စက်ရုံတွေကနေ တိုက်ရိုက်ပျံ့လွင့်လာတဲ့ ချဉ်စူးစူးအဆိပ်ငွေ့တွေ။ ရေ၊ လေ၊ စားသောက်ဖွယ်ရာနဲ့ မြေဆီလွှာတွေထဲမှာ ဇီဝ၊ အဇီဝမူလပုံစံတွေနဲ့ တည်ရှိလာတဲ့ အာဆင်းနစ်ဓာတ်တွေကြောင့် မြို့ခံလူထုနဲ့ နိုင်ငံပိုင် ကုမ္ပဏီ အစုစပ်ကုမ္ပဏီတွေကြားဆန္ဒပြမှုတွေ ကြီးထွားလာပြီး…

ဆောက်လုပ်ဆဲ ရပ်ကွက်တွေထဲက အန္တရာယ်များသည့် လုပ်ကွက်များကို ရပ်ဆိုင်းသင့်တာရပ်ဆိုင်း၊ စာချုပ်များ ဖျက်သင့်တာဖျက်၊ သဘာဝပတ်ဝန်းကျင်ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ပြန်လည် အကောင်အထည်ဖော်ပေးခဲ့သော်လည်း…

ဒေသခံတွေ ရင်ဆိုင်နေရသည့် ကင်ဆာဝေဒနာဆိုးများနှင့် သဘာဝ ပတ်ဝန်းကျင်ဂေဟာစနစ်တွေ နဂိုပုံစံ ရောက်ရှိမည့် အနေအထားသို့ ရောက်အောင်တော့ ဆယ်စုနှစ် (သို့မဟုတ်)ရာစုနှစ် တစ်ခုစာ၊ နှစ်ခုစာလောက် အချိန်ယူကြရတော့မည်။



သဘာဝပတ်ဝန်းကျင်ကို ချစ်တတ်တဲ့၊ အနုပညာကို ချစ်တတ်တဲ့၊ နူးညံ့သိမ်မွေ့တဲ့ မီဆူးပွင့်မှာလည်း ကင်ဆာဝေဒနာကို ပျောက်ကင်းအောင် ကုသဖို့ မြို့တော်သို့ မိသားစုနှင့်အတူ တက်လာရင်း ဃာဠူးနဲ့ မတော်တဆတွေ့ဆုံခဲ့ကြရတော့သည်။

မိမိပြောသမျှ စကားတွေကို မငြီးမငြူနားထောင်ပေးတဲ့သူ၊ နောက်ပြီး ဒီနိုင်ငံရဲ့ အသက်အငယ်ဆုံး မျိုးဆက်(ကိုယ့်ထက်ငယ်မှတစ်နှစ် နှစ်နှစ်ရှိမည့်) ဃာဠူးကို သူမလည်း မသိမသာ သံယောဇဉ် တွယ်လာမိသည်။

သို့သော် ဃာဠူးမှာ လူကြီးလုပ်လိုစိတ်နှင့် သူ့ကိုယ်သူ သုံးနှုန်းတိုင်း "ကိုယ်က" "ကိုယ်က" ဟု သုံးနှုန်းတတ်ပုံကလေးကအစ သူမ နှစ်ခြိုက်သဘောကျလာမိသည်။

ဘဝရှင်သန်ရပ်တည်နိုင်ဖို့ ရုန်းကန်ကြရတဲ့အထဲမှာ တီဆောင်တွေလည်း အပါအဝင်ဖြစ်ကြောင်းတို့ကို သူမရှင်းပြတုန်းက အလေးအနက် နားထောင်ပေးခဲ့သည့်အတွက်လည်း ကျေးဇူးတွေတင်နေမိသည်။

ဒီနေ့များ ကိုဃာဠူး ရောက်လာခဲ့ရင် သူမ ပြောပြရဦးမည်။

နှင်းဆီပင်ကလေးတစ်ပင်ရဲ့ ကံကြမ္မာကိုပေါ့…။

"တစ်ခါတစ်လေကျတော့ ဆူးစဉ်းစားမိတာ တစ်ခုရှိတယ်။"

"အင်း…"

"ဆူးတို့ လူသားတွေရဲ့ ကံကြမ္မာကို ဘယ်သူ စီရင်ပေး

www.burmeseclassic.com



တာလဲ။ ဥပမာ ဘုရားရှင်လားပေါ့နော်…”

အဲလိုသာ ဟုတ်ခဲ့မယ်ဆိုရင် ဆူးလည်း နှင်းဆီပင်ကလေး တစ်ပင်ရဲ့ ကံကြမ္မာကို စီရင်ပေးခဲ့ဖူးတယ်။

သူက အပြုံးနှင့်သာ ဆက်ပြောရန် ခေါင်းညိတ်ပြလိုက်သည်။

“ဆူးတို့ ဒီခြံကို စပြောင်းတော့ အိမ်ရှေ့က မြေကွက်လပ်ကလေးမှာ ပန်းတွေအလှစိုက်မယ်။ စိတ်ကူးတော့ uniform art နဲ့ စိုက်မယ်လို့ စဉ်းစားမိတယ်ဆိုပါတော့… kiss me quick အပင်ကြီး နှစ်ပင်ကြားမှာ ချစ်စရာကောင်းတဲ့ ပွင့်ဖတ်နုနုပေါ်ကျူလိုက်ကာ အပင်ပုကလေးတွေ စိုက်မယ်။ ပြီးတော့ သစ်ရွက်သစ်ကိုင်းတွေနဲ့ ပုံဖော်လို့ရတဲ့ ခြံစည်းရိုးပင်စိမ်းစိမ်းကလေးတွေကို အကွေ့အဝိုက်ကလေးတွေနဲ့ ငုံမယ် စသဖြင့်ပေါ့နော်…။ တစ်ပင်နဲ့တစ်ပင်ကြားက အကွာအဝေးကအစ တိတိကျကျနဲ့ ညီညီညာညာ Uniform လုပ်စိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီမှာတင် ပြဿနာက ဘာလဲဆိုတော့ အရင်အိမ်ရှင်တွေ စိုက်ခဲ့တဲ့ နှင်းဆီပင်တစ်ပင်က ဆူးစိုက်မယ့် စိုက်ခင်းရဲ့ တစ်နေရာမှာ ကိုးလို့ကန့်လန့်ကြီး ဝင်ရှုပ်နေတယ်။

“ဪ…”

“အဲဒီအပင်ကို နုတ်ပြီး တနေရာသွားစိုက်မယ်ဆိုလည်း ကိုယ့်ရဲ့ Uniform garden ရဲ့အလှပျက်မှာစိုးလို့ တော်တော်ဝေးဝေးမှာ စိုက်ရတော့မယ်လေ။ အဲဒီအပင်လေးကို နေ့တိုင်းရေလောင်းနိုင်ပါ့မလား။ တာဝန်ယူစိတ်ပေါ့နော်။ ကိုယ့်မှာ ဘယ်လောက်



ရှိသလဲ စဉ်းစားကြည့်တယ်။

သူမစကားကြောင့် သူက ထပ်ပြုံးပြန်သည်။

“ပြောရရင် အဲဒီနှင်းဆီပင်လေးကို ဆူး အမြင်ကိုကပ်နေတာ။ ဆူးက အပင်ကို သတ်တဲ့သူတော့မဖြစ်ချင်ဘူး။ ဒါပေမယ့် သူကလည်း ကိုယ်စိုက်မယ့်စိုက်ခင်းထဲမှာ ထိုးထိုးထောင်ထောင်နဲ့ ဝင်ရှုပ်နေတယ်။ သူ့ကို တူးပြီး အဝေးတစ်နေရာမှာ စိုက်၊ နေ့တိုင်း ရေလောင်းဖို့ကိုလည်း ပျင်းနေမိတယ်။ အဲဒီ နှင်းဆီပင်လေးကြောင့် ကိုယ်ဟာ တာဝန်ယူစိတ်မရှိတဲ့သူ၊ အပျင်းကြီးတဲ့သူလို့ ကိုယ့်ကိုယ်ကို သတိထားမိသွားပြီး၊ ပိုပိုမုန်းလာတယ်။ အဲဒါနဲ့ပဲ အဲဒီနှင်းဆီပင်ကလေးကို သတ်ပစ်လိုက်ဖို့ ဆုံးဖြတ်ပစ်လိုက်တယ်။

“ဟော…ဗျာ…။ ကိုယ်ထင်ပါတယ်။ ဆူးသတ်ဖြစ်လိမ့်မယ်မထင်ပါဘူး။ နောက်ပြီး ဆူး အဲဒီအပင်လေးကို သတ်ဖြစ်ခဲ့မယ်ဆိုရင်တောင် သူ့မှာ အပွင့်မရှိတဲ့အချိန်နဲ့ သွားတိုက်ဆိုင်နေတာရယ်၊ အရင်အိမ်ရှင်တွေနဲ့ ဆူးတို့ ပြောင်းမလာခင်ကြားမှာ ရေလောင်းပေးမယ့်သူမရှိလို့ အပင်မွဲခြောက်ခြောက်ဖြစ်နေတဲ့အချိန်တွေနဲ့ သွားတိုက်ဆိုင်သွားတယ် ထင်ပါရဲ့”

“အို…ဟုတ်တယ်၊ ကြည့်စမ်း။ ကိုက အရမ်းတော်တာပဲ ဟုတ်တယ်။ သူ့အမြင့်က ဆူးဒူးခေါင်းကျော်ကျော်လောက်ပဲရှိမယ်ထင်ပါတယ်။ ကိုပြောသလို အဲဒီအပင်ကလည်း မွဲခြောက်ခြောက်ဖြစ်နေပြီ။ ဒါနဲ့ သတ်မယ်ဆိုပြီးတာနဲ့ မြေခွနေတုန်း ဆူးမျက်ရည်တွေ ဝဲလာမိတာကို သိပါတယ်။ ဆူးက ကင်ဆာဝေဒနာရှင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လေ။ အချိန်မရွေး ကောက် သေသွားနိုင်တဲ့ သေလူတစ်ယောက်။ သေလူတစ်ယောက်က အဘိဓ္ဓာတွေများပြီး သက်ရှိအပင်တစ်ပင်ကို သတ်နေတယ်ဆိုတာ ဖြစ်သင့်သလား။ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားလိုက်တယ်။ နောက်ဆုံးတော့ ဆူး အဲဒီအပင်ကလေးကို မသတ်ဖြစ်ခဲ့ဘူး။ ဆူးရဲ့ စိုက်ခင်းကိုပဲ un-uniform garden လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ လုံးဝ ပုံစံမတူတဲ့ အပင်တွေ အကွာအဝေးမတူညီစွာ စိုက်ဖြစ်ခဲ့ တယ်။

"ဪ..."

အဲဒီ နှင်းဆီပင်တော့ ဘယ်လိုနေမယ်မသိ။ အသက်ရှူ ရပ်ပြီး နားထောင်မိနေတဲ့ သူတောင် အခုမှ လေဝဝ စတင်ရှူသွင်း နိုင်ပါတော့သည်။

"ဒါကြောင့် ဆူးရဲ့ စိုက်ခင်းလေးက အမြင်တမျိုးဆန်းပြီး လှနေတာကို..."

"ဟုတ်တယ်၊ လူတစ်ယောက်ရဲ့ ပြင်းပြတဲ့ အာသီသကို ပြောင်းပြန်ဖြစ်သွားအောင် လှုံ့ဆော်နိုင်စွမ်းရှိတဲ့၊ နောက်ပြီး un-uniform beauty ကို ကျကျနန သင်ပေးသွားတဲ့ အဲဒီနှင်းဆီပင် စုတ်စုတ်ကလေးကို အရမ်းလည်း တန်ဖိုးထားမိသွားသလို ဆူး အရမ်းလည်း ချစ်သွားတယ်။"

"ဪ..."

"ဆူးက နှင်းဆီပင်မစိုက်တတ်ပါဘူး။ အဲဒီအပင်မှာ ဘာအရောင်မှန်း မသိတဲ့ အပွင့်ခြောက်ကလေး နှစ်ပွင့်တွေ့လို့ ဆူးညှပ်ပေးခဲ့တယ်လေ။ အို... ဘာပြောကောင်းမလဲ။ နောက်



နေ့လည်း ရောက်ရော နီညိုရောင် အတက်ကလေးတွေ တဖြည်း ဖြည်းထွက်လာတယ်။ အဲဒီအပင်လေးဟာ တဖြည်းဖြည်းနဲ့ ဆူး အရပ်ကို မြှင့်လာတယ်။ ဆူးက နှင်းဆီပင်ဆိုလို့ အစိမ်းရောင်ပင် စည်၊ အစိမ်းရောင်ကိုင်း၊ အစိမ်းရောင်ဆူးတွေပဲ မြင်ဖူးတာ၊ သူ့ ရဲ့မွေးကင်းစအရောင်ကို မမြင်ဖူးဘူးလေ။ ဒီလိုနဲ့ မနက်မိုးလင်းတိုင်း အဲဒီနှင်းဆီပင်လေး ဘာတွေထူးခြားနေပြီလဲ သွားသွားကြည့်ရတဲ့ အထိ သံယောဇဉ်ဖြစ်လာတယ်။

"ဆူး...ပြောတဲ့ စကားတွေက အရမ်းကို နားထောင်လို့ ကောင်းတယ်။ အရမ်းလည်း ရသမြောက်တယ်။ ဆက်ပြောပါ ဦး..."

"အဲဒီလို သံယောဇဉ်တွယ်နေတုန်း သူ့ကို အဖူးလေးတွေ ခ, ဖူးစေချင်လာမိတယ်။ ဘာအရောင်လေးများ ပွင့်မှာလည်း စိတ်ဝင်စားလာမိတယ်။ အပင်ကလေးကလည်း အပွင့်ခြောက် နှစ်ပွင့်ကို ညှပ်ပေးလိုက်တဲ့အရှိန်နဲ့ အရမ်းကို မြန်မြန်ဆန်ဆန် ကြီး ထွားလာတယ်လေ။ သူက နှင်းဆီပင်အကြောင်း ဘာမှ နားမလည် တဲ့ ဆူးကို သူ့ကို ကျကျနန ပြုစုတတ်အောင် သင်ပေးသွား သလိုပါပဲ... နှင်းဆီပင်တွေ မာယာများတတ်မှန်း အဲဒီကျမှ ဆူးသဘောပေါက်တော့တယ်..."

သူမက ပြောပြီး သူမစကားကို နှစ်ခြိုက်သဘောကျ စွာ ရယ်မောပြန်ပါသည်။

"ဒါပေမယ့် သိပ်မကြာပါဘူးဆရာရယ် သူလည်း ဘီကောင်တွေလို ဘဝရပ်တည်ရှင်သန်ဖို့ ရုန်းကန်ရတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပိုးတွေကျလာခဲ့တယ်လေ၊ ပိုးစိမ်းကောင်တစ်ကောင်ဟာ နှင်းဆီပင်လေးရဲ့ အညွန့်အတက်ကလေးတွေပေါ်မှာ အိမ်ဖွဲ့၊ ဥတွေဥပြီး အညွန့်ကလေးတွေကို စားပါရော… မနက်ကို သူ့ ဥကနေ ပိုးစိမ်းကောင်းလေးတွေ ပေါက်ပေါက်လာတယ်။ နှင်းဆီပင်ကလေးဟာ ဆူးကို ငရဲကြီးအောင်လည်း သင်ပေးခဲ့ပြန်ပါတယ်။”

“ဩော်…ဆူး ပိုးသတ်ဆေးသုံးပြီ တူပါရဲ့…”

“ဟင်အင်း…ဆူး၊ ပိုသတ်ဆေးတွေကို အရမ်းမုန်းတယ်။ တခါတုန်းက ဆူးတို့မြို့ကလေးမှာ နိုင်ငံပိုင် ကုမ္ပဏီတွေ၊ အစုစပ်ကုမ္ပဏီတွေ ဝိသာမလောဘနောက်လိုက်ကြပြီး တောင်တွေပြို၊ စက်ရုံတွေဆောက်၊ ဓာတုဆေးတွေနဲ့ သတ္တုတွေ သန့်စင်၊ အဆိပ်ဓာတ်ငွေ့တွေရဲ့ စွန့်ပစ်နည်းတွေ မှားယွင်းခဲ့ကြလို့ ဆူးအပါအဝင် ဆူးတို့မြို့သားတွေ အားလုံးနီးနီး ကင်ဆာဝေဒနာဒဏ်ကို အလူးအလဲ ရင်ဆိုင်ခဲ့ကြရတာလေ…”

“ဩော်… ဆူးရယ်…”

“ထားပါ…။ ဆူးပြောချင်တာက နှင်းဆီပင်ကလေးအကြောင်းပါ။ ဆူး ပိုးကောင်တွေကို မသတ်ခဲ့ပါဘူး။ တုတ်သေးသေးလေးနဲ့တော့အပင်ပေါ်ကနေ ခါချပေးခဲ့တယ်။ ဒီလိုနဲ့ပဲ နှင်းဆီပင်ကလေးဟာ အဖူးကလေး စဖူးလာပါတယ်။ ဆူး အရမ်းပျော်သွားတယ်။ သူလည်း ပျော်မှာပါပဲ။ ဒါပေမဲ့ နှင်းဆီဖူးကလေးဟာ ဘဝရှင်သန်ရပ်တည်ဖို့ တီကောင်တွေလို ရန်းကန်ရတာပါပဲ။ အဖူးအောက်ခြေမှာ တွယ်ပြီးစားနေတဲ့ ပိုးကောင်တွေဒဏ်



ကို အလူးအလဲခံရင်း မလှတဝက်၊ လှတဝက်နဲ့ ပွင့်ခဲ့ရတယ်…”

“ဘာအရောင်လေး ပွင့်လဲဟင်…”

“အသည်းကွဲရောင်လေးရှင့်…။ စကားကို ပြန်ချုပ်ပြီး ပြောရမယ်ဆိုရင်တော့ လူတွေရဲ့ ကံကြမ္မာကို ဘယ်သူက စီရင်သလဲဆိုတာ မသိပေမယ့် နှင်းဆီပင်ကလေးတစ်ပင်ရဲ့ ကံကြမ္မာကိုတော့ ဆူးက စီရင်ပေးခဲ့မိတယ်…”

“ဒါပေါ့…မင်းက နှင်းဆီပင်ကလေးရဲ့ ဘုရားသခင်ပေါ့…”

သူမက ယာဉ်းစကားကြောင့် မခို့တရို့ပြုံးရင်း…

“မွေးကင်းစ ဆူးပေါက်စကလေးတွေကို ရှင်မြင်ဖူးလား”

“ဟင့်အင်း…မမြင်ဖူးဘူး…”

“ဆူးကြီးတွေက အကြီးကြီးတွေ၊ ဒါပေမယ့် နီညိုရောင်ပျော့ပျော့ကလေးတွေရှင့်… မစူးဘူး…ကိုင်ကြည့်။ အရမ်း ချစ်ဖို့ကောင်းတယ်…”

ဒီလိုနဲ့ သူမရဲ့ un-uniform garden ထဲက သူမကို သင်ခန်းစာတွေများစွာ သင်ကြားပေးခဲ့တဲ့ နှင်းဆီပင်ရှေ့ သူရောက်လာခဲ့သည်။

ဩော်…နှင်းဆီပင်တွေရယ်…

“ကိုင်ကြည့်ပါဦး…”

သူမက ပင်စည်ထက်မှ နီညိုရောင်ဆူးပျော့ပျော့တစ်ချောင်းကို ရွေးပြီး သူ့ကို ဖိခိုင်းကြည့်သည်။ တကယ့်တကယ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက် သုံးရက်လောက်ဆို အသားထဲစိုက်ဝင်ပြီး သွေးစိမ်းရှင်ရှင် ပန်းထွက်စေမယ့် ဆူးကလေးက အခုလို လက်နဲ့အဖိမှာ သဘောကောင်းပြီး ပျော့ပျောင်းနေပုံကလေးကလည်း သူမပြောသလို တမူတော့ ထူးခြားနေပါသည်။

"အင်း…"

"ဘယ်လိုလဲဟင်…။ ချစ်စရာ မကောင်းဘူးလား…"

"ဆူးလေးကလား…"

သူမက မျက်နှာလွှဲကာ ပြုံးနေသည်။

"ချစ်တယ်…"

"….."

"အဲဒီဆူးကိုရော… ဆူးကို ချစ်အောင်သင်ပေးခဲ့တဲ့ ယောဒီဆူးကိုပါ ချစ်တယ်…"

"……."

* * *

## အခန်း (၂၇)

အရင်က ရေဆိုးမြောင်းတစ်ခု ဖြတ်သန်းစီးဆင်းခဲ့ဟန်ရှိတဲ့ လမ်းကူးတံတားတစ်ခုရဲ့ အောက်ခြေလှိုဏ်ဂူထဲမှာ အောက်သိုးသိုးအမှိုက်အနံ့တွေနဲ့အတူ တစ်စုံတစ်ရာဟာလည်း စတင်ပြောင်းလဲလှုပ်ရှားနေပါပြီ။

ပွန်းပဲ့ပျက်စီးနေပြီး မသပ်မရပ်နဲ့ အစုတ်စုတ်အဖွာဖွာဖြစ်နေတဲ့ သတ္တုအစိတ်အပိုင်းတချို့ကို သွေးအေးအေးနဲ့ မိမိခန္ဓာကိုယ်မှာ ပြန်လည်တပ်ဆင်နေတဲ့ စက်ရုပ်တစ်ပိုင်း လူတစ်ပိုင်းမိန်းမသားတစ်ဦးဟာ သူမရဲ့ မှတ်ဉာဏ်တွေ၊ အာရုံခံအစိတ်အပိုင်းတွေ၊ ထိတွေ့သိခံစားမှုတွေကို ပြန်လည် ခေါ်ယူနေပြီး…

နေရောင်ခြည်သုံး အပူစွမ်းအင်ဆိုလာပြားတွေက သူမကို ကောင်းမွန်စွာ နလန်ထစေနိုင်ခဲ့ပြီး ကောင်းကြနဲ့ ထွက်လာတဲ့ ညှာင်နှံ့တွေ၊ လွဲမှားစွာ တပ်ဆင်ထားလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ သတ္တုအစိတ်အပိုင်းတွေ၊ နည်းပညာတွေမှားယွင်းမှုတွေကို

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ မှတ်ဉာဏ်တွေနဲ့ တလွှာချင်းပြန်ခွာသည် စစ်ဆေးပြီး မှန်ကန်မှုလမ်းကြောင်းပေါ် သူမ ဘာသာ ဆွဲတင်နေပါပြီ…။

~ ~ My own true love ... My own true Love .. ~~

သူမ ညည်းတွားနေတဲ့ သီချင်းကလည်း ဂန္ထဝင်ဇာတ်ကားတစ်ကားဖြစ်တဲ့ Gone with the Wind ရဲ့ ဇာတ်ဝင်သီချင်းတစ်ပုဒ်ဖြစ်နေတာမို့ classic သီချင်းတွေကို မြတ်နိုးတတ်တဲ့ သူမရဲ့ အနုပညာစွမ်းပကားကိုလည်း သင် အံ့အားသင့်စွာ သိမြင်နိုင်ပေလိမ့်မည်။

ဒါဆို သူမ ဘယ်သူ့ကိုများ လွမ်းနေတာပါလိမ့်…

စက်ရုပ်တစ်ရုပ်ရဲ့ ပျင်းရိဖွယ်ရာဘဝထဲကို တစ်ဖန်ပြန်လည်ရှင်သန်ဖို့ ဘယ်အရာတွေကများ တွန်းအားပေးလိုက်ကြပါလိမ့်။

ရှင်းပါသည်…။

သူမ ယာငူးကို မမေ့နိုင်သေးပါ…။ သာမန် လူသားတစ်ယောက်ရဲ့ အမြင်လွှာလို ယာငူးကို တွေ့ရှိခြင်းမျိုးမဟုတ်ဘူး အချက်အလက်ပေါင်းမြောက်များစွာကို အချိန်နဲ့တပြေးညီ ဖော်ပြပေးနေသည့် robot အမြင်လွှာအောက်ကနေ ယာငူးကို တွေ့ရှိခဲ့တာမှန်သည်။ သို့သော် ယာငူး သူမကို လူသားဆန်ဆန်ပင် ချစ်မြတ်နိုးနေဆဲဖြစ်၏။

ဒါပေမယ့် သူမက out of control စက်ရုပ်တစ်ရုပ်…။ လူမှာဆိုရင်တော့ ဦးနှောက်နဲ့အာရုံကြောများ ထိခိုက်ပျက်စီးခဲ့ရသည့် စိတ်မကျန်းမာသူလူတစ်ယောက် (သို့မဟုတ်)အရူးတစ်ယောက်…။



"ဟားဟားဟားဟား…ဟားဟားဟားဟား…ဟားဟားဟားဟား…"

အကြောင်းမဲ့သက်သက် ရယ်မောနေခြင်းမျိုးမဟုတ်ဘဲ ရယ်သံတမျိုး ဖန်တီးလိုက်ကာ သူမရဲ့ အသံကာလာကို မူလအသံရောက်အောင် ဆော့ဝဲလ်အကူအညီဖြင့် ကြိုးစားရွေးချယ်နေသည်။

လူသူအရောက်နည်းပါးလှသည့် မြေအောက်လိုဏ်ဂူထဲမှာ လပေါင်းများစွာ power off အနေအထားနှင့် နေထိုင်လာခဲ့ပြီးကာမှ တပ်ဆင်ထားသည့် ဆိုလာပြားများက နေရောင်ခြည်ကို အာရုံခံမိပြီး ပြန်လည်နိုးကြားလာကာ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းဆီသို့ နောက်တစ်ကြိမ် တာစူနေလေပြီ။

သို့သော် ဒီတစ်ခေါက် လူ့ပတ်ဝန်းကျင်ဆီ ပြန်သွားခဲ့လျှင် ဇေးဂါလိုမျိုး သူမကို အဝေးကနေ ထိန်းချုပ်မည့် controller မရှိတော့။ ဇေးဂါးလည်း သူငယ်ပြန်သွားလေပြီ။

ကြောက်ရမယ့် သခင်မရှိ၊ ဆရာသမားမရှိ၊ ဘုရားသခင်မရှိသည့် မိုင်းဝေတစ်ယောက်အကောင်းဆုံးအနေအထားတစ်ရပ်ရအောင် သူမကိုယ်သူမ ကြိုးစားရန်းကန်ကာ လူအသိုင်းအဝိုင်းသို့ မည်သို့ပုံစံမျိုးနှင့် ပြန်လည်သွားရောက်မှာပါလိမ့်…။

ထိုစဉ် …

"~~ကိုကိုလူဆိုး ကျွန်မကို ခိုးပြီးနမ်း ~~နူးညံ့ထက်နှုတ်ခမ်းထက်မှာ ပျားရည်ဆမ်း ~~"

အပေါ်စား ရေမွှေးရနံ့၊ အပေါ်စားမိတ်ကပ်ရနံ့များနဲ့အတူ အပေါ်စား သီချင်းကို ခပ်မြူးမြူးသီဆိုတာ၊ ခေတ္တအများယူရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြည့်တန်ဆာတစ်ယောက် သူမရဲ့ စားကျက်မြေသို့ ရောက်လာခဲ့သည်။

"~~ မောင်မောင် လူဆိုး ခိုးခိုးပြီးနမ်း ~နူးညံ့တဲ့ ပါးပြင်ထက်မှာ ပျားရည်ဆမ်း ~~"

လှိုင်ဂူထဲသို့ ယောင်္ယောင်္ရမ်းရမ်းဝင်လာတဲ့ ပြည့်တန်ဆာ မိန်းမတစ်ယောက်ကို အမှောင်ရိပ်ထဲက မိုင်းဝေ ကြည့်ရှုနေပြီး အပြုံးတစ်ပွင့်ကို လှလှပပ ပြုံးလိုက်သည်။

ကြိုက်ပြီ။

အနည်းငယ် အပေါ်စားဆန်ပေမယ့် သစ်လွင်တောက်ပနေတဲ့ အဝတ်အစားတွေ ရွှေအိုရောင်ဆံနွယ်တွေ(တကယ့်တော့ ပြည့်တန်ဆာမိန်းမဟာ အသွင်တမျိုးပြီးတမျိုး ထူးခြားစေရန်တွက် ဆံပင် အတုစွပ်ထားခြင်းပါ)၊ မိန်းမစီးဒေါက်ဖိနပ်လှလှနဲ့၊ စလင်း ဘတ်အိတ်တစ်လုံးက…။

မီးခိုးတအူအူနှင့် ညှော်စော်နံကာ ဝါယာရှော့(ခ်)ဖြစ်ပြီး အကွက်လိုက် မည်းတူးနေတဲ့ မိုင်းဝေရဲ့ အပေါ်ယံရေပြားကို ဖုံးအုပ်ဖို့ ဆွဲဆောင်နေသကဲ့သို့ ဖြစ်နေသည်။

"~ ကိုကို လူဆိုး မောင်မောင်လူဆိုး ~ခိုးပြီး တော့နမ်း…. ဟင်"

ရုတ်တရက် ဘွားကနဲ ရှေ့သို့ရပ်လာတဲ့ လူပုံသဏ္ဍာန် ပေါက်နေသော သတ္တုအပိုင်းအစများနှင့် လူ့အစိတ်အပိုင်းများပါ သည့် ရုပ်ပျက်ဆင်းပျက် စက်ရုပ်တစ်ရုပ်ကို မြင်လိုက်ရသဖြင့် အနှိမ်မိန်းမ ကြောင်သွားသည်။ မျက်လုံးအပြူးသား ပါးစပ်အဟောင်း



သားနှင့် ကြက်သေသေသွားပြီး…

"ရှင်…ရှင်…ဘယ်သူ…ဘယ်သူလဲဟင်…"

"တို့လည်း လူဆိုးပဲလေ…"

"ဟင်…."

"ဟုတ်တယ်..ယူ့ ဇီဝိန်ကို ချွေမယ့်လူဆိုး…"

စက္ကန့်ပိုင်းအတွင်းလေးမှာတင် အရာရာဖြစ်ပျက်ပြောင်း လဲ သွားပါသည်။

ပြည့်တန်ဆာအမျိုးသမီးခမျာ နောက်သို့ ခြေတလှမ်းဆုတ် ပြီး ပြေးခွင့်တောင်မရလိုက်ရ။ မိုင်းဝေရဲ့ စက်ရုပ်လက်တံ တစ်ဖက် က ထိုအမျိုးသမီးရဲ့ လည်ဂုတ်ကို လျင်မြန်စွာ ဖမ်းဆုပ်လိုက်ပြီး ခေါင်းကို ခပ်ကြမ်းကြမ်း တစ်ပတ်လှည့်ပေးလိုက်သည်။

"ဂျွတ်…ဂလောက်…"

ဇက်ကျိုးသွားသည့် အသံကြောင့် မိုင်းဝေမှာ ခံစားမှုကင်းမဲ့ နေသည့် မျက်နှာနှင့် ခေါင်းတစ်ချက်ယမ်းလိုက်ကာ…

"ကျွတ်…ကျွတ်…ကျွတ်…"

စုတ်တစ်ချက်သပ်လိုက်ပြီး သူမရဲ့ လုပ်ငန်းစဉ်များ စတင် လိုက်သည်။

သိပ်မကြာ…။

မြေအောက်လှိုဏ်ဂူထဲမှာ ရွှေအိုရောင်ဆံပင်တွေနဲ့ သစ်လွင် တောက်ပတဲ့ မိန်းမလှလေးတစ်ဦး သွက်လက်သော ခြေလှမ်းများနဲ့ လမ်းမပေါ် ထွက်လာခဲ့လေတော့သည်။

သူမ ညည်းတွားနေသည့် သီချင်းကလေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



လေထဲပျံ့လွင့်လျက်…

"~ ~ ကိုကို လူဆိုး…ခိုးခိုးပြီးနမ်း…နူးညံ့တဲ့ နုတ်ခမ်းလေး ထက်မှာ~~ပျားရည်ဆမ်း~"

* * *

## အခန်း (၂၈)

ရှောပင်းမောကြီးတစ်ခုရဲ့ အမျိုးသမီးကိုယ်လက်သန့်စင်ခန်းမကျယ်တစ်ခုက ဒီနေ့ကျမှ ထူးထူးခြားခြား လူသူကင်းရှင်းနေပြီး သန့်ပြန့်တိတ်ဆိတ်နေသည်။

အမျိုးသမီးတစ်ယောက်ကတော့ ကြွေဇလုံထက်က မှန်ပြင်ကျယ်မှာ သူမအလှကို ကြည့်ရှုနေပြီး စာစောကလေးမှ ခရစ်အစ်ကာတ်နှင့် ဝယ်ယူခဲ့သည့် ကော့(စ်)မက်တစ်ပစ္စည်းများနှင့် သူမ မျက်နှာပြင်ကို စိတ်ကြိုက်ခြယ်မှုန်းနေသည်။

ခေတ်မီလှပသည့် ဝတ်စုံအသစ်ကိုတော့ဖြင့် toilet ထဲဝင်တုန်းက လဲပြီးခဲ့ပြီ။ မျက်နှာပြင်ရဲ့ အလှကိုတော့ အခုမှ စိတ်ကြိုက်ခြယ်မှုန်းခွင့်ရတော့သည်။

သိပ်မကြာ…။ toilet ခန်းတစ်ခုမှ ရေဆွဲချသံတခု ကြားလိုက်ရပြီး သူမအလှပြင်နေသည့် မှန်ပြင်ကျယ်ရှေ့သို့ မိန်းကလေးငယ်တစ်ယောက် ထပ်ရောက်လာသည်။

အလှပြင်နေသည့် မိန်းကလေးက ဘယ်သူ့ကိုမှ မကြည့်။

www.burmeseclassic.com

www.burmeseclassic.com



သူမ အာရုံနှင့်သူမရှိနေပြီး နောက်မှရောက်လာသည့် မိန်းကလေးကတော့ မှန်ပြင်ကျယ်ကြီးမှတစ်ဆင့် စောစောက အမျိုးသမီးကို ကြည့်လိုက်ကာ…

"ယူ့ကို မြင်ဖူးနေသလိုပဲ…"

"ဟုတ်လား…ဘယ်မှာလဲ…"

"မသိဘူး…တစ်နေရာရာမှာပဲ…"

"ကိုယ်ကတော့ မင်းကို မမြင်ဖူးဘူး…။ ထားပါတော့…ဖြစ်တတ်ပါတယ်။"

ဒုတိယမိန်းကလေးက တစ်ချက်ငြိမ်သွားပြီး ပြန်လည်စဉ်းစားလိုက်ကာ…

"နေပါဦး… ယူ ပဋ္ဌမတေးသွားကော်ဖီဆိုင်မှာ ထိုင်ဖူးလား…"

သူမအမေးကြောင့် အလှပြင်နေသည့် မိန်းကလေး ဆတ်ကနဲ ဖြစ်သွားပြီး…

"ကိုယ့်ချစ်သူနဲ့ဆို အဲဒီမှာ အမြဲထိုင်နေကြပဲ… ဘာဖြစ်လို့လဲ…"

"အာ…သိပြီ…သိပြီ…။ ယူ ဃာငွေးရဲ့ချစ်သူပဲဖြစ်ရမယ်။ မနာလိုလိုက်တာ။ ယူ့ကိုလေ သတ်ပစ်ချင်တယ်သိလား။ အစိမ်းလိုက်တောင် ကိုက်စားပစ်လိုက်ချင်တယ်။ ဟင်း…ဟင်း…။ ငါနော်…စိတ်ထိန်းထားရလို့…"

"နေပါဦး…ယူက…"

"ဃာငွေးကို ချစ်နေရတဲ့သူပေါ့…အဟိ…"



"သြော်…သြော်…"

"ဃာငွေးရဲ့ အချစ်ကိုရဖို့ဆို ဘာပဲလုပ်ရလုပ်ရ လုပ်မှာ။ ဃာငွေးကိုတွေ့တုန်းကတောင် ပြောခဲ့သေးတယ်။ လင်ယူရင်ကလေးတော့ မွေးတတ်တယ် အထင်မသေးနဲ့လို့…"

"သြော်…သြော်…"

"ဒါတောင် လူဆိုးက တံဏှိဘာဝေလုပ်နေတာ…။ ဒါနဲ့ ချစ်တယ်…ချစ်တယ် ပြောပြီးကို ဖက်ပစ်လိုက်တာ သူက ခဉ်းစားပါရစေဦးတဲ့…ကိုယ်ကလည်းပြောလိုက်တယ်လေ… ခဉ်းစားမနေပါနဲ့ ကိုကိုရယ်…တစ်ခါတည်းသာ ခေါင်းညိတ်လိုက်ပါတော့လို့…"

"သြော်…သြော်…"

"အဲဒီကတည်းက ကိုကိုနဲ့ တို့အဆက်အသွယ်ပြတ်သွားတာ…သူ့ကိုတွေ့ရင် ပြောပေးလေ…တို့ ကိုကို့ကို ဘယ်လောက်တောင် လွမ်းရသလဲဆိုတာ…"

"မင်းဘာသာ ပြောလည်းရတာပဲ…"

"ဖြစ်ပါ့မလား…ကိုကိုက တို့ကို တွေ့ရင် ဝေးဝေးကရှောင်နေတတ်တာ…"။

"ဖြစ်ပါတယ်…လိပ်ပြာဘာဝနဲ့ သွားပြောပေါ…မင်းရဲ့လိပ်ပြာကို ကိုယ်အခုနှုတ်ပေးလိုက်မယ်…။

"ဘယ်လို နှုတ်မှာလဲဟင်…"

"ဟောဒီလို…"

"ဂျွတ်…ဂလောက်…"

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ဉာဏ်ရည်မဖွံ့ဖြိုးရှာသည့် downgirl ခေးဒီမာန် တစ်ယောက်၊ မိုင်းဝေနဲ့ တိုက်တိုက်ဆိုင်ဆိုင်သလို သန့်စင် ခန်းကျယ်တစ်ခုမှာ ဆုံတွေ့ရင်းကနေ လူ့လောကထဲက စောစီးစွာ ထွက်ခွာသွားရရှာလေပြီ…။

စက်ရုပ်မ မိုင်းဝေကတော့ တစ်ရက်တည်းနှင့် မိန်းမနှစ် ယောက်ကို ဂုတ်ချိုးသတ်ခဲ့ပေမယ့် ပေါ့ပေါ့ပါးပါးပင် သီချင်း ကလေး တအေးအေးနှင့် သန့်စင်ထဲက ထွက်လာခဲ့တော့သည်။

သိပ်မကြာ…။

သူမ ထွက်သွားပြီး မိနစ်ပိုင်းအတွင်မှာပင် လုံခြုံရေးအဖွဲ့ ဝင်တွေ အလုပ်ရှုပ်သွားကြတော့သည်။

ခေးဒီမာန်အလောင်းကို လူတွေ တွေ့သွားကြပြီ…။

* * *

## အခန်း (၂၉)

တစ်ရက်တည်းနှင့် သေဆုံးပုံချင်းတူနေသည့် လူသတ်မှု နှစ်ခုကြောင့် သက်ဆိုင်ရာ အာဏာပိုင်များ ခေါင်းခြောက်လျက် ရှိနေသည်။

"တစ်ယောက်က မြေအောက်လှိုဏ်ဂူထဲက မကောင်းတဲ့ မိန်းကလေးဗျ နောက်တစ်ယောက်ကျတော့ ရှော့ပင်းမောထဲက ဉာဏ်မမှီတဲ့ ကောင်မလေး။ သေဆုံးပုံချင်းက အတူတူပဲ။ ဘာ သက်နက်ကိုရိုယာရဲ့ အကူအညီမှ မယူဘဲ ခေါင်းကို တစ်ချက်တည်း လှည့်ပြီး ဇက်ချိုးသတ်သွားတာ။ ဒီမိန်းကလေးနှစ်ယောက်လုံးနဲ့ လူသတ်သမား ဘယ်လိုများ ဆက်စပ်လေမလဲဆိုတာ စိတ်ဝင် စားစရာပဲ.."

"နေဦး…ကျုပ်တို့ သဲလွန်စတစ်ခု ရထားတယ်နော်.. အဲဒီ ဗီဒီယိုဖိုင်ကို ပြန်ဖွင့်လိုက်…"

သန့်စင်ခန်းထဲက အထွက်မှာ CCTVနဲ့ မှတ်တမ်းတင် သွားတဲ့ မိုင်းဝေရဲ့ ကျော့ကျော့ရှင်းရှင်း ပုံရိပ်တချို့ကို အထူးစုံ

www.burmeseclassic.com

www.burmeseclassic.com



စမ်းစစ်ဆေးရေးအရာရှိများက ပြန်လည်ကြည့်ရှုလိုက်ကြပြီး…

“ဒီမိန်းကလေးက လူတစ်ယောက်ကို သတ်ဖို့ ဒီလောက်တောင်အင်အားရှိပါ့မလား။ သေဆုံးသူတွေရဲ့ လည်ပင်းမှာ ကျန်ခဲ့တဲ့ လက်ဗွေရာက တစ်ခုတည်းဖြစ်နေပြန်တယ်”

လုပ်ငန်းအတွေ့အကြုံရင့်ကျက်နေပြီဖြစ်တဲ့အရာရှိတစ်ယောက်က ခေတ္တစဉ်းစားလိုက်ပြီး သမ္မာဒ်ပြုံးပြုံးလိုက်ကာ…

“ကျုပ်သဘောပေါက်သွားပြီ။ ဒီကိစ္စဟာ ဘယ်သူနဲ့ဆက်စပ်နေတယ်လို့ ခင်ဗျားတို့ ထင်သလဲ”

“ခင်ဗျားရော… ဘယ်လိုယူဆသလဲ…”

“အာကာသထဲကို သစ်ပင်ရဲ့မျိုးစေ့တွေ ယူသွားဖို့ အကြံပေးခဲ့တဲ့ သိပ္ပံပညာရှင်ကြီး ဧေးဂါးလေ…။ သူနဲ့ အများကြီးကို ဆက်စပ်နေတယ်”

“ဧေးဂါးကို အခု အငြိမ်းစားပေးခဲ့ကြပြီပဲ…”

“ဒီလိုရှိတယ် ကိုယ့်လူတို့ရဲ့…။ ဗဟိုအမျိုးသားသိပ္ပံအင်စတီကျူက လူတွေက လူလည်တွေချည်းပဲ။ သူတို့တော်တာတွေ၊ တိုင်းပြည်ကို အကျိုးပြုခဲ့တာတွေက တပိုင်းပေါ့ဗျာ။ သူတို့လုပ်ခဲ့လို့ မတော်တရော်ကိစ္စ တစ်ခုတလေများရှိပြီဆိုတစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိနဲ့ ဖုံးဖိပေးတတ်ကြတယ်။

“ဟင်…”

“ဆက်စမ်းပါဦး…”

“သူတို့ MO 32 ဆိုတဲ့ စက်ရုပ်တစ်ရုပ်ပျောက်နေတယ်ဗျ။ အဲဒီစက်ရုပ်ဟာ လုံးဝလူတစ်ယောက်နီးနီး ရုပ်ဆင်းအင်္ဂါ၊



တုန့်ပြန်နိုင်စွမ်း၊ ထိတွေ့သိ ခံစားမှုအာရုံတွေရှိတယ်။ အဲဒီစက်ရုပ်ကို တီထွင်သွားခဲ့တဲ့ သူကတော့ ဧေးဂါပဲ…”

“အိုး…ဒီလောက် လျှို့ဝှက်ပြီးလုံးခြုံရေးကောင်းလှတဲ့အဖွဲ့အစည်းထဲက ကိစ္စတွေကို ခင်ဗျားဘယ်လိုများ သိနေပါလိမ့်…”

“တချိန်ချိန်မှာ ဒါမျိုးတွေဖြစ်လာမယ်မှန်း ကြိုသိထားလို့ပြည်ထဲရေးဝန်ကြီးတစ်ယောက်ရဲ့ ထောက်ခံမှုနဲ့ စပိုင်တစ်ယောက်အဲဒီထဲထည့်ထားတယ်။ ဒီလိုဗျ…ဧေးဂါဟာ အခုလိုအငြိမ်းစားမပေးခင် သိပ်ကိုဦးနှောက်ဉာဏ် မီးတောက်နေတုန်းအချိန်ကဒီတိုင်းပြည်မှာ အထီးကျန်ဖြစ်နေတဲ့ ယာဥ္ကူးအတွက် ရည်ရွယ်ပြီး လူယောင်ဆောင်စက်ရုပ်တစ်ရုပ်ကို လျှို့ဝှက်တီထွင်သွားခဲ့တယ်။ သူ့ရည်ရွယ်ချက်ကတော့။ အတော်လေးမွန်မြတ်ပါတယ်။ ငြီးငွေ့နေတဲ့ ယာဥ္ကူးရဲ့ စိတ်ဓာတ်ရာတွေ သက်သာဖို့ရယ်။ သူကိုယ်တိုင်ကလည်း သူ့ရဲ့ အမြင့်ဆုံးစွမ်းဆောင်ရည်တွေကို အသုံးချချင်တာရယ်ကြောင့်ပေါ့ဗျာ။

အဲ··အဲဒီစက်ရုပ်ကို တီထွင်အပြီး၊ လူ့ပတ်ဝန်းကျင်ထဲ ခမ်းသပ်လွှတ်ကြည့်တယ်။ အားလုံး အိုကေပဲဗျ…။ စိတ်တိုင်းကျခမ်းသပ်ပြီးပြီဆိုမှ ယာဥ္ကူးရှိရာ ဝန်းကျင်ကိုလွှတ်လိုက်တာ··”

အခြားသော အရာရှိများက စီနီယာကျသည့်အရာရှိကြီးပြောစကားကို မျက်တောင်မခတ်တမ်း နားထောင်နေကြသည်။

“ကနဦးတုန်းကတော့ အတော်အဆင်ပြေတယ်ပြောရမယ်။ ဧေးဂါကလည်း သူ့ရဲ့စက်ရုပ်ကို အဝေးကနေ ထိန်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားပေးပြီး နေ့စဉ် update လုပ်နေတာလေ။ အေးဗျာ… ဘယ်အချိန် စ,ပြီး ပြဿနာ ထ,တက်လာသလဲဆိုတော့ ဖေးဂါး မှတ်ဉာဏ်ချို့ယွင်းပြီး သူငယ်ပြန်တဲ့အချိန်ကစလို့ပေါ့…”

အရာရှိကြီးက ဖြစ်ပျက်ခဲ့သမျှ ကိစ္စတို့ကို အသေးစိပ် ပြောပြလေသည်။ ဒီကိစ္စဟာ အင်မတန် အန္တရာယ်ကြီးမားနေပြီ မှန်း သူတို့သဘောပေါက် လက်ခံလာကြသည်။

“တကယ်ဆို အစောကတည်းက ကျုပ်တို့ဌာနနဲ့သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့ရမှာဗျ၊ အန္တရာယ်ရှိတဲ့ စက်ရုပ်တစ်ရုပ် ပျောက်ဆုံးနေတာကို ဆိုင်ရာဝန်ကြီးဌာနကို တင်ပြဖို့ သူတို့ ပျက်ကွက်ခဲ့တယ်။ ကျုပ်တို့ သူတို့ကို အလိမ္မာနည်းနဲ့ ချဉ်းကပ် ရလိမ့်မယ်…ခင်ဗျားပြောပုံအရဆို ဒီစက်ရုပ်ဟာ တကယ့်ကို အံ့မခန်းနည်းပညာတွေ ပိုင်ဆိုင်ထားတဲ့ စက်ရုပ်တစ်ရုပ်ပဲ…။”

“မှန်တယ်။ ဒီကြားထဲမှာ out of control ဖြစ်ပြီး ဃာငူး အပေါ် Heart attack ဖြစ်သွားတာကလည်း ကျားကို အတောင်ပံ တပ်ပေးလိုက်သလိုပဲ…”

“ဒီပြဿနာကို အဖြေရှာဖို့ ဃာငူးအပေါ်မှာများ မူတည် နေပြီလား…။ ဒီစက်ရုပ်အကြောင်းကို လူထုကို ကျုပ်တို့ ဖွင့်ချ သင့်ပြီလား…”

“ဒါတော့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ညှိရဦးမှာပဲ…။ ဒီကိစ္စကို သတင်းအမှောင်ချပြီး ကျုပ်တို့ သေသေဝပ်ဝပ်နဲ့ ကိုင်တွယ် မလား…။ ဒါမှမဟုတ် လူထုကို အသိပေးပြီး တပ်လှန့်ထားမလား ဆိုတာ ကျုပ်တို့ဆုံးဖြတ်လို့မရသေးဘူး…”



“ဟုတ်ပါတယ်။ လူထုကို အသိပေးတဲ့အခါမှာလည်း အထိတ်တလန့်မှုတွေနဲ့အတူ မလိုလားအပ်တဲ့ ကိစ္စတွေ ဖြစ်မှာလည်း စိုးရိမ်ရသေးတာပဲ။ ကဲ…ဘာပြောပြော ကျုပ်တို့ ဒီကိစ္စကို အပူတပြင်း ဖော်ထုတ်ရတော့မယ်…”

ထိုစဉ် ရဲအရာရှိတစ်ယောက်က သူ့နှာခေါင်းကို ပွရှုံ့ပွရှုံ့ လုပ်ကာ…

“ဘာအနံ့လဲဗျ…”

“ဟုတ်ပါ့…ဘယ်သူရေမွှေးဆွတ်လာခဲ့လဲ…”

“အာ…မိန်းမရေမွှေးတွေ ကျုပ်တို့ မဆွတ်တတ်ပါ ဘူး…”

မှန်ပါသည်…။

ဌာနချုပ်ထဲ လေအငွေ့မှာ သင်းကနဲ ထွက်လာတဲ့ Christian Dior ရေမွှေးရနံ့က အရာရှိကြီးများအတွက် အဖြေမထွက် တဲ့ ပဟေဠိတစ်ပုဒ်လို လျှို့ဝှက်သိမ်မွေ့နေပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"Junk artist ဆိုတော့ မင်းက အနုပညာရှင်တစ်ယောက်ပေါ့… ဟုတ်လား…"

"ဒါပေါ့…"

"ရှင်းပြစမ်းပါဦးကွာ…ကိုယ်တော့ နားမလည်ဘူး…"

"စွန့်ပစ်ပစ္စည်းတွေနဲ့ ပန်းချီဆွဲတဲ့ အနုပညာဆိုပါတော့ကွာ… အမှိုက်သရိုက်ပန်းချီပေါ့…"

"အမှိုက်ပန်းချီ…ဩော်…ဩော်…"

"ပြောပါဦး…ယူကရော…ဘာတွေလုပ်လဲ…"

"ကိုယ်လား…လောလောဆယ်တော့ ကောင်းကောင်းအိပ်…ကောင်းကောင်းစား…ကောင်းကောင်းနားနေတယ်ဆိုပါတော့"

"ဟန်ကျတာပေါ့…"

"ဒါနဲ့ မေးစမ်းပါရစေဦး…မင်းက အမှိုက်သရိုက်အနုပညာရှင်ဆိုတော့လေ…မင်းကို တခြားမိန်းကလေးတစ်ယောက်က



အမှိုက်သရိုက်တစ်ခုလို သဘောထားပြီး ရှင်းထုတ်ပစ်ချင်နေတယ်ဆိုရင် မင်းဘယ်လိုလုပ်မလဲ…"

"ဟင်…"

ကွန်ပြူတာ ကီးဘုတ်ခလုတ်များကို တဖြောက်ဖြောက်ရိုက်ပြီး "ချက်"နေသည့် မီဆူးပွင့် လက်ချောင်းကလေးများ တုန့်ရှိသွားရသည်။

MO 32 … တဲ့။ သူဘယ်သူများလဲ….။

ဒီနေ့ လူမှုကွန်ယက်ဝက်ဆိုဒ်တစ်ခုထဲက သူမရဲ့ အကောင့်ကိုဖွင့်တော့ Request from MO 32 ဆိုတဲ့ အကြောင်းကြားစာလေးရ လာသဖြင့် မီဆူးပွင့် accept လုပ်ကာ လက်ခံပေးခဲ့သည်။

သိပ်မကြာ…MO32 နှင့် SUU ဆိုသည့် မီဆူးပွင့်တို့ အွန်လိုင်းပေါ်မှာ တွေ့ဆုံကြပြီး ရောက်တတ်ရာရာတွေ ပြောဖြစ်ဆိုဖြစ် ချက်ဖြစ်ကြသည်။

အစကတော့ ပေါ့ပေါ့ပါးပါး….။ ရိုးရိုးသားသား… အပျင်းပြေ…။

နောက်တော့ MO 32 ထံမှ အခုလို နားလည်ရခက်ခဲသည့် ကိစ္စများ ပါလာတတ်သည်။

သူမ တွေးတောရကျပ်သွားသဖြင့် ဘာစကားမှမတုန့်ပြန်နိုင်သေးခင် MO 32 ထံမှ :) ဆိုသည့် အပြုံးသင်္ကေတလေးတွေ လိုက်ရပြန်သည်။

ကျောထဲတော့ စိမ့်ကနဲ…။

www.burmeseclassic.com

www.burmeseclassic.com



မီဆူးပွင့် လေကို ဝဝ ရှူသွင်းလိုက်ရင်း…

"ကိုယ်က ဘယ်သူ့အတွက်များ အမှိုက်သရိုက် ဖြစ်နေမယ်လို့ ယူထင်လို့လဲ…။"

"ဥပမာ…ကိုယ့်အတွက်ဆိုပါတော့…"

"သေချာလို့လား…ပြန်စဉ်းစားပါဦး…ကိုယ် ဘယ်သူ့ကိုမှ နာကျင်အောင် မလုပ်ခဲ့ဘူး။ နောက်ပြီး သံသရာပါမယ့် အတုန့်အလှည့်အကြွေးတွေ ရှင်းအောင်နေတတ်တဲ့သူ…"

"ဟားဟားဟား…ကိုယ်သိပါတယ်။ မင်းဟာ နယ်မြို့လေးတစ်မြို့က အညတရမိန်းကလေးတစ်ယောက် နူးညံ့ပြီး အနုပညာချစ်မြတ်နိုးစိတ်ရှိတဲ့သူ။ ပန်းပွင့်ကလေးတွေကို ချစ်တတ်တဲ့သူ။ အသေးအဖွဲ့ကိစ္စလေးကအစ တိရိစ္ဆာန်လေးတွေကို ကူညီတတ်တဲ့သူ။ နောက်ပြီးတော့ ကင်ဆာဝေဒနာရှင်တစ်ယောက် ကိုယ်ပြောတာ ဟုတ်ရဲ့လား…။ ဟင်…စင်ဒရဲလားလေးရဲ့…"

"မဟုတ်သေးဘူး…မင်းကိုယ့်ကို ရှင်းရှင်းလင်းလင်းပြောပါလား။ မင်း မကျေနပ်လောက်အောင် ကိုယ်ဘာတွေများ လုပ်ခဲ့မိသလဲဟင်။ နောက်ပြီး မင်းကရော ဘယ်သူလဲ…"

"မကျေနပ်လောက်အောင် ဘာတွေများ လုပ်ခဲ့သလဲ… အိုကေ…မင်းရင်ဘတ်ထဲမှာ နှလုံးသားတစ်စုံရှိနေတဲ့ တစ်ချက်နဲ့တင် မင်းကို ကိုယ်အမှိုက်သရိုက်လို သဘောထားပြီး ရှင်းထုတ်ပစ်ချင်တဲ့အချက်က လုံးဝလုံလောက်သွားပြီ…"

မီဆူးပွင့် အနည်းငယ်တော့ သဘောပေါက်သလို ရှိလာသည်။



မိန်းကလေးအချင်းချင်း…နောက်ပြီးတော့ နှလုံးသားအကြောင်းတွေဘာတွေ ပြောလာပုံထောက်တော့ ဧကန္တ ဃာဂူးနဲ့ သက်ဆိုင်နေတာပဲ ဖြစ်ရမည်။

ဆူးနဲ့ချစ်သူတွေမဖြစ်ခင် ကို ဘယ်ကောင်မလေးနဲ့ ရှုပ်ထားပါလိမ့်။

"ဒီလောက်ဆို ကိုယ်သဘောပေါက်ပြီ။ ကိုယ် ဃာဂူးနဲ့ချစ်သူ ဖြစ်နေတာကို မင်းမကျေနပ်ဘူးနဲ့တူတယ်ဟုတ်လား။

"ဃာဂူးက ကိုယ့်ချစ်သူပါ…။ မင်းနဲ့သူချစ်သူဖြစ်နေတာကို မကျေနပ်ဘူးဆိုတာထက် မင်းကို မကျေနပ်ဘူးဆိုရင် ပိုမှန်လိမ့်မယ်။ ဘာဖြစ်လို့များ မင်းဒီမြို့ကို ရောက်လာပါလိမ့်။ ကိုယ့်အတွက်တော့ အမှိုက်ပဲ…အိုကေ…နောက်မှစကားဆက်ကြတာပေါ့။ သြော်…ကိုယ့်အကြောင်း မင်းသိချင်တယ်ဆိုရင် ဃာဂူးကို မင်းမေးချင်လည်း မေး။ ဒါမှမဟုတ် အခု လောလောလတ်လတ် Live လွှင့်နေတဲ့ ချယ်နယ်လ် 146 ကို ဖွင့်ပြီး ကြည့်လိုက်ပေါ့။ good luck…"

MO 32 က ချက်ချင်းဆိုသလို sign out လုပ်ကာ online မှ ထွက်သွားသည်။ သူမလည်းခေါင်းတစ်ချက်ယမ်းလိုက်ပြီး တီဗီဖွင့်ကာ ချယ်နယ်လ် ၁၄၆ ကို ကြည့်လိုက်တော့ အစီအစဉ်တင်ဆက်သူတစ်ယောက်က breaking news အဖြစ် စက်ရုပ်တစ်ရုပ်ပျောက်ဆုံးနေကြောင်း headline လုပ်ကာ ပြောကြားနေသည်။

"ကြားဖြတ်သတင်းအနေနဲ့ ပြောရမယ်ဆိုရင်တော့ လွန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ နှစ်ရက်က မိန်းကလေးနှစ်ဦး သေဆုံးခဲ့တဲ့ သတင်းတစ်ပုဒ်ပါ။ တစ်ဦးက မြေအောက်လှိုဏ်ဂူထဲမှာ သေဆုံးနေပြီး ကျန်တစ်ဦးကတော့ Nymph ရှော့ပင်းမောရဲ့ သန့်စင်ခန်းအတွင်းမှာ သေဆုံးနေခဲ့ပြီး သူမတို့သေဆုံးပုံချင်းက ဆင်တူနေပါတယ်။ ဒီကိစ္စကို အထူးစုံ စမ်းရေးကော်မရှင်က စုံစမ်းဖော်ထုတ်ဆဲမှာတင် ဗဟိုအမျိုးသား သိပ္ပံအင်စတီကျူမှလည်း အစီရင်ခံစာတစ်စောင် ထွက်ရှိလို့လာပါတယ်။ အဲဒီအစီရင်ခံစာကတော့ သိပ္ပံပညာရှင်ကြီးဇေဂါး တီထွင်ခဲ့တဲ့ လူသားတစ်ဦးနီးနီး တုန့်ပြန်နိုင်စွမ်းရှိတဲ့ စက်ရုပ်တစ်ရုပ် ပျောက်ဆုံးနေခြင်းကိစ္စပါပဲ။ အဲဒီစက်ရုပ်ဟာ ထိန်းချုပ်ကွပ်ကဲသူ ကင်းမဲ့နေပြီး ပြည်သူလူထုကြားကို အန္တရာယ်အသွင်ရောက်ရှိနိုင်တာမို့ လုံခြုံရေးသတိအသိရှိဖို့မှာကြားထားပါတယ်။ မိန်းကလေးနှစ်ဦး သေဆုံးခဲ့တဲ့အဖြစ်နဲ့ စက်ရုပ်ပျောက်ဆုံးနေတဲ့သတင်း ထူးခြားစွာတိုက်ဆိုင်နေမှုကြောင့် လူသတ်မှုမှာ စက်ရုပ်ပါဝင်နေမလားဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူလူထုအနေနဲ့ လုံခြုံရေးအသိရှိပြီး ထူးခြားဖြစ်စဉ် တွေ ကြုံတွေ့ရပါက ဖုန်းနံပါတ် (.....),(.....),(.....)တို့ကို ဆက်သွယ် သတင်းပို့နိုင်ပါတယ်။ ထိန်းချုပ်သူကင်းမဲ့နေပြီး ပျောက်ဆုံးနေတဲ့ စက်ရုပ်ဟာ အဆင့်မြင့်နည်းပညာတွေနဲ့ တီထွင်ထားပြီး လူသားများအကြား လူတစ်ယောက်လို သွားလာနေတဲ့ စက်ရုပ်တစ်ရုပ်ပါ...။ သူ့ကို ဇေဂါက မိုင်းဝေလို့ အမည်ပေးထားပြီး စက်ရုပ်အမှတ်ကတော့ MO32ပဲ ဖြစ်ပါတယ်....။



"ဟင်..."

သတင်းကြေငြာသူရဲ့ နောက်ဆုံးစကားက မီဆူးပွင့်ရင်ဘတ်ကို မြှားတစ်စင်းကို ထုတ်ချင်းပေါက် ဝင်ရောက်သွားပါလေတော့၏...။

သိပ်မကြာ...။

ကိုဆီက ဖုန်းခေါ်သံတစ်ခု သူမဆီရောက်လာခဲ့သည်။

* * *

www.burmeseclassic.com

## အခန်း (၃၁)

ဒါက သုံးဆယ့်တစ်ရာစုပါ။

ပြဿနာတစ်ခုကို ဖြေရှင်းတဲ့နေရာမှာ နှစ်ဆယ်ရာစုက ချစ်သူတွေလို တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုး အပြစ်ပုံချခြင်း၊ စကားနာထိုးခြင်းများကို အတတ်နိုင်ဆုံး ချုပ်လိုက်ကြပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် win win solution စနစ်နဲ့ ချီတက်နေတဲ့ ခေတ်ကြီးမို့...

မီဆူးပွင့်ကလည်း လှသားယောင်ဆောင်ထားတဲ့ မိုင်းဝေနဲ့ သူမချစ်သူ အရင်ကချစ်ခဲ့ဖူးတဲ့ကိစ္စထက်၊ ယခုလက်ငင်း ပြဿနာကိုသာပိုမို focus လုပ်လိုနေပြီး၊ ဃာငူးကလည်း အရင်ကိစ္စတွေကို ဖာချဲ့ပြောနေတာထက် ယခုလက်ရှိ သူ့ချစ်သူရဲ့ လုံခြုံရေးကိစ္စကို ပိုမို အလေးထားရန်သာ ဆန္ဒရှိနေသည်။

သူတို့နှစ်ယောက် ဖုန်းအဆက်အသွယ်ရပြီးတာနဲ့ ပဋ္ဌမ တေးသွားကော်ဖီဆိုင်မှာ တွေ့ဆုံဖြစ်ကြသည်။

"ကိုကို ဆူးပြောစရာတွေရှိတယ်..."



"ကိုလည်း ဆူးကို ပြောစရာတွေ အများကြီးရှိတယ်..."

"ပြောလေ...ကို..."

"ပြောစရာဆိုတာထက် ဝန်ခံချင်တာပါ။ ကိုယ် ဆူးနဲ့ မတွေ့ခင်က မိုင်းဝေဆိုတဲ့ မိန်းမတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့တယ်"

သူမက ဃာငူးစကားကို ဖြတ်ကာ...။

"ဆူး သိပြီးပါပြီ...။ အဲဒီမိုင်းဝေက နောက်ဆုံးတော့ ဇေဂါ တီထွင်ထားတဲ့ စက်ရုပ်ဖြစ်နေတယ်မဟုတ်လား။ လူနီးနီး တုန့်ပြန်နိုင်စွမ်းရှိတဲ့ စက်ရုပ်လေ။ ကိုက မိုင်းဝေကို စက်ရုပ်တစ်ရုပ်မှန်းသိသွားတော့ အနည်းဆုံး၊ နာကျင်အောင်တော့ လုပ်ခဲ့မိတယ် မဟုတ်လား...."

"ဟင်... ဆူးဒါတွေကို သိနေတယ်..."

"ဆူး မိုင်းဝေနဲ့ တွေ့ပြီးပါပြီ..."

"ဟင်..."

ဃာငူး အကြီးအကျယ် အံ့သြတုန်လှုပ်သွားရသည်။

မိုင်းဝေက အခုအချိန်မှာ out of control စက်ရုပ်တစ်ရုပ်... မိန်းကလေးနှစ်ယောက်သေဆုံးမှုမှာ အဓိက သံသယ အဖြစ်ရဆုံးသူလို့ စောစောကတင် ရုပ်သံလိုင်းတစ်ခုက ကြေငြာသွားတာမို့ သူ ဆူးအတွက် အတော်စိတ်ပူသွားရသည်။

"ဆူး သူနဲ့ အွန်လိုင်းမှာ တွေ့ခဲ့တာပါ။ ဆူး အကောင့်ကို သူ invite လုပ်ရင်းနဲ့ ချက်ဖြစ်ခဲ့တယ်လေ"

"ဘာတွေပြောဖြစ်ခဲ့လဲဟင် ဆူး...ကိုယ့်ကြောင့် ဆူး စိတ်အနှောင့်အယှက်ဖြစ်ရတာ စိတ်မကောင်းပါဘူး... နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆူးကိုယ့်ကို ခွင့်ရောလွှတ်နိုင်ရဲ့လားဟင်…''

သူမက ဃာဒူးလက်တစ်ဖက်ကို ဖျစ်လိုက်ပြီး…။

''ကိုကို့ ဆူးအမြဲတမ်း နားလည်ပါတယ်။ ဒီကိစ္စဝင်လာလို့ ကိုကိုချစ်တဲ့အချစ်တွေလည်း လျော့မသွားပါဘူး။ တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ ဆန့်ကျင်ဘက်လူသားနှစ်ယောက်အတွက် အသွင်းပြောင်းထားတဲ့ ကူညီရိုင်းပင်းခြင်း နည်းပညာတစ်ခုပါပဲ။ ကင်ဆာဝေဒနာရှင်တစ်ယောက်ရဲ့ ခက်ခဲကြမ်းတမ်းတဲ့၊ စိတ်ပျက်အားငယ်စရာကောင်းတဲ့ နေ့ရက်တွေကို ကိုကို့အချစ်မပါဘဲနဲ့ ဆူးမဖြတ်သန်းနိုင်ပါဘူး''

''သြော်…ဆူးရယ်…''

''စောစောက စကားပြန်ဆက်ရအောင်…။ မိုင်းဝေအကြောင်းလေ…။ သူက နည်းပညာဖောက်ပြန်နေတဲ့ စက်ရုပ်တစ်ရုပ်ပဲ…။ ပြီးတော့ သူ့ကို ထိန်းချုပ်ပေးနေတဲ့ ဇေးဂါကိုလည်း သူတော်လှန်ခဲ့နိုင်ပြီလေ။ သူ့မှာ မိန်းမပီသတဲ့ မနာလိုစိတ်တော့ အပြည့်အဝရှိတယ်ကို။ သူ ဆူးကို အရမ်းကိုမုန်းတီးနေတယ်။ အဲဒါတော့ သေချာတယ်။ ဆူးကို တရားဝင်လည်း ခြိမ်းခြောက်ခဲ့တယ်။

''အို…ဟုတ်လား။ ဘယ်လို ခြိမ်းခြောက်လဲဆူး…''

''ဆူးအကြောင်းတွေ သူတော်တော်များများ သိထားတယ်။ ပန်းချီဆွဲတာကအစ အနုပညာစိတ်ရှိတာ ကင်ဆာရောဂါဖြစ်နေတာ အဆုံးပေါ့နော်…။ သူအားလုံး သိထားတယ်။ ကိုနဲ့ ချစ်သူဖြစ်နေတာလည်း အပါအဝင်ပေါ့…။ ဆူးက သူ့အတွက်



ခဲ့ပြီးတဲ့ ရှင်းထုတ်ပစ်ချင်တယ်တဲ့…''

''သြော်…''

ရင်ဘတ်ထဲမှာတော့ ဆစ်၊ကနဲ…။

အင်မတန်မှလည်း အားငယ်စရာကောင်းလှသည်။ သူ့ကော ကျွားကိုအတောင်ပံတပ်ပေးထားသလို နည်းပညာတွေအလွန်ကောင်းမွန်နေတဲ့ စက်ရုပ်တစ်ရုပ်။ ကိုယ်တွေက လူသားတွေ။

ဆူးက သက်ပြင်းတစ်ချက်ကို ဖွဖွချလိုက်ရင်း…

''ဆူး ထင်ပါတယ်။ သူ အခုအချိန်အထိ ကိုကို့ ချစ်နေတုန်းပဲ ဖြစ်ပါလိမ့်မယ်။ ဒီကိစ္စဟာ ဆူးနဲ့ကိုအတွက် တင်မကဘူး။ ဆူတို့ တနိုင်ငံလုံးအတွက် အရမ်းကို အန္တရာယ်ရှိတဲ့ ကိစ္စတစ်ခုဖြစ်နေပြီ။ ကိုသဘောပေါက်လား။ ဒီကိစ္စမှာ ကိုက အရမ်းအခရာကျတယ်။ နောက်ပြီး လိမ္မာပါးနပ်ဖို့လည်း လိုလိမ့်မယ်။

ဒီတစ်ခါ သက်ပြင်းချလိုက်ရတဲ့သူကတော့ ဃာဒူး။

ဇေးဂါကိုလည်း စိတ်ထဲကနေ ပျစ်ပျစ်နစ်နစ် ဆဲရေးမိသည်။

ပညာရှင်တွေရယ်…။ ကိုယ်လက်စွမ်းပြတော့မယ်ဆိုရင်ဘောင် ပြည်သူတွေ ခံသာမှုရှိမရှိဆိုတာလေးလည်း ထည့်တွက်ကြပါဦး။

ထိုစဉ် သူတို့စားပွဲဝိုင်းနားသို့ စာပွဲထိုးကလေးတစ်ယောက် ရောက်လာပြီး…

''ပင်လယ်ငါးနဲ့ အသီးရွက်အသုပ်ရပါပြီ ခင်ဗျာ…''

www.burmeseclassic.com



“ဟင်…”

စားပွဲထိုးလေး ချလာပေးတဲ့ ဟင်းပွဲကိုကြည့်ပြီး ဃာဍူ အကြီးအကျယ် အံ့အားသင့်သွားရလေတော့သည်။

ဒီဟင်းကို သူတို့ မမှာ။

“ကိုယ်တို့ အဲဒါ မမှာဘူး”

နောက်ပြီး ဒီဟာက မိုင်းဝေ ဒီဆိုင်ရောက်တိုင်း မှာစားတတ်တဲ့ ဟင်းလျာတစ်ပွဲ။

“ဟုတ်တယ်။ ဟိုဘက်ဝိုင်းက အမျိုးသမီးတစ်ယောက်က ဒီစားပွဲဝိုင်းအတွက် Present မှာ ပေးတာပါ”

“ဟင်… အဲဒီအမျိုးသမီး ဘယ်မှာလဲ…”

“ဟိုမှာခင်ဗျာ…”

ဃာဍူးနှင့်ဆူး၊ စားပွဲထိုး ညွှန်ပြသည့်နေရာသို့ ကြည့်လိုက်သည်။

“အဲ…မရှိတော့ဘူး။ စောစောကတောင် ရှိသေးတယ်။ ပြန်သွားပြီနဲ့ တူပါတယ်။ မြန်လိုက်တာ…”

ဟုတ်ပါသည်။ အလွန်တရာမှကို လျင်မြန်လွန်းပါသည်။

အဲဒီစားဝိုင်းမှာ လူသူမရှိတော့ပေမယ့် သောက်လက်စ ကော်ဖီခွက်ထဲက ကော်ဖီတချို့ဟာ အငွေ့တစ်ထောင်းထောင်း ထ,လျက်ပင်ရှိပါသေးသည်။

စားပွဲထိုး ထွက်သွားတော့မှ ဆူးက စိတ်လှုပ်ရှားခြင်းကြီး စွာနှင့်…

“သူက ဆူးတို့နဲ့ နီးနီးကပ်ကပ်ကို ရှိနေတာကိုး…။





သူ့ကို ဆူးသေသေချာချာမကြည့်လိုက်မိပေမယ့် မျက်လုံးထောင့်စွန်းကနေ တွေ့နေတယ်။ အဝါရောင် တောက်တောက်ကလေး ဝတ်ထားတယ်”

“ဟုတ်တယ်။ ကိုယ်ရောပဲ အဝါရောင်တောက်တောက် ဝတ်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ပုံရိပ်ကိုမျက်လုံးထောင့်မှာ တွေ့နေတယ်။ မိုင်းဝေလို့ မထင်ခဲ့ဘူး…”

“မြန်လိုက်တာ…ဆူးတို့ သူ့ကို ခေါင်းတချက် လှည့်ကြည့်မှာတင် ပျောက်ထွက်သွားတယ်”

နှာဝသို့ ရောက်ရှိလာတဲ့ Christian Dior ရေမွှေးရနံ့က အရင်လို ရင်ခုန်စရာ ကောင်းနေဆဲ…။

ဃာဍူး တိုးတိုးလေး ညည်းညူမိသည်။

“စိန်တော့ အခေါ်ခံလိုက်ရပြီ…”

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ဘယ်အချိန်ကတည်းက ဖုန်းထဲ message ဝင်နေမှန်းမသိ။

မနက်မိုးလင်းလို့ မျက်နှာသစ် မနက်စာစားပြီးချိန်မှာတော့ ဃာဂူးရဲ့ ဖုန်းမှာ signal မီးလေး မှိတ်တုပ်မှိတ်တုပ်လင်းနေသည်။

ပေးပို့သူရဲ့ ဖုန်းနံပါတ်ကို သူဖတ်ကြည့်လိုက်တော့…

no number ။

စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားရပြန်သည်။

message ကို ကဗျာကယာ ဖတ်ကြည့်လိုက်တော့ ထင်တဲ့အတိုင်းပင်။

MO 32 ဆီက message တစ်စောင် ဖြစ်နေလေတော့သည်။

မောင်…

ဒီအသုံးအနှုန်းလေးကို မိုင်းဝေခေါ်ခွင့်ရှိပါသေးတယ်နော်။ အဟင်း…။ မိုင်းဝေကို မောင် စက်ရုပ်တစ်ရုပ်မှန်း သိသွားလို့ အပြင်းအထန်ပေါက်ကွဲသွားတာတွေ၊ မိုင်းဝေကို တစ်စစီချိုးဖဲ့ ဖျက်ဆီးပစ်ခဲ့တာတွေအားလုံး မိုင်းဝေ နားလည်ပါတယ်ကွယ်။

မောင် ပေါက်ကွဲမယ်ဆိုလည်း ပေါက်ကွဲစရာပါပဲ။



ဘာသယ်တော့ ဇေးဂါရဲ့ စမ်းသပ်မှုကြောင့် မောင်တစ်ယောက်တည်း ခါးစာခံအဖြစ်နဲ့ နစ်နာခဲ့တာမဟုတ်ပါဘူး။ မိုင်းဝေလည်း ခါးစာခံအဖြစ်နဲ့ နာကျင်ခဲ့ရတာပါပဲ မောင်။

မောင်နဲ့ ဝေးသွားတဲ့နောက်ပိုင်း အေးစက်မှောင်မိုက်နေတဲ့ သတ္တုနေ့ရက်တွေကို မိုင်းဝေ အထီးကျန်ဆန်ဆန် ဖြတ်သန်းခဲ့ရတယ်။ ဇေးဂါး အရေးပေါ်တပ်ပေးထားတဲ့ အာရုံခံဆိုလာပြားတွေကြောင့် နေရောင်ခြည်ရဲ့ ပူနွေးမှုနဲ့ မိုင်းဝေ ပြန်ပြီးနလန်ထခဲ့ရတာပါကွယ်။

မိုင်းဝေ power on ပြီးပြီးချင်း မောင့်ကို အရမ်းသတိရတယ်။ တချိန်ချိန်မှာ နာကျည်းစရာတွေ ဖြစ်လာမှာစိုးလို့ မောင် မိုင်းဝေကို ရက်ရက်စက်စက် ရိုက်နှက်ခဲ့တဲ့နေ့ကို red alert (အရေးပေါ်အနီရောင်)ပြပြီး storage လုပ်ထားတဲ့ ဟန်မိုရီတွေကိုလည်း မိုင်းဝေရဲ့ အသိစိတ်ဆီပေးပို့နေတဲ့ file တွဲထဲကနေ ကိုယ်တိုင် delet လုပ်ခဲ့ပါတယ်မောင်။

မောင်က မိုင်းဝေကို မေ့ပျောက်ပြီး အချစ်သစ်နဲ့ တွဲသွားပေမယ့် မိုင်းဝေကတော့ မောင့်ကို ချစ်နေရဆဲပါ။

နှလုံးသားမရှိတဲ့၊ နှလုံးသားမပါတဲ့ သတ္တုမိန်းမရိုင်းလို့ မောင်စွဲချက်တင်ထားတဲ့။ မိုင်းဝေဟာ မြင့်မြတ်တဲ့စိတ်ထားကို ပြသဖို့ မောင့်ရဲ့ လက်ရှိချစ်သူကို (အခွင့်အရေးတွေပေးပါရက်နဲ့) တစ်ဖက်သတ် အနိုင်မယူခဲ့ပါဘူးမောင်။

မောင် ယုံ့ရဲ့လား။ မောင်ရှုသွင်းနေတဲ့ လေထုတွေထဲမှာ ၊ မောင်ရဲ့ ပါးပြင်ထက်ဆီမှာ၊ မောင့်ရဲ့ ကိုယ်ငွေ့တွေထဲမှာ မိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဝေ အမြဲတမ်းရှိနေတယ်။

တကယ်ဆို ကိုယ့်ချစ်သူကို တခြားမိန်းကလေးတစ်ယောက်က လုယူသွားတာပဲကွယ်။

နည်းပညာတွေ အမြင့်မားဆုံး ပိုင်ဆိုင်ထားတဲ့ စက်ရုပ်တစ်ရုပ်အနေနဲ့ ရပ်ကွက်တစ်ကွက်စာ၊ မြို့တစ်မြို့စာ ဒါမှမဟုတ် နိုင်ငံနဲ့ချီပြီးတောင် မီးလောင်တိုက်သွင်းပစ်လိုက်လို့ရပါတယ်။

စက်ရုပ်ဟာ မောင်ပြောသလို နှလုံးသားတော့မရှိပါဘူး။ ဒါပေမယ့် နှလုံးသားဆန်ကြောင်းပြသဖို့ အခြေအနေတစ်ခုတော့ ရောက်လာခဲ့ပြီ။

မိုင်းဝေပြောတာ မောင် သဘောပေါက်ရဲ့လား…။

မောင်ရယ်၊ မိုင်းဝေရယ်၊ မီဆူးပွင့်ရယ် သုံးပွင့်ဆိုင်ဇာတ်လမ်းမှာ မိုင်းဝေဟာ မောင်တို့ နှစ်ယောက် ကန့်ထုတ်လိုက်လို့ လွင့်စဉ်သွားတဲ့ သူတစ်ယောက်တော့ မဖြစ်ချင်ဘူး။ အဲဒီလိုပဲ နည်းပညာအားကိုးနဲ့ တစ်ဖက်သတ် အနိုင်ယူတဲ့သူလည်း မဖြစ်ချင်ဘူး။ မိုင်းဝေဟာ နှလုံးသားဆန်ကြောင်း ပြသဖို့အတွက် သွေးထွက်သံယို အနည်းဆုံးနဲ့ သေနတ်ပစ်ဖောက်သံ တစ်စက်ကလေးမှ မရှိလိုက်ရတဲ့ နည်းလမ်းနဲ့ အပေးအယူတစ်ခုတော့ လုပ်ချင်တယ်။

ယှဉ်ပြိုင်မှုတစ်ခုပေါ့။ မီဆူးပွင့်နဲ့ မိုင်းဝေ ယှဉ်ပြိုင်မှုတစ်ခုတော့ လုပ်ရလိမ့်မယ်။

ဘယ်လိုယှဉ်ပြိုင်မှုလဲဆိုတာတော့ သူနဲ့ တီးခေါက်ကြည့်ရဦးမှာပဲ။



လက်ရုံးရည်ဆိုရင်တော့ သူရှုံးဖို့ပဲများပါတယ်။ အဟားဟား

အိုကေလေ…နှလုံးရည်ထဲက တစ်ခုခုပေါ့။ သူက အနုပညာရှင်ဆိုတော့ သူ့ကို ငဲ့ညာတဲ့အနေနဲ့ အနုပညာနဲ့နွယ်တဲ့ ယှဉ်ပြိုင်မှုမျိုးကို မိုင်းဝေနဲ့သူ ယှဉ်ပြိုင်ရလိမ့်မယ်။

Judement ကတော့ အဲဒီကိစ္စမှာ ကျွမ်းကျင်မှုရှိတဲ့ မျှတတဲ့ ဒိုက်ရှိုလ်တွေကို ဆုံးဖြတ်ခိုင်းရမှာပေါ့။

အဲဒီလို ယှဉ်ပြိုင်ကြလို့ မိုင်းဝေမှာ ရှုံးသွားခဲ့ရင် မိုင်းဝေ ကြည်ဖြူစွာနဲ့ power off ပေးပါ့မယ်။ မိုင်းဝေ power off သွားတဲ့နှမောင်တို့ ကြိုက်သလို စီရင်ကြပေါ့။ တစ်စစီ ချိုးဖဲ့ပြီး သံရည်ကျိုစက်ထဲပို့ချင်ပို့ပစ်လိုက်ပေါ့။

အဲ…မီဆူးပွင့်ရှုံးသွား၍တော့ မိုင်းဝေ သူ့ဆီက ခပ်ပါးပါးကလေးတော့ လျော်ကြေးတောင်းရလိမ့်မယ်။ အဲဒါကတော့ သူဒီမြို့ကနေ ကြည်ဖြူစွာနဲ့ ထွက်ခွာပေးပြီး မောင့်ကို လုံးဝအဆက်အသွယ်ဖြတ်ပေးရမယ်ဆိုတဲ့ လျော်ကြေးပဲ။ မိုင်းဝေကို မောင်ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ မောင့်အနားမှာ မိုင်းဝေရှိခွင့်ရရင်တောင် ဘယ်မိန်းမကိုမှ မရှိစေရဘူး။

အဲဒီ အခွင့်အရေးကိုရဖို့ မိုင်းဝေရဲ့ Robot lifeနဲ့ လောင်းကြေးထပ်ပြီး ယှဉ်ပြိုင်ရလိမ့်မယ်။

အိုကေ…။

**မောင့်ကို သိပ်ချစ်ရတဲ့**
**မိုင်းဝေ**

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၃)

ကြံရာမရတဲ့ အဆုံးမှာတော့ မရောက်တာကြာပြီဖြစ်တဲ့ ပညာရှိကြီး ဟူယံဆီသို့သာ သူတို့ နှစ်ယောက် ရောက်လာကြပြီး အကျိုးအကြောင်း ရှင်းပြရလေတော့သည်။

ဟူယံကတော့ လောကအတွေ့အကြုံတွေနဲ့ ရင့်ကျက်နေသူပီပီ ဘာကိုမှ အံ့သြဟန်မပြဘဲ "စက်ရုပ်တစ်ရုပ်ရဲ့ အမြင့်မားဆုံး စွမ်းဆောင်ရည်တစ်ခုကို ပြသလိုက်တာပဲ။ ဒီပြိုင်ပွဲကို မင်းတို့ လက်မခံလို့ မရနိုင်ဘူး။ သူ့ဘက်က လူသားတွေကို ငုံညာတဲ့အနေနဲ့ မီဆူးပွင့်နိုင်နင်းတဲ့ အတတ်ပညာတစ်ခုခုထဲကနေ ယှဉ်ပြိုင်ဖို့ ရွေးချယ်လာလိမ့်မယ်။ ဘယ်လိုလဲ ဆူး…။ သမီးဘက်ကရော အရာရာ အဆင့်သင့် ပြင်ထားပြီးပြီလား"

ဆူးက အလွန်လေးနက် တည်ကြည်သော မျက်နှာ နှင့်။

"လူက ဖန်တီးလို့ စက်ရုပ်ဖြစ်လာကြတာပါ။ စက်ရုပ်က ဖန်တီးလို့ လူဖြစ်လာကြတာမဟုတ်ဘူးလေ။ အချစ်အတွက် ယှဉ်



ပြိုင်ခြင်းဆိုတာထက် လူသားမျိုးနွယ်ရဲ့ ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်ခြင်းဆိုတဲ့စိတ်နဲ့ ဆူး သူ့ရဲ့ စိန်ခေါ်မှုကို လက်ခံသွားမှာပါ။ ဆူးလည်း လွယ်လွယ်နဲ့ အရှုံးပေးတတ်တဲ့သူ တစ်ယောက်တော့ မဟုတ်ဘူး"

'ကြိုက်ပြီ…စိတ်ဓါတ်ကိုတော့ အရမ်းလေးစားသွားပြီ…"

"သူ ဘယ်ကိစ္စနဲ့ ယှဉ်ပြိုင်လိမ့်မယ်လို့ ဟူယံ ထင်လဲ"

ဃာငှုးက သိလိုဟန်နှင့် ဟူယံကို ကြားဖြတ်မေးလိုက်သည်။

"သူ ဆူးကို ဆက်သွယ်လာဦးမှာပါ…online က ဖြစ်ဖြစ်၊ လူချင်းတွေ့တဲ့ အဆင့်ပဲ ဖြစ်ဖြစ် ဆက်သွယ်လာလိမ့်မယ်။ မီဆူးပွင့် ပရော်ဖက်ရှင်နယ်ဖြစ်တဲ့ ပန်းချီဆွဲတဲ့ကိစ္စနဲ့ ယှဉ်ပြိုင်ကြရင်တော့ လူသားတွေအတွက် ကံကောင်းတယ်ပြောလို့ရတာပေါ့"

"သိပ္ပံပညာရှင်တွေ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ကြိုတင်လက်ဝါးချင်းရိုက်ထားပြီး သူ့ကို မှုားခေါ်ပြီးတော့မှ ကိစ္စအားလုံး စီစဉ်ပစ်လိုက်ရင် ကောင်းမယ်နဲ့ တူတယ်…"

ဟူယံက ဃာငှုးစကားကြောင့် သိမ်မွေ့စွာပြုံးလိုက်ပြီး…

"အဆင့်မြင့် LEDနည်းပညာသုံးပြီး စက်ရုပ်ဟာ ကိုယ်ပျောက်ဝိဇ္ဇာလုပ်လို့ရတယ်ဆိုတဲ့ အချက်ကို မင်းမမေ့နဲ့လေ ဃာငှုး… အခုအချိန် သူလည်းပဲ ဟောဒီစကားဝိုင်းမှာ ရှိချင်ရှိနေမှာပေါ့။ သူမင်းကို messageပို့ခဲ့သလို သူဟာ မင်းရှုသွင်းတဲ့လေထုတွေထဲ၊ မင်းရဲ့ပါးပြင်ပေါ်မှာ ရှိချင်ရှိနေနိုင်တာပဲ။ သူ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



က အတတ်နိုင်ဆုံး ရိုးသားပါ့မယ်လို့ ကတိပေးပြီးပြီပဲ။ တို့လူသား တွေဘက်ကလည်း အတတ်နိုင်ဆုံး ရိုးသားရမှာပေါ့။ နောက်တစ်ခု က ဒီကိစ္စကို သွေးထွက်သံယို အနည်းဆုံး ကြိုတင်ကာကွယ်ချင် ရင် ဇေးဂါးကို ချော့မော့ပြီး MO 32 စက်ရုပ်ရဲ့ အဆေးထိန်းကိရိယာ Remote control ဘယ်မှာရှိသလဲဆိုတာ မင်းတို့ မေးဖို့ကောင်း တယ်...''

''ကျွန်တော် ဒီကိစ္စကို ဆိုင်ရာအာဏာပိုင်တွေဆီ အားလုံး ပြောပြပြီးအကူအညီတောင်းပြီးပြီ။ သူတို့ကလည်း MO 32 ကို နှစ်လောင်းပြိုင်ကိစ္စမှာ သံသယရှိပြီး အမြန်ဆုံး ထိန်းချုပ်ချင်လို့ ဇေးဂါကို နည်းအမျိုးမျိုးနဲ့ မေးပြီးပြီ။ အခုထိလည်း မေးနေကြတုန်း ပဲ။ စိတ်ကုဆရာဝန်တွေနဲ့ရော အိပ်မွေ့ချပညာရှင်တွေပါ ပူပေါင်း ပြီး မေးနေကြတယ်။ ခက်တာက ဇေးဂါက လုံးဝကို သူငယ် ပြန်သွားတာ။ ဘယ်ပစ္စည်းဘယ်နေရာထားလို့ထားမှန်း သူတကယ် ကို မသိတော့ဘူး။ ပါးစပ်ကလည်း ကလေးကလားတွေ ပြောချင် ရာ လျှောက်ပြောနေပြီ။

''အို...ဒုက္ခပါပဲကွယ်...''

သုံးဆယ့်တစ်ရာစုရဲ့ နောက်ဆုံးမျိုးဆက် လူငယ်လေးတစ် ဦး...။

သူ့ဘက်က အားစိုက်စရာမလိုဘဲ သမ္မတလုပ်ဖို့၊ စစ်ဗိုလ်ချုပ်ကြီးလုပ်ဖို့ ကဗျာဆရာလုပ်ဖို့ အစရှိသဖြင့် အကာမ်း လှမ်းခံထားရတဲ့သူ....

သို့သော် ချစ်ရမယ်ချစ်သူကျတော့ မရှိ။



ဒီကြားထဲ စူးစမ်းလေ့လာရေးလုပ်ဖို့အတွက် အရေးကြုံ ရင် ကြံုသလို ဟိုဥစ္စာတောင် ပေးရတဲ့အခါ ပေးရပြန်သည်။

ရှားရှားပါးပါး...ချစ်သူရလာပြန်တော့ သိပ္ပံပညာရှင်ကြီး တစ်ယောက် လက်စွမ်းပြထည့်လိုက်တဲ့ စက်ရုပ်မနဲ့...။

ဆင်ခြေတုံတရားနဲ့ စက်ရုပ်မရန်က ရုန်းထွက်လာခဲ့ပြီး လူသားမျိုးနွယ်စစ်စစ် မိန်းကလေးနဲ့ ချစ်သူဖြစ်ရပြန်တော့လည်း သူမခမျာ ကင်ဆာဝေဒနာသည်တစ်ဦး...

ကဲ...အခု ကင်ဆာဝေဒနာရှင်မိန်းကလေးကို စက်ပိုင်း ဆိုင်ရာချို့ယွင်းပြီး နည်းပညာနဲ့ စွမ်းရည်တွေ အမြင့်မားဆုံး ပိုင်ဆိုင်ထားသူ စက်ရုပ်မက သူတင်ကိုယ်တင်ယှဉ်ပြိုင်ရန် စိန် ခေါ်လာလေပြီ။

ချစ်သူက သေသေးညှပ်ညှပ်နဲ့ ရောဂါသည်ဖြစ်လင့်ကစား အရာရာကို အလွယ်တကူ အရှုံးမပေးတတ်ပေမယ့် သူကတော့ စိတ်ပျက်နေမိသည်။

''ခက်ခဲတဲ့ကိစ္စရပ်တွေနဲ့ ကြုံတွေ့လာရတိုင်း ဘုရား သခင်ဟာ ဘယ်တုန်းကမှ လက်ပိုက်ကြည့်မနေတတ်ပါဘူး ကွယ်''

ဟူယံရဲ့ နောက်ဆုံးစကား......။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဆေးရုံပေါ်မှာ သူမတက်ရောက်ဆေးသမှုခံယူနေသည်မှာ သုံးရက်ခန့်ရှိလေပြီ။

Chemotherapy လို့ ခေါ်တဲ့ ဆေးသွင်းကုသမှုကို ခံယူအပြီးမှာတော့ သူမရောဂါကို အရှင်းပျောက်ကင်းစေနိုင်ကြောင်း ခုနစ်ဆယ်ရာခိုင်နှုန်းအထိ ဆရာဝန်ကြီးများ အာမခံပေးထားသည့် Radiotherapy (ဓာတ်ကင်ကုသမှု)ကို ခံယူဖို့ အတွက်ပါ…။

သူမရဲ့ ကင်ဆာအကြိတ်ဟာ 2cm ထက်မကြီးတဲ့အတွက် ဆရာဝန်ကြီးများက လူနာအတွက် အသက်သာဆုံးကုထုံးတစ်ရပ်ဖြစ်တဲ့ Preferential Radio-frequency Ablation ကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်ကြသည်။

ဘာပဲပြောပြော သူမခွဲစိတ်ခန်းတော့ ဝင်ခဲ့ရပါပြီ…။

သူမရဲ့ ကင်ဆာအကြိတ်ထဲကို အလွန်တရာသေးငယ်လှတဲ့ Elerode လေးထည့်သွင်းလိုက်ပြီး 90°C အပူပေးကာ အကြိတ်ကို ချေဖျက်လိုက်နိုင်ပြီမို့ ခွဲစိတ်ကုသမှုဟာ ပေါ့ပေါ့ပါးပါးကလေး



ပြီးဆုံးသွားချင် သွားသည်ဆိုလင့်ကစား…

ခွဲခန်းထဲကထွက်လာတော့ သူမ ထုံဆေးအရှိန်၊ ခွဲစိတ်ဖြတ်တောက်လှီးထုတ်ခြင်းခံထားရသော အရှိန်တွေနဲ့ လုံးဝအိပ်မော ကျသွားရလေတော့သည်။

"ခွဲစိတ်မှုအောင်မြင်ပါတယ်။ မကြာခင် လူနာဟာ ကောင်းကပတိအတိုင်း ကျန်းမာလာတော့မှာပါ"

ဆရာဝန်ကြီး ပြောစကားကြောင့် ဃာငူးရော သူမ မိဘနှစ်ပါးပါ နှစ်ခြိုက်စွာ အိပ်မောကျနေသည့် သမီးဖြစ်သူကို ကြည့်ရင်း ဝမ်းသာပီတိနှင့် မျက်ရည်များပင် စီးကျလာကြတော့သည်။

ဒီနေ့ခွဲစိတ်ကုသမည့်နေ့မို့ ညကတည်းက အိပ်မပျော်ဖြစ်နေကြပြီး ခွဲစိတ်နေသည့်ကာလမှာလည်း ခွဲခန်းပြင်ပ၌ စိတ်ပန်းလူပန်းဖြစ်နေကြရပြီမို့ နေ့လယ်စာ စားဖို့ အချိန်ရောက်လာတော့ ဘာဝန်ကျနပ်(စ်)မလေးက သိတတ်စွာနှင့်ပင်…။

"လူနာအခြေအနေအရမ်းကောင်းနေပါပြီ…။ ခွဲစိပ်ထားတဲ့အရှိန်နဲ့မို့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတာပါ။ လူနာစောင့်တွေ အနေနဲ့ ခဏလောက်ဖြစ်ဖြစ် အပြင်မှာ လေကောင်းလေသန့် ရှူရှိုက်ရင်း နေ့လယ်စာစားဖို့နဲ့ အနားယူဖို့ ကျွန်မ အကြံပေးချင်ပါတယ်။ ဒါမှ လူနာကို နေ့ရောညပါစောင့်ပေးဖို့ အားရှိမှာပေါ့…"

နပ်(စ်)မလေးရဲ့ အကြံပြုချက်ကို ဆူးရဲ့မိဘတွေရော ဃာငူးပါ သဘောတူလိုက်ကြသည်။

www.burmeseclassic.com



ဟုတ်တယ်။ ဆေးရုံထဲက ပိုးမွှားတွေ သန့်စင်ထားတဲ့ အနံ့တွေအောက်မှာ သူတို့ မှန်းကျပ်နေကြပြီ။ လေဝဝရှူဖို့နဲ့ နေ့လယ်စာစားဖို့ ဆေးရုံဝင်းထဲက စားသောက်ဆိုင်ကို ခဏတော့ ထွက်ခဲ့ဦးမှ…။

ယာငူးက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့ ချစ်သူရဲ့ လက်ဖမိုးလေးကို အသာအယာနမ်းရှိုက်လိုက်သည်။

အခက်အခဲတွေကို တခုချင်း အနိုင်ယူကျော်ဖြတ်နိုင်ပါစေ၊ ချစ်သူ…။

"ဆရာမ…ကျွန်တော်တို့ စိတ်ချသွားမယ်နော်…"

"ဟုတ်ကဲ့…စိတ်ချလက်ချသွားကြပါ…"

တာဝန်ကျဆရာမလေးက လူနာရဲ့ ဘယ်ဘက်လက်ကောက်ဝတ်မှာ ချိတ်ထားတဲ့ ဆေးပုလင်းတွေ၊ ဆီးပိုက်တွေကို တစ်ချက်စစ်ဆေးလိုက်ရင်း လူနာနိုးရင် သောက်ဖို့ ကြက်စွပ်ပြုတ်ကို အသင့်အနေအထားလုပ်ပြီးစဉ် အမျိုးသမီးတစ်ယောက်က သူမနောက်ကနေ ဘွားကနဲ ရောက်လာသည်။

တံခါးဖွင့်သံမကြားလိုက်ရ…ခြေသံမကြားလိုက်ရ…

"ဟင်…ရှင်…ရှင်…ဘယ်သူလဲ…"

ဒါပဲ ပြောလိုက်ရသည်…။

နောက်တော့ ဘာမှ မသိတော့…။

* * *

## အခန်း (၃၅)

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရင်းမှ မီဆူးပွင့်နိုးလာတော့ သူမကို အဓိပ္ပါယ်တစ်မျိုးနှင့် စိုက်ကြည့်နေတဲ့ သူနာပြုဆရာမတစ်ယောက်မှ လွဲပြီး အခန်းထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရ။

ခွဲစိတ်ထားတဲ့ အရှိန်နဲ့မို့ လှဲနေရင်းမှ ခပ်မတ်မတ် ကလေးထနိုင်သေးသဖြင့် သူနာပြုဆရာမက သူမခုတင်အောက်က မောင်းတံကို လှည့်ပေးလိုက်ပြီး ခုတင်ကို ပက်လက်ကုလားထိုင်ခုံတစ်လုံးသို့ မတ်ပေးလိုက်သည်။

အနည်းငယ် နွမ်းလျနေတာကလွဲရင် အားလုံး ကြည်ကြည်လင်လင်…

"ကျွန်မရဲ့ မိဘတွေရောဟင်…"

"နေ့လယ်စာ သွားစားကြတယ် နေမှာပေါ့…"

"ကျွန်မရဲ့ ချစ်သူရော…"

"ယာငူးကိုပြောတာလား…။ ဒါဆိုရင်တော့ မင်းရဲ့ချစ်သူဆိုတဲ့ အသုံးအနှုန်းမျိုး မသုံးနှုန်းပါနဲ့လား…"

"ဟင်.."

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမရဲ့ တုန့်ပြန်စကားကြောင့် မီဆူးပွင့် အနည်းငယ် လှုပ်လှုပ်သွားရလေတော့သည်။

သူမကတော့ အေးတိအေးစက် မီးဆူးပွင့်ရဲ့ လက်ကောက်ဝတ်သွေးကြောထဲကို ထိုးသွင်းထားတဲ့ drip ပိုက်လိုင်းမှ ဆေးရည်အတိုးအလျှော့လုပ်သည့် အဝိုင်းလေးကို သွေးအေးအေးနဲ့ ကစားနေပြီး…

"အခုချိန်မှာ ဟောဒါလေးကို ပိတ်ပြီး မင်းရဲ့ခန္ဓာကိုယ်ထဲကို ဆေးတွေ တစ်စက်မှ မဝင်တော့အောင် ရပ်တန့်ပစ်လိုက်မယ်ဆို မင်းဘယ်လိုခံစားရမလဲ…"

ပြောနေတဲ့ စကားတွေက normal မဟုတ်တော့။

သေချာပြီ… MO 32 စက်ရုပ်ဟာ သူနာပြုဟန်ဆောင်ပြီး သူမနားကို ဟူယံပြောသလို အရောက်လာခဲ့ပြီ…။

သူမ ဘာဆက်လုပ်ရမလဲ…။

အခုအချိန်မှာ သူမအနေအထားက ပြေးဖို့ အော်ဟစ်အကူအညီတောင်းဖို့ ဝေးစွ။ ပက်လက်လှဲနေရင်းကတောင် မတ်မတ်မထိုင်နိုင်သေး…။

" MO 32 စက်ရုပ်ဆိုတာ ရှင်လား…"

"သေချာတာပေါ့…"

မီဆူးပွင့် သူမမျက်နှာကို ရဲရဲတွွှာ တစ်ချက်စိုက်ကြည့်လိုက်သည်။

မျက်လုံးအသက်ဝင်မှုအနည်းငယ် လျော့ကျနေတာကလွဲရင် ကျန်တာအားလုံးဟာ လူတပတမိန်းမတစ်ယောက်



အတိုင်းပါပဲလား။ ကို ကြွေမယ်ဆိုလည်း ကြွေလောက်စရာ…။

"ပြောပါ…ကျွန်မဆီက ရှင်ဘာလိုချင်တာလဲ…အရှုံးလား၊ အသက်လား… တစ်ခုခုပေါ့။ ဒါပေမယ့် ကိုယ့်လုပ်ရပ်ကို ကိုယ်နောက်ပြန်လှည့်ကြည့်တိုင်း လိပ်ပြာလုံနေစေရမယ့် လုပ်ရပ်တော့ဖြစ်ဖို့ လိုလိမ့်မယ်"

စက်ရုပ်တစ်ရုပ်ကို လူ့ဂုဏ်သိက္ခာအကြောင်းတွေ သွားရှင်းပြနေတာ သူမ မှားများမှားယွင်းသွားပြီလား။ မတတ်နိုင်တော့။ အခုအချိန်မှာ သူမ လက်ကလေးတစ်ချက်ကွေးလိုက်ရုံနဲ့ မီဆူးပွင့် အသက်ပျောက်သွားနိုင်သည်။ ဒါ့ကြောင့် ဂုဏ်သိက္ခာကို ရှေ့တန်းတင်ရန်နှင့် မှုမှုတတရှိရန်သာ စက်ရုပ်ကို ဆွဲဆောင်စည်းရုံးနေရတော့သည်။

"မင်းက အနုပညာသမားမို့လို့ထင်ပါရဲ့…။ မင်းရဲ့စကားတွေက ဓါးသွားထက် ပိုထက်နေသလိုပဲ။ ဟုတ်တယ်။ မင်းပြောသလို ကိုယ့်လုပ်ရပ်ကို ကိုယ်နောက်ပြန်လှည့်ကြည့် တိုင်းလိပ်ပြာလုံနေစေရမယ့် လုပ်ရပ်တစ်ခုနဲ့ အလဲအထပ်လုပ်ဖို့ ကိုယ်ရွေးချယ်မှာပါ။ အခုအချိန်လောက်ဆို ကိုယ်ချစ်သူဟောင်း ဃာငူးကလည်း ကိုယ်သူ့ဆီ message ပို့တဲ့အကြောင်း မင်းကို ရှင်းပြပြီးလောက်ပြီ ထင်ပါတယ်"

"ဟုတ်တယ်…သူ ကျွန်မကို ရှင်းပြပြီးပြီ…"

"ကောင်းပြီလေ…မင်းသဘောတူပါရဲ့လား။ မီဆူးပွင့် … ကိုယ်တို့ ယှဉ်ပြိုင်မှုကလေးတစ်ခုနဲ့ အလဲအထပ်လုပ်ရအောင်…မင်းကို ဦးစားပေးတဲ့အနေနဲ့ မင်းတတ်ကျွမ်းတဲ့ ပရော်

www.burmeseclassic.com

www.burmeseclassic.com



ဖက်ရှင်နယ်ကိစ္စတစ်ခုနဲ့ ကိုယ်တို့ ယှဉ်ပြိုင်ကြရအောင်လား…ကဲ…မင်း ရွေးချယ်လိုက်စမ်းပါ…''

မီဆူးပွင့်က နှုတ်ခမ်းတစ်ချက်ဖိကိုက်လိုက်သည်။ သဘောထားကြီးပြနေသည့် စက်ရုပ်ကိုလည်း ဆောင့်ကန်ပစ်ချင်နေမိသည်။

ပန်းချီအဆွဲပြိုင်ဖို့ စိန်ခေါ်လိုက်ရမလား…။ ကိုယ်က ပန်းချီဆရာမဆိုတော့ သိပ်များ အသာစီးကျယူရာ ကျသွားမလား။

''ပြော…ကိုယ်အချိန်မရှိဘူး…''

စက်ရုပ်မက လောနေသည်။ သူမကတိအတိုင်း သေနတ်ဖောက်သံနဲ့ သွေးထွက်သံယို တစ်စက်ကလေးမှ မရှိလို၍ လူနာစောင့်များမလာမီ ဒီကိစ္စကို အလျင်စလို ပြီးစေလိုသည်ထင်ပါ၏။

''ကောင်းပြီ…ကျွန်မတို့ ကဗျာပြိုင်ရွတ်ကြမယ်…ဘယ်လိုလဲ…''

မီဆူးပွင့်က သိပ်မကျွမ်းကျင်သော်ငြား စိတ်ထဲမှာ taste ရှိနေသော အနုပညာတစ်ခုဖြစ်သည့် ကဗျာနှင့် စတင်စစ်မျက်နှာဖွင့်လိုက်သည်။

''ကဗျာ…''

MO 32 စက်ရုပ်က ''ကဗျာ'' ဟု တီးတိုးရေရွတ်လိုက်ပြီး လေးလေးနက်နက် စဉ်းစားနေသည်။

စက်ရုပ်မှာ ကဗျာရွတ်ဆိုနိုင်လောက်တဲ့၊ လူသားတစ်ဦးဖန်တီးထားတဲ့ ကဗျာထက်ပိုမို ကောင်းမွန်တဲ့ ကဗျာတွေဖန်တီးနိုင်တဲ့ ဉာဏ်အဆင့်အတန်းရှိပါ့မလား…။



''ဘယ်လိုလဲ…ရှင် လုပ်နိုင်ပါ့မလား…''

''ဘယ်သူက ဒိုင် လုပ်မှာလဲ…''

''ဒီမြို့၊ ဒီနိုင်ငံရဲ့ အတော်ဆုံး ကဗျာဆရာတွေကို အကဲဖြတ်ခိုင်းရမှာပေါ့''

''အားလုံးဟာ လူသားတွေချည်းပဲ…။ စက်ရုပ်တစ်ရုပ်မှ မပါနိုင်တဲ့အတွက် ကိုယ့်အတွက် တစ်မဲလျော့စေတယ်။ အဲဒီကဗျာဆရာတွေကို သမာသမတ်ကျစေဖို့နဲ့ မျှတမှုရှိစေဖို့ မင်းက တာဝန်ယူနိုင်ပါ့မလား…''

''ဘဝလမ်းကြောင်းကို အတိမ်းစောင်းခံပြီး မှန်တယ်ထင်တာကို ရဲရဲဝံ့ဝံ့စွာလုပ်ခဲ့ကြလို့ ဝေတ်တလှည့် ပြတ်တလှည့်နဲ့ ခေါင်းမာပြီး တဇွတ်ထိုးဆန်တဲ့၊ ကဗျာကို နှလုံးသွေးထက်ပိုချစ်တဲ့ ကဗျာဆရာတွေချည်းခေါ်ပြီး အကဲဖြတ်ခိုင်းမယ်။ ဘယ်လိုလဲ…''

''ကြိုက်ပြီ…မင်းနဲ့ ကိုယ်နဲ့ ကဗျာပြိုင်ရွတ်ကြမယ်…''

''အိုကေ…''

''ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာလဲ မီဆူးပွင့်…''

ထိုစဉ် လူနာခန်းပြင်ပမှာ ခြေသံများ တစတစ နီးကပ်လာတာမို့ MO 32 စက်ရုပ်က မီဆူးပွင့်အဖြေစကားကို မစောင့်တော့ဘဲ…။

''မင်းကို ကိုယ် အွန်လိုင်းက ဆက်သွယ်လိုက်မယ်''

ဆယ့်နှစ်ထပ်မြောက် အခန်းရဲ့ ပြတင်းတံခါးကို ဖွင့်ကာ လေပါးစွာ ခုန်ဆင်းပျောက်ကွယ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ဟူယံက ဃာဂူးတို့စုံတွဲ ပြောသမျှကို လေးလေးနက်နက်နားထောင်ပြီး စကားဆုံးတော့ ပညာရှိဆန်စွာ ပြုံးနေလေသည်။

“သုံးဆယ့်တစ်ရာစုရဲ့ အချစ်ဇာတ်လမ်းမှာ စက်ရုပ်တွေပါ ပါဝင်လာကြတော့ အရင်လို ချစ် ကွဲ ညား ဆန်ဆန် ပျင်းစရာကောင်းမနေတော့ဘဲ adventure ဖြစ်လာတာတော့ အသေအချာပဲ။ ဒါနဲ့ သမီးက စက်ရုပ်နဲ့ဘာ့ကြောင့် ကဗျာပြိုင်ရွတ်ဖို့ ဆုံးဖြတ်လိုက်ရတာလဲ…”

“သူ့မှာ ကဗျာစပ်ဆိုသီကုံးနိုင်မယ့် ဉာဏ်အဆင့်အတန်းက လူသားတွေထက် နိမ့်ကျတယ်ထင်လို့ပါ”

“သမီးသုံးသပ်ချက်က မှန်မလိုနဲ့ မှားနေပြီ…။ သူ့ကဲ ဇေးဂါရဲ့ masterpiece စက်ရုပ်တစ်ရုပ်ဆိုတာ မမေ့နဲ့လေ…။ သမီးပြောသလို သူဟာ လူသားတစ်ဦးထက် ကျော်လွန်ပြီး ကဗျာမစပ်ဆိုနိုင်ဘူးဆိုတာတော့ ဖြစ်နိုင်တယ်။ ဒါပေမယ့် သူ့ရဲ့ စုပ်



ပါဝါမှတ်ဉာဏ်က အခုလောက်ဆို ဘလိက်၊ နေရူဒါ၊ ပုရှ်ကင်၊ မယာကောဗ်စကီး၊ ဘိုင်ရွန်၊ ရှယ်လီ၊ မာလာမေ၊ ဘော့လ်ဒဲယားစတဲ့ ကဗျာဆရာတွေရဲ့ ထောင်ပေါင်းများစွာ ကဗျာတွေကို မျက်စိတမှိတ်စာ ကာလလေးအတွင်းမှာတင် မှတ်သားပြီးနေလောက်ပြီ…။ နာမည်ကျော်ကဗျာဆရာကြီးတွေရဲ့ ကဗျာအပိုင်းအစတွေကို ဟိုတစ်ကြောင်း ဒီတစ်ကြောင်း အပေါ်အောက် အထားအသိုတွေနဲ့ ခင်းကျင်းပြီး ရွတ်ပြလိုက်တာနဲ့ သူ့ကိုယ်ပိုင်အံ့ခမန်း ကဗျာတစ်ပုဒ်ဖြစ်သွားနိုင်တယ်ဆိုတာ သမီးသိရဲ့လား…”

“ဟင်…”

ဟူယံရဲ့ သုံးသပ်ချက်ကြောင့် သူမမျက်လုံးအဝိုင်းသားဖြစ်သွားရသည်။

ဟုတ်တယ်။ အဲဒီ စက်ရုပ်ဟာ စုပ်ပါဝါမှတ်ဉာဏ်ပိုင်ဆိုင်ထားသူ တစ်ယောက်ပဲ…။ သိန်းနဲ့ချီ၊ သန်းနဲ့ချီတဲ့ ကမ္ဘာကျော်ကဗျာ တွေကို ပေါ့ပေါ့ပါးပါးလေးမှတ်သားထားပြီး ဟိုကဗျာထဲကဟို တစ်ကြောင်းယူ၊ ဒီကဗျာထဲက ဒီကဗျာထဲက တစ်ကြောင်းယူပြီး အထားအသိုအခင်းအကျင်းကောင်းကောင်းနဲ့ ရွတ်ပြလိုက်တာနဲ့ သူမကိုယ်ပိုင် အံ့မခန်းကဗျာတစ်ပုဒ်ဖြစ်သွားနိုင်ပေသည်။

မီဆူးပွင့် အံကို တင်းတင်းလေးကြိတ်ထားမိသည်။

“အခုခေတ်မှာ စက်ကို လူက မယှဉ်နိုင်ဘူးဆိုတဲ့ စကားတွေနေရာတကာမှာ ကြားနေရတယ်။ ဒါပေမယ့် အဲလိုပြောနေကြတဲ့ သူအများစုဟာ လူက စက်ကို ဖန်တီးထားတယ်ဆိုတဲ့အချက်ကို မေ့လျော့နေကြတဲ့သူတွေပါ…”

www.burmeseclassic.com



ဃာဇူးမှာ ခေါင်းတစ်ချက်ဆတ်ရင်း ချစ်သူရဲ့ လက်ကလေးကို ဖျစ်လိုက်သည်။

"သမီးရဲ့ သတ္တိကိုတော့ ဟူယံအရမ်းသဘောကျသွားပြီ…။ အဲဒီစိတ်ခွန်အားတွေကြောင့်ပဲ ကင်ဆာဝေဒနာဆိုတဲ့ တံတိုင်းကြီးပေါ်ကို ကျော်တက်နိုင်ခဲ့တယ်ထင်ပါရဲ့…"

အပြင်မှာ လေတွေက အရမ်းကြမ်းနေသည်။

ဂျိတ်နှင့်ချိတ်ထားသည့် ပြတင်းတံခါး မှန်သားများပင် လေတိုးသံကြောင့် တုန်ခါနေပြီး ကွဲအက်တော့မယောင် ဖြစ်နေသည်။

ဒေါသတကြီးဝင်ရောက်လာကြတဲ့ လေတွေကြောင့် ခန်းဆီးစရှည်ရှည်တွေ လွန့်လူးနေကြပြီး လေတစ်ချက်ဆောင့်အတိုက်မှာတင်…။

"ဝုန်း…"

"ဂျလွမ်…"

ဟူယံ အလှထိုးထားသည့် နှင်းဆီပန်းအိုးလေး ကျကွဲသွားရချေပြီ…။

"လေတွေ အရမ်းကြမ်းနေတယ်။ ဘာဖြစ်လို့ပါလိမ့်…"

ဃာဇူးက ဆိုချေသော် ပန်းအိုးအကျိုးအပဲ့များကို တံမြက်စည်းနဲ့ လှည်းကျင်းနေတဲ့ ဟူယံက…

"မင်းတို့ မသိဘူးလား…။ အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ လေဖိအားနည်းရပ်ဝန်းဖြစ်နေတယ်လေ။

"ဩော်…"



"ဟာရီကိန်းမုန်တိုင်းဖြစ်မို့ တာစူနေပြီ…။ အဲဒီ ဟာရီကိန်းဟာ အရှေ့ဘက်ကမ်းရိုးတန်းတွေဆီ ရွေ့လျားသွားနိုင်တယ်လို့ ခန့်မှန်းထားကြပေမယ့် တို့… ဒီကိုလည်း အကျိုးသက်ရောက်မှုတော့ ရှိနိုင်တာပဲလေ…"

"ဒါ့ကြောင့် ဒီနေ့ မိုးတွေအုံ့ပြီး လေတွေ အရမ်းကြမ်းနေတာကိုး…"

"လေကြမ်းရုံတင်မကဘူး။ အဲဒီမုန်တိုင်းဟာ တိုက်တိုက်ဆိုင်ဆိုင် အခုလာမယ့်လပြည့်နေ့နဲ့ ကြုံကြိုက်နေတာမို့ အဖျက်စွမ်းအားပြင်းထန်တဲ့ မဟာ ဟာရီကိန်းဖြစ်လာနိုင်တယ်လို့ သမုဒ္ဒရာနဲ့လေထုလွှာစီမံခန့်ခွဲရေး အေဂျင်စီက ခန့်မှန်းထားတယ်…"

ဟူယံဆိုတာက အဲဒီလို စွယ်စုံကျမ်းကြီးပါ…။

သူမရဲ့ အိမ်အိုလေးထဲမှာ တစ်ယောက်တည်း နေနေတယ်ဆိုပေမယ့် ကမ္ဘာ့အရပ်ရပ်က လာတဲ့ သတင်းတွေကို အင်တာနက်ကနေ အဲလိုထိုင်ဖတ်နေတဲ့သူ။ ပျင်းတာနဲ့ blog တွေ တစ်ခုပြီးတစ်ခုရေးနေတတ်တဲ့သူ…။

မီဒူးပွင့်ကတော့ သူမ မျက်စိရှေ့မှာတင် အလှစိုက်ပန်းအိုးကလေးကျကွဲသွားတာရယ်၊ မဟာဟာရီကိန်းဆိုတဲ့ အဖျက်စွမ်းအားပြင်းမုန်တိုင်းသတင်းရယ်ကြောင့် စိတ်မသာမယာနှင့် သက်ပြင်းရှိုက်နေမိလေသည်။

"ဒါနဲ့ နေပါဦး… ဆူးက စက်ရုပ်နဲ့ ကဗျာပြိုင်ရွတ်မယ်ဆိုတော့ ခေါင်းစဉ်တစ်ခုခုရွေးထားတာမျိုးရှိလား…။ အချစ်… တို့၊ လောကရှုမြင်သုံးသပ်ပုံတို့ပေါ့လေ…။ ဘာအကြောင်းအခ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ရွတ်ပြမှာလဲ…။

"title တော့ တပ်မထားပါဘူး။ ကိုယ့်စိတ်ခံစားချက်ကို အဓိကထားပြီး ရွတ်ကြမှာပါ…။ ရသကိုးပါး ကဗျာလို့ပဲ ပြောရမှာပေါ့…"

"ရသကိုးပါး…အိုး…။ serenity, heroism, comedy, pathos, fury, dlisgust , marvel, terror and love...။ လွယ်တော့ မလွယ်ဘူး… မင်းကို ချီးကျူးပါတယ်…။ ဒီပြိုင်ပွဲကို ဘယ်သူက အနိုင်အရှုံးဆုံးဖြတ်ပေးမှာလဲ…။ ဒိုင်အဖွဲ့ရဲ့ မျှတမှုကရော ဘယ်လောက် အာမခံချက်ပေးနိုင်မှာလဲ"

မေးတဲ့သူကလည်း မေးခွန်းရွေးချယ်တာ တော်သလို၊ ဖြေတဲ့သူကလည်း ထိမိမှုရှိလှသည်ဟု ဃာဠု သုံးသပ်နေပါသည်။

ဟူယံရဲ့အမေးကို ချစ်သူက…

"တကယ်တော့ ဒါဟာ ကဗျာရွတ်ပြိုင်ပွဲဆိုတာထက် စက်ရုပ်နဲ့လူသား နှစ်ဦးရဲ့ ယမ်းငွေ့မထွက်တဲ့ တိုက်ပွဲဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒီကဗျာရွတ်ပြိုင်ပွဲဟာ သာမန်သြောင်ညအဆင့် မဟုတ်ပါဘူး။ နိုင်ငံတော်ကိုလည်း အသိပေးပြီးပါပြီ။ သူတို့ဘက်ကလည်း နောက်ယောင်ခံဖို့ခက်ခဲလှတဲ့ ဒီစက်ရုပ်ကိစ္စကို ပါးပါးနပ်နပ်ကိုင်တွယ်ချင်တာမို့ ဟက်ခရိုမိုက်(စ်)ရင်ပြင်မှာ နိုင်ငံတော်အဆင့် အနေနဲ့ ယှဉ်ပြိုင်ဖို့ အကြံပေးထားပါတယ်…"

"အိုး…ပွဲကြီးပွဲကောင်းပဲ…"

"ဒီကိစ္စကို လူထုကိုလည်း မကြာခင် ဖွင့်ချအသိပေးတော့မှာပါ…။ ဒီကဗျာရွတ်ပြိုင်ပွဲကို နိုင်ငံရေးအသွင်နဲ့ လူသား



ဘက်က ရပ်တည်ဖို့ အားပေးကြမယ့်သူတွေ၊ ကောင်းတယ်ထင်ရင် စက်ရုပ်ဘက်ကတောင် ထောက်ခံဖို့ ဝန်မလေးကြမယ့် သူတွေလည်း တက်ရောက်ကြပါလိမ့်မယ်…"

"ဒီကိစ္စဟာ မင်းပြောသလို စက်ရုပ်နဲ့လူသား ယမ်းငွေ့မထွက်တဲ့ အသိမ်မွေ့ဆုံးတိုက်ပွဲပဲ…။ တိုက်ပွဲအလွန်မှာ ဘာတွေဆက်ဖြစ်မယ်။ ဘယ်လိုကိုင်တွယ်သင့်တယ်ဆိုတာ နိုင်ငံတော်က မူဝါဒတစ်ခုခုတော့ ချမှတ်ပေးလိမ့်မယ်လို့ ဟူယံ ဆုတောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဒါဟာအန္တရာယ်ကစားပွဲဖြစ်နေပြီလို့ သတ်မှတ်နိုင်နေပြီလေ…။

"ဒိုင်အဖွဲ့ကို ကဗျာဆရာဆယ်ယောက်နဲ့ ဖွဲ့စည်းထားပါတယ်။ ရိုးရာရှေးဟောင်းကဗျာဆရာကြီးကနေ ဒီနေ့ခေတ် ကဗျာဆရာအဆုံး၊ အတော်ဆုံး၊ အထက်မြက်ဆုံး၊ ကဗျာလောကမှာ သြဇာအရှိဆုံး၊ အဖြောင့်မတ်ဆုံး ကဗျာဆရာတွေပါ။ သူတို့ဟာ စက်ရုပ်နဲ့လူသား ဘယ်သူ့ဘက်မှ လိုက်ကြမှာမဟုတ်ပါဘူး။ ဒီနေရာမှာ စက်ရုပ်နဲ့လူသား နားလည်မှုတည်ဆောက်ရမှာဖြစ်တဲ့အတွက် ကတိတည်ဖို့နဲ့ သစ္စာရှိဖို့က အဓိကဖြစ်နေတယ်…။

"အို…သိပ်ဟုတ်တာပေါ့…။ ဟူယံလည်း ဒီကဗျာရွတ်ပွဲကို တက်ဖြစ်မှာပါ…"

"ဆူးမှာ အရင်ကတည်းက ရေးခဲ့တဲ့ ကဗျာတွေရှိပါတယ်။ ဆေးရုံပေါ်မှာ MO 32 နဲ့ နပူးတွေ့ ဒူးတွေ့ ရင်ဆိုင်အပြီးမှာတော့ ကဗျာတွေ တောက်လျှောက်စပ်ဖြစ်တယ်။ စပ်ပြီးသား ကဗျာတွေကိုလည်း ကြိုးစားပြီး ကျက်ထားတယ်။ အခုဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကဗျာကို အလွတ်တမ်း စပ်နိုင်တဲ့အဆင့်ကို ရောက်နေပါ ပြီ…။

“ရင်သပ်ရှုမောစရာပဲ…။ ယှဉ်ပြိုင်မှု အပိုင်းက ကျ တော့ရောကွယ်…”

“စစ်တုရင်ထိုးကြသလိုပါပဲ…။ ဘယ်သူအရင် စရွတ် မလဲဆိုတာတော့ ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်ပါမယ်။ ပြီးရင်တော့ ခေါင်း၊ ပန်းကျတဲ့အတိုင်း သူပြီးရင် ကိုယ်၊ ကိုယ်ပြီးရင်သူ ရွတ် ရမှာပါ။ ရပ်တန့်ခွင့်၊ စဉ်းစားခွင့်လုံးဝမရှိဘူး။ ရွတ်နေစဉ် ကာလမှာ ဒိုင်အဖွဲ့က စကားလုံးအင်အား၊ ထိရောက်ကျစ်လစ်မှု ၊ ဉာဏ်ကွန့်မြူးနိုင်မှု၊ ရစ်သမ်အထားအသို၊ ကာရန်မဲ့စနစ်၊ အသံရဲ့ ဌာန်ကရိုင်း၊ ဟန်ပန်စတာတွေကို အမှတ်ပေါင်းခြင်း၊ နှုတ်ခြင်းတွေ လုပ်ပါလိမ့်မယ်…”

“ရင်သပ်ရှုမောရာပါပဲ…”

“ကဗျာအပုဒ်အရေအတွက်ကတော့ unlimit ပါ။ အပုဒ် ၂၀ ဖြစ်မလား။ အပုဒ် ၂၀၀ ဖြစ်မလား၊ အပုဒ် ၂၀၀၀ဖြစ်မလား ဆိုတာ စက်ရုပ်နဲ့လူသားရဲ့ လူ့ခွန်အား၊ ဉာဏ်တန်ခိုးအပေါ်မှာ မူတည်ပါတယ်။ နောက်ဆုံး ကိုယ်ကျက်ထားတဲ့ ကဗျာတွေ ကုန်သွားလို့ ဘာရွတ်ရတော့မှာမှန်း မသိတော့ရင် လျှပ်တပြက် ဉာဏ်နဲ့ စဉ်းစားလို့ရသမျှ အကြောင်းအရာတွေကို လက်ကမ်းကဗျာ ဖွဲ့ပြီး ရွတ်ရပါမယ်…”

“ဦးနှောက်ကိုအရည်ပျော် မတတ်အလုပ်ပေးကြမယ့်ပြိုင် ပွဲပဲ…”

“အဲလို သူတလှည့်၊ ကိုယ်တလှည့်ရွတ်နေရင်း ကဗျာတွေ



ကုန်သွားခဲ့လို့၊ ဒါမှမဟုတ်လည်း စဉ်းစားဉာဏ်တွေကုန်သွားခဲ့ လို့ လူသားဘက်က ဆက်မရွတ်နိုင်တော့ရင်ဖြစ်ဖြစ်၊ စက်ရုပ် ဘက်ကဆက်မရွတ်နိုင်တော့ရင်ဖြစ်ဖြစ် ကဗျာရွတ်ပွဲကို ပိတ်လိုက် ပါမယ်။ စောစောက ဒိုင်တွေရဲ့ အမှတ်တွေကို ပေါင်းပါမယ်။ ဥပမာ ဆိုပါစို့…။ ရမှတ်က သူရောကိုယ်ပါ ရှစ်ဆယ်နဲ့ တူနေ ကြတယ်ဆိုပါစို့။ စောစောတုန်းက ကဗျာကို ဘယ်သူက ဆက်မ ရွတ်နိုင်တော့တာလဲဆိုတာကို ပြန်ကြည့်ပါမယ်။ လူသားဘက်က ရပ်တန့်လို့ရှိရင် ဆယ်မှတ်နှုတ်ပါမယ်။ ခုနစ်ဆယ်၊ရှစ်ဆယ်နဲ့ စက်ရုပ်ကို အနိုင်ပေးပါမယ်။ စက်ရုပ်ဘက်က ရပ်တန့်ခဲ့လို့ ကဗျာ ရွတ်အဖွဲ့ကို ပိတ်လိုက်ရတာဆိုရင် စက်ရုပ်ရဲ့ရလဒ်က ဆယ်မှတ် နှုတ်ပြီး ရှစ်ဆယ်၊ ခုနစ်ဆယ်နဲ့ လူသားကို အနိုင်ပေးပါမယ်။ ဒါက ပြိုင်ပွဲစည်းကမ်းချက်ပါ။

“ဟူယံသဘောပေါက်ပြီ မင်းရော စက်ရုပ်ရောဟာ ရမှတ် ၁၀၀စီ ပိုင်ဆိုင်နိုင်ကြပါလိမ့်မယ်။ မင်းတို့ရဲ့ ပညာဉာဏ်အ ပေါ် မူတည်ပြီး ဒိုင်အဖွဲ့က ရမှတ်တွေအပေါင်း အနှုတ်လုပ်ကြမယ်။ ပြီးတော့မှ နောက်ဆုံးဆက်မရွတ်နိုင်တော့တဲ့သူဆီက ဆယ်မှတ် ဆက်နှုတ်မယ်။ နောက်ဆုံးပိတ်ကြတော့မှ စက်ရုပ်နဲ့ လူသားရဲ့ ရမှတ်ကို တိုက်ကြည့်ပြီး အနိုင်အရှုံးဆုံးဖြတ်ကြမယ်။ အဲလိုလား။

“ဟုတ်ပါတယ် ဒိုင်အဖွဲ့မှာ ကမ္ဘာကျော်ကဗျာတွေကို ဆုံးလိုချေရေလိုနှောက် ရနေတဲ့ သမ္ဘာရင့် ကဗျာဆရာကြီးတွေ လည်း ပါပါတယ်။ ရွတ်ဆိုတဲ့သူဟာ သူများစပ်ပြီးသား ကဗျာ တစ်ပုဒ် ပုဒ်ထဲက တစ်ကြောင်းကြောင်းကို ခိုးချထားတဲ့ မသာကာ

www.burmeseclassic.com

www.burmeseclassic.com



စရာ ကိစ္စမျိုးတွေ စည်းကမ်းဖောက်ဖျက်တာတွေ၊ မသမာမှုတွေ အတွက်လည်း အမှတ်တွေ အနှုတ်ခံရဦးမယ်။

"အတော့်ကို ထောင့်စေ့အကွက်စေ့နဲ့ မှုမှုတတရှိအောင် စဉ်းစားထားတာပဲ။ စက်ရုပ်ဟာလည်း ဆော့ကတ်ပြားတွေ ပူခြစ် နေတဲ့အထိ သူ့ရဲ့ဉာဏ်ခွန်အားကို အသုံးချရမှာဖြစ်သလို လူသား ကလည်း ဦးနှောက်အရည်ပျော်မတတ် ကြိုးစားရမယ့်အကြိတ် အနယ်ပွဲတစ်ပွဲပဲ…"

ဟူယံက ထိုသို့ သုံးသပ်အပြီးမှာတော့ ပြောစရာစကား များမကျန်တော့လောက်အောင် သုံးယောက်သား တိတ်ဆိတ်သွား ကြပြန်သည်။

အပြင်မှာတော့ လေတွေက ကြမ်းနေဆဲ…။

ညည့်ခန်းထဲက ခန်းဆီးစ ရှည်ရှည်တွေလည်း စိတ္တဇပန်းချီ ကားဆန်ဆန် လွန့်လူးလှုပ်ရှားနေကြဆဲ…။

ခဲသားရောင်တိမ်လိပ်အုပ်တွေမှာလည်း ဘယ်ဆီဘယ်ဝယ် မှန်းမသိတဲ့ ခရီးတွေကို ဒေါသတကြီးနဲ့ အဆုံးအစ ပျံသန်းနေကြ ဆဲ။

သူတို့သုံးယောက်မှာလည်း ကိုယ့်အတွေးနဲ့ကိုယ် တိတ် ဆိတ်ငြိမ်သက်နေကြဆဲ…။

အတန်ကြာတော့မှ ဟူယံက သက်ပြင်းကို သဲ့သဲ့ချလိုက် ပြီး…။

"ဟက်ခရိုမိုက်(စ်)ရင်ပြင်မှာ နိုင်ငံတော်အဆင့်အနေနဲ့ စက်ရုပ်နဲ့လူသား ကဗျာရွတ်ပွဲတစ်ခု ကျင်းပကြတော့မယ်။ ဘယ်နေ့



ဘယ်ရက်၊ ဘယ်အချိန်ဆိုတာရော သတ်မှတ်ပြီးကြပြီလား…"

ဟူယံရဲ့ စကားအဆုံးမှာတင် လေကြမ်းရဲ့ အဝှေ့တစ်ချက် ကြောင့် အလှခတ်ပုံထည့်ထားတဲ့ photo stand တစ်ခု မှောက်ကာ မြေပြင်ပေါ် ပြုတ်ကျသွားပြန်သည်။

"ချွမ်…"

တော်ပါသေးရဲ့…။

ကွဲတော့ မသွား…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ဟူယံက ပြတင်းတံခါးများကို လုံခြုံအောင် စေ့ပိတ်လိုက်သည်။

ဒါတောင် အပြင်မှာ လေဘယ်လောက်ကြမ်းနေမှန်း အလုံပိတ်ထားတဲ့ ဧည့်ခန်းထဲကနေ ခပ်သဲ့သဲ့ ကြားနေရသေးသည်။

ဟူယံက လက်ပိုက်ရင်း ပြတင်းတံခါးကိုကျော်ကာ ပြင်ပရှုခင်းများကို ကြည့်လိုက်ပြီး… "ခက်ခဲတဲ့ ကိစ္စရပ်တွေနဲ့ ကြုံတွေ့လာရတိုင်း ဘုရားသခင်ဟာ ဘယ်တုန်းကမှ လက်ပိုက်ကြည့်မနေတတ်ပါဘူးကွယ်…"

ဒီစကားဟာ ဟူယံရဲ့ ဒုတိယအကြိမ် ပြောသောစကားဖြစ်ကြောင်း ဃာငူး သတိထားမိနေသည်။

"အခုလာမယ့် လပြည့်ညမှာ အရှေ့ဘက်ကမ်းရိုးတန်းဒေသတွေကို တိုက်ခတ်မယ့် အဖျက်စွမ်းအားကြီး စူပါမဟာ ဟာရီကိန်းမုန်တိုင်းဟာ လူသန်းပေါင်း ၈၀ အပေါ် ဆိုးကျိုးသက်ရောက်နိုင်တယ်လို့ ပညာရှင်တွေ ခန့်မှန်းထားကြပေမယ့်၊ စက်ရုပ်နဲ့



လူသား နှစ်ဦးရဲ့ ယမ်းငွေ့မထွက်တဲ့ တိုက်ပွဲအတွက်တော့ လူသားဘက်က ကူညီဖို့ ဘုရားသခင်စေလွှတ်လိုက်တဲ့ တမန်တော်ပါပဲ။

"ဘာ…"

"ဘယ်လို…"

ဟူယံရဲ့ ဟောကိန်းကြောင့် ဃာငူးရော မီဆူးပွင့်ပါ အံ့အားသင့် သွားရလေတော့သည်။

ဟူယံကတော့ ညို့မှိုင်းနေတဲ့ ကောင်းကင်ပြင်ကြီးကို ပြတင်းတံခါးနောက်ကွယ်ကနေ ကြည့်ရင်းပြုံးလိုက်ပြီး…။

"ယောမုကြယ်ရာ…မိုးဆိုတာ မင်းတို့ကြားဖူးကြသလား…"

သူတို့နှစ်ယောက် ပြိုင်တူ ခေါင်းယမ်းပြလိုက်ပြကြသည်။

ဟူယံက ခေါင်းတချက်ညိတ်ရင်း…

"တို့ရဲ့ ရိုးရာနှစ်သစ်ကူးပွဲတော်အပြီး နောက်တစ်နေ့ကနေ စတင်ရေတွက်လိုက်မယ်ဆိုရင် ရက်ပေါင်း ၂၂၄ရက်မြောက် ည ဟာ နှစ်တိုင်းဆိုသလို တိမ်ကင်းစင်နေတတ်ပြီး ကြယ်တွေစုံနေတတ်တယ်။ အဲ… ဒါပေမယ့်…ဒါပေမယ့်ကွယ်.. အကြောင်းတစုံတရာကြောင့်များ အဲဒီညမှာ မိုးရွာခဲ့ရင် အဲဒီမိုးကို ယောမုကြယ်ရာမိုးလို့ ခေါ်တယ်…"

"သြော်…"

"တကယ်တော့ ဘယ်နှစ်ပဲဖြစ်ဖြစ် ယောမုကြယ်ရာ ရွာဖို့ဆိုတာ အင်မတန်မှ အခွင့်အလမ်းနည်းပါးပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တို့ရဲ့ ရိုးရာနှစ်သစ်ကူးပွဲတော်အပြီး နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



နေ့ကနေ စပြီး ရက်ပေါင်း ၂၂၄ ရက်ကို ပေါင်းလိုက်ရင် ဆောင်းတွင်းတောင်ရောက်နေပြီ။ နှစ်စဉ် နိဝင်ဘာလကုန်လောက်မှာ ကျတတ်တယ်…”

ယာဥ္မႈက တစ်ချက် မှန်းဆကြည့်လိုက်သည်။

ဒီနေ့က နိုဝင်ဘာ ၂၅ ရက်…။ ဒါဆို…ယောမှုကြယ်ရာမိုးရွာဖို့ အခွင့်အလမ်းရှိ တဲ့ညဟာ အခုလာမယ့်နှစ်ရက် သုံးရက်အတွင်း ရောက်လာတော့မှာပေါ့…။ ယုံကြည်ခြင်း၊ မယုံကြည်ခြင်းတွေကို ထည့်မတွက်ရင်တောင် စိတ်လှုပ်ရှားဖို့တော့ ကောင်းနေလေပြီ…။

ဟူယံက သူမရဲ့ ပညာရှိအတွေ့အကြုံအတိုင်း ဆက်ရှင်းပြနေပါသည်။

“မင်းတို့တော့ ဖတ်ဖူးကြမယ် မထင်ဘူး။ ရှေးကျမ်းဂန်များရဲ့ အဆိုအရ အဲဒီညဟာ အာကာသထဲမှာ နက္ခတ်တွေစုံတုန်း၊ နက္ခတ်တွေ တစ်ခုနဲ့တစ်ခု ပြိုင်ဆိုင်ညီ့ငင်နေကြတုန်း တို့ကမ္ဘာမှာ ရွာချတဲ့မိုးမို့ အဲဒီယောမှုကြယ်ရာမိုးဟာ သိပ်အစွမ်းထက်တယ်…။ လူသားတွေကို ကယ်တင်ခြင်းပေးနိုင်တဲ့ မိုးပဲ… ဟိုးရှေးရှေးတုန်းက ဆိုရင် အဲဒီညရောက်တိုင်း မိုးရွာဖြစ်စေ၊ မရွာသည်ဖြစ်စေ မီးနက္ခတ်ပူဇော်ပွဲနဲ့ နတ်မင်းကြီး ပူဇော်ပွဲတော်တွေ ကျင်းပကြတယ်တဲ့”

ဟူယံရဲ့စကားကို ယာဥ္မႈရော၊ မီဆူးပွင့်ပါ အသက်ပင်မရှူဝံ့ဘဲ ဆက်လက်နားထောင်နေကြစဉ် ဟူယံက စကားကို ခဏရပ်လိုက်ပြီး ခပ်ဟက်ဟက်ရယ်မောလိုက်ကာ…



“ဟူယံက အဘွားကြီးပါ… နှလုံးသွေးတွေ ပူနွေးပြီးမှ ရလာမယ့်ကဗျာတွေကို ဆုံးကို လက်ဆောင်အဖြစ် စစ်ကူတော့ မပေးနိုင်ဘူးပေါ့နော်…။ အဲ…ဒါပေမဲ့ ဟူယံ တတ်နိုင်တဲ့ဘက်ကတော့ ကူညီပါရစေလား…။ ကဗျာရွတ်ပြိုင်ပွဲကို ဟူယံ အခါတော်ပေးမယ်လေ…။

“ဟုတ်ကဲ့…ပေးပါ ဟူယံ…”

“ဟက်ခရိုမိုက်(စ်)ရင်ပြင်မှာ အခုလာမယ့် လပြည့်ညကို ရွေးချယ်လိုက်ပါ…”

* * *

www.burmeseclassic.com

## အခန်း (၃၈)

ဟက်ခရီမိုက်(စ်)ရင်ပြင်…။

နေရောင်ခြည်ရဲ့ ထိတွေ့မှုကြောင့် တစ်နေ့တာလုံး ပူနွေးနေရသည့် ရင်ပြင်ထက်က ကျောက်သားများ ညနေစောင်းသည်နှင့် အပူချိန် လျော့ကျလာသည်။

စက်ရုပ်နဲ့လူသား ကဗျာရွတ်ပြိုင်ပွဲကို အေးအေးချမ်းချမ်းနှင့် ပြီးဆုံးသွားစေလိုသည့် လူသားများက ပြိုင်ပွဲကို အားပေးသူများအဖြစ် လူသားများတစ်ဖက်၊ စက်ရုပ်များတစ်ဖက် မဖြစ်စေလို၍ သူတို့ပိုင် စက်ရုပ်များကို အိမ်မှာ ကောင်းမွန်စွာ ပါဝါပိတ်ခဲ့ကြပြီး ဟက်ခရီမိုက်(စ်)ရင်ပြင်သို့ တဖွဲဖွဲ ရောက်ရှိလာကြသည်။

မှန်ပါသည်။

ကဗျာရွတ်ပြိုင်ပွဲသို့ စက်ရုပ်များကို ကြည့်ရှုအားပေးသူများအဖြစ် မည်သူမျှ ခေါ်မလာကြပါ…။ အခြေအနေတွေကိုလည်း ထပ်ပြီး အရှုပ်ထွေးမခံချင်ကြတော့ပါ…။



ဒီကိစ္စကို သင်ခန်းစာယူပြီး နောင်အနာဂတ်မှာ လက်စွမ်းပြကြဦးမယ့် ပညာရှင်ကြီးများပင် ဆင်ခြေတုံတာရေးများကို ရင်ဘတ်ထဲထည့်ကာ အမျိုးသားရေးအသိနှင့် ရင်ပြင်သို့ တဖွဲဖွဲရောက်ရှိလာကြသည်။

အစိုးရအဖွဲ့ဝင်များကလည်း ဧဂေါလိုအဖြစ်မျိုးထပ်အဖြစ်မခံနိုင်၍ သိပ္ပံပညာရှင်များအား စောင့်ကြည့်အကဲခတ်ရေး အဖွဲ့သစ်တစ်ခုကို စတင်ဖွဲ့စည်းတည်ထောင်ထားလိုက်ပါပြီ။

အရင်ညနေခင်းတွေဆို နေလုံးကွယ်သည်နှင့် ဝိုင်းစက်နေသော လမင်းကြီးကို အရှေ့ဘက်ကောင်းကင်ယံမှာ အလွယ်တကူတွေ့နိုင်ရလေ့ရှိသည်။ သို့ပေမယ့် (မိမိတို့ တိုင်းပြည်နှင့် ဝေးကွာသော်ငြား) အရှေ့ ဘက်ကမ်းရိုးတမ်းများဆီ ဝင်ရောက်တိုက်ခတ်တော့မည့် မဟာ ဟာရီကိန်းအရှိန်ကြောင့် ရင်ပြင်မှာ တိမ်မှောင်တွေ ဟိုတစ်ကွက် ဒီတစ်ကွက်နှင့်အမှောင်ဖုံးနေ၏။ လမင်းကိုလည်းမမြင်ရ…။ ကြယ်စင်များလည်း ထွက်မလာ။

ညနေ ခြောက်နာရီနှစ်ဆယ်မိနစ်…

တစ်နေ့တာလုံးလုံး 25°Cမှာငြိမ်နေသည့် အပူချိန်တိုင်းကိရိယာမှာလည်း 16°Cသို့ တစတစ စတင်ကျဆင်းလာသည်။

ဒိုင်အဖွဲ့ဝင်များလည်း စုံချေပြီ…။

ဆင်စွယ်ရောင်ခပ်ဖျော့ဖျော့ ဓာအင်္ကျီကလေးနဲ့ ပိုးဂါဝန်ရှည်ကို လိုက်ဖက်စွာ ဝတ်ဆင်ထားတဲ့ မီဆူးပွင့်မှာ အိပ်ယာဝင်ပုံပြင်ထဲက နတ်သမီးတစ်ပါးလို ချစ်စရာကောင်းနေပြီး စိတ်လှုပ်ရှားခြင်းကြီးစွာနှင့် နာရီကို တစ်ချက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီနှစ်ဆယ့်ငါးမိနစ်…။ MO32 ရဲ့ အရိပ်အယောင်ကို မမြင်ရသေး…။

ခြောက်နာရီ သုံးဆယ်မိနစ်မှာ ပြိုင်ပွဲစမည်ဖြစ်ကြောင်း သူမကို အွန်လိုင်းကနေ ဆက်သွယ်အသိပေးပြီးသား…။ သူမကလည်း လက်ခံသဘောတူပြီးသား…။

သူမလာသည်ဖြစ်စေ မလာဖြစ်စေ မိမိကတော့ ခြောက်နာရီခွဲသည်နှင့် လုပ်ငန်းစတင်ရပေလိမ့်မည်။

စင်ရဲ့နောက်ကွယ်မှာ သူမ စိတ်တည်ငြိမ်တောင် ခေတ္တငြိမ်သက်လိုက်ပြီး ဘုရားဝတ်ပြုလိုက်ပြီးမှ စင်ပေါ်သို့ တက်လိုက်၏။

"ဟေး…"

လူသားဘက်မှ အားပေးကြမည့် ပရိသတ်ကြီးရဲ့ သြဘာသံက တခဲနက် ထွက်ပေါ်လာလေတော့သည်။ လူအုပ်ကြီးရဲ့ မျက်နှာစာမှာတော့ ဟူယံကိုရော ချစ်သူကိုပါ သူမ ကောင်းကောင်း တွေ့နေရသည်။

ကဗျာကို စတင်ရွတ်ဆိုဖို့ ခေါင်းပန်းကိစ္စမှာ လူသားက ခေါင်းယူပြီး၊ စက်ရုပ်ကပန်းယူမည်ဖြစ်ကြောင်း အစောကတည်းက သဘောတူညီထားကြသည့်အလျောက်…

ခြောက်နာရီခွဲသည်နှင့် ဒိုင်အဖွဲ့က ခေါင်း၊ ပန်းလှန်ပေးလိုက်ရာ ခေါင်းကျသွားသည့်အတွက် ကဗျာကို မီဆူးပွင့် စတင်ရွတ်ဆိုရန် အကြောင်းဖန်လာသည်။

အခုအချိန်ထိ MO32 ရဲ့ အရိပ်အယောင်မျှ မမြင်ရသေး။



"တုန်ရီနေတဲ့မြို့ကလေးဆိုတဲ့ ကဗျာကို ကျွန်မ စ,ရွတ်ပါမယ်…"

မီဆူးပွင့်ရဲ့ စကားသံကြောင့် လူအုပ်ကြီး ရုတ်တရက်ငြိမ်ကျသွားသည်။

သူမ စတင်ကဗျာရွတ်လေပြီ…။

လောကကြီးတစ်ခုလုံး ပြာကျသွားမယ်ဆိုရင်တောင်
ငါကတော့ မာနမချဘူးလို့
တုန်ရီစွာနဲ့ မြို့ကလေးက ပြောတယ်။
ကံကြမ္မာနဲ့ အမှန်တရားကြားမှာ
သံသရာကို ခုတ်မောင်းနေရတဲ့
မြို့ကလေး…
ဒဏ်ရာလွှတ်တဲ့ဘူတာကနေပဲ
လွှတ်မြောက်ခွင့်ပေးလိုက်ပါကွယ်…
သူဟာ…
အကယ်ဒမီအကြိမ်ကြိမ်ရဖူးထားတဲ့
လူယဉ်ကျေးတွေရဲ့ ခွဲစိတ်ခန်းထဲက
ဓားချက်တွေအတိုင်း
ခါးသက်စွာနဲ့ လူနာနေ့ရက်တွေကို ဆွဲဆန့်ခဲ့…
အခုတော့…
သူ့ခါးသူ မြည့်နေအောင် သွေးတယ်…
သုံးဆယ့်တစ်ဘုံ အနေ့ပြကွက်ထဲမှာ
လမင်းနဲ့ သူတင် ကိုယ်တင်…

www.burmeseclassic.com

www.burmeseclassic.com



အလင်းချင်းတောင်ယှဉ်ပြိုင်လိုက်ချင်ရဲ့ . . .

ကဗျာက ပြီးဆုံးသွားလေပြီ . . .။

မှင်တက်နေကြတဲ့ လူအုပ်ကြီးနဲ့ ဒိုင်အဖွဲ့ဆီက ဘာအသံမှ ထွက်မလာသေး . . .။

နောက်တော့ သတိဝင်လာတဲ့ လူတစ်ယောက်ရဲ့ လက်ခုပ်သံတစ်ချက်ကြောင့် ဟက်ခရီမိုက်(စ်)ရင်ပြင်တစ်ခုလုံး ပြန်လည် သတိဝင်လာကြပြီး လူသားဘက်မှ အုတ်အော်သောင်းနင်း လက်ခုပ်တီးအားပေးလိုက်ကြတော့သည်။

လူသားတစ်ယောက်ကတော့ သူ့ရဲ့ အမြင့်မားဆုံး ဖန်တီးမှုဉာဏ်ရည်ကို သိမ်မွေ့စွာပြသွားလေပြီ . . .။

တုန်ရီနေတဲ့ မြို့ကလေး . . .တဲ့။

ဒိုင်အဖွဲ့က ကဗျာကို ဘယ်လိုနားလည်ပြီး ဘယ်လို စည်းမျဉ်းစည်းကမ်းတွေနဲ့ အမှတ်တွေပေးနေကြသည်မသိ။

ဃာငူးကတော့ သူမကဗျာကို နှလုံးသားနဲ့ရင်းပြီးကို သိနေသည်။

ဒီကဗျာဟာ ဉာဏ်ပညာရှိပေမယ့် ဆင်ခြေတုံတရားကင်း လွတ်ခဲ့တဲ့ အာဏာပိုင်အဖွဲ့အစည်းနဲ့ ပြည်ပအခြေစိုက် ကုမ္ပဏီတွေရဲ့ မတော်လောဘ ကိုယ်ကျိုးစီးပွားကြောင့် ကြေမွပျက်စီးခဲ့ရတဲ့ လောဘစနစ်တွေ ချိုယွင်းခဲ့ရတဲ့ သူမမြို့ကလေးအကြောင်း စပ်ဆိုထားတဲ့ ပတ်ဝန်းထိန်းသိမ်းရေးကဗျာတစ်ပုဒ်ပါပဲ . . .။

ထိုသို့ သူတွေးလို့မှ မဆုံးခင်၊ ရင်ပြင်မှာ လက်ခုပ်သံများ



စဲသွားသည်နှင့် ပီပြင်လေးနက်လှသည့် ကဗျာရွတ်သံတစ်ခုက လူအုပ်ကြီးကြားမှ ဖောက်ထွက်လာခဲ့လေတော့သည်။

အလွမ်းတွေသယ်ဖို့

ဝါ . . .

မင်းအတွက် ပန်းတွေ ဝယ်လာခဲ့တယ် . . .

"ဝါးဝိုး! (wow!)"

"ဟယ် . . ."

လူအုပ်ကြီးရဲ့ အာမေဍိတ်သံများ . . .။

နံဘေးသို့ ကပ်ပေးလိုက်သဖြင့် လျှောက်လမ်းပေါ်မှာ ထင်းကနဲ တွေ့လိုက်ရတဲ့ MO 32 စက်ရုပ်ရဲ့ ပုံရိပ်တစ်ခု . . .။

အနက်ရောင်နဲ့ အနီရောင်တွေ ရောယှက်ထားတဲ့ ရင်ညွန့်အလှဖော်ဂါဝန်လှလှကို ဝတ်ဆင်ထားပြီး ပန်းသီးမှည့်တစ်လုံးလို ရဲရဲတောက် နှုန်းခမ်းနီဆိုးဆေးကြောင့် MO 32 ဟာ ဒဏ္ဍာရီတွေထဲက ရုတ်ပြတ်သွားလှတဲ့ ကြင်ယာတော်တစ်ပါးလို အာဏာ ဓာက်၊ လျှာဏာစက် ကောင်းကောင်းနှင့် သူမကဗျာကို ဆက်ရွတ် ရင်း စင်မြင့်ဆီသို့ သွေးအေးအေး လှမ်းလာနေလေသည်။

မင်းအပေါ် မာယာများခဲ့တယ်ဆိုတာကလည်း

မင်းကိုမှ ရိုးရိုးသားသား ချစ်မိသွားလို့ပါ . . .

ဘာ့ကြောင့်မှန်းတော့ မသိ။

သူမ အဲဒီအပိုဒ်ကို ရွတ်ဆိုနေဆဲမှာပင် ဃာငူးမျက်နှာ ဒွေးကနဲ ဖြစ်သွားရသည်။

စံပယ်ပွင့်ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



မိုးရေဆာလောင်နေကြသလို
မင်းရင်ခွင်ကို ဆာလောင်နေတဲ့
ငါ့ ချစ်ခြင်းက
အဖြူရောင်ကလွဲပြီး
ဘာအရောင်တွေများ ပွင့်ရဦးမှာလဲကွယ်…
ကဗျာရွတ်သံက မဆုံးသေး…။

လက်ခုပ်ဩဘာသံတွေက ဝေါကနဲ ကျလာသည်။ စက်ရုပ်ကို အားမပေးဟု တင်းခံထားကြတဲ့ လူအုပ်ကြီးဆီက ထွက်လာတဲ့ လက်ခုပ်သံတွေလေ…

တော်ပါပေတယ် MO 32 ရယ်၊

သုံးသွားတဲ့ အလင်္ကာတွေနဲ့တင် ယောကျ်ားတစ်ယောက် လဲကျသေဆုံးသွားနိုင်လောက်တယ်။

ဒါကြောင့်
ငါ့ကို ညစ်ထေးတယ်လို့
မစွပ်စွဲပါနဲ့
ငါဟာ မိုးရေဆာနေတဲ့ စပယ်ပွင့်လေးလို
အရိုင်းစိုင်းဆုံး ဖြူစင်တယ်…။
အတောက်ပဆုံး မှောင်မိုက်တယ်…
ညနေခင်း ကြယ်တစ်ပွင့်က
လမင်းကြားအောင် အော်ပြောပေမယ့်
အလင်းနှစ်တွေက ခြားထားတယ်



သိုးမွေးအင်္ကျီတစ်ထည်စာ
နွေးထွေးတဲ့ ရင်ငွေ့ကို မျှော်လင့်ရင်း
ဆောင်းတွင်းတတွင်းစာ
နှင်းတွေ ပိန်းပိတ်အောင် ငါ ရွာချခဲ့ရဲ့…

အချိန်းအချက်မရှိဘဲ
ထစ်ချုန်းခဲ့တဲ့ ဟောဒီညမှာပေါ့…
ငါလေ…
အလွမ်းတွေသယ်ဖို့
မင်းအတွက် ပန်းတွေ ဝယ်လာခဲ့တယ်။

ကဗျာသွား ကဗျာလာကတော့ ထိုသို့ ကြောက်ခမန်းလိလိကြီးပင်…။

လူသားတစ်ဦးက သူ့ရဲ့ အဖွင့်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အန္တနှင့် စတင်ရွတ်ဆိုသွားအပြီးမှာတော့ စက်ရုပ်တစ်ရုပ်က သူ့ရဲ့ အဖွင့်ကဗျာကို အချစ်နှင့်စတင်ဖဲကြိုးဖြတ်ခဲ့ချေပြီ။

ပိုပြီး အံ့အားသင့်စရာကောင်းသည့် တစ်ချက်မှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လူသားဘက်က အားပေးပစ်မယ်ဆိုသည့် လူအုပ်ကြီးပင် စက်ရုပ်ရွတ်ဆိုသည့် ကဗျာအဆုံးမှာ တီးသည့်လက်ခုပ်သံက လူသားရွတ်ဆိုအပြီး တီးသည့်လက်ခုပ်သံထက် ပိုမို ကျယ်လောင် နေတော့သည်။

ဒီအတိုင်းဆို ဒီကဗျာရွတ်ပွဲမှာ မိချူးပွင့်နိုင်ဖို့ အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com



ရှိပါဦးမည်တဲ့လား…။

“အလွမ်းသယ်…ဆိုတဲ့ ကဗျာတစ်ပုဒ်ပါ…။ ကျွန်မကတော့ MO 32 ဆိုတဲ့ စက်ရုပ်တစ်ရုပ်…”

ကဗျာရွတ်သံအဆုံးမှာတော့ စင်ပေါ်သို့ လှလှပပတက်ရောက်သွားပြီး စက်ရုပ်က သူမ နာမည်နှင့် သူမစပ်ဆိုသည့် ကဗျာနာမည်ကို မိတ်ဆက်ပေးလိုက်သည်။

စက်ရုပ်ရဲ့လုပ်ရပ်က အလွန်တရာ ပီရိသေသပ်လှပေသည်။

ရင်သပ်ရှုမောဖွယ်ရာ အတိပင်။

* * *

## အခန်း (၃၉)

ကဗျာရွတ်ပွဲလို့ အသိမ်မွေ့ဆုံး ခေါင်းစဉ်တပ်ထားတဲ့ အန္တရာယ်ကစားပွဲထဲကို လရောင်ဟာ တခါတရံမှာ တိမ်တိုက်ထူထူကြီးထဲကနေ ထိုးဖောက်ယိုစီးကြလာပြီး လူအုပ်နှင့်အတူ ရောနှောနားထောင်နေသယောင် ရှိသည်။

စက်ရုပ်ပြီးတော့ လူသား၊ လူသားပြီးတော့ စက်ရုပ်… တစ်ပုဒ်ပြီးတစ်ပုဒ်ရွတ်ဆိုလာကြရာ တဖြည်းဖြည်းနှင့် အချိန်ပင်လင့်လာသည်။

မိုင်ထောင်ချီ အကွာအဝေးက မဟာဟာရီကိန်းမုန်တိုင်း အရှိန်ကြောင့် လေက တစ်ချက်တချက် ခပ်ကြမ်းကြမ်း ဆောင့်တိုက်တတ်ပြန်သေးသည်။

ဪ ဒီညဟာ ဆောင်းတွင်း လပြည့်ညတစ်ည။

ည ကိုးနာရီ…။

ရင်ပြင်ရဲ့ အပူချိန်က 11C …။

www.burmeseclassic.com

www.burmeseclassic.com



ဆီးနှင်းတွေ တဖျောက်ဖျောက် ကျဆင်းလာသည်။

တကယ်တော့ မိုးဖွဲလား၊ ဆီးနှင်းလား မသဲကွဲလှသည့် ကောင်းကင်ယံက သဘာဝလက်ဆောင်တော်တွေပါပဲ။

"ရွာလိုက်စမ်းပါတော့ မိုးရယ်··· ရွာလိုက်စမ်းပါတော့···။

အအေးဒဏ်ကို အံတုရင်း လူအုပ်ကြီးကြားထဲမှာ ခိုက်ခိုက်တုန်အောင် ချမ်းနေရှာသည့် အဘွားကြီးဟူယံတစ်ယောက် တီးတိုး ရွတ်ဆိုဆုတောင်းနေမိသည်။

ကောင်းကင်ယံမှာတော့ တိမ်မည်းထုထုကြီးတွေက ဟိုတစ်ကွက်၊ ဒီတစ်ကွက်နှင့် စိတ္တဇဆန်ဆန်ပင်။

ကြည့်လေ···။

ကဗျာရွတ်ဆိုသူ နှစ်ဦး မဆိုထားလင့်။

နားထောင်နေကြသူ လူအုပ်ကြီးနှင့် အကဲဖြတ်အမှတ်ပေးနေကြသည့် ဒိုင်အဖွဲ့ပင်တစ်ပုဒ်ပြီးတစ်ပုဒ် မရပ်မနား နားထောင်လာရသည့်အခါ ပင်ပန်းနွမ်းနယ်လာကြသည်။ မောလျှနွန်းခွေလာကြသည်။

ကဗျာရွတ်တယ်၊ ဖတ်တယ်၊ နားထောင်တယ်၊ ရေးတယ်ဆိုတာ အမြင့်မားဆုံး အပြင်းထန်ဆုံး စိတ်လေ့ကျင့်ခန်းပဲ မဟုတ်ပါလား။

ဒါကို မရပ်မနားအလုပ်လုပ်လာရတော့ လူတွေ ပင်ပန်းနွန်းချိလာကြပြီပေါ့။

ပြီးတော့ ဟူယံ မီဆူးပွင့်အတွက်လည်း စိတ်ပူလာသည်။



သူမမှာ ရွတ်ဆိုစရာ ကဗျာတွေရော ကျန်ပါသေးရဲ့လား။

တစ်ပုဒ်ပြီးတစ်ပုဒ် ရွတ်ဆိုရင်း သူမအတော်ကလေး တင်းခံထားရပုံပေါ်ပါသည်။

စက်ရုပ်ကတော့ ထိုသို့မဟုတ်။

အဖွင့်ကဗျာထဲသို့ စိတ်ခံစားမှုပြင်းထန်သော၊ အလင်္ကာအသုံးအနှုန်းဆန်းသစ်သော၊ စကားလုံးအထားအသို ကျစ်လစ်ကောင်းမွန်သော ကဗျာဆန်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် မနားတမ်း ရွတ်ဆိုနေလေတော့သည်။

သူ့ကြည့်ရတာ ဦးနှောက်စိုက်ထုတ်နေသည်နှင့်မတူဘဲ အမင်းစားရေသောက်ဆန်စွာ ပေါ့ပါးလျက် ရှိနေသည်။

"တောက်!"

ထို့အတူ လူအုပ်ကြီးကြားထဲမှ ဃာငူးမှာလည်း ဟူယံကဲ့သို့ တွေးမိကာ ခံပြင်းရင်း မသိမသာ တက်ခေါက်နေမိတော့သည်။

ဒိုင်အဖွဲ့ မည်သို့မည်ပုံ အကဲဖြတ်အမှတ်ပေးနေသည်တော့ သူမသိပါ။ သို့သော် သူနေသည့်တစ်ချက်မှာ ဒီပုံစံအတိုင်းဆိုစက်ရုပ်က လူသားထက် နှာတဖျားသာဖို့ ဖြစ်နေလေပြီ။

32 GB ဖြစ်မလား၊ 64 GB ဖြစ်မလား မသိနိုင်တဲ့ မှတ်ဉာဏ်ပမာဏတွေကို သိုလှောင်ပြီး အန္တရာယ်က ကစားပွဲထဲကို သွေးအေးအေးနဲ့ ဝင်ရောက်လာတဲ့ စက်ရုပ်ဟာ တကယ်ရော တရားမျှတမှု ရှိပါရဲ့လား။

ချွင်းချက်အနေနဲ့ကတော့ အနိုင်အရှုံးနှင့်ပတ်သက်ပြီး သူမှောင်းဆိုသည့် ဆုလာဒ်ကတော့ သဘောထားကြီးသည် ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုရပေလိမ့်မည်။

သူမ နိုင်လျှင် မီဆူးပွင့်က ချစ်သူနဲ့ အဆက်အသွယ်ဖြတ်ပြီး သူမမြို့ကို ထွက်ခွာသွားရမည်။ သူမရှုံးလျှင် သူမကို တစ်စစီ ချေမှုန်းပြီး အဆုံးစီရင်ပစ်နိုင်သည်။ သူမတောင်းဆိုထားသည့် အချက်ထဲမှာ သူမနိုင်ခဲ့လျှင် မီဆူးပွင့်ကို အဆုံးစီရင်ခွင့်နှင့် ဃာဂူးနှင့်သူမ ချစ်သူ ထပ်မံဖြစ်ခွင့်တောင်း ဆိုချက်မပါ…။

သို့သော်… သို့သော်…။

ကျွန်ုပ်တို့ လူသားတွေ ပြန်လည်သုံးသပ်ဖို့တော့ လိုလိမ့်မည်ထင်ပါသည်။

အဖျက်စွမ်းပကားကြီးမားစွာ ပိုင်ဆိုင်ထားတဲ့ ခြေရာခံ၍ ခက်ခဲလှတဲ့ တန်ခိုးရှင်တစ်ပါးလို အစွမ်းထက်မြက်လှတဲ့ စက်ရုပ်တစ်ရုပ်ကို အခုလို စင်မြင့်ထက်မှာ ရှင်းရှင်းကြီး မြင်နေရစဉ် (တရား သည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ) လူသားတွေအနေနဲ့ လက်ဦး မှု တစ်ခုအရ မယူသင့်ပေဘူးလား။

ထိုသို့ စဉ်းစားမိတော့ နိုင်ငံတော်ရဲ့ အကိုင်အတွယ် ညံ့ဖျင်းမှုကိုလည်း ဃာဂူးဘဝင်မကျဖြစ်သွားရပြန်ပါသေးသည်။

စင်မြင့်ထက်မှာ ထင်းထင်းကြီးမတ်တပ်ရပ်နေတဲ့စက်ရုပ်ကို ဘာ့ကြောင့်များ သဘောထားကြီးစွာ လက်ပိုက်ကြည့်နေကြပါလိမ့်…။

လုံးဝပျက်စီးသွားဖို့ ဒါမှမဟုတ်လည်း အဝေးကနေ ထိန်းချုပ်စနစ်နဲ့ သူမကို power ပိတ်ပစ်လိုက်ဖို့ မစွမ်းဆောင်နိုင်ကြတော့ဘူးတဲ့လား။



ဗဟိုအမျိုးသား သိပ္ပံအင်စတီကျုက လူတော်ကြီးတွေ ဘာလုပ်နေကြသလဲ။

ဒီကိစ္စဟာ စက်ရုပ်တစ်ရုပ်နဲ့လူသား နှစ်ဦးရဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းဆိုတဲ့ လူမှုရေးအဆင့်ထက်၊ နိုင်ငံ့ဂုဏ်၊ လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ဂုဏ်ကို အဖတ်ဆည်ရမည့်နိုင်ငံတော်အဆင့်မှာရှိကြောင်း သမ္မတအပါအဝင် အရာရှိကြီးတွေ သိနိုင်ကြပါစေ။

အို…ဘုရားရှင် စောင်မတော်မူလှည့်ပါ။

ချစ်သူလည်း စင်မြင့်ထက်မှာ ပင်ပန်းနွမ်းနယ်နေပြီ။

ချစ်သူရဲ့ ကဗျာတွေအစောပိုင်းကလောက် မကောင်းတော့ပါ။ ခြေရည်ကျလာပြီ။ မရပ်နဲ့…။ မရပ်နဲ့ ချစ်သူ…။

ဒီည ဆယ့်နှစ်နာရီအထိ မင်းမျှော်လင့်လို့ ရသေးတယ်။

ယောမုကြယ်ရာ မိုးဆိုတာလေ။

နှစ်သစ်ကူးပွဲတော်အပြီး နောက်တစ်နေ့ကနေ စတင်ရေတွက်လိုက်မယ်ဆိုရင် ၂၂၄ရက်မြောက်ညမှာ အကယ်၍များ မိုးရွာခဲ့ရင် အဲဒီမိုးဟာ လူသားတွေကို ကယ်တင်ဖို့ ဘုရားသခင်စေလွှတ်လိုက်တဲ့ တမန်တော်ပဲတဲ့။

ဒါ့ကြောင့် မင်းအားမလျှော့ပါနဲ့။ မင်းစိတ်ထဲမှာ မင်းခံစားရသမျှ မင်းအခုကြားသိနေသမျှ၊ မင်းအာရုံခံမိနေသမျှ အရာတွေကို ရွတ်ချလိုက်စမ်းပါ။

မင်း ပြောဖူးတယ်လေ။

အခုခေတ်မှာ စက်ကို လူက မယှဉ်နိုင်ဘူးဆိုတဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



တွေ နေရာတကာမှာ ကြားနေရတယ်။ ဒါပေမယ့် အဲလိုပြောနေကြတဲ့သူ အများစုဟာ လူကစက်ကိုဖန်တီးထားတယ်ဆိုတဲ့ အချက်ကို မေ့လျော့နေကြတဲ့သူတွေပါ…ဆိုတာလေ။

မင်း ပြန်စဉ်းစားစမ်း…။

မင်းဟာ စိတ်ခတ်ကြွဲခိုင်တယ်။ ဒါ့ကြောင့်လည်း ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးဒဏ်ကနေ ရုန်းထွက်လာတာ။ ကိုယ်ပြောတာ ဟုတ်တယ်မဟုတ်လား။ နောက်ပြီး မင်းဟာ အနုပညာဖန်တီးမှုစွမ်းအား မြင့်မားတယ်။ Junk artist လေ။ လူတွေ တန်ဖိုးထားရကောင်းမှန်းမသိတဲ့ စွန့်ပစ်ပစ္စည်းတွေကိုတောင် ပြင်ဆင်မွမ်းမံပြီး အနုပညာသစ်တွေကို ဖန်တီးနိုင်တဲ့သူ။

ချစ်သူ့ရဲ့ ကဗျာရွတ်သံက တချက် တချက် လျှပ်တပြက်ပြတ်တောင်းတောင်း ဖြစ်လာသည်။ ကျက်ထားတဲ့ ကဗျာတွေကုန်လာပြီး လျှပ်တပြက်ဉာဏ်နဲ့ လက်တမ်းရွတ်ဆိုနေရပုံပေါ်သည်။

နာရီကို ကြည့်မိတော့ ည ဆယ့်တစ်နာရီခွဲကျော်ပြီ။

ဃာင္ဂူးက နာရီကို ငုံ့ကြည့်နေစဉ်ဟူယံက ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ရင်ပြင်ပေါ် တစ်စွန်းတစ်စ ယိုစီးဖိတ်ကျနေတဲ့ လရောင်တွေကို တိမ်တိုက်မည်းမည်းတွေက လုံးဝနှုတ်သိမ်းသွားပြီ။

ဆီးနှင်းတွေ စိပ်စိပ်ကျကျလာပြီ။

အို…စိတ်လှုပ်ရှားဖို့ကောင်းလိုက်တာ။

ရွာလိုက်စမ်းပါတော့မိုးရယ်…။ ရွာလိုက်စမ်းပါတော့ သန်းခေါင်ယံမကျော်ခင် ရွာလိုက်စမ်းပါတော့။



မျက်လုံးစုံမှိတ်ပြီး ဟူယံ အာရုံစုစည်းလိုက်သည်။ နောက်တော့ မိုးခေါင်ဂါထာတစ်ပုဒ်ကို ခပ်တိုးတိုးလေး ရွတ်ဆိုနေတော့သည်။

သူမနားထဲမှာ ကဗျာရွတ်သံလည်း မကြားတော့။ လူအုပ်ကြီးရဲ့ အားပေးသံ၊ လက်ခုပ်တီးသံ၊ ဝေဖန်သုံးသပ်သံတွေလည်း မကြားတော့…။ ဘာမှကို မကြားတော့…။

အရာရာဘာမှမရှိတဲ့၊ ပကတိအေးချမ်းတည်ငြိမ်လှတဲ့ နယ်မြေသစ်တစ်ခုကို သူမရောက်သွားသည်ဟု ခံစားလိုက်ရသည်။

သူမရွတ်ဆိုနေတဲ့ မိုးခေါင်ဂါထာကလည်း အဝေးကနေ ပဲ့တင်ထပ်ပြီး သူမဆီ ပြန်လာနေသလို ခံစားနေရစဉ်…

မှိတ်ထားတဲ့မျက်လုံးထဲ ဝင်းကနဲ ဖြစ်သွားရသည်။

"ဂျိန်း…"

"ဂျလိမ်း…"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

စာနှင့်ပေနှင့် အလှမ်းဝေးလှသည့် လူများက အခါမဟုတ် ရွာသွန်းလာသောမိုးကို ယောမုကြယ်ရာမိုးလို့ မသိကြ။ အနှောက်အယှက်မိုးဟု ထင်နေကြသည်။

ကောင်းကင်ပြင်မှာ လျှပ်စီးများ ဝင်းလက်သွားပြီး၊ ချမ်းရစီးရတဲ့ကြားထဲ မိုးဖွဲဖွဲပါကျလာသဖြင့် လူတွေအားလုံး စိတ်ကသိကအောက် ဖြစ်သွားရလေတော့သည်။

''ကွာ… ဒုက္ခပါပဲ…''

''မိုးဖျက်ပြီကွာ…''

''ဒီနေ့တစ်နေ့လုံး မိုးတွေအုံ့နေကတည်းက ကဗျာရွတ်ပွဲမှာ မိုးဖျက်တော့မယ်ဆိုတာ ထင်တော့ထင်သား…''

မိုးတွေတဖျောက်ဖျောက် ရွာသွန်းနေတဲ့ကြားမှာ အေးအေးလူလူပင် MO 32 က သူမစိတ်ကြိုက်စပ်ဆိုထားတဲ့ ကဗျာရှည်တစ်ပုဒ်ကို ရွတ်ဆိုအပြီးမှာတော့ မိဆူးပွင့်အလှည့် ရောက်ရှိလာပြန်တော့



သည်။

ကောင်းကင်တခို

တိမ်ညို ရစ်သိုင်း

အမှောင်ဆိုင်း… ဆိုင်းလည်း…

သူမ ကဗျာတွေ ထစ်လာသည်။ ဘာဆက်ရွတ်ရမှန်း မသိတော့…။

လည်…လည်ဆွဲကြယ်စင်

ဝတ်ဆင်…ထား…ထားတဲ့…

အိပ်မက်ကပွဲ

ချစ်သူ…အဲ…ချစ်သူနဲ့လေ…။

သွားပြီ…။ မိဆူးပွင့်ရဲ့ ဉာဏ်ရည်တွေ တစ်စတစ်စ လျော့နည်းလာရာ ''ချစ်သူနဲ့လေ''အပြီးမှာတော့ ဘာဆက်ရွတ်လို့ ရွတ်ရမှန်း လုံးဝ မသိတော့ပေ။

ဘာဆက်ရွတ်ရမှာလဲ…။ သူမ မျက်လုံးတွေ ပြာဝေလာသည်။

ချစ်သူနဲ့လေ

ဒါပဲ ထပ်ရွတ်လိုက်နိုင်သည်။ သူမမျက်ရည်တွေ ပါးပြင်မှာ ပိုးပိုးပေါက်ပေါက်ကျဆင်းလာသည်။ နှုတ်ခမ်းကို ကိုက် လိုက်သည်။

MO 32 ရဲ့ မျက်နှာမှာတော့ အောင်ပွဲခံအပြုံးများနှင့်…။

မိုးတဖျောက်ဖျောက်ရွာနေသည့်အသံမှလွဲ၍ လူအုပ်ကြီး ငြိမ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်အဖွဲ့ထဲမှ ကဗျာဆရာတစ်ယောက်ရဲ့ သုံးသပ်သံတစ်ချက် ထွက်ပေါ်လာသည်။

"ကဲ…စည်းမျဉ်း စည်းကမ်းအတိုင်း ကဗျာရွတ်ပြိုင်ပွဲကို လူသားဘက်က အနှုတ်တစ်ဆယ်နဲ့ ပိတ်လိုက်ပါပြီ…။ အမှတ်တွေပေါင်းပြီး မကြာခင် လူသားနဲ့ စက်ရုပ် အနိုင်အရှုံးစာရင်းကို ကြေငြာပါတော့မယ်။ ခေတ္တခဏစောင့်ဆိုင်းပေးကြပါခင်ဗျာ…။

ယာဥူး နာရီကိုငုံ့ကြည့်လိုက်တော့ သန်းခေါင်ယံဆယ့်နှစ်နာရီထိုးဖို့ နှစ်မိနစ်အလို…။ ကဗျာဆရာရဲ့ ကြေငြာချက်ထွက်အပြီး စကြာနှင့်ပိုင်းလောက်မှာတင် ကောင်းကင်တခွင် ဝင်းလက် တောက်ပသွားရပြီ…။

"ဂျိန်း……"

"ဝုန်း……"

* * *

နှစ်အနည်းငယ်ကြာသောအခါ…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

လူသားအရင်းအမြစ်ပြတိုက်ရှေ့က ဆင်ဝင်အောက်သို့ ကားတစ်စီးထိုးစိုက်လာပြီး လူရွယ်စုံတွဲနှင့်အတူ ချစ်စရာကောင်းသည့် သုံးနှစ်အရွယ် ကလေးမလေးရယ်၊ အနည်းငယ်လူကြီးဂိုက်ဖမ်းစပြုလာသည့် ခြောက်နှစ်အရွယ် ကောင်လေးတစ်ယောက်ပါ ဆင်းလာကြသည်။

သူတို့ မောင်နှမနှစ်ယောက် ပူဆာကြ၍ ကျောင်းအားလပ်ရက်တစ်ရက်မှာ မိဘများက ပြတိုက်သို့ လိုက်ပို့ကြခြင်းဖြစ်လေသည်။

"ကိုကို…ဟိုဟာ ဘာကြီးလဲ…"

"အဲ…အဲဒါ…ကျောက်ခေတ်တုန်းက ဒိုင်နိုဆောရဲ့ အရိုးစုကြီးတွေ ညီမလေးရဲ့…"

"အဲ…ဒါကရော…"

"ဥ…ဥ…ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်နေတာ…ဘာဥလဲ…ကိုကိုမသိဘူး…"



"လူဥလားဟင်…ကိုကို…"

"ဟင်… လူက ဥနဲ့မွေးတာမဟုတ်ဘူး ညီမလေးရဲ့…အကောင်လိုက် ပေါက်တာ…။ ဟုတ်တယ်နော် …ဖေကြီး"

အစ်ကိုဖြစ်သူမှာ ညီမကို ဆရာသာလုပ်နေရသည် ဟိုးရှေးရှေးတုန်းက လူသားတွေ ဥနဲ့ပေါက်တာလား အကောင်လိုက်ပေါက်တာလား မသေချာ၍ ဖအေလုပ်သူကို လှည့်မေးရသေးသည်။

ဒီလိုနဲ့ ကလေးနှစ်ယောက်ဟာ ရေခဲခေတ်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပဒေသရာဇ်ခေတ်ပြခန်းများမှ လူသားမျိုးနွယ်ဆိုင်ရာ အချက်အလက်တွေကို လေ့လာလာကြရာ တစ်နေရာ အရောက်မှာတော့…

"အဲ…ကိုကို…ဒါဘာကြီးလဲ…"

now a day(ယနေ့ခေတ်)ပြခန်းအရောက် အထူးလုံခြုံရေးစနစ်တပ်ဆင်ထားတဲ့ မှန်ခန်းထဲက ရုပ်ပျက်ဆင်းပျက်စက်ရုပ်တစ်ရုပ်ကို တွေ့ပြီး ညီမဖြစ်သူမှာ လန့်ဖျတ်သွားသလို၊ အစ်ကိုလုပ်သူမှာလည်း မျက်မှောင်ကြုတ်ရင်း လေဘယ်လ်ကို ကမန်းကတန်းရှာဖတ်မိလေတော့သည်။

MO 32

The Most dangerous Robot for Human being, now a day

အို…။

လေဘယ်လ်ကိုဖတ်ပြီး ချာတိတ်ကလေး သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



စပြုနေလေပြီ···

ယနေ့ခေတ်လူသားများအတွက် ကြောက်စရာအကောင်းဆုံး စက်ရုပ် MO32···တဲ့··။

ဒါ···တစ်ချိန်က သူ့အဖေနဲ့ ငြိစွန်းခဲ့ဖူးတဲ့ စက်ရုပ်မကြီးပဲ···။ ဒီအကြောင်းတွေကို မိဘတွေဆီက သူ တိုက်ရိုက်သိခွင့်ရခဲ့တာမျိုးတော့ မဟုတ်။

မူလတန်းကျောင်းသားနှစ်ယောက်စ၊ သုံးယောက်စနဲ့ ဖွင့်လှစ်ထားတဲ့ ကျောင်းအသိုင်းအဝိုင်း သူငယ်ချင်းများထံမှ သိရှိခဲ့ရခြင်းဖြစ်သည်။

"အဲဒါ···ဟိုတစ်ချိန်တုန်းက လူဟန်ဆောင်ခဲ့တဲ့ စက်ရုပ်မကြီး···တဲ့"

"ဟင်····"

အကြီးကောင်က ဖအေကို အားနာသလို တစ်ချက်ကြည့်ရင်း···

"ဟဲ့ဖက်က ပြခန်းတွေ လျှောက်ကြည့်ရင်း ညီမလေးကို ရှင်းပြမယ်···လာ··လာ··"

ဘယ်လောက်လည်လိုက်တဲ့ ချာတိတ်လဲ···။

ညီမဖြစ်သူကို မိဘတွေရှေ့ကနေ ဆွဲထုတ်သွားကာ လုံခြုံစိတ်ချရတဲ့နေရာရောက်တော့မှ ဟုတ်တာတွေရော၊ မဟုတ်တာတွေပါ ကလေးအတွေးနဲ့ရောပြီး ရှင်းပြတော့မယ့်ပုံ···။

ဃာဠူနဲ့ မီဆူးပွင့်ကတော့ သားသမီးနှစ်ယောက်လုံးနဲ့ ပါးနပ်မှုနဲ့ဉာဏ်ရည်ကို သဘောအကျကြီးကျကာ ပြုံးမိရင်း MO32



စက်ရုပ်ရှေ့မှာ အကြာကြီးရပ်နေမိတော့သည်။

ခြောက်···ကြီးမားလှတဲ့ သမိုင်းအချိုးအကွေ့ကြီးတွေကို သူမနဲ့ကိုနဲ့ တစ်ဆစ်ပြီးတစ်ဆစ် ချိုးကွေ့လာကြသည့်တိုင် အတိတ်ဟာ မနေ့တစ်နေ့ကအတိုင်း ရှိနေမြဲပါပဲလား···။

ဒီစက်ရုပ်မကို တွေ့တိုင်း ဟက်ခရိုမိုက်(စ်)ရင်ပြင်ညတုန်းက အဖြစ်အပျက်များကို ပြန်သတိရနေမိတော့သည်။

အဲဒီ ညရဲ့သန်းခေါင်ယံ ဆယ့်နှစ်နာရီမထိုးခင် နှစ်မိနစ်အလိုလောက်မှာပေါ့···။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ဘယ်လိုလဲ··ကို။ ဒီပြတိုက်ကြီးရဲ့ now a day ပြခန်းမှန်ဘောင်ထဲမှာ တကယ်လို့သာ MO 32 စက်ရုပ်ရောက်မနေခဲ့ရင်၊ ယာဉူးဆိုတဲ့ သုံးဆယ်တစ်ရာစု နောက်ဆုံးမျိုးဆက်လူငယ်လေးတစ်ယောက် ရောက်လာလိမ့်မယ်လို့ ကို မတွေးမိဘူးလား"

ဇနီးဖြစ်သူရဲ့ နောက်ရွှတ်ရွှတ်အမေးကို သူ သဘောကျရယ်မောထောက်ခံရင်း···

"တွေးမိတာပေါ့။ ကို့အချစ်ကိုသာ ဆူးလက်မခံခဲ့ရင်၊ ကိုယ်တို့နှစ်ယောက် လက်ထပ်ပြီးတဲ့အထိ ကို့အတွက် သားနဲ့သမီးကို ဆူးမွေးမပေးနိုင်ဘဲ ကိုယ်သေဆုံးခဲ့ရရင်···အင်း··ကိုယ်ဟာ ယောဒီပြတိုက်ထဲမှာ MO 32 လိုပဲ အပြခံရရင် အပြခံနေရမှာပေါ့။ ကို့အတွက် ကိုယ့်တိုင်းပြည်အတွက် မျိုးဆက်သစ်ကလေးတွေ မွေးပေးခဲ့တဲ့ ဆူးကို ချစ်လည်းချစ်၊ ကျေးဇူးလည်းတင်၊ ဂုဏ်လည်းယူပါတယ်ကွာ···။ တကယ်ပါ··"



မပြယ်သော ချစ်ခြင်းမေတ္တာများနဲ့ ရဲဘော်ရဲဘက်ဆန်ဆန် တင်းကျပ်စွာ ဖက်ပွေ့မိကြရင်း တစ်ချိန်တစ်ခါက သိပ္ပံပညာရှင်ကြီး ဇေးဂါကို သူတို့နှစ်ယောက်သတိရမိသွားကြပြန်သည်။

အဲဒီအချိန်တုန်းက ယာဉူးရဲ့ အထီးကျန်ဆန်မှုကို ထိုက်သင့်သလောက် ဖြေသိမ့်နိုင်ဖို့ အဘိုးကြီးဟာ MO 32 ကို စေတနာထား တီထွင်ခဲ့ပုံရပေမယ့်···

လူသားတစ်ဦးထက် ကျော်လွန်တဲ့ အရည်အသွေးတွေနဲ့ စက်ရုပ်ကို ရွှေဉာဏ်တော်ရူးပြီး Bonus install လုပ်ခဲ့တာတော့ သေချာသည်။

ထို့ကြောင့်လည်း စက်ရုပ်မှာ မြေလျှိုးမိုးပျံနိုင်လောက်သည့် ကြောက်ခမန်းလိလိ စွမ်းရည်တွေ ပိုင်ဆိုင်ခဲ့ရသည်။ သို့သော် ဇေးဂါမှာ ပညာရှိသတိဖြစ်ခဲ့ဆိုသလို MO 32 ကို တပ်ဆင်ပေးဖို့ အရေးကြီးကိရိယာတစ်ခုတော့ မေ့လျော့သွားခဲ့ပြန်သည်။

စက်ရုပ်နဲ့လူသား သူတင်ကိုယ်တင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲတွင် စက်ရုပ်နဲ့တဖျားသာပြီး လူသားဘက်ကို ဆယ်မှတ်အနိုင်ပြ ပြိုင်ပွဲပိတ်လိုက်ချိန်မှာပဲ···

ပညာရှင်ကြီး တီထွင်တပ်ဆင်ဖို့ မေ့လျော့ခဲ့တဲ့ ဟာကွက်ကလေးတစ်ခုကနေ လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် ပုံမှန်မဟုတ်တဲ့ ရာသီဥတုတစ်ခုကို ဘုရားရှင်က ဖန်ဆင်းပေးတော်မူ၍ ကယ်တင်ခဲ့လေသည်···

ထိုညက ယောမုကြယ်ရာမိုးတွေ တစ်ဖြိုက်နှစ်ဖြိုက်ရွာပြီးသည်နှင့် အချိန်အခါမဟုတ် မိုးထစ်ချုန်းလျှပ်စီးများပင်းလက်

www.burmeseclassic.com



ကာ ကောင်းကင်ယံကနေ အညိုးတကြီးနှင့် မိုးကြိုးကြီးပစ်ချခဲ့လေသည်။

ထို မိုးကြိုးရဲ့ ဗဟိုစက်ကွင်းမှာ MO 32 ပင်….။

MO 32 အတွက် ဧးဂါတပ်ဆင်ဖို့ မေ့လျော့သွားသည့် အရေးကြီး ကိရိယာမှာလည်း "မိုးကြိုးလွှဲကိရိယာ" ပင်…။

ကနဦးတုန်းက မိုးကြိုးကြောင့် အစိတ်စိတ်အပိုင်းပိုင်း ပြုတ်ထွက်ပေါက်ကွဲ ဇီဝိန်ချုပ်ငြိမ်းခဲ့ရတဲ့ MO 32 ကို သံရေကျို စက်ထဲ ထည့်ပစ်ဖို့ လူအများဆုံးဖြတ်ခဲ့သော်လည်း နောက်ပိုင်းမှာတော့ နှောင်းလူတို့ သင်ခန်းစာယူနိုင်ရန် ပြတိုက်သို့ ပို့ခဲ့ကြလေတော့သည်။

တစ်ချိန်မှာ ပြတိုက်အပို့ခံရမည်ဟု သူ့ကိုယ်သူ ထင်ကြေးပေးထားတဲ့ ယာဥ္မှာတော့ အချစ်စစ်နှင့်ချစ်ရသည့် ချစ်သူကို လက်ထပ်ခွင့်ရခဲ့ပြီး သားသမီးပွားစည်းနိုင်ခဲ့သောကြောင့် ပြတိုက်အပို့ခံရမည့်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရပြန်သည်။

နိုင်ငံတော်က ယာဥ္နဲ့ မီဆူးပွင့်တို့ရဲ့ မင်္ဂလာလက်ထပ်ပွဲကို ခန်းနားစွာ ကျင်းပပေးခဲ့ပြီး ထိုနေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့ကာ "ဂန္ဓဝင်နေ့" ဟု ခေါ်တွင်စေခဲ့သည်။

* * *

ခေါင်းမာတတ်တဲ့ အတူနေချစ်သူတွေကို 'ဂန္ဓဝင်နေ့' ဟာ တမျိုးတဖုံပြောင်းလဲစေခဲ့တာတော့ သေချာပါသည်။

သူတို့နှစ်ယောက် လက်ထပ်ပြီးတဲ့နောက်ပိုင်း အဲဒီနိုင်ငံမှာ လက်ထပ်ပွဲကလေးတွေ တစ်စတစ်စ ကျင်းပလာကြရာ၊ နိုင်ငံသားကောင်း လူသားအရင်းအမြစ် အူဝဲသံလေးတွေ ဟိုနေရာ၊ ဒီနေရာ စ, ကြားလာရလေတော့သည်။

မြစ်ချောင်းတွေရှိရာဆီကို ငါးတွေ ပြန်ရောက်လာကြသလို၊ တောင်တန်းတွေကို ကာကွယ်ပေးတဲ့ ဥပဒေတွေလည်း ထွက်လာခဲ့သည်။

တောင်တန်းတွေဟာ ပေါင်မုန့်မဟုတ်လို့ ပါးပါးလှီးပြီး ရလာတဲ့ ရေ၊ မြေ သယံဇာတတွေကို ပလပ်စတစ်အိတ်နဲ့ ထုတ်ကာ ပြည်ပကို ဈေးပေါပေါနဲ့ရောင်းချတဲ့စနစ်ဆိုးတွေလည်း ရပ်တန့်ဘ ရပ်လာကြသည်။

လူကြီးတွေ၊ လူအိုလူယောင်းတွေလည်း သက်တမ်းစေ့ ရှင်သန်ကြပါစေ…။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်များလည်း လာခြင်းကောင်းကြပါစေ..။

နည်းပညာများလည်း အံ့မခန်း ဖွံ့ဖြိုးတိုးတက်ကြပါစေ..။

ဂေဟာစနစ်ကိုလည်း အသက်လို တန်ဖိုးထားကာကွယ်စောင့်ရှောက်နိုင်ကြပါစေ...

၃၀၁၃ ရဲ့ ဂန္တဝင်နေ့မှာ ကမ္ဘာဦးအိပ်မက်ကို အစကတယ်မှန်ပြန်မက်ကြရအောင်လေ...။

nyayyy@gmail.com
www.facebook.com/Nyay Nyay

**coming soon**

သည်ခေတ်နေ၏

## (၅) အုပ်မြောက်အထူးအစီအစဉ်

ကျောင်းဟောင်း (Old School) (၁) အုပ်ဝယ်ယူသူတိုင်း THE COMMENT (၁) အုပ် မေတ္တာလက်ဆောင်ပေးမည်။

**သည်ခေတ်နေ**

**ကျောင်းဟောင်း OLD SCHOOL**

(လုံးချင်းဝတ္ထုသစ်)

**သည်ခေတ်နေ**

**THE COMMENT**

www.burmeseclassic.com

www.burmeseclassic.com

Taimmakalhit presents




www.burmeseclassic.com

Design Yelay @ YeWintKyaw

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း (တာလာရုန်ပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | - YèWintKyaw@Yèlay |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ) |
| အုပ်ရေ | - ၁၀၀၀ |


## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ✸ ကျောင်းဟောင်း | သည်ခေတ်နေ |
| ✸ ကမ္ဘာမကြေနိုင်ငံမှာလာဝင်စားတဲ့မိန်းမ | သည်ခေတ်နေ |
| ✸ ဒဏ္ဍာရီလွင်ပြင်မှာစီးချင်းထိုးတဲ့လူ | ညေး |
| ✸ လမင်းလန့်တုန်း ကြယ်တွေခင်းခဲ့တယ် | ညေး |
| ✸ ဘာလဲဆိုတာမေးမြန်းခြင်းသည်းခံပါ | စစ် |

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38, 3rd Fl. 153rd Lane.
Tamwe Tsp., Ygn
Ph 551403, 09 730 53 703

# ပြည့်

ဆိုင်းမဆင့် ဗုံမဆင့် ဖိတ်စာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းမဆင့်ဗုံမဆင့် ဓိတ်ဓာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

တစ်ခါတုန်းက ကောင်မလေးတစ်ယောက်ဟာ သူမကို သေမင်းမြင်တွေသွားမှာစိုးလို့ ကမ္ဘာကြီးရဲ့ ထောင့်ကွယ်မျိုးစုံကနေ ပုန်းနေခဲ့ဖူးတယ်။

အလွမ်းနဲ့ ခေတ္တခဏ ရပ်နားထားရတဲ့(သူမကိုယ်တိုင် ပါဝင် သရုပ်ဆောင်ခွင့်ရထားတဲ့)ဇာတ်လမ်းတစ်ပုဒ်ကို အသစ်ကနေ ပြန် စဖို့အတွက် သူမ သက်ရှိထင်ရှားရှိနေမှ ဖြစ်လိမ့်မယ်။

ချမ်းသာကြွယ်ဝတဲ့ မိဘမျိုးရိုးက ဆင်းသက်လာတဲ့ တစ်ဦး တည်းသောသမီး၊ မတောင့်မတ မကြောင့်မကြနေရတဲ့ဘဝ၊ ဘွဲ့ တစ်ခုရထားပြီး နှစ်ဆယ့်ငါးနှစ်ထက် မကျော်သေးတဲ့ အသက် အရွယ်၊ အပြစ်အနာအဆာနည်းပါးလှတဲ့ ရုပ်ရည်အလှတရားနဲ့ ခန္ဓာကိုယ်အချိုးအဆ၊ ဒါတွေပိုင်ဆိုင်ထားသူမို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးရမှာမျိုး ကြောက်တာလား . . .၊ ဒီထက်ပိုတဲ့ အကြောင်းပြ



ချက်တစ်ခု ရှိနေလို့ပါ။

ဒီလိုပါ . . .။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က သူမ ချစ်သူတစ်ယောက် ထားခဲ့ ဖူးသည်။ လူရည်သန့် ပညာတတ်တစ်ယောက်မို့ လေးလေးစား စား ချစ်သွားမိတယ်ဆိုပါတော့၊ ဒါပေမဲ့ ယောကျ်ားနဲ့ မဆန့်လှတဲ့ မာနက အဲဒီကောင်လေးမှာ ရှိနှင့်နေပြီဖြစ်ပြီး၊ မိန်းမတွေ ကျူးလွန်နေ ကျ အပြစ်အနာအဆာအသေးအမွှားတချို့တလေကို တစ်ကြိမ်စ၊ နှစ်ကြိမ်စ သူမ ကျူးလွန်အပြီးမှာတော့ ချစ်သူက သူမကို ငြိုးငွေ့ သွားသည် ထင်ပါ၏။

တိုးတိတ်အေးစက်စွာ ပစ်ထားခဲ့သည်။

'တစ်နေ့တော့ ငါ သူ့ကို မေ့သွားမှာပါ'

အဲဒီလို သူမကိုယ်သူမ အားပေးနှစ်သိမ့်ရင်း ချစ်သူကို မေ့ပျောက်ဖို့ သတိတွေ ရလာလိုက်တာ တစ်နှစ်ပြီးတစ်နှစ်ပါပဲ။

အတိတ်ဟာ ဟိုးဝေးဝေးမှာ မှုန်ဝါးဝါး ကျန်ရစ်ခဲ့တယ်ဆိုရင် တောင် ချစ်သူရဲ့ အငွေ့အသက်တွေ၊ စကားသံတွေဟာ သူမနှလုံး သားထဲမှာ နက်နက်ရှိုင်းရှိုင်း ထင်ကျန်နေဆဲပါ။

နောက်တော့ သူမ အခုလို စဉ်းစားလာမိတယ်။

'ငါတောင် သူ့ကို နှစ်တွေ ဘယ်လောက်ကြာကြာ မေ့မရ နိုင်သေးရင် သူရော ငါ့ကို သတိရမနေနိုင်ဘူးလား၊ လွမ်းမနေ နိုင်ဘူးလား'

သိပ်မှန်တာပေါ့၊ ချစ်သူ တစ်နေ့ သူမဆီ ပြန်ရောက်လာမှာ ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တွေထဲကလို တစ်နှစ်ခန့်ကြာသောအခါလား…၊ ဆယ်နှစ်ခန့် ကြာသောအခါလား…။ မရေရာတဲ့ အချိန်အကန့်အသတ်တစ်ခုခုကို လွှမ်းလွှမ်းမောမော ဖြတ်သန်းနိုင်ခဲ့ရင် ချစ်သူဟာ သူမဆီ အမှန်တကယ် ပြန်ရောက်လာလိမ့်မယ်လို့ သူမ အခိုင်အမာ ယုံကြည်သွားခဲ့တယ်။

ဒါကြောင့် ချစ်သူနဲ့ ပြန်လည် ဆုံစည်းခွင့်မရသေးခင် သူမကို သေမင်း အလျှင်စလို တွေ့မြင်သွားမှာမျိုး မလိုလားတဲ့အတွက် ကမ္ဘာကြီးရဲ့ ထောင့်ကွယ်မျိုးစုံကနေ သေမင်းကို သူမ ပုန်းနေခဲ့တယ်။

## အခန်း(၂)

ချစ်သူအကြောင်း နောက်ဆုံးကြားခဲ့ရတဲ့သတင်းကတော့ ကမ္ဘာ တစ်ဖက်ခြမ်းနိုင်ငံတစ်ခုကို ထွက်သွားပြီဆိုတဲ့ သတင်းပါပဲ။ အလွမ်းနုနုနဲ့ စခဲ့ရတဲ့ စောင့်ဆိုင်းခြင်းဟာလည်း အခုတော့ ရင့်ကျက်မှုသဘောကို ဆောင်ခဲ့ပါပြီ။

အိပ်ယာက နိုးတာနဲ့ သူမဖုန်းမှာ Miss called တစ်ခုတလေများ ဝင်နေမလား၊ အီးမေးလ်တစ်စောင်တလေများ ရောက်နေမလား ဆိုတာကို မပျက်မကွက်စစ်ရင်း တံခါးတစ်ချပ်ဖွင့် အနေအထားနဲ့ ချစ်သူကို တည်တည်ငြိမ်ငြိမ် လွမ်းမောတတ်နေပါပြီ။

အဲ… ဒါပေမဲ့ အခုတလော သူမ သိပ်ဘဝင်မကျတဲ့ သတင်းကတော့ သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ ခပ်စိပ်စိပ်ကလေး ဖော်ပြရေးသားကြတဲ့ မော်တော်ကားဘရိတ်ပေါက်ပြီး လူသေဆုံးမှု

www.burmeseclassic.com

www.burmeseclassic.com



သတင်းတွေပါပဲ။

ကိုယ့်မော်တော်ကား ဘရိတ်ပေါက်မပေါက်ကို ဘယ်လိုကြံပြီး သိနိုင်မလဲ။ ဒါကို လူတိုင်း အရေးလုပ် စဉ်းစားမိကြမယ် မထင်ပေမဲ့ သူမကတော့ အလေးအနက်ထားပြီး စဉ်းစားလာခဲ့တယ်။

သူမ နေထိုင်တဲ့ မြို့ကလေးက တောင်ဆင်း၊ တောင်တက် အကွေ့အပတ်လျှိုမြောင်တွေ ထူထပ်လှပါဘိနဲ့။ တော်ကြာ တစ်ချက်ကလေး ပေါ့ဆလိုက်တာနဲ့ သေမင်းနဲ့ တည့်တည့်တိုးကုန်ရင် မခက်ပေဘူးလား။ ဒါနဲ့ ဝပ်ရှော့ဆရာတစ်ယောက်ကို သူမခေါ်လိုက်သည်။ ဝပ်ရှော့ဆရာက သူမကားကို တစ်ချက်လှည့်ပတ်ကြည့်လိုက် ပြီး…

'ဒီကားက လုံးဝ အသစ်ကြီးပဲ၊ နောက်ထပ် ဆယ်နှစ်အထိ ဒီကောင် ဘရိတ်မပေါက်နိုင်ဘူး၊ စိတ်ချ'

'မဟုတ်ဘူးလေ… ရှင်က ဘာကို ကြည့်ပြီး ပြောလိုက်တာလဲ၊ ရှင်ကြည့်တတ်သလို ကျွန်မလည်း ကြည့်တတ်ချင်တယ်လေ၊ အဲဒါကို သင်ပေးပါ'

ဝပ်ရှော့ဆရာက ငုတ်တုတ်ကလေးထိုင်လိုက်တော့ သူမလည်း ငုတ်တုတ်ကလေး ထိုင်လိုက်ရင်း ကားဘီးရဲ့ အတွင်းဘက်နေရာများကို ဝပ်ရှော့ဆရာကြည့်သလို လိုက်ကြည့်လိုက်သည်။

'တွေ့လား… အဲဒီနေရာတွေမှာ ဆီတွေယိုလာပြီဆိုရင် အန္တရာယ်ရှိလာပြီ၊ အဲဒီတော့ ဘီးအောက်ဘက်နေရာတွေမှာ ဆီယိုပြီဟေ့ ဆိုတာနဲ့ ဝပ်ရှော့သာ တစ်ခါတည်း ပို့ပေတော့။

'အန္တရာယ်ရှိတာကို ဆီယိုတဲ့အထိ စောင့်ပြီးမှ သိတာမျိုး



ကျွန်မ မကြိုက်ဘူး၊ ဒီထက်ပိုပြီး စောသိလို့ ရနိုင်တဲ့ အခြေအနေတွေ မရှိနိုင်ဘူးလား'

ကနဦးမှာတော့ ဝပ်ရှော့ဆရာနဲ့ သူမ အဲဒီလို စကားတွေက အဆီအငေါ်မတည့်။ နောက်တော့မှ…

'မိန်းကလေးတစ်ယောက် လုပ်နိုင်ပါ့မလား…၊ ကားဘီးတွေကို ချွတ်ကြည့်မှ တွေ့မှာဗျ'

'လုပ်နိုင်ပါတယ်၊ လမ်းမှာ မတော်တဆ ဘီးပေါက်သွားပြီဆိုရင်တောင် ကိုယ့်ဘာသာ လဲတတ်သွားတာပေါ့'

'ကောင်းပြီလေ… ဒါဆိုရင် ခင်ဗျားကို ကားဘီးဖြုတ်နည်း၊ တပ်နည်း သင်ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ရယ်မောစရာပါပဲ။

မယုံကြည်နိုင်လောက်အောင်ပဲ ကောင်မလေးဟာ ကားဘီး အဖြုတ်အတပ်တွေကို တစ်ယောက်တည်း ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်တတ်ကိုင်တတ် လာခဲ့ပါသည်။

သူမ သိချင်တဲ့ ဘရိတ်ပိုင်းဆိုင်ရာတွေက ကားဘီးဖြုတ် အပြီး၊ ဝက်အူလေးလုံးတပ်ထားတဲ့ သံပြာချပ်အဝိုင်းကြီးကို ချွတ် ကြည့်မှ တွေ့ရတဲ့ အရာတွေလေ…။

အဲဒီအထဲမှာ အမည်းရောင် ရာဘာအိတ်ဖောင်းဖောင်းလေးနဲ့ အနည်းငယ် ကွေးနေတဲ့ ဘရိတ်ပြားထူထူတွေရဲ့ အနေအထားကို သူမ ကြည့်ရှုစစ်ဆေးတတ်လာခဲ့သည်။

'မလိုအပ်ဘဲ ခဏ၊ ခဏ ဖြုတ်လိုက်၊ တပ်လိုက်တွေ မလုပ် သင့်ဘူး၊ ကျွန်တော် ခဏခဏ သတိပေးတယ်နော်'

ဝပ်ရှော့ဆရာ အကြိမ်ကြိမ် သတိပေးပါရက် မလိုအပ်ဘဲ



ကားဘီးတွေကို အကြိမ်ကြိမ် ဖြုတ်လိုက်၊ တပ်လိုက် သူမ လုပ် ကြည့်ခဲ့ပါသည်။

တစ်ညနေခင်းမှာတော့ ဘယ်သူမှ ထင်မှတ်မထားတဲ့ သတင်း ဆိုးတစ်ခုက တောင်ဆင်းတောင်တက်တွေများတဲ့ မြို့ကလေးကို ကြေကွဲစွာ ရိုက်ခတ်သွားခဲ့သည်။

အဲဒါကတော့ ကောင်မလေးဟာ လူရောကားပါ ချောက်ထဲ ပြုတ်ကျပြီး သေဆုံးသွားသည်ဆိုခြင်းပင်…။

ဖြစ်ပုံက ဒီလိုပါ…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

သူမဟာ ကားမောင်းတဲ့အခါ ခါးပတ်ကို စနစ်တကျ ပတ်မောင်းတတ်သူ၊ နမော်နမဲ့ လမ်းဖြတ်ကူးရမယ့်အစား လူကူး မျဉ်းကျားကနေ လမ်းကူးတတ်တဲ့သူ၊ ခရီးဝေးထွက်တဲ့အခါ လေယာဉ်စီးမယ့်အစား လုံခြုံစိတ်ချရတဲ့ အဆင့်မြင့် လေအိတ် ကားကြီးတွေနဲ့ ခရီးသွားတဲ့သူ (လေယာဉ်တွေ ပျက်တဲ့အခါ မိုး ပေါ်မှာ ရပ်ထားလို့ ရတာ မဟုတ်ဘူး၊ ကားပျက်ရင်တော့ လမ်း ဘေး ထိုးရပ်ထားလို့ ရတယ်ဆိုတာ သူမ မကြာခဏ ပြောလေ့ ရှိတဲ့ စကားပါ) ရောဂါဘယ ကင်းရှင်းအောင် ကျန်းမာရေး လိုက်စားပြီး ညီညွတ်မျှတတဲ့ အစားအသောက်ကို စားသုံးလေ့ရှိ သူ၊ လျှပ်စစ် ပစ္စည်းတွေကို သတိဝီရိယကြီးစွာ ကိုင်တွယ်တတ် တဲ့သူ၊ ယုတ်စွအဆုံး… ကိုယ်စီးတဲ့ကားကိုတောင် ဘရိတ်ကောင်း မကောင်း မကြာခဏဆိုသလို ကြည့်ရှုစစ်ဆေးတတ်တဲ့သူ။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက သူမ ကြောက်ရွံ့တဲ့ သေမင်းရဲ့ ဆိုင်းမဆင့်ဗုံမဆင့်ဖိတ်စာဟာ သူမ ဖြုတ်လိုက်



တပ်လိုက် လုပ်လွန်းတဲ့ ကားဘီးတွေကတဆင့် ဝင်လာခဲ့တယ်ဆို တာ သူမကိုယ်တိုင် မသိခဲ့တဲ့ အချက်ပါပဲ။

ဟုတ်ပါတယ်။

အဲဒီ ညနေခင်းက သူမဟာ ထုံးစံအတိုင်း ကားဘီးတွေကို အဖြုတ်၊ အတပ်လုပ်အပြီးမှာတော့ ဝက်အူရစ်တွေကို အတွင်း၊ အပြင် မှားယွင်းစွာ တပ်ခဲ့မိပါသည်။

မိန်းကလေးတစ်ယောက်ရဲ့ အားနဲ့ ကျပ်ထားတဲ့ (မှားယွင်းစွာ တပ်ထားတဲ့) ဝက်အူရစ်တွေဟာ သူမ ကားဘီးတစ်ချက်လှိမ့် လိုက်တိုင်း တစ်စတစ်စ ချောင်ထွက်လာခဲ့ပြီး…နောက်ဆုံးမှာတော့ ဟောလိဝုဒ်ဇာတ်ကားဆန်ဆန်ပင် နောက်ဘီးတစ်လုံး ကျွတ်ထွက် သွားကာ သူမ ကားကလေးမှာလည်း အရှိန်လွန်ပြီး တောင်အကွေ့ တစ်ခု အရောက်မှာပင် ချောက်ထဲ ထိုးကျသွားခဲ့သည်။

ကဲ… အခုတော့ သေမင်းဟာ သူ့ကို ပုန်းကွယ်နေတဲ့ ကောင် မလေးကို တစ်ချက်ကလေး ပေါ့ဆပြီး မှားယွင်းစွာ တပ်ဆင်ခဲ့တဲ့ ဝက်အူရစ်တွေကတဆင့် ဆိုင်းမဆင့် ဗုံမဆင့် ဖိတ်စာတစ်စောင် အရောက်ပို့နိုင်ခဲ့ပါပြီ။

ဒီကိစ္စဟာ ဘယ်လောက် ကြေကွဲစရာကောင်းကြောင်း သင် မှန်းဆကြည့်နိုင်သည်။

တကယ်တော့ သူမဟာ တစ်ချိန်တည်းမှာပင် ဖိတ်စာနှစ် စောင်ကို လက်ခံရရှိလိုက်သူပါ။

တစ်စောင်က သေမင်းဆီက။ နောက်တစ်စောင်က သူမ သိပ်ကို မျှော်လင့်တောင့်တခဲ့ရတဲ့ ချစ်သူဆီကပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သေမင်းရဲ့ ဆိုင်းမဆင့်ဗုံမဆင့် ဖိတ်စာကြောင့် ချောက်ထဲကို သူမ' ကားကလေးထိုးကျပြီး ဘ၀ဇာတ်သိမ်းသွားတဲ့ အချိန်အတိ အကျမှာပဲ သူမ ချစ်ရတဲ့ ချစ်သူကလည်း ချစ်သူအဖြစ် ပြန်လည် ဖိတ်ခေါ်ထားတဲ့ စာတစ်စောင်ကို ကမ္ဘာကြီးရဲ့ တစ်နေရာကနေ ကွန်ပျူတာကတဆင့် Enter တစ်ချက်ခေါက်ပြီး ပေးပို့ခဲ့ပါတယ်။

စာကတော့ တဖွဲ့တနွဲ့ ရေးထားတဲ့ စာအရှည်ကြီးပါပဲ။

နှစ်အတော်ကြာ ရက်ရက်စက်စက် ပစ်ထားခဲ့ပြီးမှ သူမရဲ့ နှလုံးသားကို ပြန်လည် ပုတ်နိုးရတာမို့ တဖွဲ့တနွဲ့နဲ့ကို ရေးထားတဲ့ စာတစ်စောင်ပါ။

သူမကို လွမ်းကြောင်း၊ သိပ်တွေ့ချင်ကြောင်း၊ မရင့်ကျက်တဲ့ အရွယ်တုန်းက လုပ်မိလုပ်ရာ ဆုံးဖြတ်ချက်တွေကို ဖွေမယူစေချင် ကြောင်း၊ ယနေ့အထိ ချစ်နေသေးကြောင်း၊ သူ့ကိုလည်း သူမ ချစ်နေလိမ့်ဦးမည်ဟု ယုံကြည်ကြောင်း၊ စသဖြင့် ရေးထားတဲ့စာ ပါ။

ကောင်မလေးဟာ အဲဒီစာကို ဖတ်မသွားခဲ့ရပါဘူး။

အဲဒီလိုပဲ ချစ်သူဟာလည်း သူ့ကို မျှော်လင့်ရင်း အသက်ကို ပါ ပေးဆပ်သွားခဲ့တယ်ဆိုတာ သိမသွားခဲ့ရပါဘူး။

ဒီအဖြစ်အပျက်ကိုသာ တွင်တွင်ကျယ်ကျယ်ကလေး သင်ဝါဒ ဖြန့်ချိနိုင်ခဲ့မယ်ဆိုရင် ကမ္ဘာပေါ်မှာ အကြောင်းအမျိုးမျိုးကြောင့် ဝေးကွာနေကြတဲ့ ချစ်သူတွေရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ပြန် လည် ပေါင်းစည်းသွားကြလိမ့်မယ်လို့ သင် ယုံကြည်ပါရဲ့လား။

## အခန်း(၅)

ဘယ်သူကမှ သူမကို မမြင်ရပါဘူး။

ဒါပေမဲ့ သူမကတော့ အားလုံးကို မြင်နေရသည်။ မြင်ရတာ မှ အရင်မြင်ဖူးနေကြ ၁၈၀ ဒီဂရီလို မြင်ကွင်းကျယ်တော့ မဟုတ်၊ ရှေ့ရော၊ နောက်ရော၊ အထက်အောက်ပါ မြင်ရသည့် ၃၆၀ဒီဂရီ အနေအထား။ ဒီတော့ ကိုယ့်နောက်ကျောကို ဓားနဲ့ အထိုးခံရမှာ လည်း တွေးကြောက်စရာမလို၊ နောက်ကျောမလုံဘူးဆိုတာမျိုး လည်း မရှိ။

ကိုယ်မှီခို ခင်တွယ်နေတဲ့ နေရာကလည်း ဂုဏ်တုဂုဏ်ပြိုင် အိုးအိမ်တိုက်တာ အဆောက်အဦးတွေပေါ်မှာလည်း မဟုတ်၊ သာမန် ညောင်ည သစ်ရွက်ကလေးတစ်ရွက်ပေါ်မှာ။

ဒီသစ်ရွက်ကလေးပေါ် စရောက်ခဲ့တုန်းက စိုးရွံ့အားငယ်မှု တွေ ရှိခဲ့ပေမယ့် အခုတော့ သူမ အတော်ကလေး နေသားတကျ

www.burmeseclassic.com



ကော် ရှိနေလေပြီ။ လေကိုးလို့ သစ်ရွက်ကလေး ယိမ်းထိုးသွားတဲ့အခါ သူမလည်း အလိုက်သင့်ကလေး ယိမ်းထိုးသွားမည်။ မိုးရွာလို့ သစ်ရွက်ကလေး စိုစွတ်နေတဲ့အခါ သူမလည်း ရေချိုးပြီးစ မိန်းမပျိုတစ်ယောက်လို လတ်ဆတ်စိမ်းစိုနေမည်။ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီနဲ့ ကြုံတဲ့အခါ ဥသြတွန်သံ၊ ချိုးကူသံတွေ နားထောင်ရင်း တောင်လေအလာကို စောင့်မျှော်နေတတ်သည်။ ညဉ့်သန်းခေါင်ကျော်တော့မှ ထွက်ပေါ်လာတတ်တဲ့ ကြယ်ပွင့်ကလေးတွေကို ငေးမောရင်း စိတ်ထဲမှာ ကြည်နူးနေတဲ့အခါ ကြည်နူးနေမည်။

မှန်သည်။ သူမဟာ အခုအချိန်မှာတော့ သစ်ပင်တစ်ပင်ရဲ့ သစ်ရွက်တစ်ရွက်မှာ ခိုကပ်နေရတဲ့ အစိမ်းအဝါးတစ်ကောင် ဖြစ်နေလေပြီ။ အဲဒီ သစ်ပင်မှာ သူမ တစ်ယောက်တည်း ရှိနေတာတော့ မဟုတ်။ သစ်ရွက်တစ်ရွက်စီ တစ်ရွက်စီတိုင်းမှာ ဝိညာဉ်တွေ ခိုကပ်နေကြသည်။

သူမသစ်ရွက်နဲ့ အနီးဆုံး သစ်ရွက်တစ်ရွက်မှာတော့ ဆိတ်တစ်ကောင်ရဲ့ ဝိညာဉ်တစ်ခု ခိုကပ်နေသည်။ အဲဒီဆိတ်ဟာ အမြဲလိုလို သုန်မှုန်နေတတ်ပြီး ကလဲ့စားချေဖို့ လူ့လောကထဲ ပြန်လည်တိုးဝင်ချင်နေပုံရသည်။

သူမနဲ့ အဲဒီဆိတ်နဲ့ ခင်မင်သွားကြတဲ့အခါ စကားတော်တော်များများ ပြောဖြစ်ကြသည်။

'မင်းက ချစ်သူအတွက် မင်းရဲ့အသက်ကို အကာအကွယ်အယူလွန်ပြီး သေသွားခဲ့ရတာ၊ ငါကတော့ ယစ်အပူဇော်ခံဖို့အတွက်



ဆိတ်သတ်သမားတစ်ယောက်ရဲ့ အသက်ကို ခံလိုက်ရတာ၊ ဒီတော့ မင်းလို လေအလာကို ခိုစီးဖို့ ကြယ်ပွင့်ကလေးတွေကို ငေးမောနေဖို့ ဥသြသံတွေကို နားစွင့်ဖို့ ကြည်နူးနေရတဲ့အချိန်ငါ့မှာ လုံးဝ မရှိဘူး ကောင်မလေး...၊ ငါ အသတ်ခံခဲ့ရသလို သူ့ကို ပြန်သတ်ရဖို့ပဲ ငါ့စိတ်တွေက နှိုးကြားနေတတ်တယ်'

'နေပါဦး... ဒီခေတ်ကြီးမှာ ယစ်ပူဇော်တယ်ဆိုတာ ရှိသေးရဲ့လား'

'သိပ်ရှိတာပေါ့ 'ကန်သာအေး' ဆိုတဲ့ ရုပ်ရှင်ကားတစ်ခုကို မင်း ကြားဖူးလိမ့်မယ်၊ အဲဒီ ရုပ်ကွက်ထဲမှာ ယစ်ပူဇော်မှုကို ယုံကြည်တဲ့ လူမျိုးခြား သူဌေးတစ်ယောက်က အိမ်တစ်လုံးဆောက်တယ်၊ တကယ့်ကို ကြီးကြီးကျယ်ကျယ် အိမ်တစ်လုံးပဲ၊ အဲဒီ အိမ်ကြီး အပြီးသတ်တဲ့နေ့မှာပဲ ငါဟာ ညတွင်းချင်း အဲဒီအိမ်ကို ကားနဲ့ အပို့ခံလိုက်ရတယ်၊ မနက်မိုးလင်းတော့ ငါ့ကို သတ်မယ့် ဆိတ်သတ်သမားက ရောက်နှင့်နေပြီ။ သေမှာကို ငါ ဘယ်လောက် ကြောက်နေမယ်ဆိုတာ မင်း ခန့်မှန်းကြည့်စမ်းပါ'

'အို... ကျွန်မလည်း အတူတူပါပဲ'

မသေခင်တုန်းက စိုးရွံ့ခဲ့ရပေမယ့် အခုတော့လည်း သေဆုံးခဲ့ရခြင်းအပေါ် သူမ ရယ်ရယ်မောမော တုန့်ပြန်တတ်နေပါပြီ။

'သူတို့က ငါ့ကို ရိုးရာ အစဉ်အလာအတိုင်း အဲဒီအိမ်မှာ အစောင့်ချထားချင်ပုံရတယ်၊ နောက်တော့ ငါ့လည်ပင်းကို လှီးတော့တာပဲ'

'အို... အဲဒီလိုဆိုရင် ရှင် အဲဒီအိမ်ကို မစောင့်ပေးဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'အချိန်တွေအကြာကြီး အဲဒီအိမ်မှာ အစောင့်အဖြစ်နဲ့ နေခဲ့ရတာပေါ့၊ ငါ့ကို သတ်ခဲ့တဲ့ ဆိတ်သတ်သမားတောင် သေခဲ့ပြီလေ။ ဝဋ်ကြွေးကုန်တဲ့တစ်နေ့ရောက်တော့ အဲဒီအိမ်ကနေ ငါ ထွက်ပြေးလွတ်မြောက်လာခဲ့တယ်၊ ငါ ဒီသစ်ရွက်ကလေးပေါ်မှာ တထောက်နားတာ ကြာပြီ ကောင်မလေး၊ ငါ့ကို သတ်ခဲ့တဲ့ ဆိတ်သတ်သမားတောင် ဘယ်သွားလို့ သွားရမှန်းမသိဖြစ်ပြီး အခု ဆိတ်မကြီးတစ်ကောင်ရဲ့ ဗိုက်ထဲ ဝင်စားနေပြီ၊ ငါ ဒီဘုံကနေ လွတ်အောင်ရုန်းရလိမ့်မယ်၊ ငါ ဘယ်သွားချင်နေသလဲဆိုတာ မင်းသိရဲ့လား၊ အဲဒီ ဆိတ်မကြီးရှိတဲ့ခြံကို ကွပ်ကဲပေးရတဲ့ ဆိတ်သတ်သမားရဲ့ ဇနီးမယားဗိုက်ထဲကို ငါသွားချင်တယ်'

'သံသရာဆိုတာ ရှည်ကြာပါတယ်၊ ထပ်ပြီး ရှည်အောင်ဆွဲ မဆန့်ချင်ပါနဲ့တော့လား'

'အချို့ ဒဿနစကားတွေက ကြားကောင်းရုံလောက်ပဲ အသုံးဝင်တာ၊ လက်တွေ့ အလုပ်မဖြစ်ဘူး'

သူမ ပခုံးပဲ တွန့်လိုက်မိသည်။ ပခုံးဆိုတာကလည်း စိတ်ကူးထဲကပခုံးဆိုတော့ လေထဲမှာ လှုပ်တုပ်တုပ်ကြီးပေါ့။

နောက်တော့ အဲဒီဆိတ်ရဲ့ ပြင်းပြရှည်သန်တဲ့ စိတ်ကြောင့်ပဲလားမသိ၊ သူ မှီခိုတွယ်ကပ်နေတဲ့ သစ်ရွက်ကလေး အဝါရောင်သမ်းလာပြီး တစ်စတစ်စနဲ့ ခြောက်သွေ့လာကာ တစ်ရက်ရောက်တော့ ဖြုတ်ခနဲ ကြွေဆင်းသွားပါလေတော့သည်။

မြင်ကွင်းတဆုံးအထိ လွင့်ဝဲတရွတ်တိုက်သွားတဲ့ သစ်ရွက်ခြောက်ကလေးကို ကြည့်ပြီး သူမ သက်ပြင်းချလိုက်မိသည်။



(အစိမ်းအဝါးဘဝမှာ သက်ပြင်းချတယ်ဆိုတာ မရှိနိုင်ဘူးဆို ရင်တောင် အဲဒီလိုဆန်ဆန် အပြုအမူတစ်ခုကို သူမ လုပ်လိုက်မိသည်)

'မင်းက သူ့အတွက် စိတ်မကောင်းဖြစ်နေတာလား'

အသံလာရာကို သူမ ငုံ့ကြည့်လိုက်တော့ နှစ်ပေါင်းမြောက်မြားစွာကတည်းက ဒီသစ်ပင်ကြီးရဲ့ သစ်ရွက်ကလေးတစ်ရွက်မှာ စောစီးစွာ ခိုကပ်တထောက်နားနေတဲ့ စိမ်းနီယာ အစိမ်းအဝါး တစ်ကောင်ဆီမှ ဖြစ်နေလေတော့သည်။

သေမင်းက သူ့ဆီကို ဆိုင်းမဆင့်ပုံမဆင့် ဖိတ်စာ ပေးပို့ခဲ့ပုံကလည်း တမျိုးပင်။ လူကူးမျဉ်းကျားတွေ စတင် အသုံးပြုလာကြစဉ်က စည်းကမ်းရှိစွာ သူ လမ်းဖြတ်ကူးခဲ့စဉ်၊ နမော်နမဲ့ ကားမောင်းသူတစ်ယောက်ကြောင့် ဦးခေါင်းကြွေမွ ဦးနှောက်ထွက်ကာ ထို လူကူးမျဉ်းကျားမှာပင် သေဆုံးခဲ့ရသည်။

အစိုးရက သူ သေဆုံးခဲ့ရပုံကို စည်းကမ်းမဲ့ ယာဉ်မောင်းသူများ သတိပြုသင်ခန်းစာယူနိုင်စေရန် ထို လူကူးမျဉ်းကျားနားတွင်ပင် ဦးဘယ်သူ၊ အသက်ဘယ်လောက်၊ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစဉ် သေဆုံးဆိုပြီး ဆိုင်ဘုတ်တစ်ခု ထောင်ပေးခဲ့သည်။

သူ့ခမျာမှာတော့ စည်းကမ်းလည်းရှိခဲ့ရသေးသည်။ ဘုမသိဘမသိ အကြောင်းကြောင်းနှင့် လူလောကထဲကနေလည်း ထွက်ခွာသွားခဲ့ရသေးသည်။ နောင်းလူတို့ သံဝေဂရစေရန် သင်ခန်းစာတစ်ပုဒ်အဖြစ်လည်း အပြဋ္ဌာန်းခံရသေးသည်။

ဒါကြောင့် လူကူးမျဉ်းကျားတွေရှိတဲ့ လူ့ပြည်ကိုလည်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



နာ၊ လူကူးမျဉ်းကျားတွေ မရှိတဲ့ အခြားဘုံတွေကိုလည်း စိတ်မလုံမခြုံဖြစ်ကာ ဒီသစ်ပင်အိုအိုကြီးရဲ့ သစ်ရွက်တစ်ရွက်မှာပင် အေးရာအေးကြောင်းနှင့် ပျော်ပျော်ကြီး အစိမ်းအဝါးဘဝကို ခံယူပစ်လိုက်သည်။

'ဒါပေါ့ … ကျွန်မ စိတ်မကောင်းဖြစ်မိတယ်'

'စိတ်မကောင်းမဖြစ်ပါနဲ့၊ သိပ်မကြာခင် တို့ရဲ့ ပင်စည်တစ်နေရာမှာ ရွက်နုကလေးတစ်ညွှန့် ထွက်လာလိမ့်မယ်'

'အို … ဒါ တကယ်လား'

'တကယ်ပေါ့'

ကိုရွှေလူကူးမျဉ်းကျားကြီးရဲ့ စကားကြောင့် သူမ အနည်းငယ်အံ့အားသင့်သွားရသည်။ အကြောင်းမှာ သူမတို့ မှီခိုတွယ်ကပ်နေကြသည့် သစ်ပင်အိုအိုကြီးမှာ အခြားသစ်ပင်များလို တစ်နှစ်တခါရွက်ဟောင်းကြွေ၊ ရွက်နုဝေလေ့မရှိဘဲ သစ်ရွက်တစ်ရွက်စီတိုင်းဟာလည်း နှစ်ပေါင်းမြောက်မြားစွာ တာရှည်ခံလေ့ရှိသည်။ အဲ … သစ်ရွက်တစ်ရွက်ဖြုတ်ခနဲ ကြွေဆင်းသွားပြီဆိုတာနဲ့ အဲဒီသစ်ရွက်မှာ ခိုကပ်နေတဲ့ အစိမ်းအဝါးတစ်ကောင်ဟာလည်း အခြားဘုံဘဝကို ကူးပြောင်းသွားရတတ်ပြီး ရွက်စုတစ်ရွက် ဝေခြင်းဟာလည်း အစိမ်းအဝါးတစ်ကောင် ရောက်ရှိလာတော့မည့် နိမိတ်ပုံဆိုတာ သူမ သိရှိနေသည့်အတွက် အံ့သြသွားရလေသည်။

'ရှင် ဆိုလိုတာက အခု ကျွန်မတို့ရဲ့ ကိုဆိတ်ကြီးဟာ ဆိတ်သတ်သမားတစ်ယောက်ဖြစ်သွားပြီး၊ သူ့ကို သတ်ခဲ့ဖူးတဲ့ ဆိတ်သတ်သမား(အခုဆိတ်ဘဝကို ရောက်နေတဲ့သူ)ကို သတ်ဖြတ်လိုက်



တဲ့အတွက် အဲဒီဆိတ်ဟာ အခု အသစ်ထွက်လာမယ့် သစ်ရွက်တစ်ရွက်မှာ လာခိုကပ်တော့မယ်ဆိုတဲ့ သဘောလား'

'ဒါပေါ့ … ငါတို့ ယောဒီ သစ်ပင်ကြီးမှာ ဝင်လာတဲ့သူတွေ၊ ထွက်သွားတဲ့သူတွေရှိကြတဲ့အထဲမှာ အဲဒီဆိတ်နဲ့ ဆိတ်သတ်သမားရဲ့ တလှည့်ဆီ ဆိတ်ဖြစ်လိုက်၊ ဆိတ်သတ်သမားဖြစ်လိုက်နဲ့ သတ်ကြ၊ ဖြတ်ကြတဲ့ မဆုံးနိုင်တဲ့ ဖြစ်စဉ်ကြီးက အရှည်ကြာဆုံးနဲ့ စိတ်အချဉ်ပေါက်ရယ်မောစရာ အကောင်းဆုံး ကိစ္စတစ်ခုပဲ။

သူမ ပခုံးတစ်ချက် တွန့်လိုက်မိသည်။ ပခုံးက တကယ်လည်း မရှိဘူးဆိုတော့ လေထဲမှာ လှုပ်တုပ်တုပ်ကြီးပေါ့။

နောက်တော့ နှစ်အတော်ကြာ မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားပြီး ပြုံးမိရသည်။ (အဲဒီ အပြုံးကလည်း တကယ်မရှိဘူးဆိုတော့ လေထဲမှာ စပ်ဖြီးဖြီးကြီးပေါ့)

သူမ သတိရသွားမိတဲ့ တစ်စုံတစ်ယောက်ဆိုသူက တခြားသူ မဟုတ်ပါဘူး၊ သေမင်းကိုပါ။

အရင်က တွေ့ရမှာ သိပ်ကြောက်ခဲ့တဲ့ သေမင်းကို အခုတော့ ကျေးဇူးပင် တင်နေမိသည်။

လူ့ဘုံမှာ မရနိုင်တဲ့ လောက အတွေ့အကြုံတွေ၊ တရားကျစရာတွေကို အစိမ်းအဝါးဘဝမှာ သူမ ကျကျနန ရနေပြီလေ။

လောကကြီးမှာ မဖြစ်သေးခင်သာ ဖြစ်မှာ တွေးကြောက်နေရတာ၊ ဖြစ်ပြီးသွားတော့လည်း ဘာမှ မဟုတ်ပါဘူးဆိုတဲ့ ဒသဘ ကိုပါ သေမင်းက သူမကို ပေးဆပ်သွားခဲ့နိုင်သည် ဆိုပါစို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

လူ့ဘဝကို ငြီးငွေ့နေကြမယ်ဆိုရင် သင်တို့ကို ဟောဒီ သစ်ပင်အိုအိုကြီးဆီ အရောက်လာခဲ့ဖို့ ဖိတ်ခေါ်ချင်ပါသည်။

ဟောဒီ သစ်ပင်ကြီးမှာ လူအချင်းချင်းသာမက လူနဲ့ တိရစ္ဆာန်များလည်း စကားပြောဆို အတွေ့အကြုံ ဖလှယ်ခွင့် ရှိပါ၏။

နောက်ဆုံးပေါ်ကားတွေ၊ ဂလက်စီနုတ်တွေ၊ i Phone 5 တွေ ဘာမှ မလိုပါဘူး၊ သင်ဟာ ပျော်ပျော်နေတတ်ပြီး နောက်ပြောင်တတ်တဲ့သူဆိုရင် ဒီသစ်ပင်နားကို ရောက်လာတဲ့ ကံနိမ့်နေတဲ့ လူတွေကိုပင် အမျိုးမျိုး ခြောက်လှန့်နိုင်ပါသေးသည်။

ဟောဒီ ပရလောက သစ်ပင်ကြီးမှာ ရွှတ်နောက်နောက်နေတတ်တဲ့ လူပျော်ကြီးတွေလည်း အများကြီး ရှိပါ၏။ အဲဒီထဲကမှ လူနောက်ကြီးတစ်ယောက်အကြောင်းကို ပြောရမယ်ဆိုရင် အဲဒီလူဟာ ညာလက်တစ်ဖက်ကို မြှောက်ချီထားတတ်ပြီး အောက်ကို



မကြာခဏ ဆွဲချနေတတ်တဲ့သူပေါ့။

သူ့ရဲ့ လုပ်ပုံကိုင်ပုံနဲ့ ပတ်သက်ပြီး သူမ စပ်စုကြည့်မိတော့ သူပြောတဲ့စကားတွေဟာလည်း တကယ့်ကို ရယ်စရာပါပဲ။ ဟုတ်တာတွေရော၊ မဟုတ်တာတွေရောပေါ့။

'ကျွန်မ တစ်ခုလောက် သိချင်လို့'

'ပြောလေ… ကလေးမရဲ့'

'ရှင့်လက်တစ်ဖက်က ဘာလို့ ဆွဲချနေတာလဲ'

'ဒါလား… သြော်…၊ အကျင့်ပါနေလို့ပါ… အဟဲ'

အဲဒီလိုပြောပြီး စပ်ဖြီးဖြီးနဲ့ ရယ်နေလေရဲ့၊ လေထဲက အပြုံးကို လေထဲက မျက်လုံးတွေနဲ့ တွေ့နေရတယ်ဆိုပါတော့။

'ရှင်က ဘာလို့ အကျင့်ပါနေတာလဲ'

'သြော်… ကိုယ်ကျွမ်းကျင်ရာ အလုပ်ကိုပေါ့'

'အလုပ်ဟုတ်လား…၊ ရှင် လူ့ဘဝမှာတုန်းက ဘာအလုပ်လုပ်ခဲ့လဲ'

'မြို့နယ် လျှပ်စစ်ရုံးက ဝန်ထမ်းဆိုပါတော့'

'သြော်… ဟော်… EPC ကပေါ့၊ ကျွန်မတို့ ခေတ်တုန်းက အမှောင်ခေတ်ပဲ၊ ပွင့်လင်းမြင်သာမှုလည်း မရှိသလို မီးကလည်း ခဏခဏ ပျက်တယ်'

'ငါသိပါတယ်၊ အခု ငါ့လက်တွေ အကျင့်ပါနေတာသာ ကြည့်'

'သြော်… သြော်… သဘောပေါက်ပြီ ရှင်က ရှင်တာဝန်ယူရတဲ့ မြို့နယ်ကို မကြာခဏ မီးဖျက်ပေးရတယ်နဲ့တူတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လက်က တစ်ချိန်လုံးကို Main ချနေတော့တာပဲ'

'အထက်က ညွှန်ကြားတဲ့အတိုင်း လိုက်နာရတာပဲလေကွာ'

'ရှင်တို့မှာ မီးဖျက်ရတဲ့ ဆင်ခြေတွေကလည်း အများကြီးပဲ၊ နွေရာသီရောက်တော့လည်း ရေအားလျှပ်စစ်လျှော့နည်းလို့ တဲ့၊ မိုးတွင်းရောက်တော့လည်း ကောင်းကင်မှာ လျှပ်စီးလေး မလက်လိုက်နဲ့၊ မိုးလေးဖွဲဖွဲမကျလိုက်နဲ့ ဖျက်လိုက်တာပဲ'

'အဟဲ... တယ်လာတဲ့ ကလေးမပဲ...'

'တစ်နေရာရာ မီးလောင်ပြီဟော့ဆိုလည်း လာထား၊ တစ်ညလုံးနဲ့ နောက်တစ်နေ့ မနက်အထိတော့ အသာလေးပဲ၊ နောက်ပြီးတော့ သောင်းကျန်းသူ...၊ အားနေရင် ဒီတာဝါတိုင်တွေပဲ မိုင်းထောင်ရမယ်လို့များ သူတို့ ဘဝကို ပြဋ္ဌာန်းထားလေသလားမသိဘူး၊ မလာရတဲ့ကြား ပျက်ရပြန်ပြီ၊ အဲဒီမီးပဲ...'

'ငါ မင်းကို ဟာသတစ်ခု ပြောပြရဦးမယ်'

'အင်း... ပြော'

'ငါ သေတော့ ငရဲပြည် အရင်ရောက်တာ'

'လုပ်ပြီ...'

'အဟုတ်... ငါရောက်တော့ ငရဲပြည်လည်း ပွက်ပွက်ကိုညံသွားတာပဲ'

'ဘာဖြစ်လို့လဲ'

'ဟိုတလောတုန်းက အပူလှိုင်းဖြတ်တဲ့နှစ်မှာ ငါ မီးဖျက်လိုက်လို့ လူတွေ အများကြီး သေပြီး ငရဲပြည်ရောက်နှင့်နေကြတဲ့သူတွေ တပုံကြီးလေ၊ မင်းလည်း ကြားမိမှာပါ၊ အထင်ကရ ပုဂ္ဂိုလ်ကြီးတွေ အတော်များများ နာရေးကြော်ငြာထဲ ပါလာကြတာ၊ အဲဒီမှာတင် ငရဲပြည်မှာ ငရဲအကျခံနေရသူအချင်းချင်း အများနဲ့တစ်ယောက် ငါ့ကို ဝိုင်းဗျင်းကြတော့တာပဲ'



တကယ်ဟုတ်မဟုတ် မသိရပေမယ့် ကိုရွှေအီးပီစီနဲ့ စကားပြောရတာ ထိုသို့ ပျော်ဖို့တော့ အကောင်းသား။

'အဲဒါ ငရဲမင်းက သူ့ပြည်မှာ ဆူပူသောင်းကျန်းမှုတွေ ဖြစ်မှာစိုးလို့ ငါ့ကို လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်ခွင့်ပြုလိုက်တာနဲ့ ငါလည်း ဒီသစ်ပင်ကို ရောက်လာတာပဲဟေ့'

'ကောင်းရော...'

သူမတို့ စကားပြောကောင်းနေတုန်းမှာပဲ သစ်ပင်ကြီးအောက်ကို စုံတွဲတစ်တွဲ ရောက်လာလေတော့သည်။ အကောင်းလာခြင်းတော့ မဟုတ်၊ လူပြတ်ချောင်ချသည်ကို အခွင့်ကောင်းယူဖို့။ အဲဒီလူက သူ့ကောင်မလေးကို ဒီသစ်ပင်အောက် ခေါ်လာခဲ့ခြင်းဖြစ်ပေမယ့် သူမတို့ တစ်သိုက်ကတော့ အဲဒီစုံတွဲကို အပေါ်ကနေစီးမိုးပြီး မြင်နေရလေသည်။

အင်း... အဲဒီမှာ စတွေတော့တာပါပဲ။

ထိုင်ပြီး ရည်းစားတို့ သဘာဝ အရည်မရ၊ အဖတ်မရ စကားတွေ လျှောက်ပြောနေစဉ်ပင်...

'အမလေး... ကိုကို သဲကျောကို ဘာနဲ့ တို့လိုက်တာလဲ'

'ဟင်... ဘာနဲ့မှ မတို့ပါဘူး၊ ဘာဖြစ်လို့လဲဟင်'

'လက်အေးကြီးနဲ့ အရိုက်ခံလိုက်ရသလိုပဲ၊ ကျောထဲ စိမ့်တက်သွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟမ်…'

ငနဲ မျက်နှာ ပျက်သွားရချေပြီ၊ မပျက်ခံနိုင်ရိုးလား၊ ဒီသစ်ပင် အနီးတဝိုက်ဟာ မြေကြမ်းမှုန်း သိသိကြီးနဲ့ ချောင်ကျတာကို သဘောကျပြီး ကောင်မလေးကို ခေါ်လာခဲ့မိတာလေ။

'အဲ…'

'ဘာ… ဘာဖြစ်ပြန်ပြီလဲ'

'ခါး… ခါးကို လာတို့တယ်၊ ကိုကိုနော် ဟွန်း'

ကိုယ်က ဘာမှ မလုပ်ရသေး၊ ဘယ်ကောင် ကြားချောင်က ဝင်သောင်းကျန်းနေမှန်းမသိ။ လူဆိုလျှင် ကြားကောင်းချေသေးသည်။ အခုဟာကြီးက… ဟင်း…

ငနဲ ကြက်သီးထသွားရသည်။

'ကိုကို…'

'အဲ… ကိုကို ဘာမှ မလုပ်ရချေပါဘူးဗျာ'

'ဘာ မလုပ်ရမှာလဲ… လူဆိုး… ဟွန်း'

'ဟာ…'

မိန်းကလေးက ရင်ညွန့်တဝိုက်က အင်္ကျီစကို အပေါ်ပင့်တင်ရင်း စိတ်လှုပ်ရှားနေသည်။ မဖြစ်။ ကြာလာလျှင် အခြေအနေတွေ ပိုဆိုးကုန်တော့မည်။ အဖြစ်မှန်ကို အသိပေးကာ ထလစ်လာခဲ့နိုင်လျှင် ပို၍ ကောင်းချေတော့မည်။

'သဲ… ကိုကိုတို့ ဒီနေရာကနေ သွားစို့'

'အဲဒီလူကြီးဟာလေ လူကို ကြက်ကလေး၊ ငှက်ကလေးလို ကစားတုန်းက ကစားပြီး ဘာကြီးမှန်းကို မသိဘူး'



'အင်းပါ… သွားရအောင်ပါ သဲရယ်'

'နေဦးလေကွာ…၊ ဒီနေရာလေးက နားအေးပါးအေးရှိတယ်၊ ထိုင်ရအောင်ပါနော် ကိုကို'

'မဟုတ်ဘူး၊ ပြန်မှ ဖြစ်တော့မှာ…'

'ဟာ… ကိုကို ဘာဖြစ်နေတာလဲ'

'ဘာမှ မဖြစ်ဘူးဟ… စောစောက သဲကို ဟိုတို့ ဒီကလိ လုပ်နေတာလဲ ကိုကိုမဟုတ်ဘူး၊ ဒီသစ်ပင်နားတဝိုက်က နယ်မြေကြမ်းတယ်၊ ကိုကိုလည်း သဲနဲ့ လွတ်လွတ်လပ်လပ်နေရမလား ဆိုပြီး ခေါ်လာတာ၊ ကိုကိုတို့ သရဲ အခြောက်ခံနေရတာ သိပြီလား'

'ဟမ်… အမလေး…၊ ဒါ… ဒါဆို ပြေးကြရအောင်'

'အင်း… အင်း… သဲ'

ကဲချင်တဲ့ စုံတွဲ တချိုးထဲ ထပြေးကြတာ တန်းလို့။

သစ်ပင်ပေါ်ကနေ လက်စွမ်းပြထည့်လိုက်ကြတဲ့ သြောင်ပင်တစ္ဆေ ဝေလေလေကြီးများကတော့ သဘောကျမဆုံးတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူသွားသည်ဆိုတဲ့ သတင်းနဲ့အတူ ရက်အနည်းငယ်အကြာမှာ ပင် ထို ခြံဝန်းထဲသို့ နောက်ဆုံးပေါ်ကားလှလှကလေးတစ်စီး သစ်ပင်အိုကြီးရှေ့က ဖြတ်မောင်းပြီး ဝင်သွားကြသည်။

တိုက်ဖြူဖြူကြီးရဲ့ ဆင်ဝင်အောက်ကို ကားရပ်လိုက်သည်နှင့် သုံးနှစ်အရွယ် သမီးငယ်လေး ကားပေါ်မှ ဆင်းလာပြီး စီးပွားရေး အတော်အတန် ပြေလည်ဟန်ရှိသည့် ပညာတတ် လူရည်သန့် ဇနီးမောင်နှံနှစ်ဦး ကားပေါ်မှ ရှေ့ဆင့်နောက်ဆင့် ဆင်းလာသည်ကို သစ်ရွက်ကလေးတစ်ရွက်မှာ ခိုကပ်တစ်ထောက်နားနေတဲ့ သူမ မြင် တွေ့သွားချိန်မှာတော့…။

## အခန်း(၇)

အချိန်ကြာလာတာနဲ့အမျှ နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ ဒီ သစ်ပင်အိုကြီးနားကို လူတွေ ဖြတ်သွားဖြတ်လာပင် မလုပ်ဝံ့ကြ တော့တဲ့အပြင်၊ ဒီအပင်ကြီးနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ နှစ်ထပ်တိုက် ဖြူဖြူကြီးပင် 'ရောင်းမည်' ကြော်ငြာကပ်ထားပြီး ဝယ်မယ့်သူ တစ်စုံတစ်ယောက်မှ ပေါ်မလာတော့ချေ။

ဒီသစ်ပင်အိုအိုကြီးနှင့် ဒီတိုက်ဖြူဖြူကြီး…။

မြင်ကွင်းတစ်ခုထဲမှာ ဒီနှစ်ခုပေါင်းပြီး မြင်နေရတာကိုက ထိတ်လန့် တုန်လှုပ်စရာကောင်းနေလေတော့သည်။ နှစ်အတော် ကြာ ခြံတခါးသောခတ်ထားရသဖြင့် ခြံဝန်းကြီးမှာလည်း ချုံနွယ် ပိတ်ပေါင်းများနှင့် ရှုပ်ပွနေလေသည်။

အဲ… တစ်ရက်မှာတော့ ထိုတိုက်ကြီးကို မိသားစုတစ်စုက

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ကို…။

ကျွန်မ သိပ်ချစ်ခဲ့ရတဲ့ ကို…။

ပြန်လည် ဆုံဆည်းခွင့်ကို မျှော်လင့်ရင်း အသက်ကိုပါ ပေးဆပ်ခဲ့ရတဲ့ ကျွန်မဆီကို ကိုမရောက်လာတော့ပေမယ့် ကျွန်မရှေ့ ကိုတော့ အခု ရောက်လာခဲ့ပါပြီ။

ဘယ်လောက်များတောင် အံ့သြတုန်လှုပ်ဖို့ ကောင်းလှတဲ့ တိုက်ဆိုင်မှုပါလဲ။ ကျွန်မသာ လူသားတစ်ဦးဖြစ်ခွင့်ရမယ်ဆိုရင် အသက်ရှူတောင် ရပ်သွားနိုင်လောက်တယ်။

ဒီသစ်ပင်ကြီးမှာ အစိမ်းအဝါးဘဝနဲ့ ကျွန်မက နေတယ်၊ အဲဒီ တိုက်ဖြူဖြူကြီးမှာတော့ အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ်နဲ့ ကိုနဲ့ သူ့ မိသားစုကလေး အခု နေနေကြပြီ။

ဩော်… ကိုတောင် အိမ်ထောင်ကျသွားခဲ့ပြီပဲ။ ချစ်စရာ ကောင်းတဲ့ သမီးကလေးတစ်ယောက်တောင် ကို့မှာ ရှိနေပြီ။ အို… ဒီလို ကောက်ချက်လွှယ်လွှယ်ပေးလိုက်ရင် သူ့ရဲ့ ဇနီးမယားကို ချန်လှပ်ထားခဲ့သလို ဖြစ်သွားမှာပေါ့။ ချစ်စရာကောင်းတဲ့ ဇနီးမယား



တစ်ယောက်လည်း ကို့နံဘေးမှာ ရှိနေခဲ့ပြီဆိုတဲ့ အရှိတရားကို ကျွန်မ လက်ခံနိုင်ရလိမ့်မယ်။

ဟုတ်တယ်၊ လောကကြီးမှာ အချိုထက် အခါးတွေ ပိုများပါတယ်။

'ကောင်မလေး… ဘာဖြစ်လို့ ငြိမ်သွားတာလဲ'

ညောင်ပင်တစ္ဆေဝေလေလေကြီးများ ဖြစ်ကြတဲ့ လူကူးမျိုးကျားတို့၊ အီပိစီတို့ ကိုဆိတ်(အရင်က ဆိတ်သတ်သမား)တို့က တိုက်ဖြူဖြူကြီးပေါ် အသစ်ရောက်လာတဲ့ မိသားစုလေးဆီ မျှော်ငေးရင်း ငြိမ်ကျသွားတဲ့ သူမကို မေးကြသည်။

'ကျွန်မ ဘာကြောင့် သေခဲ့တယ်ဆိုတာ ရှင်တို့ သိကြတယ် မဟုတ်လား'

'သိတာပေါ့၊ ဒီသစ်ပင်ကြီးမှာက သင်္ကေတ ကိုယ်စီနဲ့လေ၊ ဥပမာ ကိုဆိတ်ဆိုရင် ဝဠ်ကြွေးတို့ရဲ့ သင်္ကေတ၊ ငါဆိုရင် ယာဉ်အန္တရာယ်တို့ရဲ့ သင်္ကေတ၊ ကိုအီးပိစီဆိုရင်လည်း လျှပ်စစ်တို့ရဲ့ သင်္ကေတ၊ အင်း… မင်းဆိုလည်း အချစ်ရဲ့ သင်္ကေတပဲ ဟုတ်ရဲ့လား၊ ဒါကြောင့် မင်းကို တို့တတွေက ဂျူးလိယက်လို့တောင် နာမည်ပေးထားကြတာ၊ ချစ်သူအတွက် အသက်ကို ပေးဆပ် ရင်း ဒီသစ်ပင်ပေါ် ရောက်လာခဲ့တာပဲ'

လူကူးမျိုးကျားစကားကြောင့် သူမ ကြေကွဲစွာ ပြုံးလိုက်ရင်း

'ဟုတ်ပါတယ်၊ အခု ကျွန်မရဲ့ ရိုမီယိုကို အဲဒီ တိုက်ဖြူဖြူကြီးရဲ့ အသစ်ပြောင်းလာတဲ့ အိမ်ရှင်အဖြစ်နဲ့ တွေ့လိုက်ရလို့ပါ'

'ဟာ…'

www.burmeseclassic.com

www.burmeseclassic.com



'အဲ...'

'ဖြစ်ရလေ ကောင်မလေးရယ်...'

'သူ အိမ်ထောင်ကျသွားပြီပဲ၊ ကျွန်မ စောင့်ရကျိုး နပ်တယ်လို့ ခေါ်မလားဟင်၊ ကျွန်မဆီ ရောက်မလားဘူးဆိုပေမယ့်... ကျွန်မ နားတော့ သူရောက်လာခဲ့ပြီ'

ညောင်ပင်တစ္ဆေဝေလေလေကြီးများ သူမစကားကြောင့် စိတ်မကောင်းဖြစ်ပြီး ငြိမ်ကျသွားသည်။

သစ်ရွက်ကလေးပေါ်ကနေ လျှောကနဲ သူမ ဆင်းလာခဲ့တော့၏။

## အခန်း(၉)

ဖြစ်လေ့ဖြစ်ထရှိတဲ့ အိမ်ထောင်သည်တို့ရဲ့ သဘာဝအတိုင်း ပါပဲ။

လူအများအမြင်မှာတော့ ချစ်စရာကောင်းတဲ့ သမီးကလေးတစ်ယောက်နဲ့ အတော်အတန်ပြေလည်တဲ့ စီးပွားရေးကို ပိုင်ဆိုင်ထားတဲ့ လူအားကျစရာ မိသားစုကလေးတစ်ခု။

တကယ့်တကယ်မှာကတော့ ဘာ ခံစားမှု၊ ဘာပတ်သက်မှုမှ မရှိတော့တဲ့ သူစိမ်းတရံစာနှစ်ယောက် တစ်အိမ်ထဲမှာ အတူနေနေကြရသည်။

တစ်ချိန်တစ်ခါတုန်းက ကောင်းမွန်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေနဲ့ မာနကြီးပြီး စိတ်ထက်ထက် လူတစ်ယောက်။ ကိုယ်နဲ့ ရေသွေ့ စရိုက်ချင်း လုံးဝ မတူညီတဲ့ တစ်ခါတစ်ရံ ဂဂျိဂျောင်ကျ[illegible]တ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း နွဲ့ဆိုးဆိုးတတ်သော (ကိုယ့်အပေါ်တော့ လေးစားမှု အပြည့်ရှိပုံရတဲ့) မိန်းကလေးတစ်ယောက်ကို စိတ်အချဉ်ပေါက်ပြီး တိကနဲ ဖြတ်ခဲ့မိတဲ့အပေါ်. . .။

အခုအချိန် လေးဆယ်ကျော် အိမ်ထောင်သည်လင်မယားတို့ရဲ့ ဓလေ့ထုံးစံအတိုင်း တိုးတိုးတိတ်တိတ် ခံစားမှုမဲ့ စစ်အေးတိုက်ပွဲတွေ ဆင်နွှဲဖြတ်သန်းနေရတိုင်း ပြုံးမိတဲ့အခါ ပြုံးမိ၊ လွမ်းမောတဲ့အခါ လွမ်းမောပြီး မချင့်မရဲ ဖြစ်မိတဲ့အခါလည်း ဖြစ်နေမိသည်။

မတွေးဖူးတဲ့ အတွေးအခေါ်တွေကို တွေးကြည့်ချင်လျှင် အိမ်ထောင်ပြုကြပါလို့ လူတွေကို သူ ပြောလိုလှသည်။

ချစ်သူထားခြင်း၊ အိမ်ထောင်ပြုခြင်းဆိုသည်မှာ လမ်းဆားက အလေ့ကျပေါက်တဲ့ ခပ်ပေါ်ပေါ်ပန်းပွင့်လေးတွေ လေနှင်ရာ လွင့်ချင်သလို လွင့်ပြီး မျိုးကူးအပင်ပေါက်ကြသလို၊ ကိုယ်တို့ ဘဝတွေသည်လည်း ကံကြမ္မာလေနှင်ရာအရပ်ကို လွင့်ကြရတဲ့ ခပ်ပေါ်ပေါ်ပန်းပွင့်ကလေးတွေလိုပါပဲလားလို့ တွေးမိတဲ့အခါတိုင်း ဘယ်ဘက်ရင်အုံတစ်ခုလုံး နာကျင်ရပါသည်။

တကယ်တော့ သူသည် ကိုယ်စောင့်နတ် စစ်ဆေးသည့် 'အတိတ်ဟာ အဝေးကြီးမှာလား၊ အနီးလေးမှာလား' ဆိုသည့် မေးခွန်းကိုပင် မဖြေဆိုနိုင်သဖြင့် စာမေးပွဲအကြိမ်ကြိမ် ကျရှုံးနေရသူတစ်ဦးလည်း ဖြစ်၏။

အခုတော့ မလွဲရှောင်သာလွန်းတဲ့ ရုံးလုပ်ငန်းကိစ္စရပ်တွေမှအပ မည်သည့် စာချုပ်ကိုမှ လက်မှတ်မရေးထိုးဖြစ်တော့သည်မှာ



ကြာခဲ့လေပြီ။

လက်မှတ်အစား နှလုံးသား၊ နားလည်မှုနှင့်သာ စာချုပ်ချုပ်ဆိုအလုပ်လုပ်တတ်တော့သည်။

ကတိစာချုပ်မှာ လက်မှတ်ရေးထိုးပြီးသည်နှင့် သူစိမ်းပြင်ပြင်တွေလို ဖြစ်သွားတတ်ကြောင်း လက်ထပ်စာချုပ်က သူ့ကို ဆုံးမသွန်သင်သွားခဲ့သည်ကို အိမ်ထောင်ရှင်တော်တော်များများ ကိုယ်ချင်းစာနိုင်ကြပေလိမ့်မည်။

ဇနီးမယားဖြစ်သူ 'ကေ' မှာ ညှံ့ဖျင်းလွန်းသည့် အတန်းအစားမှာ မပါဝင်သော်ငြား ယှဉ်ပြိုင်လိုမှု၊ ဩဇာပေးလိုမှုနဲ့ ဦးဆောင်လိုမှုတို့ကြောင့် အိမ်ထောင်ဦးအစမှာပင် သူနဲ့ တစ်အိမ်ထဲနေပြီး စိတ်တွေ တစတစနှင့် ဝေးကွာခဲ့ကြရသည်။

'ငါ ကေနဲ့ အတူ မအိပ်ဖြစ်တော့တာ လေးနှစ်ကျော်ခဲ့ပြီ'

အခင်မင်ရဆုံးသော သူငယ်ချင်းတစ်ယောက်ကို သူ အရက်မူးလာသည့်နေ့တုန်းက အဲလို ပြောခဲ့တော့ ဟိုက ယုံကြည်ဖို့နေနေသာသာ လက်ကာပြကာ ရယ်မောပါလေတော့သည်။

'မင်းစိတ်တွေ လေတိုက်နှုန်း မြန်လာတဲ့အခါ ဘယ်လို တံခါးပေါက်ကနေ ထွက်ပေါက်ပေးလိုက်သလဲ'

ဒီမေးခွန်းကိုတော့ သူ ပခုံးတွန့် ပြလိုက်ပြီး. . .

'တစ်ချိန်တုန်းက ငါဟာ ဟောဒါက အနီ၊ ဟောဒါက အပြာ၊ ဟောဒါက အဝါလို့ တစ်ခုချင်းဆီကို တိကျပြတ်သားစွာ ရှုမြင်ခဲ့တဲ့ လူငယ်တစ်ယောက်ပေါ့။ အခုတော့ လောကကြီးတစ်ခုလုံးကို 'အရောင်ပြေး' လို့ ရောရောနှောနှော မြင်တတ်သွားပြီ သူငယ်ချင်း။

www.burmeseclassic.com

www.burmeseclassic.com



အရင်လို တကန့်စီ၊ တစ်ခုစီ ခွဲခြား ရှုမြင်ဖို့ သတ္တိနဲ့ ဖြူစင်မှုတွေ ငါ့မှာ သိပ်မရှိတော့ဘူး၊ အရာရာဟာ အနီမှာ အပြာဖောက်၊ အပြာမှာ အဝါရော၊ အဝါမှာ အစိမ်းရောင်စပ်၊ အစိမ်းမှာ အညို ရောင်ရောနေတဲ့ အရောင်ပြေး ကာလာတစ်ခုထက် မပိုတော့ပါဘူး ကွာ။

သူက အခြောက်ကပ်ကပ် ရယ်မောနေပြီး သူငယ်ချင်းကတော့ ခေါင်းကို တွင်တွင်ခါနေလေတော့သည်။

တစ်ခါတစ်ရံ သူကိုယ်သူ မုန်းတီးနေတတ်ပြီး တစ်ခါတစ်ရံ သူ့ လုပ်ရပ်တွေအပေါ် သူ ပီတိဖြစ်မိကာ…

ဘုရားရင်ပြင်မှာ တစ်ယောက်တည်းလာထိုင်ပြီး ဖိအားတွေ လျော့ချတဲ့အခါ လျော့ချ၊ သမီးလေးဆီက ချစ်စရာကောင်းတဲ့ စကားအထူးအဆန်းလေးတွေ ကြားရတဲ့အခါ ကြည်နူးတဲ့အခါ ကြည်နူးရင်း၊ တိုးတိုးတိတ်တိတ်ပွင့်မှ ပွင့်သည့် တံခါးပေါက်တွေ ကတဆင့် ဖဲမွေ့ယာရွှေကောဇောထက်က ခပ်ငယ်ငယ် မိန်းမလှ လေးတစ်ယောက်တလေနဲ့ အချိန်ပိုင်း အထိအတွေ့တွေအပေါ် ကြမ်းတမ်းခက်မာလာတတ်တဲ့ ရင်ခုန်သံတွေကို အစာကျွေးတဲ့ အခါ ကျွေးနေတတ်တဲ့ လူတစ်ယောက် ဖြစ်လာခဲ့တော့သည်။

အခုတော့ သူတစ်ယောက်တည်းသာ သိသည့် သူ့အကြောင်း ကို တစ်စုံတစ်ယောက်ကပါ သိရှိနေလေပြီ။

## အခန်း (၁၀)

'မောင်… bed tub မှာ ရေတွေ ပြည့်နေတာ မပိတ်ခဲ့ဖူး လား'

'ရေချိုးခန်းထဲက ထွက်လာကတည်းက ပိတ်ခဲ့တာပဲ'

'ဒါဆို သမီး လက်ဆော့ပြီနဲ့ တူတယ်၊ စောစောတုန်းက စက္ကူလှေကလေးတွေ လုပ်နေတာ တွေ့တယ်၊ သူ ဆော့တာ ကိစ္စမရှိဘူး၊ ရေတွေ ဖွင့်ပြီး မေ့ထားခဲ့တာတွေတော့ ကော မကြိုက် ဘူး'

'မီးမီး လုပ်ပါဘူး'

'ဒါဖြင့် ဘယ်သူလုပ်တာတုံး'

'မောင်လည်း မသိဘူး'

'မီး မသိဘူးနော်'

'အင်းပါ… အဲဒီတော့ တရားခံက ငါပေါ့ ဟုတ်ပြီလား'

အဲဒီ တိုက်ဖြူဖြူကြီးမှာ အဲဒီလို လက်သည်မပေါ်တဲ့ ကိစ္စရပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ကြတိုင်း သူမကတော့ လေထဲမှာ ပြုံးရင်း သဘောကျနေတတ်သည်။

လေထဲမှာ ကိုနဲ့ နီးနီးကပ်ကပ်ကလေးရှိနေရတဲ့အပေါ် သူမ ပျော်ရွှင်နေပြီး တစ်ခါတရံလည်း စိတ်အချဉ်ပေါက်ကာ သူတို့ မိသားစုကလေး တိုင်ပတ်သွားစေရန် ထိုသို့ သူမနောက်ပြောင်တတ်လေသည်။ သူမ၏ နောက်ပြောင်မှုသည် ကေနှင့် သမီးကလေးကို မုန်းတီးလိုစိတ်တော့ လုံးဝ မပာတ်ပါ။

သူမမှာ ချစ်ခြင်း၊ မုန်းခြင်းတွေ သိပ်မရှိတော့တာ ကြာပြီ။

သူမထိုသို့ ပြောင်းလဲလာသလိုပင် ကိုသည်လည်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတွေ အများကြီး ပြောင်းလဲသွားခဲ့ပြီ။

အိမ်ဖော်စီစဉ်ပေးတဲ့ မနက်စာကို စားပြီး၊ wifi စနစ်သုံး ဖုန်းဖွင့်ကာ အင်တာနက် ကြည့်ရှုမည်။

ကေ ဒီနေ့ ဘာအရောင်လေး ဝတ်တယ်၊ ဘယ်လို နှုတ်ခမ်းနီဆိုးတယ်ဆိုတာထက် ဆီးရီးယားကို ကျောထောက်နောက်ခံပေးထားတဲ့ ရုရှားရဲ့ သဘောထား၊ ဟူဂိုချားဗက်မရှိတော့တဲ့ နောက်ပိုင်း ဗင်နီဇွဲလားဟာ လက်ဝဲဘက်ကနေ လက်ယာဘက် တိမ်းစောင်းသွားလေမလား၊ အီဂျစ်ရဲ့ ဆိုးရွားလှတဲ့ ဆောလုံးပွဲ လူသေမှုရဲ့ နောက်ဆက်တွဲ ဂယက်စတာတွေကိုသာ သူ စိတ်ဝင်စားနေတော့သည်။

ကိုးနာရီထိုးပြီဆိုတာနဲ့ ရုံးသွားမည်။ အားလပ်ရက်တွေမှာ ဂေါ့(ဖ်)ရိုက်ချင်ရိုက်၊ ဒါမှမဟုတ်လည်း မိသားစု အပြင်မှာ တစ်ခုခု ထွက်စားကြမည်။



ရုံးကိစ္စနှင့် အင်တာနက်အသုံးပြုရင်းကနေ ခပ်ရှုပ်ရှုပ်ကောင်မလေးတစ်ယောက်နဲ့ ငြိစွန်းနေပြီး တစ်ခါတစ်ရံ ထိုတိုက်ခန်းသို့ ကိုသွားသည့်အခါ သူမသည်လည်း ကိုနဲ့ လိုက်သွားတတ်သည်။

ကို့ကို အရာရာတိုင်းအတွက် သူမ နားလည်နေသည်။

ခေတ်ဆီကုန်သွားသဖြင့် ဆီဆိုင်ကို ဝင်ပြီး ကားကို ဆီဖြည့်သလို ကိုရဲ့ မသိစိတ်တစ်နေရာမှာလည်း အချစ်ကို ရင်ခုန်သံတွေ သိပ်မသုံးတော့ဘဲ ဖြည့်တင်းနေပုံရသည်။

ဩော်… ဒါဟာ လေးဆယ်ကျော် လူသားတစ်ယောက်ရဲ့ ပုံရိပ်ပါပဲ။

တစ်ခါတရံ အင်္ဂလိပ်လို ရေးထားတဲ့ စင်ဒရဲလားပုံပြင်စာအုပ်ကလေးဖတ်ပြီး သမီးဖြစ်သူကို စိတ်ရှည်လက်ရှည် ရှင်းပြနေစဉ်၊ ဟမ်းဖုန်းကို ဖွင့်ပြီး အဲဒီကောင်မလေးဆီက e mail တစ်စောင်တလေများ ဝင်နေမလား ခိုးကြောင်ခိုးဝှက် စစ်နေတဲ့အခါ သူမ တကယ်ကို နှစ်နှစ်ခြိုက်ခြိုက် သဘောကျပြီး ပြုံးနေမိသည်။

အဲဒီ တိုက်ဖြူဖြူကြီးမှာ ဘယ်သူမှ မသိဘဲ သူမတစ်ယောက်တည်းသာ သိနေသည့် အခြားကိစ္စများလည်း ရှိပါသေးသည်။

ကေသည်လည်း ပြီးခဲ့တဲ့နှစ်ကပင် ချစ်သူဟောင်းနှင့် အဆက်အသွယ်ပြန်ရကာ တိုးတိုးတိတ်တိတ် ချိန်းဆိုမှုများ ရှိနေလေသည်။

ဒီမိသားစုကလေးကို လင်ရော မယားကပါ အက်ကွဲသံမထွက်အောင် ကျားကန်ထိန်းမတ်နေကြသလို သူမကလည်း တစ်ခါတရံ ဝင်ကူညီပေးခဲ့ရတာတွေလည်း ရှိပြန်သေးသည်။

ကေသည် သူမ ချစ်သူဟောင်းကို အတော်ကလေး မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားပုံရသည်။ တစ်ရက်က နာမည်ကြီး ဟိုတယ်တစ်ခုမှာ ချစ်သူဟောင်းနဲ့ နေ့လယ်စာစားပြီး ဘေလ်(bill)ကို လွှင့်မပစ်ဘဲ သူမပိုက်ဆံအိတ် အတွင်းဘက်တစ်နေရာမှာ အမှတ်တရ သိမ်းဆည်းထားခဲ့သည်။

အိမ်မှာ မျောက်မလေးတစ်ကောင်ရှိတာကို ကော မေ့လျော့သွားသည် ထင်ပါသည်။ သမီးဖြစ်သူက ထို bill ကို စပ်စပ်စောစော တွေ့သွားပြီး စက္ကူလေယာဉ်ပုံကလေးလုပ်ကာ မြက်ခင်းစိမ်းစိမ်းမှာ လွတ်ရင်း လွတ်ရင်းနှင့် ပြဿနာတွေ တင်ဆောင်လာတဲ့ လေယာဉ်ပျံကလေးမှာ ကို့ စာကြည့်စားပွဲပေါ်သို့ ရောက်ခဲ့ရသည်။

ကိုက သမီးဖြစ်သူ ချိုးထားတဲ့ စက္ကူလေယာဉ်ပုံကလေးကို သဘောကျစွာ ဖြန့်ကြည့်မည်ပြုစဉ်မှာပဲ…

'ချလွှမ်…'

အလုထိုးထားတဲ့ ပန်းအိုးကလေးတစ်လုံးကို သူမ ဝင်တိုက်ပစ်ခဲ့ရသည်။

နောက်တော့ ကိုလည်း အဲဒီစက္ကူလေယာဉ်ကလေးကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားသဖြင့် ခြံဝန်းကြီးရဲ့ အပြင်ဘက်အထိ သူမ ဆွဲထုတ်ခဲ့ရသည်။

တစ်ရက်ကတော့ ကိုဟာ သူ့ရဲ့ tablet ထဲကနေ လုံလုံခြုံခြုံ သိမ်းထားတဲ့ ဓာတ်ပုံ folder တစ်ခုကို ဖွင့်ကြည့်နေသည့်အခါ သူမ သိပ်ကို အံ့ဩတုန်လှုပ်သွားရလေတော့သည်။

ဟုတ်တယ်။ သူမရဲ့ ဓာတ်ပုံကလေးတွေ…။

ထိတွေ့ မျက်နှာပြင်ပေါ်က သူမရဲ့ နှုတ်ခမ်းတဝိုက်ကို သူ့



လက်ချောင်းကလေးတွေနဲ့ ပွတ်သပ်ပြီး ဆွေးဆွေးမြေ့မြေ့ စိုက်ကြည့်နေတဲ့ ကို့ကို ကြည့်ရင်း သူမ ငိုချင်လာရသည်။

ကို ကျွန်မကို မမေ့သေးဘူးပေါ့။ ချစ်နေတုန်းပေါ့…။

လောကကြီးဟာ ကျွန်မ ထင်ထားတာထက် ပိုရှုပ်ထွေးနေပါ့လား။

နောက်တော့ သူမဆီကို သူ နောက်ဆုံး ပေးပို့ခဲ့တဲ့ အီးမေးလ်ကို အလွမ်းပြေ ဖတ်ရှုနေချိန်မှာပဲ သူမတစ်ကိုယ်လုံး လွင့်စဉ်ပေါက်ကွဲသွားမတတ် ထပ်မံ တုန်လှုပ်သွားရပြန်ပါသည်။

အို…။

ဒီစာ… ဒီစာကို သူမ ဘာကြောင့် မဖတ်မိရပါလိမ့်။

ကြည့်စမ်း… သူမ မျှော်လင့်ထားသလို ကိုဟာ သူမဆီကို ပြန်လည် ဆက်သွယ်ထားတဲ့ စာပဲ…။

အတုန်တုန်အရီရီနဲ့ ပေးပို့တဲ့နေ့ရက်ကို သူမ ဖတ်ကြည့်လိုက်သည်။

အို… ကိုရယ်။ ကျွန်မ ကားကလေး ချောက်ထဲ ပြုတ်ကျသွားတဲ့အချိန်ရောက်တော့မှ ကို ဒီစာကို ပို့လိုက်တာကိုး။ တိုက်ဆိုင်လိုက်တာ။

ကို့ နံဘေးမှာ ကို့လိုပင် သူမ ကြေကွဲနေစဉ် ခေါ်သံတစ်ခုက သူမ နံဘေးမှ ထွက်လာသည်။

'ကောင်မလေး…'

'ဟင်…'

ကို လူကူးမျဉ်းကျားနဲ့ ကို အီးပီစီတို့နှစ်ယောက် ရေးကြီးခွင်တ်

www.burmeseclassic.com

www.burmeseclassic.com



ပျာနဲ့ ဒီနေရာအထိ ရောက်လာကြသည်။

'ဘာဖြစ်လို့ ကျွန်မနောက် လိုက်လာကြတာလဲ'

'မင်း... ဘာမှ မသိသေးဘူးလား'

'ဟင်... အို... ဟုတ်တယ်၊ ကျွန်မရဲ့ သစ်ရွက်ကလေးဆီ ကျွန်မ မရောက်တာကြာပြီ၊ ဒီတော့ ဘာမှ မသိဘူး'

'အေး... တို့လည်း ထင်လို့ လိုက်လာခဲ့ကြတာ၊ မင်း အစိမ်းအဝါးဘဝက ကျွတ်တော့မယ် ကောင်မလေး'

'ဘာရယ်...'

'ဟုတ်တယ်၊ မင်း သစ်ရွက်ကလေး တဖြည်းဖြည်းနဲ့ ခြောက်ပြီး ဝါနေပြီ၊ ဒီနေ့ တို့ဘက်မှာ လေတွေ သိပ်ကြမ်းနေတယ်၊ မင်း မကြာခင် ကြွေလွင့်တော့မယ်၊ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရအောင် တို့လိုက်လာခဲ့တာ...'

'အို...'

## အခန်း(၁၁)

လေသာဆောင်ကို သူ ထွက်လာချိန်မှာတော့ ကောင်းကင်တစ်ခုလုံး အုံ့မှုညို့မှိုင်းလျက်ရှိချေသည်။

တစ်ချက် တစ်ချက် ဆောင့်တိုက်သွားတဲ့ မိုးငွေ့မကင်းတဲ့ လေရူးတွေထဲ သူ့ စိတ်တွေ မျောလွင့်ရင်း ရန်လိုဆာလောင်နေကြတဲ့ ကျီးကန်းတွေလို ကောင်းကင်ပေါ်တက်ပြီး ကိုယ်ဖြစ်ချင်ရာတွေကို အရိုင်းအစိုင်းတစ်ကောင်လို အော်ဟစ်ပစ်လိုက်ချင်သည်။

ဟော... ဟိုမှာ...။

ဝန်းတံခါးဂိတ်နားမှာ သူ့စာကြည့်စားပွဲပေါ် ရောက်လာခဲ့ဖူးပြီး သူ ဖြန့်မကြည့်လိုက်ရတဲ့ သမီးကလေး ချိုးထားတဲ့ စက္ကူလေယာဉ်ပျံကလေး။

လေတစ်ချက်ဆောင့်တိုက်လိုက်တယ်ဆိုရင်ပဲ လောလောလတ်လတ် ကြွေလွင့်လာဟန်တူတဲ့ ဝါကြန်ကြန် သစ်ရွက်ခြောက်ကလေး သူ့ မြင်ကွင်းရှေ့ ရောက်လာသည်။

www.burmeseclassic.com



စက္ကူလေယာဉ်ပျံကလေးနဲ့ သစ်ရွက်ခြောက်ကလေးကတော့ နောက်တစ်ခေါက်လေအတိုက်မှာ အဝေးကို ပျံသန်းကြဖို့ တာဆူနေကြပုံရသည်။

မြက်ခင်းစိမ်းစိမ်းမှာ ကိုယ့်ရဲ့ အရေခွံအပေါင်းကို ကျွမ်းကျွမ်းကျင်ကျင်လဲပြီး ကိုယ်လိုရာအရပ်ကို လျောတိုက်ထွက်ခွာသွားနိုင်တဲ့ အပေါ်စား မြွေတစ်ကောင်လောက်မှ ကိုယ့်ဘဝကိုယ် မပိုင်နိုင်မယ့်အတူတူ ဟောဟို စက္ကူလေယာဉ်ပျံကလေးနဲ့ သစ်ရွက်ခြောက်ကလေးလိုပဲ လေအလာကိုမျှော်ရင်း အဝေးသို့သာ သူ လွင့်ထွက်ချင်နေမိတော့သည်။

ညေး

www.burmeseclassic.com